www.burmeseclassic.com

BURMESE CLASSIC .com

# အခိုက်အတန့်ကမ္ဘာ



RAPHIC DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဇော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးဝန်းချီ**
သိန်းရွှေကြည်
**အတွင်းဖလင်**
ကိုပေါက် (Image Art Work)
**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
**ဖြန့်ချိရေး**
**ဖူးစာပေ**
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃
သို့ချ
အနိုက်အတန့်ကမ္ဘာ
ဖူးစာပေ ၊ ၂၀၁၄။
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အနိုက်အတန့်ကမ္ဘာ

BURMESE CLASSIC .com

## အခန်း (၁)

စကားသံလုံးဝ တိတ်ဆိတ်နေသည့် အခန်းထဲမှာ Air Con လေအေးစက်သံ တိုးတိုးလေးကသာ ကျယ်လောင်လွန်းသည် ထင်မိသည်။

ရုံးခန်းတစ်ခုလုံးကို ရေညှိရောင့်မှန်ချပ်တွေ ကာရံထားတာမို့ မိုးစင် စိတ်တွေမွန်းကျပ်သလို ခံစားရသည်။ အလုပ်စားပွဲနောက်မှာ ထိုင်နေသော M.D ဆိုသည့် ပုဂ္ဂိုလ်ကြီးက အခုထိ စကားတစ်ခွန်း မပြောသေးပါ။

မိုးစင်ကို ရှေ့ကထိုင်ခုံမှာ ထိုင်ခိုင်းထားတာ သုံးမိနစ်လောက် ကြာပြီ ထင်သည်။ ထိုအချိန်လေးကပဲ မိုးစင်အတွက် စိတ်ပင်ပန်း ဆင်းရဲလွန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ သူ့မျက်နှာမော့လာကာ မိုးစင်ကို ကြည့်သည့်မျက်ဝန်းတွေကြောင့် တုန်ခနဲ ဖြစ်သွားမိ၏။

စူးရှနက်ရှိုင်းသော ထိုမျက်ဝန်းတွေကလည်း မိုးစင် မျက်နှာကို စက္ကန့်အတော်ကြာ ငေးကြည့်နေပြီးမှ စားပွဲပေါ်က ဖိုင်တွေဆီ ပြန်အကြည့်လွှဲသွားခဲ့သည်။

"မင်းရဲ့ သင်ထန်းအောင်လက်မှတ်တွေကို တွေ့ပြီးပါပြီ"

M.D နှုတ်က ပထမဆုံးထွက်ပေါ်လာသော စကားကို မိုးစင် ယောင်ယမ်း ခေါင်းညိတ်မိသည်။

"မင်းရဲ့ အောင်လက်မှတ်တွေက လက်တွေ့မှာ အထောက်အကူပြုနိုင်ရဲ့လား။ အေးလေ ဒီအလုပ်တွေကို လက်တွေ့မလုပ်ဖူးသေးတော့ မင်းရဲ့အရည်အချင်းကို ဘယ်သိနိုင်ဦးမှာလဲ"

မျက်ဝန်းတွေက စားပွဲပေါ်ရှိ ဖိုင်တွဲတွေကို တစ်ရွက်ချင်းလှန်ကြည့်ကာ မိုးစင်ကို တစ်ချက်မော့မကြည့်ဘဲ ပြောနေတာဖြစ်သည်။

မိုးစင်၏အလုပ်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ထားသော သင်တန်းအောင်လက်မှတ်တွေကို သူ ကြည့်နေပြန်သည်။

အခုမှ လူကိုယ်တိုင် မြင်ဖူးသော ကုမ္ပဏီပိုင်ရှင်၊ မန်နေဂျင်းဒါရိုက်တာ 'ဦးမိုးသောက်ကြယ်' သည် မိုးစင် စိတ်က ကြိုတင်ပုံဖော်ထားပုံနှင့် ကွာခြားပါသည်။

ကြီးမားလှသော ကုမ္ပဏီကြီးကို ဦးဆောင်နေသူသည် အသက် ငါးဆယ်ကျော် အမျိုးသားကြီးတစ်ယောက် ဖြစ်မည်ဟု ထင်မှတ်ထား





ခဲ့သည်။ အခု လက်တွေ့မှာတော့ ထိုထက် နုပျိုနေသည်။

အသက်လေးဆယ်ကျော်မျှသာ ရှိမည်ဟု မိုးစင် ခန့်မှန်းကြည့်မိ၏။ နုပျိုတည်ကြည်သော ရုပ်သွင်ကြောင့် မိုးစင် ခန့်မှန်းတာထက် လေးငါးနှစ်တော့ ပိုချင်ပိုနိုင်သည်။

"မင်း ဒီလုပ်ငန်းကို စိတ်ဝင်စားမယ်လို့ ထင်တယ်"

မိုးစင် မျက်နှာကို မော့ကြည့်မေးလာသော စကားကြောင့် ယောင်ယမ်း ခေါင်းညိတ်လိုက်ရင်း

"ဟုတ်ကဲ့ ကျွန်မကို ခိုင်းကြည့်ပါရှင်၊ တတ်နိုင်သမျှ အမှားနည်းအောင် ကြိုးစားပါ့မယ်"

မိုးစင် အဖြေကြောင့် သူ့မျက်ခုံးစိမ်းစိမ်းတွေ မသိမသာ မြင့်တက်သွားခဲ့သည်။

"မှားတော့ မှားမယ်ဆိုတဲ့ သဘောလား"

"လုံးဝမမှားအောင် မိုးစင် ကြိုးစားပါ့မယ်"

"ကောင်းပြီလေ၊ ဒေါ်မျိုးသီရိကတော့ မင်းဘက်က ထောက်ခံချက်ပေးထားပါတယ်၊ ဒါနဲ့ မင်းအဖေနဲ့အမေ နာမည်က ဘြော် နေဦးအဖေက ဦးလင်းနောင်"

မိုးစင် လျှောက်လွှာကို ပြန်ငုံ့ကြည့်ကာ သူဆိုတော့ မိုးစင် အလိုက်သင့် ခေါင်းညိတ်ပြရင်း

"ဟုတ်ကဲ့ပါ"

"ဘာအလုပ်လုပ်သလဲ"

www.burmeseclassic.com



"မေမေ ဆုံးသွားတာ ကျွန်မကို မမွေးခင်ကတည်းကပါ၊ အခု ကျွန်မမှာ မေမေပဲ ရှိပါတယ်"

"ဪ် အင်း မင်းမေမေက ဘာအလုပ်လုပ်သလဲ"

မိုးစင် ချက်ချင်း မဖြေနိုင်ဘဲ တွေခနဲ ဖြစ်သွားသည်။ သူက အလုပ်လျှောက်လွှာမှာပဲ အကြည့်ရောက်နေသည်။

"ဟို လျှောက်လွှာမှာ ကျွန်မ မဖြည့်လိုက်မိဘူးလားဟင်"

"ဪ် လျှောက်လွှာမှာ မလိုပါဘူး၊ မေးရုံသက်သက်ပါ၊ မင်းအတွက် သိပ်ဝန်လေးစရာ ဖြစ်နေလို့လား"

"ဟင့်အင်း မဟုတ်ပါဘူး၊ မေမေက စင်ကာပူမှာ အလုပ်လုပ်နေပါတယ်"

အံ့ဩသော အကြည့်တွေနှင့် ဦးမိုးသောက်ကြယ် မျက်နှာက မိုးစင်ဆီ ပြန်ရောက်လာသည်။

"မင်းက မိခင်နဲ့အတူ နေတာမဟုတ်ဘူးပေါ့"

ထိုမေးခွန်းမျိုးတွေ ရင်ဆိုင် အမေးခံရမှာကို မိုးစင် စိုးရိမ်ထားခဲ့ပါသည်။ အခုလည်း အလုပ်ရှင်က မေးနေပြီ၊ တကယ်ဆို မေမေနှင့် သူမ အဓေးကိစ္စက လုပ်ငန်းနှင့် မသက်ဆိုင်သော ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်သည်။

"ဆောရီး ဦး မေးခွန်းက ဘောင်ကျော်သွားမိပြီ၊ ဦးစိတ်ထဲမှာ မင်းကို ရင်းနှီးသွားလို့ မေးလိုက်တာပါ၊ ကဲ မင်းကို ဦး အလုပ်ခန့်လိုက်ပြီ မိုးစင်စင်၊ မနက်ဖြန် စဆင်းတော့ ဟုတ်လား"

BURMESE CLASSIC .com



ရင်ထဲမှာ ဝမ်းသာသွားမိပေမယ့် မိုးစင် မယုံမရဲ ဖြစ်နေသည်။ အန့်တီ မျိုးသီရိက ဒီကုမ္ပဏီကိုသွားလိုက် သူမ ဖုန်းဆက်ထားမည်ဟု ပြောထားသည်။

သူမဘက်က လိုအပ်သော ဘွဲ့အောင်လက်မှတ်နှင့် ကျွမ်းကျင် တတ်မြောက်ထားသော သင်တန်းအောင်လက်မှတ်တွေ ပြည့်စုံစွာ ယူလာခဲ့သည်။ ကျိန်းသေပေါက် အလုပ်ရမည်ဟု တထစ်ချ မတွက်ရဲခဲ့ပါ။

အခုတော့ မနက်ဖြန် စလာဆင်းတော့ဟူသော စကားကြောင့် အံ့ဩဝမ်းသာသွားခဲ့တာ အမှန်။

"မင်းကို ဦး တစ်လအစမ်းခန့်ကြည့်မယ်၊ ဒေါ်မျိုးသီရိကလည်း ထောက်ခံပေးထားလို့၊ ပြီးတော့ ကိုယ့်မှာ မင်းလုပ်ရမယ့် ဝန်ထမ်းနေရာ လစ်လပ်နေတယ်၊ အရင်လုပ်နေတဲ့ ကောင်မလေးကို ကိုယ် အလုပ်ထုတ်ပစ်လိုက်တယ်"

ဦးမိုးသောက်ကြယ် တည်ငြိမ်စွာ ပြောပြနေတာကို မိုးစင် အလေးအနက် နားထောင်နေလိုက်ပါသည်။

"ကိုယ့်ရဲ့အလုပ်ခွင် စည်းကမ်းတွေကို သူက အမြဲပေါ့တီးပေါ့ဆ လုပ်တယ်၊ အလေးအနက်မထားဘူး၊ ကိုယ် သူ့ကို နှစ်ကြိမ်သတိပေးပြီး သုံးကြိမ်မြောက်မှာ အလုပ်ထုတ်ပစ်လိုက်တယ်၊ သူက အရည်အချင်း ရှိပါတယ်၊ ဒါပေမဲ့ စည်းကမ်းကို မနာခံဘူး၊ ကိုယ့်အလုပ်ခွင်မှာက မိန်းကလေးပဲဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြစ် စည်းကမ်းက အဓိကပဲ"

စကားသံကို ဒေါသသံမပါဘဲ တည်ငြိမ်ပြတ်သားစွာ ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



သော ဦးမိုးသောက်ကြယ် စိတ်ဓာတ်ကို မိုးစင် နားလည်သဘောပေါက်သလို ရှိပါသည်။

"ဒီတော့ ကိုယ့်အလုပ်ခွင် စည်းကမ်းကို မင်း သိထားသင့်တယ်၊ ရုံးခန်းရဲ့အရှေ့ဘက် ကြော်ငြာဘုတ်မှာ ကပ်ထားတာ မင်းတွေ့မှာပါ"

"ဟုတ်ကဲ့ မိုးစင် တွေ့ခဲ့ပါတယ်"

"အိုကေ အသေအချာ ဖတ်ပြီးရင် အဲဒီ စည်းကမ်းတွေကို မင်း လိုက်နာဖို့ အဆင်ပြေမလား"

မိုးစင်ကို စိုက်ကြည့်ကာ သူမေးတော့ တွေဝေမနေဘဲ ချက်ချင်း ခေါင်းညိတ်လိုက်မိသည်။

"ဟုတ်ကဲ့ ကျွန်မ လိုက်နာနိုင်ပါတယ်"

တည်နေသော သူ့နှုတ်ခမ်းပိပိရိရိတွေ လွန်ခနဲ တစ်ချက်ပြုံးရိပ်သမ်းသွားကာ ခေါင်းညိတ်ရင်း

"ဟုတ်ပြီ ဒါဆို မနက်ဖြန် အလုပ်စဆင်းပါ၊ မင်းရဲ့အရည်အချင်းကိုတော့ နည်းနည်းပါးပါး စစ်ဆေးရဦးမှာပေါ့"

ဦးမိုးသောက်ကြယ် စကားကြောင့် မိုးစင် တစ်ချက်လှမ်းမော့ကြည့်တော့

"မလန့်ပါနဲ့ မင်းမှာ လိုအပ်တာလေးရှိရင် သင်ပြပေးမှာပေါ့၊ လူတစ်ယောက်ဟာ ချက်ချင်းကြီးတော့ မလုပ်ဖူးသေးတဲ့အလုပ်နဲ့ အံဝင်ခွင်ကျ ဘယ်ဖြစ်ပါ့မလဲ"





သူ့စကားကြောင့် တင်းကြပ် စိုးရိမ်နေသော စိတ်တို့ ပြေလျော့သွားရပါသည်။

မိုးစင် နှုတ်ဆက်ပြီး အခန်းထဲက ပြန်ထွက်ခဲ့ရင်း ရုံးခန်းနံရံက ပို့က်ဘုတ်မှာကပ်ထားသော ဝန်ထမ်းစည်းကမ်းတွေကို ထစ်ချက်ဖြန်ကြည့်မိသည်။

အလုပ်ချိန် တိကျရမည်။

အဲကွန်းအခန်းထဲတွင် ဆေးလိပ်မသောက်၊ ကွမ်းမစားရ။

အလုပ်ချိန်တွင် ညှော်သည် လက်ခံစကားမပြောရ။ အလုပ်ခန်းထဲ ညှော်သည် ခေါ်မလာရ ... တဲ့။

မိုးစင်အတွက်တော့ ဘာမှ မခက်ခဲသော စည်းကမ်းချက်တွေပဲ ဖြစ်သည်။ တကယ်ဆို မိုးစင် ငယ်စဉ်ကတည်းက ထိုစည်းကမ်းဆိုသော ဘောင်ထဲမှာပဲ သေဝပ်စွာ ကြီးပြင်းခဲ့ရတာ ဖြစ်၏။

မေမေ့ရဲ့ စည်းကမ်းတွေအောက်မှာ မိုးစင် နေသားတကျရှင်သန်ခဲ့ရသော ကာလက အရှည်ကြီး။

ထိုစည်းကမ်းဘောင်ကြီးအောက်က လွတ်အောင် မိုးစင် ရုန်းထွက်လာခဲ့သည်။ အခုတော့ ထိုစည်းကမ်းတွေနှင့်ပဲ မိုးစင် ပြန်ရှင်သန်ဆိုးမည်။

ဘာပဲဖြစ်ဖြစ် မိုးစင် ဝမ်းသာပါသည်။ ဘဝရှင်သန်နိုင်ဖို့ အလုပ်တစ်ခုရှာနေခဲ့တာ ဆန္ဒပြည့်ခဲ့ပြီ။

တစ်လအတွင်းမှာ ကုမ္ပဏီငါးခု ရောက်ခဲ့သည်။ အခု ဦးမိုး



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြယ်၏ အလှကုန်ကုမ္ပဏီကြီးမှာ မိုးစင်အတွက် အဆင်ပြေခဲ့တာ သိပ်ကို ကံကောင်းပါသည်။

■ ■ ■

## အခန်း (၂)

"ဟယ် သမီး မိုးစင် အစောကြီး နိုးနေပါလား"

အဆောင်ရှင် အန်တီကြီးရဲ့ တအံ့တသြ အမေးစကားကြောင့် မိုးစင် ပါးချိုင့်လေးတွေ ပေါ်လာအောင်ပြုံးပြရင်း

"ဟုတ်တယ် အန်တီ အလုပ်ဝင်ရမှာမို့လေ"

"ဩော် အလုပ်ရပြီလား သမီး၊ ဝမ်းသာတယ်ကွယ် ဘာမှာလဲ သမီး"

"အလှကုန်ကုမ္ပဏီ တစ်ခုမှာအန်တီ"

"ဩော် အေး အေး ကောင်းတယ်သမီး"

အဆောင်ရှင်အန်တီကြီးက သူ့အဆောင်မှာ မိန်းကလေးတိုင်းနှင့် ခင်ခင်မင်မင် နေတတ်သူဖြစ်သည်။ အဆောင်စည်းကမ်းလည်းကြီးကာ မိသားစု စိတ်ဓာတ်ထားတာမို့လည်း အားလုံးကချစ်ကြသည်။

မိုးစင် ရေမိုးချိုး အဝတ်အစားလဲလိုက်ပါသည်။ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း လွတ်လပ်စွာ နေချင်တာမို့ အခုလို တစ်ယောက်တည်း တိုက်ခန်း အဆောင်လေး ငှားနေတာ အဆင်ပြေပါသည်။

အခန်းက ကျဉ်းပေမယ့် မိုးစင် တစ်ယောက်အတွက်တော့ အဆင်ပြေသည်။

အခုအလုပ်ရတော့ ကုမ္ပဏီ စည်းကမ်းတွေထဲက တစ်ချက်ဖြစ်သော အလုပ်ဝင်ချိန် ကိုးနာရီထက် နောက်မကျရဟူသော စည်းကမ်းကို မိုးစင်အတွက် ဂရုစိုက်စရာ ဖြစ်နေသည်။

ညဘက်တွေမှာ မိုးစင်က စာတွေဖတ်ကာ ညည့်နက်မှ အိပ်ရာဝင်တတ်သူမို့ မနက်အိပ်ရာ နိုးချိန်က ရှစ်နာရီကျော်မှ ဖြစ်သည်။

သူမ အဆောင်ရှိရာမှ ကုမ္ပဏီကို လိုင်းကားစီးလျက် အနည်းဆုံးလေးဆယ့်ငါးမိနစ် တစ်နာရီတော့ အချိန်ပေးရမည်။

ဒါကြောင့် အရင်ညတွေထက် စောစော အိပ်ရာဝင်ကာ နှိုးစက်ကို ခြောက်နာရီခွဲပေးထားသော အဆင်ပြေသည်။

တနင်္လာနေ့ တစ်ရက်မှအပ နေ့စဉ်ဆင်းရမည့် အလုပ်အတွက်တော့ မိုးစင် စိတ်မှာ ညစ်ညူးမိတာတော့ အမှန်ပဲဖြစ်သည်။

ဒီအလုပ်က မိုးစင်ဘဝ ရှင်သန်ရပ်တည်ဖို့အတွက်တော့ သိပ်ကို အဆင်ပြေပါသည်။ ဒါပေမဲ့ မိုးစင်ရဲ့ ဝါသနာအတွက်တော့ ပိုလို့ အလှမ်းဝေးသွားခဲ့ပြီလား။

တကယ်တမ်း စဉ်းစားကြည့်တော့ မေမေ့စကားတွေက အရမ်းမှန်နေပါသည်။ လူ့ဘဝ ရှင်သန်ရပ်တည်မှုအောက်မှာ မိုးစင်ရဲ့ အနုပညာ





ဝါသနာစိတ်တွေက မှေးမှိန်ပျောက်ကွယ်သွားတော့မည်တဲ့လား။

မေမေက သူမရဲ့ စည်းစိမ်ဥစ္စာတွေပေါ်မှာ အခန့်သားထိုင်ပြီး မိုးစင်ရဲ့ ဝါသနာကို အတ္တဆန်စွာ လျှောက်လှမ်းချင်တာလားဟု မေးခဲ့သည်။

ထိုစကားတစ်ခွန်းကပါ မိုးစင် ရင်ထဲကို ထိရှသွားခဲ့တာဖြစ်သည်။

''စိတ်ချ မေမေ မေမေရဲ့ ချမ်းသာပိုင်ဆိုင်မှု ငွေကြေးတွေနဲ့ သမီးရဲ့ ဝါသနာကို လေ့ကားထစ်ဘယ်တော့မှ မလုပ်ပါဘူး၊ သမီး အစွမ်းအစနဲ့ ကြိုးစားပြမှာပါ''

မိုးစင် စကားကိုမေမေ လှပသော နှုတ်ခမ်းလေးတွေ တွန့်ကာ လှောင်ပြုံးနှင့်ကြည့်နေခဲ့သည်။ မေမေရဲ့ အထင်သေးမှုကြောင့်ပဲ မေမေ့အရိပ်ကထွက်ကာ ဝါသနာအတိုင်း ကြိုးစားပြဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။

ဒေါ်မာနဖြူ ဟူသော အမည်နှင့်လိုက်ဖက်အောင် မေမေသည် မာနသိပ်ကြီးမားသည်။ အထူးသဖြင့် မေမေရဲ့ မာနက ကိုယ့်ကိုကိုယ် ယုံကြည်သော မာန။

မေမေရဲ့ တစ်ဦးတည်းသောသမီးဖြစ်သော မိုးစင်စင် သည်သည်း မေမေရဲ့သွေးသားပီပီ မေမေ ပိုင်ဆိုင်ထားသမျှအားလုံး ပိုင်ဆိုင်ထားသူလေ။

ရုပ်ရည်ချောမော ပြေပြစ်မှု စိတ်ဓာတ်နိုင်မာမှုမှာ မေမေထက်



www.burmeseclassic.com

www.burmeseclassic.com



အောက်မကျဘူးဆိုတာ သိစေချင်၏။

မိုးစင် ဝါသနာကို အားမပေးခဲ့သော မေမေသည် ကွန်ပျူတာ ခလုတ်တွေနှင့် အထက်တန်းကျောင်းသူဘဝကတည်းက ရင်းနှီးစေခဲ့သည်။ တက္ကသိုလ်က စီးပွားရေးဘွဲ့ကို ရယူစေ၏။

ဒါပေမဲ့ မိုးစင် ရင်ထဲမှာရှိနေသော ဝါသနာက ပြောင်းလဲမသွားခဲ့၊ မေမေနှင့် မတူညီတာဆို၍ မိုးစင် ရင်ထဲမှာရှိနေသော အနုပညာစိတ်ပဲဖြစ်သည်။

တက္ကသိုလ်မှာကတည်းက ကျောင်းမယ်ရွေးပွဲတွေမှာ စင်ပေါ်တက်ကာ အလှမယ်ဘွဲ့တွေ ယူဖူးသည်။ ကျောင်းမဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်အဖြစ် မိုးစင် ရွေးချယ်ခံရဖူးသည်။

မေမေ မသိအောင် မော်ဒယ်သင်တန်းတွေလည်း နိုးတက်ထားဖူးသည်။

ဒါပေမဲ့ ကျောင်းပြီးတော့ မေမေရဲ့ ကုမ္ပဏီ အလုပ်တွေထဲမှာပဲ မိုးစင် ဝင်လုပ်ခဲ့ရတာဖြစ်သည်။

မိုးစင် ရင်ထဲက ဝါသနာကြီးကို မေမေ လက်မခံ။ ဥပေက္ခာပြုထားရုံမက မာနစကားနှင့် စိန်ခေါ်လာတော့ မေမေ့အရိပ်က မိုးစင်ထွက်ခဲ့သည်။

"မိုးစင် သမီး တကယ်ဆုံးဖြတ်လိုက်တာလား"

"ဟုတ်တယ် မေမေ သမီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး အောင်မြင်တဲ့ အနုပညာသမားတစ်ယောက် ဖြစ်အောင် ကြိုးစား



ပြမယ်"

"ဒီလောက်ထိ ရဲရင့်နေရင် မေမေခွင့်ပြုတယ်၊ ဒါပေမဲ့ ညမီးလိုချင်တဲ့ အောင်မြင်မှုအတွက် မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ကိုယ်ကျင့်တရားနဲ့ မလဲလှယ်ရဘူး"

"မိုးစင်စင် ဟာ ဒေါ်မာနဖြူရဲ့ သမီးပါ မေမေ၊ ဘယ်တော့မှ အဲဒီလို အလုပ်မျိုး မလုပ်ပါဘူး၊ သမီး အရည်အချင်းအစစ်အမှန်နဲ့ ကြိုးစားမှာပါ"

"ကောင်းပြီ သမီး ငွေကြေးအတွက်သမီးမှာ အခက်အခဲရှိတယ်ဆိုရင် ဘဏ်စာရင်းမှာ သမီးစိတ်ကြိုက် ထုတ်ယူနိုင်တယ်"

ဘဝကို တစ်ယောက်တည်း ရုန်းကန်မည့် သမီးအတွက် မေမေသည် မိခင်တစ်ဦးရဲ့သောကနှင့် စီစဉ်ပေးခြင်းဟု မိုးစင် နားလည်ပါသည်။

ဒါပေမဲ့ မေမေ သုံးခွင့်ပေးထားသော ဘဏ်ငွေစာရင်းကို ဘယ်လိုအကြောင်းနှင့်မှ မထိဟု မိုးစင် မာနထားခဲ့သည်။

ရန်ကုန်မှာ အဆောင်ငှားနေသည်။ စင်ကာပူနှင့် မြန်မာပြည် အိမ်ဦးနှင့် ကြမ်းပြင်ကို ကူးသန်းနေသော မေမေ ရန်ကုန်မှာ ခြံနှင့်တိုက်ကြီး ဝယ်ထားပေမယ့် မိုးစင် မနေပါ။

မေမေရဲ့ အကူအညီ အထောက်အပံ့တွေနှင့် ကင်းလွတ်စွာ အောင်မြင်အောင် ကြိုးစားချင်၏။

ရင်ဆိုင်ရသော အခက်အခဲက မိုးစင်ရဲ့ စားဝတ်နေရေးအတွက် လိုအပ်သောငွေရှာဖို့ အလုပ်တစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အလုပ်တစ်ခု ရခဲ့ပြီ။ ဒါပေမဲ့ ဒီအလုပ်ထဲမှာပဲ မိုးစင် အချိန်ပြည့် နစ်မထားနိုင်ပါ။ ဝါသနာ ရည်ရွယ်ချက်အတွက် လမ်းစကို ရှာဖွေရဦးမည်။

"အစ်မ ဘယ်လဲ"

နှုတ်ဆက်သံကြားမှ အတွေးရပ်ကာ စတိုးဆိုင်လေးထဲကို လှမ်းကြည့်တော့ မိုးစင်နှင့် ခင်မင်ရင်းနှီးနေသော အရောင်းစာရေးမလေး ကြည်ပြာ ပြုံးနှုတ်ဆက်နေ၏။

"သြော် ကြည်ပြာ မြို့ထဲသွားမလို့"

အလွယ်တကူပဲ ဖြေလိုက်သည်။ စကားတွေ ထပ်ရှည်ပြီး အလုပ်ချိန် နောက်ကျနေလျှင်အခက်။ ဒါတောင် ကြည်ပြာက စကား မပြတ်ချင်။

"အစ်ကိုရော မတွေ့တာကြာပြီနော် အစ်မ"

ကြည်ပြာက မိုးစင်ကို ခင်သလို မိုးစင်ရဲ့ချစ်သူ နှိုင်းကိုလည်း သိနေတာမို့ မေးခြင်းဖြစ်သည်။

"ဟုတ်တယ် မမတို့လည်း မတွေ့ဖြစ်တာ သုံးရက်လောက်ရှိပြီ အပင်း ကဲ ခွင့်ပြုဦးနော် အရေးကြီးလို့"

ကြည်ပြာကို စကားစဖြတ်ကာ ကားဂိတ်လေးဆီ ပုံမှန်လေးပဲ လျှောက်ခဲ့သည်။

ရုံးချိန် ကိုးနာရီအတွက် အချိန်က တစ်နာရီလောက် ရပါသေး၏။ ဒါပေမဲ့ ပထမဦးဆုံးနေ့မို့ ကိုယ့်တက်က ကြိုတင်ရောက်နေတာ



အကောင်းဆုံး။

ရုံးရောက်တော့ ကိုးနာရီထိုးဖို့ ဆယ်မိနစ်သာသာလောက်တောင် စောနေသေးသည်။

ပထမဆုံး ရုံးစတက်သည့် နေ့မှာပဲ သူမရင်ဆိုင်ရသည့် အခက် အခဲက ရုံးမှာရှိသော ဝန်ထမ်းအားလုံး ယောကျ်ားလေးတွေပဲ ဖြစ်ကာ မိန်းကလေး ဝန်ထမ်းဆို၍ သူမ တစ်ယောက်တည်း။

လုံခြုံရေး ဝန်ထမ်း ဦးလေးကြီးကို ရင်းရင်းနှီးနှီး မိတ်ဆက်ကာ သိချင်တာလေးတွေ စပ်စု ကြည့်မိသည်။

ဦးမိုးသောက်ကြယ်၏ ကိုယ်ပိုင်သီးသန့်ရုံးခန်းဖြစ်သော ဒီ ကုမ္ပဏီမှာ ဝန်ထမ်းအင်အားက ဘာမှမရှိပါ။ ထုတ်လုပ်မှု၊ ထုပ်ပိုးမှု၊ ဖြန့်ချိမှု၊ အရောင်းမြှင့်တင်ဌာန တို့၏ ရုံးချုပ်ရုံးခန်းတွေဟု သိရသည်။

မိုးစင် အပါအဝင်မှ ဝန်ထမ်းအင်အားက ဆယ်ယောက်ပဲ ရှိသည်။ အားလုံးက ယောကျ်ားလေး ဝန်ထမ်းတွေပါပဲ။

Angle (နတ်သမီး)ဟု နာမည်ကျော်သော အလှကုန် ကုမ္ပဏီကြီး ၏ စက်ရုံနှင့် ဂိုထောင်ကြီးတွေက စက်မှုဇုန်မှာ တည်ရှိသည်ဟု သိရသည်။

လုံခြုံရေးဦးလေးကြီးနှင့် စကားကောင်းနေတုန်းမှာပဲ ကိုးနာရီ ထိုးခင် တခြားဝန်ထမ်းတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာ ကြသည်။

မရင်းနှီး မကျွမ်းဝင်သေးပေမယ့် တစ်ဦးနှစ်တစ်ဦး ပြုံးပြနှုတ် ဆက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်း နံရံက နာရီက ကိုးနာရီထိုးဖို့ တစ်မိနစ်အလိုမှာ ကုမ္ပဏီကားစတင်းကို CYGNUS ကားပြာကြီး ထိုးရပ်လာသည်။

ကားတံခါး ဖွင့်ဆင်းလာသော ဦးမိုးသောက်ကြွယ် ဝတ်ဆင်ထားသည်က Giorenzo တံဆိပ် ရှပ်အဖြူမှာ အနက်စင်းလေးတွေပါသော အင်္ကျီကို စတိုင်ပန့်(န်) အနက်ဘောင်းဘီနှင့် တွဲဝတ်ဆင်ထားသည်။

ဆံပင်တိုတို သေသေသပ်သပ်နှင့် ရှင်းသန့်နေသော မျက်နှာက ချောမောတည်ကြည်သည်။ အရပ်အမောင်း မြင့်မားကာ ကျစ်လျစ်ကြည့်ကောင်းသော ခန္ဓာကိုယ်ကြောင့် လူငယ်တစ်ဦးလို တက်ကြွ လန်းဆန်းနေသည်။

အညိုရောင် သားရေလက်ဆွဲအိတ်ကို ဆွဲကာ ရှူးဖိနပ်အနက်နှင့် ခြေလှမ်းတွေက ညီညာစွာလှမ်းလာသော ဦးမိုးသောက်ကြွယ်ကို မိုးစင်လည်း တခြားဝန်ထမ်းတွေနည်းတူ ရုံးခန်းဝကရပ်ပြီး စောင့်ကြိုနေလိုက်သည်။

"ဂွတ်(ထ်)မောနင်း"

အပြုံးတစ်ခုနှင့် ဝန်ထမ်းအားလုံးကို နှုတ်ဆက်သော သူ့အသံက ကြည်လင်လန်းဆန်းနေသည်။

"ဂွတ်မောနင်း ပါ ဆရာ"

အားလုံးကလည်း ပြန်နှုတ်ဆက်ကာ ကိုယ့်ရုံးခန်းဆီ ကိုယ်လှည့်ဝင်သွားကြသည်။ မိုးစင်ကတော့ သူနှင့် ရုံးခန်းတူမို့ တံခါးဝကပဲ ရပ်





စောင့်ရသည်။

"မင်း အလုပ်ချိန် တိကျသားပဲ၊ ဂွတ်မောနင်းပါ မိုးစင်စင်"

"ဟုတ်ကဲ့ ဂွတ်မောနင်းပါ ဦး"

ဦးမိုးသောက်ကြွယ် ဆိုသော နာမည်နာမ်စားအစား ဦး ဟုသာ မိုးစင် ခေါ်တော့ သူ ဖျပ်ခနဲ တစ်ချက်ကြည့်၍ ခေါင်းညိတ်ရင်း

"ကဲ ဒီမှာ ရုံးခန်းတံခါးသော့ ဖွင့်လိုက်၊ နောက်နေ့တွေကျမင်းကို သော့အပိုပေးထားမယ်၊ စောရောက်နေရင် ရုံးခန်းထဲ ဝင်စောင့်နေလို့ ရတာပေါ့"

ပြောရင်း ကမ်းပေးနေသော သော့ကို မိုးစင်လှမ်းယူကာ ရုံးခန်းတံခါးကို ဖွင့်လိုက်သည်။

ရုံးခန်းထဲဝင်တော့ မိုးစင် သူ့လက်ထဲက သားရေအိတ်ကို အလိုက်တသိ လှမ်းယူတော့

"ကျေးဇူးပဲ မိုးစင်"

သူ ကျေးဇူးတင်စကားပြောကာ အလုပ်စားပွဲဆီ လျှောက်သွား၏။ သူ့အလုပ်စားပွဲနှင့် ယှဉ်ထားသော ဘယ်ဘက်အခန်းထောင့်မှာ ကွန်ပျူတာနှင့် ဖိုင်တွဲတွေ သေသပ်စွာ တင်ထားသော စားပွဲတစ်လုံး ရှိနေ၏။

"ဟောဟို စားပွဲမှာ မင်းရုံးထိုင်ပေါ့၊ ခဏလေး ငါးမိနစ်မှာ မင်း စစ်ဆေးပေးရမယ့် စာရင်းဖိုင်တွေ ငါလာပို့ပေးမယ်"

"ဟုတ်ကဲ့ပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သူမ့ အလုပ်စားပွဲမှာ ထိုင်ပြီး ငါးမိနစ်မှာ သူ့ စာရင်းဖိုင်တွဲတွေ ယူလာကာပေးသည်။

သူ့ စေနိုင်းမှာကြားချက်တွေကို အသေအချာ နားထောင်ပြီးတော့ မိုးစင် လုပ်စရာရှိတာကို ဆက်လုပ်လိုက်ပါသည်။

တကယ်ဆို ဒီလုပ်ငန်း စာရင်းဖိုင်တွေက သူမအတွက် ခက်ခဲလွန်းသောကိစ္စတော့ မဟုတ်ပါ။

စင်ကာပူက မေမေရဲ့ ကုမ္ပဏီမှာ ဒီလုပ်ငန်းတွေနှင့် တစ်နှစ်ကျော် မိုးစင် ကျင်လည်ခဲ့ဖူးသည်ပဲ။

ဦးမိုးသောက်ကြယ် စေခိုင်းသော တာဝန်တွေကို ထမင်းစားချိန် ဆယ့်တစ်နာရီ မခွဲခင်မှာပဲ မိုးစင် ပြီးဆုံးသွားခဲ့၏။

"မိုးစင် ဆယ့်တစ်ခွဲကျရင် ထမင်းစားနားချိန်နော် ညာဘက်မှာ စားသောက်ခန်း ရှိတယ်၊ အဲဒီမှာ မင်းသွားစား မပြီးသေးတဲ့ အလုပ်တွေ ပြီးမှ ဆက်လုပ် ဟုတ်လား"

"မိုးစင် အားလုံး ပြီးပြီဦး အခုပဲ ဦးကိုလာအ ‵တော့မလို့"

မျက်ခုံးစိမ်းစိမ်းတွေ ပင့်တက်ကာ ဦးမိုးသောက်ကြယ် အံ့ဩလို ကြည့်သည်။ ပြီးမှ

"အိုခေ ပြီးရင် စစ်ကြည့်တာပေါ့၊ မင်း Lunch time ဆင်းလို့ ရပါပြီ"

ဆယ့်တစ်နာရီလည်း ခွဲပြီမို့ မိုးစင် ရုံးခန်းထဲက ထွက်ခဲ့လိုက်သည်။ တကယ်ဆို မိုးစင် ထမင်းချိုင့်ထည့်မလာပါ။ အဆင်ပြေရာ





ဆိုင်မှာ ဝယ်စားမည်ဟုပဲ စိတ်ကူးထားခဲ့၏။

"သမီး ထမင်းဘူး မပါဘူးလား"

ရုံးစောင့် ဝန်ထမ်းဦးလေးကြီးမေးတော့ မိုးစင် ခေါင်းလေးခါပြရင်း

"မပါဘူး ဦးလေး၊ အပြင်မှာပဲစားရမှာပဲ၊ သမီးက အဆောင်သူဆိုတော့ ချက်စားခဲတယ်လေ"

"ဒီနားက ဆိုင်တွေက ဈေးကြီးတယ် သမီးရဲ့၊ ဦးလေးတို့တော့ ထမင်းဘူးပဲ ထည့်ယူလာကြတာ"

"ဟုတ်လား လမ်းဘေးဆိုင်လေးတွေ မရှိဘူးလား"

"အဲဒီလိုဆိုင် ဒီအနားမှာမရှိဘူး ရှမ်းခေါက်ဆွဲတို့ ဆီချက်တို့လောက်နဲ့ အလုပ်မဖြစ်ပါဘူး သမီးရယ်"

"အင်း ဒါဆိုလည်း နောက်နေ့တွေကျ သမီးထမင်းဘူး ထည့်ယူလာရတော့မှာပေါ့ ဒီနေ့တော့ အဆင်ပြေသလိုပဲ"

ပြောပြီး ရုံးခန်းရှေ့ကို ထွက်ခဲ့သည်။ မြင်လိုက်ရသော ဆိုင်တွေက တကယ့် ရက်စတောရင့်ဆန်ဆန် ဆိုင်တွေပဲ သုံးလေးဆိုင်တွေသည်။

ကံကောင်းထောက်မစွာတွေ့သော ဆီချက်ဆိုင်လေးထဲဝင်ကာ ဆီချက်တစ်ပွဲနှင့်ပဲ တင်းတိမ်လိုက်ပါသည်။

မိုးစင် ရုံးခန်းထဲကို သတ်မှတ်ချိန် ဆယ့်နှစ်ခွဲဖို့ ငါးမိနစ်အလိုမှာ ပြန်ဝင်ခဲ့သည်။

ဦးမိုးသောက်ကြယ်က စားပွဲမှာထိုင်ကာ မိုးစင် စက်သိရေးသွင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးသမျှ စာရင်းတွေကို ထိုင်စစ်ဆေးနေသည်။ သူမကိုမြင်တော့ မော့ကြည့်ရင်း

"မဆိုးပါဘူး မင်းက ဦးထင်ထားတာထက် တော်တယ်။ မင်းမှာ အတွေ့အကြုံတော့ ရှိမယ်ထင်တယ်"

"ဟုတ်ကဲ့ မေမေနဲ့အတူတူ စာရင်းဇယားတွေ ဝင်ကူလုပ်ပေးဖူးပါတယ်"

"အိုခေ အိုခေ ခဏနေရင် ဦးကို ရုံးစာရွက် ငါးရွက်လောက် ရိုက်ပေးစမ်းပါ ဖြစ်တယ်နော်"

"ဟုတ် ရပါတယ်ဦး"

မိုးစင် ပါးချိုင့်လေးပေါ်အောင် ပြုံးရင်း ခေါင်းလေးညိတ်တော့ ဦးမျက်ခုံးလေးတွေပင့်ကာ ငေးကြည့်နေတာ အတော်ကြာသည်။

ဘာဆက်ခိုင်းဦးမှာလဲဟု ထင်ကာ မိုးစင် မတ်တပ်လေး ရပ်စောင့်နားထောင်နေတော့

"အင်း အင်း ရပြီ ဒါပါပဲ"

ပြောပြီး မိုးစင်ရဲ့ စားပွဲက ဦးမိုးသောက်ကြယ် ထက ာ သူ့အလုပ်စားပွဲဆီ ပြန်လျှောက်သွားခဲ့၏။

မိုးစင် ကတော့ ပထမဆုံးနေ့မှာပဲ ဦးမိုးသောက်ကြယ်ရဲ့ လက်ခံချီးကျူးစကားလေးကြားလိုက်ရတာမို့ ဝမ်းသာကျေနပ်မိသည်။

အလုပ်ရှင်ရဲ့ ကျေနပ်မှုက မိုးစင်ရဲ့ အရည်အချင်းပဲ မဟုတ်လား။

■ ■ ■

ဗျူး၀၁၀၆၀

## အခန်း (၃)

"ဒါနဲ့တောင် စင်လေးက ဖုန်းမဆက်ဘူးကွာ နေနိုင်လိုက်တာ"

ထင်သည့်အတိုင်း တွေသည်နှင့် နှိုင်း အပြစ်တင်တော့သည်။ မိုးစင် အလုပ်ရပြီဆိုတာ ဖုန်းမဆက်ဘဲ အခုလေးရက်ကြာမှ သိရတာကို ကျေနပ်ပုံမရ။

"အခု သိရပြီပဲ နှိုင်းရဲ့ အတူဆုံမှပြောမယ်လို့ စင်က တွေးထားတာ"

နှိုင်းနှင့် မိုးစင်တို့ ဆုံတွေ့တတ်သည့် ဒီလိုတနင်္ဂနွေနေ့လေးကတော့ အခုချိန်မှာ နှစ်ဦးစလုံးရဲ့ အားလပ်ရက်ပဲ ဖြစ်သည်။

တက္ကသိုလ် တတိယနှစ်ရောက်မှ နှိုင်းဝီရနှင့် မိုးစင်တို့ တရားဝင် ချစ်သူဘဝရောက်ခဲ့ကြတာ ဖြစ်သည်။ ခင်မင်နေခဲ့တာတော့ ပထမနှစ်ကတည်းက ဖြစ်သည်။

ဗျူး၀၁၀၆၀

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရတော့ နှိုင်းက မေမေ့ဆီက လက်ထပ်ခွင့်တောင်းဆိုမည် ဆိုပေမယ့် မေမေ့ရည်ရွယ်ချက်က မိုးစင်ကို စင်ကာပူက ကုမ္ပဏီမှာ အတွေ့အကြုံရအောင် အလုပ်ဝင်စေချင်၏။

ဒီလိုနှင့် နှိုင်းဝီရ အစီအစဉ် နောက်ဆုတ်ခဲ့ရကာ မြန်မာပြည်မှာပဲ နေရစ်ခဲ့ကာ ကိုယ်ပိုင်စီးပွားရေး တစ်ခု ကြိုးစားမည်ဆို၏။

မေမေ ဆန္ဒအတိုင်း စင်ကာပူက မေမေ့အလုပ် ကုမ္ပဏီမှာ မိုးစင် တစ်နှစ်တိတိ အလုပ်လုပ်ပြီး မြန်မာပြည် ပြန်လာချိန်တွင် နှိုင်းဝီရကလည်း ကိုယ်ပိုင် ရက်စတောရင့်တွေနှင့် အောင်မြင်နေသည်။

ရန်ကုန်မှာတင် ဆိုင်ခွဲတွေ ငါးဆိုင်ဖွင့်ထားနိုင်သည်အထိ အောင်မြင်နေ၏။

မေမေကလည်း မိုးစင်ကို မြန်မာပြည်တွင် ကုမ္ပဏီတစ်ခု တည်ထောင်ကာ စီးပွားရေးလုပ်ငန်း တည်ထောင်ပေးချင်၏။

သို့ပေမယ့် မိုးစင်ရဲ့ ဝါသနာနှင့် ပတ်သက်ကာ မေမေနှင့် မိုးစင် အဖုအထစ်ဖြစ်ခဲ့၏။

မိုးစင် မေမေ အရိပ်က ထွက်ခဲ့တော့ နှိုင်းက လက်ထပ်ဖို့ ထပ်တောင်းဆိုသည်။ ဒါပေမဲ့ မိုးစင် ငြင်းခဲ့၏။

"နှိုင်း မိုးစင် ဝါသနာကို နှိုင်း နားလည်ပါတယ်၊ အခု မေမေနဲ့ စိန်ခေါ်ပြီး စင် ကြိုးစားပြမလို့"

"ဟာကွာ ဒါဆိုကိုယ်တို့ အတူနေရဖို့အရေးက ဝေးလာပြီပေါ့"

"မဟုတ်ပါဘူး နှိုင်းရယ်၊ မိုးစင်ကို တစ်နှစ်ပဲ အချိန်ပေးပါ



မိုးစင် ကြိုးစားကြည့်ချင်တယ်"

မိုးစင်၏ ပြင်းပြသော ဝါသနာကို သိထားသော နှိုင်းဝီရ ခေါင်းညိတ်ရှာပါသည်။ မေမေ့ထက်စာလျှင် နှိုင်းဝီရသည် မိုးစင်အပေါ်မှာ နားအလည်ဆုံး ချစ်သူတစ်ယောက်ပါပဲ။

မိုးစင် ဘဝကို မိုးစင် ရုန်းကန်မည်ဆိုတော့ နှိုင်းက သူ့ရဲ့ဆိုင်တစ်ဆိုင်မှာ အဆင်ပြေအောင် စီစဉ်ပေးသေး၏။

"ကိုယ့်ရဲ့ ဝီရ(၄)နဲ့(၅)မှာ မိုးစင် တာဝန်ခံဖြစ်ဖြစ်၊ စာရင်းကိုင် မန်နေဂျာဖြစ်ဖြစ် တစ်နေရာ ဝင်လုပ်လေ"

"ဟင့်အင်း မိုးစင် ရည်ရွယ်ချက်က ကိုယ့်အစွမ်းအစနဲ့ ကြိုးစားပြချင်တာ မေမေ အကူအညီတောင်မယူဘူး"

"ဟား စင်လေးရယ် သားအမိချင်း မာနတွေ ကြီးလိုက်တာ"

နှိုင်း ထင်ချင်သလို ထင်စေတော့ မိုးစင်စင် ဆိုတာလည်း ခေါ်မာနဖြူဖြူ ကိုယ်ပိုင်မာနနှင့် ခွန်အားတို့ ရှိသည်ဆိုတာ ပြသချင်သည်။

"စင်လေး"

မိုးစင် ပခုံးလေးကို သိုင်းဖက်ကာ နှိုင်းဝီရ ခေါ်တော့ အတွေးလေး ပြတ်ကာလှည့်ကြည့်လိုက်၏။

"ဘာလဲ ဟင် နှိုင်း"

"စင်လေးတို့ ကုမ္ပဏီက အလုကုန်တွေထုတ်တဲ့ ကုမ္ပဏီဆိုတော့ ဝန်ထမ်းတွေက မိန်းကလေးတွေ များမှာပေါ့"

"မဟုတ်ဘူး နှိုင်း၊ ယောကျ်ားဝန်ထမ်းတွေချည်းပဲ၊ မိုးစင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ မိန်းကလေးရှိတာ''

''ဘယ်လို''

နှိုင်း မျက်နှာမှာ အံ့ဩရိပ်နှင့်အတူ စိုးရိမ်ရိပ်လေးတွေပါ ဖြတ်သန်းသွားတာ မြင်သည်။ မိုးစင် ယဲ့ယဲ့လေး ပြုံးလိုက်ရင်း

''ဟုတ်တယ် နှိုင်းရဲ့ မိုးစင်အလုပ်က စက်ရုံမှာမဟုတ်ဘူး ကုမ္ပဏီရုံးချုပ်မှာလေ ဒီတော့ ဝန်ထမ်းတွေ ခန့်ထားတာ ယောကျ်ားလေးတွေချည်းပဲ၊ မိုးစင်က M.D ရဲ့ရုံးခန်းမှာ ကွန်ပျူတာစာရင်းကိုင်လေ''

''စင်လေးရယ် ယောကျ်ားတွေပဲရှိတဲ့ ရုံးမှာ စင်လေးတစ်ယောက်တည်းဆိုတော့''

နှိုင်းရဲ့ အူတိုမှုကိုတော့ မိုးစင် ပါးချိုင့်လေးတွေ ခွက်ဝင်သွားအောင် ရယ်မိသည်။

''ဟုတ်တယ်လေ ကိုယ်က အလုကုန်ကုမ္ပဏီဆိုတော့ မိန်းကလေးဝန်ထမ်းတွေ များမယ် ထင်တာ''

''နှိုင်းကလည်း အခုက စက်ရုံမဟုတ်ဘူး၊ အရောင်းစင်တာ မဟုတ်ဘူး ပိုင်ရှင် M.D ရဲ့ ရုံးခန်းလေ''

''ဘာပဲဖြစ်ဖြစ် နှိုင်း စိတ်မချတာအမှန်ပဲ၊ ယောကျ်ားလေးဝန်ထမ်းတွေပဲဆို ကိုယ့်ဆိုင်မှာ ဝင်ဦးစီးပေးပါဆိုတော့ မာနကြီး တစ်ခွဲသားနဲ့ငြင်းတယ်၊ အခုအလုပ်ကျတော့ လက်ခံတယ်''

နှိုင်း နှုတ်ခမ်းတွေစူသွားတာ ရယ်စရာကောင်းသလို ချစ်ဖို့လည်းကောင်းပါသည်။ နှိုင်းသည် ယောကျ်ားပီသ ချောမောကာ မိုးစင်



အတွက်တော့ သံယောဇဉ်ပိုချစ်ရသူပဲ ဖြစ်၏။

နှိုင်းသည်လည်း သူမကို သိပ်ချစ်တာ သိပါသည်။ ဒါပေမဲ့ မိုးစင် စနောက်ချင်သေးတာမို့

''ကောင်လေးတွေတင်မကဘူး အန်ကယ်ကြီး ခန့်ခန့်ချောချော တစ်ယောက်လည်း ရှိသေးတယ် နှိုင်းရဲ့''

''တကယ်လား စင်လေးတို့ ဘော့စ်က အဘိုးကြီးလား''

''အဖိုးကြီးမဟုတ်ပါဘူး အသက်လေးဆယ်ကျော်ပဲ ရှိဦးမှာ လူပျိုကြီးထင်တာပဲ ခန့်ခန့်ချောချောနဲ့ ဟောလိဝုဒ်မင်းသား ဘရက်ပစ် ရုပ်မျိုး''

နှိုင်း မျက်မှောင်ကြီးကုပ်ကာ အလိုမကျသလို ကြည့်နေသည်။ ပြီးမှ

''ကိုယ် မြင်ဖူးချင်တယ်''

''စည်းကမ်းကတော့ ဘာကြီးသလဲမမေးနဲ့''

''တကယ်စည်းကမ်းကြီးတာဆို ကောင်းပါတယ်''

''ဘာကောင်းတာလဲ မကောင်းပါဘူး မိုးစင်နေ့တိုင်း အဆူခံထိမှာ မသိဘဲနဲ့''

''ဘာဖြစ်လို့လဲ စင်က ဝန်ထမ်းကောင်လေးတွေနဲ့ သွားရောလို့လား ဒါမှမဟုတ် ကောင်လေးတွေက လာရောလို့လား''

''ဒါပဲ ဒါကလွဲရင် စဉ်းစားစရာ မရှိတော့ဘူး''

မိုးစင် မျက်စောင်းလေးထိုးကာ ဆိုတော့ နှိုင်းက နှုတ်ခမ်းလေးကို

www.burmeseclassic.com

www.burmeseclassic.com



ငှံနမ်းပြီး ဟက်ဟက်ပက်ပက်ရယ်သည်။ ရယ်လိုက်လျှင် ပိုမိုချောမော ကာ ချစ်ရာကောင်းသော နှိုင်းဝီရသည့် ကျောင်းမှာတုန်းကလည်း ကင်း တစ်ပါးပဲဖြစ်သည်။

ကင်းနှင့်ကွင်း ချစ်သူတွေ ဖြစ်ကြတော့ အားလုံးက တစ်ညီ တညွတ်တည်း လိုက်ဖက်ညီသည်ဟု ပြောခဲ့ကြဖူး၏။

"ကိုယ့်ချစ်သူကို အထင်သေးလိုက်ပုံက ဒီယောကျ်ားလေးတော ထဲကကို မထွက်ဘူး၊ အဆူခံရမယ်ဆိုတာ အိမ်ရာထနောက်ကျလို့ အလုပ် ချိန်နောက်ကျမှာကို ပြောတာ"

"ဒါဆိုလည်း ခန့်ခန့်ချောချော အဘိုးကြီးနဲ့ ပိုင်အောင် ပေါင်း ထားပေါ့ စင်လေးရဲ့"

"နှိုင်းနော် လာပြန်ပြီ ဒီစကား"

"ဟား ဟား ဆောရီး ဆောရီး အူတိုပြီး အကျင့်ပါနေလို့"

ပြောရင်း နှိုင်းက မိုးစင် ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်း ဖက်ထားရင်း

"စင်လေးက အရမ်းလှတယ် ချောတယ် အဝတ်အစား ဒီဇိုင်း ကအစ ဘာဝတ်ဝတ် လိုက်ဖက်စမတ်ကျတယ်၊ ဒါကြောင့် ကိုယ်က စိတ်မချတာပါ ဒါနဲ့ စင်လေး မေမေသိလား"

"ဘာကို မေးတာလဲနှိုင်း အဆောင်မှာနေတာလား အလုပ်လုပ် တာကိုပြောတာလား"

"နှစ်ခုစလုံးပဲလေ စင်လေး ဘာတွေလုပ်နေ ဘယ်လိုနေထိုင်





တယ်ဆိုတာ သိသလားလို့"

နှိုင်းဝီရ အမေးကြောင့် မိုးစင် မျက်နှာလေး တည်သွားခဲ့ရင်း

"အဲဒါကို မိုးစင် စိတ်မဝင်စားဘူး နှိုင်း"

"အဲလိုမပြောရဘူးလေ အင်းလေ မိခင်ပဲ သိမှာပါ တမင်မသိ ချင်ယောင်ဆောင်နေတာ ထင်တယ်၊ တကယ်တော့ အန်တီ အယူအဆ လည်း မမှားပါဘူး"

"မေမေ မမှားဘူးဆို မိုးစင် မှားတာလား"

"စင်လေးဘက်ကကြည့်ရင်လည်း စင်လေးမှန်ပါတယ်၊ ဒါပေမဲ့ အန်တီ ပြောသလိုပဲ စင်လေးက အန်တီရဲ့ တစ်ဦးတည်းသော သမီးလေ အန်တီ အခုလို အခြေအနေရောက်အောင် ကြိုးစားခဲ့တာ စင်လေးအ တွက်ပဲပေါ့၊ အောင်မြင်နေတဲ့ လုပ်ငန်းတွေကို စင်လေးကိုပဲ ဦးဆောင် သက်လွှဲစေချင်မှာပေါ့၊ ပြီးတော့ စင်လေးရဲ့ ဝါသနာလမ်းက အခက်အ ခဲတွေ အတားအဆီးတွေ အများကြီးနဲ့လေ"

မေမေ နှိုင်း ပြောသလိုပဲ ပြောခဲ့ ဝေဖန်ခဲ့ဖူးပါသည်။ ဒါပေမဲ့ အဲဒီလို ပြောရလောက်အောင်လည်း မေမေသည် အနုပညာလောက အကြောင်း စိတ်ဝင်စားသူမဟုတ်ပါ။

သူမ တစ်သက်မှာ မေမေ နှုတ်က သီချင်းညည်းသံတောင် မကြားဖူးခဲ့ပါ။ ဒါကြောင့်လည်း မိုးစင်ရဲ့ ဝါသနာကို ပြောတိုင်း မေမေသည် လှောင်ပြုံးနှင့်ပဲ ကြည့်နေတတ်ခဲ့သည်။

"နှိုင်း မိုးစင်လောက် မေမေ့အကြောင်းကို မသိပါဘူး။ မေမေမှာ



www.burmeseclassic.com

www.burmeseclassic.com



အနုပညာနဲ့ ပတ်သက်တဲ့ ခံစားမှုမရှိပါဘူး။ မေမေက မိုးစင်ဝါသနာကို အထင်မကြီးဘူး၊ မေမေသိတာက စီးပွားရေးပဲ၊ အနုပညာကို ဘာမှခံစားတတ်တာ မဟုတ်ပါဘူး''

နှိုင်း ဘာမှ မဆိုဘဲ ပင့်သက်ရှိုက်သည်။ မေမေကို နှိုင်း ရင်းရင်းနှီးနှီး ဆုံတွေ့ဖူးတာ မဟုတ်ပေမယ့်လည်း မိခင် တစ်ယောက်ဟူသော အမြင်နှင့် မြင်သိခံစား နေတာပဲထင်၏။

''လူမှန်ရင် အနုပညာကို မခံစားတတ်ဘူးရယ်လို့ မရှိပါဘူး စင်လေးရယ်''

''ဟုတ်တယ် အနုပညာကို မချစ်တတ်အောင် မုန်းတဲ့လူမရှိဘူး၊ မေမေကတော့ မုန်းကို မုန်းနေတာလို့ ထင်တယ်''

''ဟာကွာ စင်လေး ဒီလိုမပြောပါနဲ့ စင်လေးကကော စင်လေး အယူအဆတွေကို တသဲမတ်တည်း ဆုပ်ကိုင်နေတော့မှာလား''

''အဲဒါ မိုးစင် ရည်မှန်းချက်ပဲ နှိုင်း၊ အလုပ်လုပ်ရင်း မိုးစင် ကြိုးစားနေမှာပါ၊ အခွင့်အရေးပေးလာရင် ရှာဖွေတွေ့လာရင် ဒီအလုပ်ကထွက်ပြီး ကြိုးစားမှာပဲ ဖြစ်အောင်ကြိုးစားမှာပဲ''

''တော်တော် လောဘကြီးတာပဲ''

နှိုင်း ပြုံးစစနှင့် မိုးစင် နဖူးကို လက်ညှိုးလေးနှင့် ထောက်တို့ကာပြောသည်။ မိုးစင် ရင်ဘတ်ထဲက လေးပင်နေမှုတွေကို နှိုင်း ဖြေလျှော့ပေးတာ နားလည်သည်။

နှိုင်းက မိုးစင် ဝါသနာကို တတ်စွမ်းသမျှ ကူညီပေးမည်ဟု





အကြိမ်ကြိမ် ကတိပေးဖူးသည်။

ဒါပေမဲ့ မေမေ့အမြင်မှာ ယောက်ျားတစ်ယောက် အကူအညီကြောင့် မိုးစင် ဝါသနာဖြစ်ခဲ့တာလို့ မမြင်မခံနိုင်ပါ။

ဒါလောဘလား။ မာနလား နှိုင်း ထင်ချင်သလို ထင်စေတော့။

''စင်လေး အဘိုးကြီးကို ကိုယ်လာလော့လာကြည့်မယ်နော်''

''ဘာ စင်လေး အဘိုးကြီးလဲ''

''မဟုတ်ပါဘူး စင်လေး ရုံးကိုလာလည်ချင်တယ်လို့ ပြောတာ''

''ညှော်သည့်ကို အလုပ်ချိန်မှာ လက်ခံပြောလို့ မရဘူးတဲ့ရှင်''

''ဟာကွာ စည်းကမ်းက ကြီးလိုက်တာ''

''စောစောကတော့ စည်းကမ်းကြီးတာ ကောင်းတယ်ဆို''

''အင်းလေ ဘာပဲဖြစ်ဖြစ် စင်လေးရဲ့ အလုပ်ရုံးခန်းကိုတော့ ကိုယ်သိထားမှ ဖြစ်မှာပေါ့''

''ဘာလဲ လိုက်ချောင်းမလို့ မဟုတ်လား''

နှိုင်းရဲ့ သဝန်တိုမှုကို မိုးစင် နားလည်ပြီးသား ဖြစ်သည်။ နှုတ်ကဘယ်လိုပဲ ပြောပြော နှိုင်းသည် ခွင့်လွှတ်နားလည်တတ်ပြီး ချစ်သူရဲ့ သိက္ခာတရားကို ယုံကြည်သူ၊ ကိုယ်တိုင်လည်း သိက္ခာတရားကို တန်ဖိုးထားသူ တစ်ယောက်လေ။

မိုးစင် နှလုံးသားမှာလည်း နှိုင်းဝီရသည် မြတ်နိုးရသော ချစ်သူပဲ။ ဒါဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ဟု ယုံကြည်ဆဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မိုးစင်စင်တဲ့ . . . ။ သူ့ ရုံးခန်းထဲကို ဒီကောင်မလေး ဝင်လာကတည်းက ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားခဲ့သည်။

ဒေါ်မျိုးသီရိ ကိုယ်တိုင်ဖုန်းဆက်ပြီး သူ့ကုမ္ပဏီမှာ ခန့်အပ်ပေးဖို့ ပြောလာသော ကောင်မလေး။ မျက်နှာလေးက နုညက်ဖြူစင်ကာ ချောမော လှပပါသည်။

ကြည်လင်သော မျက်ဝန်းလေးတွေထဲမှာ စိုးရိမ်ရိပ်လေးတွေ ထင်ဟပ်နေတာ။ သူမရဲ့ အလုပ်ရှင်ရှေ့မှာ ရင်ဆိုင်နေတာကြောင့်ပဲ ထင်သည်။ ဒါပေမဲ့ ထိုမျက်ဝန်းတွေထဲမှာပဲ သူ နားလည်နေသော ရဲရင့်ရိပ်တွေလည်း ထင်ရှားစွာ ရှိနေခဲ့သည်။

မိုးစင်စင် ဆိုသော မိန်းကလေး၏ အရည်အချင်းတွေကတော့ သူ လိုချင်သော အချက်တွေနှင့် ပြည့်စုံပါသည်။





ပြီးတော့ ဘာကြောင့်မှန်း မသိပါဘဲ ထိုကောင်မလေးကို သူ ရင်းနှီးကျွမ်းဝင်သလို ခံစားရမိ၏။ ဒါကလည်း သူ့ နှလုံးသားထဲမှာ တည်ရှိနေခဲ့သော 'မုသား'ကြောင့် ဖြစ်မည်ထင်၏။

အချိန်ကာလတွင် ဘယ်လောက်ပဲ ကြာပါစေ 'မုသား'သည် သူ့နှလုံးသားတွင် ခိုင်မြဲစွာရှိနေဆဲ။ မမေ့နိုင်ဘဲ သူ့အိပ်မက်တွေကို ပိုင်စိုးထားဆဲရှိ၏။

မိုးစင်စင်ကို အလုပ်ခန့်ပြီး သူမ ရုံးခန်းထဲက နှုတ်ဆက်ထွက်သွားချိန်မှာ သူ မင်သက်မောဟိုက်စွာ ကျန်ခဲ့သည်။

သူ့အာရုံထဲမှာ မုသားရဲ့ပုံရိပ်တွေ မုသားနှင့် ပတ်သက်သော အကြောင်းတွေက မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလို အရိပ်ထင်လာ၏။

မဖြစ်နိုင်ဘူးဆိုတာ သိပေမယ့် မိုးစင်စင်ရဲ့ မှတ်တမ်းဖိုင်တွေကို သူ ပြန်ကြည့်မိခဲ့သေးသည်။

မိုးစင်စင်ရဲ့ ဖခင်အမည်က ဦးဇော်နောင်၊ မိခင်က ဒေါ်မာနဖြူ တဲ့။ လုပ်ငန်းနဲ့ မသက်ဆိုင်သော ကိုယ်ရေးကိုယ်တာတွေကိုတောင် သူ သိချင်စိတ်ပြင်းပြစွာနှင့် စပ်စုကြည့်မိသည်အထိ ဖောက်ပြန်သွားခဲ့၏။

မိုးစင်စင် ဖခင်က သူမလေးကို မမွေးခင်ကတည်းက ဆုံးပါးသွားသည်တဲ့။ သူမ မိခင်က စင်ကာပူမှာတဲ့။

သားအမိ နှစ်ယောက်တည်းရှိသော ဘဝမှာ မိုးစင်စင်နှင့် သူမ မိခင်က 'တကွဲတပြား ဖြစ်နေသည်လား။ သူ သိချင်ပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



မိုးစင်စင်က ပြောချင်ပုံမရတာကြောင့် ဆက်မမေးဖြစ်ခဲ့ပါ။

သူမ စတင်အလုပ်ဝင်သည့်ရက်မှာပဲ သူမရဲ့ အရည်အချင်းကို သူတွေ့ခဲ့ရပါသည်။

ထိုထက်ပိုမိုကာ မိုးစင်စင် ဆိုသော ကလေးမလေးကို သူ့စိတ်က ရင်းနှီးသွားခဲ့ရသည်က သူမ ပြုံးလိုက်လျှင် ပေါ်လာတတ်သော ပါးချိုင့်လေးတွေကြောင်းပဲ ဖြစ်သည်။

မုသားရဲ့ ချစ်စဖွယ် မျက်နှာလေးမှာလည်း ဒီလိုပါးချိုင့်လေးတွေ အထင်အရှား ပါသည်ပဲ။

ကံကြမ္မာက တိုက်ဆိုင်လွန်းစွာ မုသားနှင့်တူသော မိုးစင်စင်ကို သူ့ဆီပို့ပေးခဲ့လိုက်တာလား။ နှစ်ပေါင်း နှစ်ဆယ်ကျော်မျှထိတိုင်အောင် မမေ့နိုင်သော သူ့စိတ်ကို ထပ်ပြီး ခံစားရအောင် လုပ်တာကတော့ မဟုတ်နိုင်။

သူ့ရုံးခန်းထဲမှာ မိုးစင်စင်ကိုမြင်တိုင်း မုသားကို သတိရစိတ်က ပိုမိုလာတာတော့ သေချာပါသည်။

တကယ်ဆိုလျှင်တော့ သူ့ရင်ဘတ်ထဲက မုသားနှင့် မိုးစင်စင်သည် ဘာမှ မသက်ဆိုင်တာတော့ သေချာလှပါသည်။

သူ မြတ်နိုးနှစ်သက်စွာ 'သား' ဟုခေါ်သော မုသားသည် လောကကြီးထဲက ထွက်ခွာသွားခဲ့တာ နှစ်ပေါင်း နှစ်ဆယ့်လေးနှစ်တိုင်ခဲ့ပြီ။ ပြီးတော့ သနားစရာကောင်းသော မုသားသည် သူမဘဝမှာ ဖြစ်ချင်သော အရာတွေ ဘာတစ်ခုမှ ပိုင်ဆိုင်ခွင့် မရသွားခဲ့ပါ။





ဒါတွေကို ပြန်တွေးတိုင်း သူ နာကျင်ခံစားရသည်။

မုသားလိုပဲ ချောမောသော ကောင်မလေး တိုက်ဆိုင်စွာ ချစ်စဖွယ်ပါးချိုင့်လေးတွေ ပါလာသော မိုးစင်စင်။

ထိုကောင်မလေး၏ ဘဝကိုလည်း သူ စိတ်ဝင်စားမိသည်။ မိခင်ရှိပါလျက် အတူမနေတာ ဘာကြောင့်လဲ။ သူမ မိခင် ဒေါ်မာနဖြူ ဆိုတာ ဘယ်လိုလူစားမျိုးလဲ။

နောက်အိမ်ထောင်တွေပြုကာ သမီးကို ဥပေက္ခာထားသူလား။ ဒါဆိုလျှင်တော့ မိုးစင်စင်လေးဘဝက သနားစရာကောင်းပါသည်။

သူတွေးသလိုသာ မှန်ကန်သည်ဆိုလျှင်တော့ မိုးစင်စင် ဘဝလေးက မုသားဘဝလေးလိုပဲ တူညီလွန်းသည်။

သား ရယ် ကိုယ့်ရင်ထဲမှာ မင်းဘယ်တော့မှ မသေဆုံးသေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မိုးစင် မင်း ထမင်းချိုင့်ပါတယ်နော်"

ထမင်းစားချိန်ရောက်တော့ ဦးမိုးသောက်ကြွယ် မိုးစင်ကို လှမ်းမေးတာမို့ ခေါင်းလေးညိတ်ပြရင်း

"ဟုတ် ပါ ပါတယ် ဦး"

"အိုခေ ဒါဆို သွားစားတော့လေ"

ပြောပြီး ဦးမိုးသောက်ကြွယ် ရုံးခန်းထဲက အရင်ထွက်သွားသည်။ ဒီကိုရောက်စက ဦးမိုးသောက်ကြွယ် အကြောင်းတွေက မိုးစင်အတွက် စိတ်ဝင်စားစရာ ဖြစ်နေခဲ့ပါသည်။

ထမင်းစားချိန်မှာ ဦးမိုးသောက်ကြွယ် ဘယ်မှာသွားစားသည် မသိပါ။ ဆိုင်မှာ စားတာပဲလားမသိ။ မိုးစင် အလုပ်ဝင်တာပဲ နှစ်လပြည့်တော့မည်။ ဦးမိုးသောက်ကြွယ်ဆီကို သူ့အိမ်က ဖုန်းလာတာမျိုး မကြားရ





ဦးမိုးသောက်ကြွယ်သည် မိဘဆွေမျိုး မရှိသူလား။ အခုချိန်ထိ မိုးစင် ဘာမှမသိပါ။

စပ်စပ်စုစု လုပ်ကြည့်ရအောင်လည်း ရုံးမှာ မိန်းမသားဆို၍ မိုးစင်တစ်ယောက်ပဲ ရှိတာဖြစ်သည်။ ရုံးက ယောကျ်ားလေးတွေကလည်း ဦးမိုးသောက်ကြွယ် အကြောင်းဘာမှ မဝေဖန်ကြ မစပ်စုကြ။

ဝန်ထမ်းအားလုံးက ဦးကိုချစ်ကြောက် ရိုသေကြတာတော့ မိုးစင် မြင်တွေ့နေရ၏။

မိုးစင်လည်း ဦး ကိုရိုသေလေးစားပါသည်။ အလုပ်အပေါ်မှ ဇွဲရှိသော စည်းကမ်းကြီးသော၊ တည်ကြည်သော ဦး သည် မိုးစင် အပေါ်မှာလည်း နွေးထွေးခင်မင်ပုံရှိသည်။–

ထမင်းချိုင့်ပါသလား။ ရုံးသွားရုံပြန် အဆင်ပြေရဲ့လား စသည်ဖြင့်တော့ မေးတတ်သည်။ ဒါပေမဲ့

ကျန်သော ကိုယ်ရေးကိုယ်တာ အကြောင်းများကိုတော့ ဦး သည် မမေးတတ်ပါ။

အတွေးစတွေဖြတ်ကာ ပါလာသော ထမင်းချိုင့်လေးယူကာ ဝန်ထမ်းတွေ ထမင်းစားခန်းလေးဆီသွားဖို့ သူမအတွက်မှာပင်။

"မိုးစင်"

အခန်းဝမှာ ဦးနှင့် ရင်ဆိုင်တိုး၏။ ဘာမှာစရာရှိလို့ ပြန်လှည့်လာသည် မသိပါ။

"ရှင် ဦး ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ညနေပိုင်းမှာ မင်း စက်ရုံလိုက်ရဖို့ ရှိတယ်"

မိုးစင် အံ့ဩသွားမိပါသည်။ ဦးရဲ့ စက်ရုံကို မိုးစင် တစ်ခါမှ မလိုက်ဖူးပါ။ စက်ရုံလုပ်ငန်းတွေက မိုးစင်နှင့်ဘာမှ မသက်ဆိုင်တာမို့ ဖြစ်သည်။ အခုတော့ ဦး ဆိုလာတာကို အံ့ဩကာခေါင်းညိတ်မိ၏။

"ဟုတ်ကဲ့ ဦး"

"ထမင်းစားပြီးရင် ဦးမြင့်ဝေဆီကို ဆက်သွယ်လိုက်"

"ဟုတ်ကဲ့ ဦး"

"အိုခေ သွားစားတော့ မိုးစင်"

ပြောပြီးသည်နှင့် ဦး ခြေလှမ်းကျဲကြီးတွေနှင့် ပြန်ထွက်သွားပါတော့သည်။ ရုပ်အဝါဖျော့ဖျော့ လက်တိုနှင့် ချောကလက်ရောင် စတိုင်ပန်(န်)ကို သေသပ်စွာ ဝတ်ဆင်ထားသောဦးသည် သန့်ပြန့်ခန့်ညားနေသည်။

အသက်အရွယ်နှင့် မလိုက်အောင် နုပျိုလွန်းသော ဦးမိုးသောက်ကြယ်သည် အိမ်ထောင်ရေးကို ဘာကြောင့် စိတ်မဝင်စားကာလဲ မသိ။

တကယ်ဆို ဦး ရုပ်သွင်နှင့် အခြေအနေက နှစ်သက်ရာ မိန်းကလေးကို ရွေးချယ်နိုင်သည်။

"နင်တော့ ရာထူးတိုးပြီး မိုးစင်"

ထမင်းချိုင့်ဆွဲကာ ထွက်လာသော ကုန်လှောင်ဌာနက ဝန်ထမ်း ဦးမြတ်ဆွေ စကားကြောင့် မိုးစင် လှည့်ကြည့်မိသည်။ စောစောက ဦးမိုးသောက်ကြယ် ပြောသွားသောစကားကြောင့်ဟု မိုးစင် သဘောပေါက်



ပေါက်သည်။

"ဘာဖြစ်လို့လဲ ဦးမြတ်ဆွေ"

"ဆရာက မင်းကို စက်ရုံလိုက်ရမယ်တဲ့လေ၊ ကုန်ချောနဲ့ ကုန်ကြမ်းအဝင်အထွက် စာရင်းတွေကို ကိုက်မကိုက် မင်း စစ်ရမယ်၊ ပြီးရင် အရောင်းဌာနက စာရင်းတွေပါ ပါချင်ပါလိမ့်မယ်၊ ဒါ ဆရာက မင်းကို ယုံကြည်လို့ ခိုင်းတဲ့သဘောပဲ၊ သူ့ရဲ့လက်ထောက် ခန့်လိုက်တဲ့သဘောပဲ"

"မဖြစ်နိုင်တာ ဦးရဲ့ လက်ထောက်က ကိုဗလ ရှိတာပဲ"

"ကိုဗလမှာက သူ့တာဝန်နဲ့ သူရှိတယ်၊ လတ်တလော လူစားမရှိသေးလို့ တာဝန်ယူခိုင်းထားတာ"

ဦးမြတ်ဆွေနှင့်အတူ ထမင်းစားခန်းထဲ ရောက်သည်အထိ စကားမပြတ်နိုင်ပါ။ ဦးမြတ်ဆွေက ထမင်းစားနေသော ဝန်ထမ်းတွေ သိအောင် ထိုသတင်းကို ပြန်ပြောပြနေသည်။

မိုးစင်ကတော့ ဦးရဲ့ သဘောကျမှုကြောင့် ရာထူးတိုးတာထက် မိုးစင်စင် အတွက် အားလပ်ရက်မရှိအောင် အလုပ်တွေပိုမှာ စိုးရိမ်နေမိသည်။

မေမေ့ရဲ့ ရေထွက်ပစ္စည်း ကုမ္ပဏီမှာ တုန်းကလည်း ဒီလိုပဲ စာရင်းဇယားတွေနှင့် လုံးထွေးရင်း မိုးစင် ဝါသနာကို မကြိုးစားနိုင်ခဲ့။ အချိန်မပေးနိုင်ခဲ့ပါ။

အခုတော့ ဦးမိုးသောက်ကြယ် ဆီမှာလည်း ဒီလိုပဲအချိန်တွေ နစ်မွန်းကုန်ဆုံးသွားမှာ ကြောက်သည်။ ရာထူးတိုးကာ ငွေကြေး ပိုမို

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပြည့်စုံလာမှာ တစ်ခုနဲ့တော့ မိုးစင် သွားချင်တဲ့လမ်းကို ဥပေက္ခာ မပြုလိုက်ချင်ပါ။

"ဆရာကတော့ မိုးစင်စင်ကို တော်တော် စိတ်တိုင်းကျပုံရတယ်"

"ဟုတ်တယ် ဆရာ့မှာ တကယ်လိုအပ်နေတာ အတွင်းရေးမှူး တစ်ယောက်ပဲ မိုးစင်နဲ့ တော်တော် အဆင်ပြေမှာပါ"

"အင်း အခုခေတ်ကတည်းက စက္ကူထရီ အတွင်းရေးမှူး ဆိုတာ မိန်းကလေးမှလေ စတိုင်လ်ဖြစ်နေတာကိုး ဒါကြောင့် သော့စ်က မိုးစင်စင်ကို ရွေးလိုက်တာ ထင်တယ်"

အားလုံးက ယောကျ်ားလေးတွေ ဆိုပေမယ့်လည်း မိုးစင်နဲ့လည်း ရင်းနှီးနေပြီမို့ ပွင့်လင်းစွာပဲ ဝေဖန်နေကြသည်။

"ဆရာက ဒါမျိုး မရှိဘူး လှမိုး"

"သိပါတယ် ဦးဇော်ရာ၊ ကျွန်တော်က နောက်တာပါ"

"ဆရာကို ဒါမျိုး မနောက်သင့်ဘူး။ ဆရာက အလုပ်မှာ ယောကျ်ား မိန်းမ မခွဲခြားဘူး တာဝန်ကျေတယ်၊ စည်းကမ်းရှိတယ် ဆိုတာကိုပဲ လိုချင်တဲ့သူကွာ"

မန်နေဂျာ ဦးဇော်ဝင်း စကားကို အားလုံးခေါင်းညိတ် ထောက်ခံကြပါသည်။ အပျော်သဘော နောက်ပြောင်လိုက်မိသော လှမိုး ကိုယ်တိုင်ကလည်း မိုးစင်ကို တောင်းပန်သည်။

"မမိုးစင် စိတ်မဆိုးနဲ့နော် ကျွန်တော်က ဆရာကို နောက်တာပါ။ ဆရာ့သိက္ခာကို အကြွင်းမဲ့ယုံပါ"





"ရတယ် ကိုလှမိုး မိုးစင် နားလည်ပါတယ်၊ ဦးကိုလည်း မိုးစင် လေးစားယုံကြည်ပြီးသားပါ"

"ဘာပဲဖြစ်ဖြစ် မမိုးစင်စင် အတွက် ဒီကဝန်ထမ်းတွေ အားလုံးက ဝမ်းသာနေတာအမှန်ပဲ မမိုးစင့် အရည်အချင်းရှိလို့ အချိန်တိုလေးနဲ့ ဆရာက ယုံကြည်ရာထူးတိုးပေးလိုက်တာပဲ၊ တကယ်ဆို အရင်က မမိုးစင် နေရာမှာ အလုပ်ဝင်နေတဲ့ ယွန်းယွန်းဝေလည်း တော်ပါတယ်"

"စပ်စုတယ် မထင်ပါနဲ့နော် ဟို သူကဘာလို့ အလုပ်က အထုတ်ခံလိုက်ရတာလဲဟင်"

အခွင့်သင့်တုန်း မိုးစင် မသိသေးသော ကိစ္စကို မေးကြည့်တော့ မန်နေဂျာ ဦးမြတ်ဆွေက ပွင့်လင်းစွာပဲ ဖြေသည်။

"အဓိက အချက်က သူစည်းကမ်းမလိုက်နာလို့ပဲ"

"ဒါကြောင့် ဦးက သဘောမကျတာပေါ့နော်"

"ဟုတ်တယ် သူက အလုပ်မှာတော့ ကျွမ်းကျင်မှုရှိပါတယ်၊ ဒီတော့ ပညာမာနလည်း ရှိတယ်၊ အလုပ်နဲ့ပတ်သက်ပြီး သူ့ကို လက်မလွှတ်နိုင်ဘူးလို့ ယုံပြီး ဆရာ့ခေါ်သတိပေးရင်တောင် ဂရုမစိုက်သလို သုပ်တတ်တယ်ဆိုတာက ယွန်းယွန်းဝေက လှတော့ ကောင်လေးတွေ ခကြာခဏ ဝင်ထွက်တတ်တယ်၊ အလုပ်ချိန်မှာ အောက်ဆင်းပြီး မကြာခဏ ညှော်ခံရတယ်၊ ဒါကို ဆရာသိသွားတော့ လုံးဝ လက်မခံဘဲ ဖြုတ်ပစ်လိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့ စည်းကမ်းကြီးမှုကို မိုးစင် နားလည်လက်ခံနိုင်ပါသည်။ ငြိမ်သက်နေသော ကိုဗလက ဝင်ပြောသည်။

"ဆရာက အမေရိကားမှာ အကြာကြီးနေလာတော့ ဟိုက ကုမ္ပဏီတွေရဲ့ လုပ်ငန်းစည်းကမ်းပိုင်းအတိုင်း လုပ်နေတာလို့ တချို့က ထင်ကြတယ်၊ ဒါပေမဲ့ ဆရာအောင်မြင်နေတာ ဒီစည်းကမ်းကြောင့်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး"

အမေရိကားမှာ အကြာကြီးနေလာပြီးမှ မြန်မာပြည်မှာ ကုမ္ပဏီ လာဖွင့်သော ဦးမိုးသောက်ကြယ်ကိုတော့ မိုးစင် စိတ်ဝင်စား ချီးကျူးမိပါသည်။

စီးပွားရေးကို မေမေလိုပဲ ကြိုးစားသော ဦးမိုးသောက်ကြယ်သည် မေမေလိုတော့ တယူသန် အနုပညာစိတ်ရှိမည် မထင်ပါ။

သူ့လုပ်ငန်းမှာ စိတ်တိုင်းကျအောင် လုပ်ဆောင်နိုင်သော မိုးစင်ရဲ့ ဝါသနာကိုသိလျှင် ဦးမိုးသောက်ကြယ် အံ့ဩသွားမည်လား မသိပါ။

■ ■ ■

## အခန်း (၆)

နောက်တော့ မိုးစင် အပေါ်မှာ ဦးရဲ့ အားကိုးယုံကြည်မှုတွေက ပိုရှိလာခဲ့ပါသည်။

ကုမ္ပဏီရုံးခန်းမှာ ဦးစေခိုင်းသော လုပ်ငန်းတွေသာမက နှစ်ပတ်တစ်ခါလောက် အလှကုန်ပစ္စည်း စက်ရုံသွားတိုင်းလည်း မိုးစင် အနားကလိုက်ရသည်။

အရောင်းဆိုင်တွေကို ဦး ကိုယ်တိုင်ဆင်းကာ စာရင်းစစ်တော့လည်း မိုးစင်ပါရသည်ပဲ ဖြစ်သည်။ ဦးမိုးသောက်ကြယ်၏ လုပ်ငန်းကိစ္စဟူသမျှ ပါဝင်ရင်း မိုးစင်သိခဲ့ရသည်က ဦး၏ ကြယ်ဝချမ်းသာမှုတွေပဲဖြစ်သည်။

အလှကုန်ပစ္စည်း လုပ်ငန်းအပြင်၊ အရောင်းဆိုင်များနှင့် အခြားသော စီးပွားရေးကုမ္ပဏီ ရှယ်ယာများလည်း ဦး ပိုင်ဆိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကားမှ ရေမွှေးထုတ်လုပ်ရေး ကုမ္ပဏီကြီးနှင့် ရှယ်ယာတူ ရေမွှေးစက်ရုံကြီး မြန်မာပြည်မှာ ထူထောင်ဦးမည်တဲ့။

ရုံးချုပ်မှာ ဝန်ထမ်းအင်အား နည်းနည်းသာရှိစဉ်က ဦးရဲ့ လုပ်ငန်းကို ဒီလောက်ကြီးမားမည်ဟု မထင်ခဲ့မိပါ။

ဦးရဲ့ များပြားလှသော အလုပ်တွေအတွက် ဦးက မိုးစင်ကိုပဲ အားကိုးဖေခိုင်းတတ်သည်။ ထိုအခါတွေမှာ အားနာရိပ်စွန်းသော စကားတွေကို ဦးနှုတ်က ကြားရတတ်သေး၏။

"အေးကွာ တကယ်တော့ မင်းလုပ်ရမယ့် အလုပ်မဟုတ်ပါဘူး ဒါပေမဲ့ ဦးမှာလည်း စိတ်တိုင်းကျရမယ့်သူ ရှာမရသေးလို့"

ဒီလို အားတုံ့အားနာ စကားတွေကို ဦးနှုတ်ကကြားရတိုင်း ဦးမျက်နှာကိုကြည့်ကာ မိုးစင် သနားကရုဏာ သက်မိသည်။

"ကိစ္စမရှိပါဘူး ဦး ကျွန်မကို အားမနာပါနဲ့၊ ကျွန်မအလုပ် မရွေးပါဘူး၊ ဦးအတွက် အဆင်ပြေတယ်ဆိုရင် ကျွန်မ ဝမ်းသာပါတယ်"

"အင်း ကျေးဇူးတင်ပါတယ် မိုးစင် ဪ ဒီမှာ သမီးအတွက် ဦး ဖုန်းတစ်လုံးပေးထားမယ်၊ လုပ်ငန်းကိစ္စအတွက် အရေးပေါ် ဆက်သွယ်စရာရှိရင် ဆက်သွယ်လို့ရအောင်"

ဦး စီမံပေးသောဖုန်းကို လှမ်းယူရင်း မိုးစင် စိတ်ထဲမှာ နှိုင်းကို ပြေးမြင်မိသည်၊ မေမေအိမ်က ဆင်းလာတော့ နှိုင်းကလည်း ဖုန်းတစ်လုံး မိုးစင်ကို ပေးဖူးသည်။

ဒါပေမဲ့ မိုးစင် လက်မခံခဲ့ပါ။ ချစ်သူပေးသောပစ္စည်းကိုငြင်း



တာကြောင့် နှိုင်း အလိုမကျ ဖြစ်သွားသေးသည်။ မိုးစင်ကတော့ ချစ်သူ အပေါ်မှာလည်း မာနထားခဲ့၏။

"မကြာခဏ လူချင်းဆုံတွေ့နေတာပဲ နှိုင်းရယ်၊ ဖုန်းမလိုပါဘူး ပြီးတော့ နှိုင်းမှာက အလုပ်တွေနဲ့ ရှုပ်ထွေးနေတာ မိုးစင်ကြောင့် အာရုံ မများပါနဲ့"

မိုးစင် စိတ်ကိုသိနေသော နှိုင်း ဖွတ်မမေးတော့ပါ။ အခုအလုပ် က ဦးပေးသောဖုန်းကို လက်ခံလိုက်တာ သိလျှင်တော့ ဝန်တိုစွာ ပြောဦးမှာ သေချာ၏။

"မိုးစင်"

"ဪ ဦး"

အတွေးတွေက ဦး ခေါ်သံကြားမှ အသိဝင်လာ၏။ ဦး ကမ်းပေးနေသော ဖုန်းလေးကိုလည်း အားတုံ့အားနာနှင့်ပဲ လှမ်းယူလိုက်ရပါသည်။

"ခဏလေး ဒီညနေ ရုံးဆင်းရင် မင်း ဦးကို မိနစ်နှစ်ဆယ် နာရီဝက်လောက် အချိန်ပေးနိုင်မလား"

"ရပါတယ်ဦး ဘာခိုင်းချင်လို့လဲ ပြောပါ"

"ခိုင်းစရာ ဆိုတာထက် အခုရုံးလုပ်ငန်းကိစ္စ မဟုတ်ပါဘူး တခြားဆွေးနွေးစရာ ကိစ္စလေးရှိလို့"

"ဟုတ်ကဲ့ ရပါတယ် ဦး"

"အိုကေ ညနေရုံးဆင်းရင် ဦးတို့ ကော်ဖီဆိုင်တစ်ဆိုင်ဆိုင်မှာ ဆုံကြတာပေါ့"

www.burmeseclassic.com

မိုးစင် နည်းနည်းတော့ အံ့ဩမိသည်။ ဦးမိုးသောက်ကြယ် ဒီလို မိုးစင်ကို သီးသန့် ခေါ်တွေ့တာမျိုး မရှိခဲ့ဖူးပါ။

လုပ်ငန်းကိစ္စနှင့် စက်ရုံတွေ အရောင်းဆိုင်တွေခေါ်လို့ ထမင်းစားချိန်ရောက်လျှင်တောင် ဆိုင်ကိုခေါ်ပြီး မကျွေးမွေးတတ်ပါ။ တစ်ယောက်ယောက်ကို သွားဝယ်ခိုင်းကာ စက်ရုံမှာ၊ ဆိုင်ခန်းမှာပဲ ပြင်ဆင်ကျွေးတတ်တာ ဖြစ်သည်။

အခုတော့ သီးသန့်ဆုံချင်သည်ဆိုတာ ဆန်းနေသည်။ ပြီးတော့ အလုပ်ချိန်မဟုတ်သော သီးသန့်အချိန်မှာ ဖြစ်နေ၏။

ထိုညနေက ရုံးဆင်းတော့ ဦးရဲ့ကားနှင့်ပဲ မိုးစင်လိုက်ခဲ့ရသည်။ အအေးခန်း စားသောက်ဆိုင်လေး ရောက်ခဲ့သည်အထိ ဦး ဘာမှမပြောပါ။

"မိုးစင် ဘာစားမလဲ"

"ရတယ် ဦး ဘာမှမစားတော့ပါဘူး အဆောင်ရောက်မှပဲ စားတော့မယ်"

"မဟုတ်တာ မင်းကို ညနေစာ ကျွေးချင်လို့ ဒီဆိုင်လေးကို ဦးခေါ်လာတာ"

မိုးစင်ဘာမှ မပြောနိုင်ခင် ဦးက မီနူးစာအုပ်လေး လှမ်းယူကာ ဟင်းလျာတွေ စိတ်တိုင်းကျ မှာနေသည်။ မိုးစင်ကို ညနေစာ ကျွေးမွေးချင်လို့ ဦး ခေါ်လာတာတဲ့လား။

မှာကြားပြီးတော့ ဦး အကြည့်တွေက မိုးစင်ဆီ ရောက်လာခဲ့ကာ





"မိုးစင်ကို ဦး မေးစရာလေးရှိတယ်"

"ဟုတ်ကဲ့"

"မိုးခင်က အနုပညာကို ဝါသနာပါတယ် ထင်တယ်"

"ရှင်"

"သြော် ဟိုတစ်ရက်က ဦးနဲ့မင်း အရောင်းဆိုင်ကို သွားတော့ ဆိုင်တာဝန်ခံ ဒေါ်နှင်းမြတ်က ပြောလို့ပါ၊ မင်းကို သူသိတယ်တဲ့ မဂ္ဂဇင်း မျက်နှာဖုံးရှင်အဖြစ် ပါဖူးတယ်တဲ့၊ ပြီးတော့ မင်းနဲ့တွေ့ဆုံခန်း အမေးအဖြေတွေ သူဖတ်ကြည့်တယ်တဲ့ မင်းက အောင်မြင်တဲ့ အနုပညာရှင် တစ်ဦးဖြစ်ချင်တယ်လို့ ဖြေထားတယ်တဲ့"

မိုးစင် ခေါင်းညိတ်ဝန်ခံမိသည်။ လွန်ခဲ့သော ဆယ်လခန့်က မဂ္ဂဇင်းတစ်ခုမှာ မျက်နှာဖုံးရှင်အဖြစ် ပါဝင်ဖူးသည်။ မဂ္ဂဇင်းက သတင်းသမား အမေးမှာလည်း ဖြေခဲ့ဖူးသည်။

ဒါကိုဖတ်ဖူးသည့် သူက ဦးကို ပြန်ပြောပြခြင်း ထင်၏။

"သူက မင်း ဦးရဲ့အလုပ်မှာ ဝန်ထမ်းအဖြစ်တွေ့လိုက်တော့ အံ့ဩသွားတယ်လေ"

အနုပညာ ဝါသနာပါသည်ဆိုသော မိုးစင် ကုမ္ပဏီဝန်ထမ်း ဖြစ်နေတာကို ဦး မေးနေခြင်းဟု မိုးစင် သိလိုက်၏။

"ဟုတ်တယ် ဦး မိုးစင် ရည်မှန်းချက်က အဲဒါပါပဲ၊ ဒါပေမဲ့ အမေက လုံးဝသဘောမတူဘူး၊ ဒါကြောင့် မိုးစင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ဝါသနာကို ကြိုးစားဖို့ ထွက်ခဲ့တာပါ ဦး"

www.burmeseclassic.com



မိုးစင် စကားတွေကို တည်ငြိမ်သော မျက်ဝန်းတွေနှင့် ငေးစိုက်ကြည့်နေရင်း ဦး နားထောင်ပေးနေသည်။

ဦး မျက်ဝန်းတွေထဲမှာ မိုးစင် စကားတွေကို လှောင်ပြောင်ရိပ် အထင်သေးရိပ်တို့ ကင်းစင်နေတာမို့ မိုးစင် ခံစားချက်တွေကို ရင်ဖွင့်ပြောပြမိသည်။

"မိုးစင်ရဲ့ ဝါသနာအတိုင်းဖြစ်အောင် ကြိုးစားမှာပါ။ အခြေအနေတစ်ခုပေးလာရင် မိုးစင် ဦးအလုပ်က ထွက်မှာကိုလည်း ကြိုတင်ပြောထားချင်တယ်"

မိုးစင် စကားကြောင့် ဦးမိုးသောက်ကြယ် မျက်နှာမှာ ဘာပြောင်းလဲမှုမှ မတွေ့ပါ။ မိုးစင် အတွက် အဆင်ပြေလွန်းနေသော အလုပ်ကို စွန့်လွှတ်မည်ဆိုခြင်းအတွက် မိုက်မဲလိုက်တဲ့ ကောင်မလေးဟု စိတ်ကသတ်မှတ်နေမည်လားတော့ မသိပါ။

ဒါပေမဲ့ ဦး ဘာမှ မဆိုဘဲ တည်ငြိမ်စွာ ရှိနေပုံက မေမေ မိုးစင်ကို တုံ့ပြန်ပုံနှင့် ကွာခြားလွန်းပါသည်။

ရင်ထဲက ခံစားချက်တွေ အားပါးတရ ပြောပြီးတော့ မိုးစင် အချိုရည်ဘူးက ပိုက်တံလေးကို ငုံသောက်နေသည်အထိ ဦး က စောင့်ကြည့်နေပြီးမှ

"မိုးစင် ဝါသနာကို ဦး နားလည်သွားပြီ၊ ဒါကြောင့် ဦးကလည်း မိုးစင်ကို အလုပ်တစ်ခု အပ်မလို့"

"ရှင် အလုပ်"





"ဟုတ်တယ် ဦးရဲ့ အလုပ်ကုန်ပစ္စည်း ကြော်ငြာအတွက် မိုးစင်ကို မော်ဒယ်ငှားမလို့"

"ရှင်"

မိုးစင် မယုံနိုင်သလို ရေရွတ်မိ၏။ ဦးက မိုးစင်ကိုပဲ ငေးမောစိုက်ကြည့်နေခဲ့ရင်း

"ဦးက မိုးစင်ရဲ့ အုပ်ထိန်းသူဆီကပါ ခွင့်ပြုချက် တောင်းချင်တာ"

"မေမေဆီက အဟင်း ဦးရယ် မေမေက အနုပညာကို ဘာမှ ဝါသနာမပါတာ၊ အထင်လည်းမကြီးဘူး၊ စိတ်လည်းမဝင်စားဘူး"

"အဲဒီလောက်တောင်ပဲလား"

"အဲဒီထက်တောင် ပိုတယ် ဦး၊ မေမေ အသွေးအသားထဲမှာ သူ့ရဲ့ စီးပွားရေးလုပ်ငန်းနဲ့ ငွေကြေးကိန်းဂဏန်းတွေပဲ ရှိတာ၊ အနုပညာကို ခံစားတတ်တဲ့ နှလုံးသား မေမေ့မှာ မရှိဘူး"

ဦး မျက်ဝန်းတွေက မိုးစင်ကိုပဲ ငေးစိုက်ကြည့်နေခဲ့ကာ အံ့ဩယုံနိုင်သလို မေးလာပြန်၏။

"ဒါဆို မိုးစင်ရဲ့ ဝါသနာက အဖေရဲ့ အမွေပေါ့"

"ဟင့်အင်း ဒါတော့ မိုးစင် မသိဘူး၊ မိုးစင် မေမေ့ ဝမ်းထဲမှာ ကတည်းက ဖေဖေဆုံးတာ"

"ဦးက မိုးစင်ရဲ့ သရုပ်ဆောင်မှုကိုတော့ မမြင်တွေ့ရသေးဘူး ဒါပေမဲ့ အဆင်ပြေမယ်လို့ ယုံကြည်နေတယ်၊ ဒါရိုက်တာလည်း မင်းကို



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေးမှာပဲလေ မင်းဆန္ဒကိုပဲ ဦးမေးရတော့မှာပေါ့''

''မိုးစင် ကြိုးစားကြည့်ချင်တယ်ဦး ဒီအခွင့်အရေးကို မိုးစင် ကြိုးစားခွင့် ရချင်တယ်''

ဟန်မဆောင်နိုင်လောက်အောင် မိုးစင် ခေါင်းညိတ်မိပြီးသား ဖြစ်သွားခဲ့၏။ ပြီးမှ ကိုယ့်ကိုကိုယ် ရှက်ရွံ့မိသေး၏။ ဒါကိုပဲ ဦးက နားလည်သလို ပြုံးသွားခဲ့ရင်း

''ဦးလည်း ဝမ်းသာပါတယ်၊ မင်းအောင်မြင်ပါစေလို့ ဆုတောင်းပါတယ်၊ တစ်ခုတော့ရှိတာပေါ့ကွာ ဦးအတွက် အားကိုးရတဲ့ သူတစ်ယောက်တော့ ဆုံးရှုံးသွားမှာပေါ့လေ''

မိုးစင် အားနာသွားမိသည်။ ဦး စိုးရိမ်သလို မိုးစင်လည်း ဦး အတွေးကို နားလည်ပါသည်။

''မိုးစင် ဦး အလုပ်က ချက်ချင်းကြီး မထွက်ပါဘူး၊ မိုးစင် အဆင်ပြေသလို ဦးအတွက်လည်း အားကိုးရသူ တစ်ယောက်ရမှ မိုးစင် ထွက်မှာပါ''

''အဟွန်း မိုးစင် စိတ်ဓာတ်လေးကို ဦးသဘောကျတယ်၊ ဦးက နောက်တာပါ၊ မိုးစင် အောင်မြင်သွားရင် ဦး အရမ်းဝမ်းသာသွားမှာပါ ဘာလို့လဲဆိုတော့ ဦး လုပ်ပေးခွင့်မရှိတဲ့သူအတွက် ဦး ဖြေသိမ့်လို့ ရ လို့ပဲ''

''ရှင်''

ဦး စကားတွေကို နားမလည်စွာ မိုးစင် မျက်ခုံးလုလုလေးတွေ





တွန့်ကွေးသွားတော့ ဦး မျက်ဝန်းအကြည့်တွေ ဆိုင်အပြင်ဘက်ကို ငေး မောသွားခဲ့သည်။

''ဦးက အနုပညာကို ခံစားတတ်တယ် မိုးစင် ပြီးတော့ ဦးဘဝမှာ အချစ်ရဆုံး ချစ်သူကလည်း အနုပညာကို ဝါသနာကြီးတယ်၊ အောင်မြင် တဲ့ မင်းသမီးတစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ သူ့ ရည်ရွယ်ချက်တွေ မပြည့်ဝခဲ့ရှာပါဘူး''

ဦးစကားတွေကို နားထောင်ရင်း မိုးစင် သဘောပေါက်သလို ဖြစ်လာသည်။ ဦးရဲ့ မျက်ဝန်းတွေထဲမှာ ကြေကွဲရိပ်တွေ အရိပ်ထင်လို့ နေသည်။

''သူ ဆုံးသွားခဲ့တာ နှစ်နှစ်ဆယ်ကျော် ကြာပြီပေါ့''

နှစ်နှစ်ဆယ်ကျော်ဆိုတော့ မိုးစင်ရဲ့ တစ်သက်လောက်ရှိပြီပေါ့။ ဒီလောက်ကြာတာတောင် ငယ်ချစ်ဦးကို မမေ့နိုင်သေးသော ဦးရဲ့ စွဲလန်း မှုက ကြီးမားလိုက်တာ။

''သူ့ရဲ့ ဝါသနာကို ဦး မပံ့ပိုးပေးနိုင်ခဲ့ဘူး၊ အဲဒီအတွက် ဦးအမြဲ တမ်း စိတ်မကောင်းဖြစ်ရတယ်''

ဦးရဲ့ချစ်သူက အနုပညာကို ဝါသနာကြီးမားလွန်းသည် ဆိုတော့ ဦး ကိုယ်တိုင်လည်း အနုပညာကို ချစ်သည့် စိတ်ရှိမှာ သေချာသည်။

မိုးစင်ရဲ့ မေမေမှာသာ ဒီလို ဝါသနာစိတ်လေးရှိလျှင် ဘယ် လောက်ကောင်းမည်လဲ။

''သြော် မိုးစင် အခု ကြော်ငြာကိစ္စကို မိုးစင် လက်ခံတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မိုးစင်အတွက် ဘာအခက်အခဲ ရှိသလဲ ဦးကိုပြောပါ''

ဦး ပြောမှ မိုးစင် စဉ်းစားမိသည်။ မိုးစင်အတွက် အခက်အခဲရှိနေတာအမှန်။

''ဟိုလေ မိုးစင်က အဆောင်မှာနေနေတာပါ ဦး၊ မိုးစင်ရဲ့ အဝတ်အစားတွေက အိမ်မှာ ကျန်ရစ်ခဲ့တာပါ''

ဦး မျက်ဝန်းတွေမှာ မိုးစင် အခက်အခဲကို စာနာ နားလည်သော အကြည့်တွေ အရိပ်ထင်လာကာ ခေါင်းလေးညိတ်၏။

''အဲဒါကြောင့် ဦးရဲ့ ကြော်ငြာအတွက် လိုအပ်တဲ့ အဝတ်အစားတွေ မိုးစင်ကို ကြိုပြောပြပေးပါ၊ မိုးစင်ရဲ့ သူငယ်ချင်းတွေဆီက ကြိုငှားထားသင့်ရင် ငှားချင်လို့ပါ''

''မလိုပါဘူး မိုးစင် လိုအပ်တဲ့ အဝတ်အစား အသုံးအဆောင်တွေကို ဦးဝယ်ပေးမှာပေါ့''

''ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ မိုးစင် အလကား မလိုချင်ဘူး''

''ဟုတ်ပါပြီ၊ ကိုယ်ကလည်း အလကား ပေးတာမဟုတ်ပါဘူး မင်းလခထဲက ဖြတ်မှာပေါ့၊ ပြီးတော့ ကြော်ငြာရိုက်ခ အနုပညာကြေးကိုလည်း ကိုယ်ကပေးမှာလေ''

မိုးစင် ဝမ်းသာသွားမိ၏။ မိုးစင် အခက်အခဲတွေကို ဖြေရှင်းပေးသော ဦးကိုတော့ ကျေးဇူးတင်မိသွားတာ အမှန်။

''ကျေးဇူးတင်ပါတယ် ဦး၊ မိုးစင် အကောင်းဆုံး ကြိုးစားမှာပါ''

ဗျူး•၈၁၆၆



''အိုကေ ဒါရိုက်တာနဲ့ ရက်ညှိပြီးရင် မိုးစင်ဆီ ဦး ဖုန်းဆက်မယ် ဟုတ်လား၊ ကဲ ဦးတို့ စားလိုက်ကြရအောင်''

ထိုညနေက ဦး ကျွေးမွေးသော ညနေစာကို စားရင်း မိုးစင် ရင်ထဲမှာ အပျော်လှိုင်းတွေ ဝေနေခဲ့တာတော့ အသေအချာပါပဲ။

မိုးစင် မျှော်လင့်ထားသော ဝါသနာအတွက် ကံကြမ္မာက အခွင့်အရေးထူးစ်ခုတော့ ပေးလာတာ ဝမ်းသာစရာပါပဲ။

ဒါ မိုးစင်ရဲ့ အောင်မြင်မှု ပထမ ခြေလှမ်းဖြစ်နိုင်သည် မဟုတ်လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"စင်လေး အဘိုးကြီးက ရိုးမှရိုးရဲ့လား"

"ဟာ နှိုင်း ဘယ်လိုပြောလိုက်တာလဲ"

ဒီကိစ္စကို အသိပေးလိုက်ကတည်းက နှိုင်း အံ့သြမျက်ဝန်းတွေနှင့် ကြည့်သည်။ ပြီးတော့ မယုံသင်္ကာမေးတာကြောင့် မိုးစင် မကျေမနပ် ပြန်မေးပစ်မိ၏။

"ဟုတ်တယ်လေ သူက မိုးစင်ကို ကြောင်ပြာမင်းသမီး တင်ရိုက်မယ့်ကိစ္စက အံ့သြစရာကြီးကိုး"

"ဘာမှ အံ့သြစရာ မလိုဘူး၊ ကံကြမ္မာက ပေးလာတဲ့ အခွင့်အရေးပဲ၊ ပြီးတော့ နှိုင်း မသိသေးတာတွေ ရှိတယ်"

မိုးစင် စိတ်လေးတိုကာ အားလုံး ပြန်ပြောပြမိ၏။ ဦးမိုးသောက်





ကြယ်ရဲ့ ချစ်သူအကြောင်း ပြီးတော့ မိုးစင်ကို ဦးက အနုပညာဝါသနာပါမှန်းသိရှိသွားခဲ့တာတွေ နှိုင်းကို ပြောပြမိ၏။

"အင်း အဘိုးကြီးက သူ့ချစ်သူကိုယ်စား စင်လေးကို မြေတောင် မြှောက်ပေးချင်တာပါ"

နှိုင်း မချိုမချဉ်ပြုံးရင်း လှောင်သလို ပြောတာမို့ မိုးစင် မျက်ခုံးတွေ ကျုံ့ကာ နှိုင်းကို စူးစူးနစ်နစ် စိုက်ကြည့်ပစ်လိုက်၏။ ဒီတော့လည်း နှိုင်း မခံယူနိုင်ရှာပါ။

"အဲဒါ ဘာဖြစ်တာလဲ စိတ်ကောက်တာပေါ့လေ"

"ကောက်စရာလား ကိုယ်က မဟုတ်တာမလုပ်ဘူး၊ သိက္ခာကို ချော်ကားတာတော့ စိတ်ဆိုးတယ်"

"အဟား စိတ်ဆိုးတဲ့မျက်နှာက ချင်ပန်ဇီရုပ်နဲ့"

မိုးစင် စိတ်ဆိုးမှန်းသိတော့ နှိုင်း ရယ်မော နောက်ပြောင်ကာ ပြန်ချော့ဖို့ ကြိုးစားသည်။

"နှိုင်း မျက်နှာကမှ မျောက်ဖင်နီရုပ်"

"ဟုတ်နေပါပြီ သူ့ အဘိုးကြီးကို နည်းနည်းပြောမိတာနဲ့"

"နှိုင်းနော် သူ့အဘိုးကြီးဆိုတဲ့ စကားထပ်မပြောနဲ့"

"အဘိုးကြီး မဟုတ်ဘူးလား၊ အန်ကယ်ကြီးပေါ့"

မိုးစင် စိတ်တိုနေမှန်းသိတော့ နှိုင်းဝီရ ပိုလို့ စနောက်နေ၏။ ပြုံးစိစိ မျက်နှာကိုကြည့်ကာ မိုးစင် ထုရိုက်ကုတ်ဖဲ့ပစ်ချင်မိသည်။

"အဲဒါ မိုးစင်ရဲ့ အလုပ်ရှင်လေ နှိုင်း နည်းနည်းတော့ နေလည်



www.burmeseclassic.com

www.burmeseclassic.com



ပေးသင့်တာပေါ့''

''နည်းနည်းပါးပါး မဟုတ်ပါဘူး၊ အများကြီး နားလည်ပေးထားပါတယ်၊ စင်လေး အဘိုးကြီး အဲလေ အလုပ်ရှင်က တစ်မျိုးကြီးလို့ ထင်စရာ မရှိဘူးလား၊ နာမည်ကြီး မင်းသမီးတွေ မော်ဒယ်တွေရှိပါလျက်နဲ့ စင်လေးကို ရွေးတယ်၊ ပြီးတော့ လိုအပ်တဲ့ အဝတ်အစားပါ ဝယ်ပေးမယ်တဲ့၊ ကိုယ် ဝယ်ပေးမယ်ဆိုတော့ လက်မခံဘူး''

နှိုင်း မကျေနပ်ချက်တွေကို ဖွင့်ဟပြောနေတာသည်၊ ချစ်လို့ သဝန်တိုတာဆိုပေမယ့် နှိုင်းရဲ့ ဝန်တိုမှုတွေက တစ်ခါတစ်ခါတော့ ရယ်စရာ ကောင်းပါသည်။

''ဒါတော့ နှိုင်းက သဝန်တိုတဲ့ အကြည့်နဲ့ပဲ ကြည့်နေလို့ပါ၊ မိုးစင်က သူ့ဆီက အလကားယူတာမှ မဟုတ်တာ၊ လခထဲကဖြစ်ဖြစ် ကြော်ငြာခရတဲ့အထဲကဖြစ်ဖြစ် ဖြတ်မှာလေ၊ ဘာပဲဖြစ်ဖြစ် မိုးစင် ဝါသနာကို လုပ်ခွင့်ရတာ နှိုင်း ဝမ်းတောင်သာရဦးမှာ''

''ဝမ်းသာတာထက် သူက စင်လေးကို သဘောကျနေတယ်ဆိုရင်ကော''

နှိုင်းစကားကြောင့် မိုးစင် သဘောကျသလို ဟတ်ဟတ်ပက်ပက်လေးရယ်ပစ်လိုက်မိရင်း

''အဟင်း ဟင်း နှိုင်းရယ် မိုးစင်ကမှ သူ့ကို မချစ်တာ ကိုယ့်ရဲ့ အနံကယ်အရွယ် အဖေအရွယ်ကြီးကို နှိုင်း ရေကြီးမယ် သိလား''

''စင်လေး ယောကျ်ားတွေကို လျှော့တွက်တာပဲနော် မင်းအပေါ်

ဗျူး၁၁၉၉



သူ့ဘက်က ဖြူစင်ရဲ့လား သိနိုင်ပါ့မလား ကောင်မလေးရဲ့''

မိုးစင် ခေါင်းလေးခါရင်း နှိုင်းကို ပြုံးပြုံးလေး ပြန်ကြည့်နေမိ၏။ မိုးစင် ပြုံးနေတာကိုပဲ နှိုင်းက အလိုမကျသလို ကြည့်ရင်း

''ရုံးမှာလည်း စင်လေးက သူ့ရဲ့လက်စွဲတော် ဖြစ်နေတယ်လို့ သတင်းတွေ ကြားနေရတယ်၊ ကြားလို့ကောင်းတဲ့ သတင်းတော့ မဟုတ်ဘူးနော် သူများရည်စား သန့်သန့်လေးကို လူပျိုကြီးက စိတ်ကူးတွေ ယဉ်မနေဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ''

''နှိုင်းဝီရ''

ဒီတစ်ခါတော့ မိုးစင် သည်းမခံနိုင်ဘဲ အော်ပစ်လိုက်မိသည်။ တစ်ဖက်သားကွယ်ရာမှ အထင်သေးသလို စွပ်စွဲနေတာ မဟုတ်သေး။ ပြီးတော့ မိုးစင်ရဲ့ သိက္ခာကို မယုံတာ လက်မခံနိုင်။

''စင်လေးကလည်း စိတ်ဆိုးလွယ်လိုက်တာကွာ''

''ဆိုးမှာပေါ့ နှိုင်း ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘဲ''

''မသင့်တော်လို့ ပြောနေတာကို ကိုယ့်ထက်အသက်နှစ်ဆယ် ကျော်လောက် ကြီးတာကြီး ပြီးတော့ အလုပ်ရှင်''

''ကဲ တော်တော့ နှိုင်း နှိုင်း ဦးအကြောင်း ဘာမှမသိဘဲ ပြောနေတာ၊ ဦးက အဲဒီလိုထင်အောင် မတည်ငြိမ်တဲ့ ပုံစံမျိုးမဟုတ်ဘူး တစ်ရုံးလုံးက လေးစားတဲ့လူ''

''ဟုတ်ပါပြီ ကိုယ် မပြောတော့ဘူး ဒါပေမဲ့ စင်လေး ကြော်ငြာရိုက်တဲ့နေ့တွေကျ ကိုယ်လည်းလိုက်မယ်''

ဗျူး၁၁၉၉

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်နဲ့"

"ဟင် ဘယ်ဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ သူ့သိက္ခာကို မယုံကြည်တဲ့ သဘောဖြစ်သွားမှာပေါ့၊ သူ့ကို စော်ကားသလို ဖြစ်သွားမှာပေါ့၊ မိုးစင်က အလုပ်လုပ်ဖို့ သွားမှာပဲ နှိုင်းက ဘာလိုက်လုပ်မှာလဲ"

"ကိုယ့်ချစ်သူလေး ကြော်ငြာရိုက်တာ ကြည့်ချင်လို့"

"တော်စမ်းပါ မိုးစင်ကို စိတ်မချလို့ နောက်တကောက်ကောက် လိုက်နေတာမျိုး ဟိုက မသိဘဲနေမလား"

"ဟာ ကြည့်စမ်း တင်စီးလိုက်တာ တစ်သက်လုံး မလိုက်ဘူး"

ဒီတစ်ခါတော့ မကျေမနပ်နှင့် နှုတ်ခမ်းစူသွားတာ နှိုင်းဝိရ ဖြစ်သည်။ ဒါပေမဲ့ နှိုင်း ဘယ်တုန်းကမှ မိုးစင်ကို စိတ်မဆိုးတတ်ခဲ့တာ သိနေပြီးသား။

"နှုတ်ခမ်းကြီး စူမနေနဲ့ ဝက်နဲ့တူတယ်"

"တူကွာ ဘာဖြစ်သလဲ"

"ဒီက ဝက်သားတုတ်ထိုး လုပ်ရောင်းပစ်မှာနော်"

"ကြည့်စမ်း ကိုယ့်ချစ်သူကို ဒီလို မှိုချိုးမှျစ်ချိုး ပြောရသလား စင်လေးနော် ကိုယ် စိတ်တိုလာရင် ဖက်နမ်းပစ်မှာ"

မိုးစင် မျက်လုံးလေးပြူး၊ ပခုံးလေးကျုံ့ကာ နှီအေးခွက်ထဲက ရေခဲတုံးလေးတွေကို ပိုက်တံလေးနှင့် မွှေနေလိုက်၏။ ပြီးမှ နှိုင်းကို တည်တည်ငြိမ်ငြိမ်လေး ကြည့်ရင်း





"မိုးစင်ကို ဘာလို့ မယုံရတာလဲ နှိုင်းရယ်၊ မိုးစင်က ဘယ်လို မိန်းမစားမျိုးလဲဆိုတာ နှိုင်း သိပါတယ်"

"စင်လေးကို ကိုယ်ယုံတယ်၊ ဒါပေမဲ့ စင်လေး အလုပ်ဆင်းတဲ့နေ့ကစပြီး တခြားကောင်လေးတွေအကြောင်း မကြားရဘဲ ဦးမိုးသောက်ကြယ် အကြောင်းပဲ ကြားနေရတော့ ပူမိတာပေါ့"

"ဒါကတော့ သူ့ရဲ့ အရည်အချင်းကို ချီးကျူးတာလေ၊ တခြား ဘာရည်ရွယ်ချက်မှမရှိဘူး။ ရှိမယ်ဆိုရင်တောင် ဦးနဲ့မေမေ့ကို အောင်သွယ် သုပ်ပေးဖို့ပဲ ရှိတယ်၊ မေမေနဲ့ ဦးကမှ ရွယ်တူတွေ"

"ကြည့်စမ်း စင်လေး၊ လူကြီးတွေကိုနော်"

နှိုင်း လက်သီးဆုပ်နှင့် ရွယ်ကာပြောတော့ မိုးစင် ရယ်နေလိုက်သည်။ နှိုင်းကလည်း ပြုံးစိစိနှင့် ရှိသည်။

"မေမေ တစ်ယောက်တည်း ဘယ်လိုနေမလဲ မသိဘူး၊ မိုးစင်ကို စိတ်ပူနေမယ်ဆိုတာတော့ သိတယ်၊ ဒါပေမဲ့ မေမေ့နှုတ်က ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး"

မေမေ့ကို သတိရစိတ်နှင့် မိုးစင်ပြောတော့ နှိုင်း ခေါင်းလေးတညိတ်ညိတ်နှင့်

"ဒါကတော့ စင်လေး မေမေပဲလေ၊ မာနတွေကတော့ တူမှာဆို"

"ဟုတ်ပါတယ် မိုးစင်တို့သားအမိက စိတ်ဓာတ်တွေပဲ တစ်ထပ်တည်းဖြစ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"စင်လေး မေမေကို မလွမ်းဘူးလား"

နှိုင်းဝိရ မေးတော့ မိုးစင် ပင့်သက်လေးရှိုက်ပြီး ခေါင်းညိတ်ဝန်ခံမိပါသည်။

"လွမ်းတာပေါ့ နှိုင်းရယ်၊ ဒီသားအမိနှစ်ယောက်တည်းပဲ ရှိတာ မိုးစင်ကို မေမေ ဘယ်လောက်ချစ်တာ၊ တာဝန်ကျေခဲ့တာ မိုးစင် သိတာပေါ့"

"ဒါကို သိရက်နဲ့ စင်လေးရယ်"

"မိုးစင်ရဲ့ဝါသနာကို မိုးစင် လျှောက်ကြည့်ချင်တယ် နှိုင်း"

နှိုင်း ဘာမှ ထပ်မပြောတော့ဘဲ မိုးစင်ကို ငေးစိုက်ကြည့်နေခဲ့သည်။ တကယ်ဆို နှိုင်းဝိရ ဆိုသော ချစ်သူကသာ မိုးစင်ကို နားလည်ပေးခဲ့တာ ဖြစ်သည်။

မေမေကတော့ မာနတွေနှင့် ယုံကြည်ရာအတိုင်းပဲ ရပ်တည်နေခဲ့တာ ဖြစ်၏။

မေမေ့မှာ အနုပညာကို ခံစားတတ်တဲ့စိတ်လေး ရှိနေခဲ့ရင် ဘယ်လောက် ကောင်းမည်လဲ။

■ ■ ■



## အခန်း (၈)

ဦးပေးထားသော ဟန်းဖုန်းလေး မြည်လာတာကြောင့် မိုးစင် လှမ်းကိုင်လိုက်ပါသည်။

ဒီနေ့ မိုးစင် ကြော်ငြာကိစ္စအတွက် အစမ်းရိုက်ကူးကြည့်မည်ဟု ဦးက ကြိုတင်ပြောထားခဲ့သည်။ အခု ဦး မိုးစင်ဆီ ဖုန်းဆက်တာ ထင်၏။

"ဟယ်လို မိုးစင်"

"ဟုတ်ကဲ့ ဦး၊ အမိန့်ရှိပါရှင်"

"မိုးစင် ဒီနေ့ ရီဟာဇယ်ရိုက်ဖို့ ဦးရဲ့အိမ်မှာပဲ ရှုတင်ဖြစ်မယ်"

မိုးစင် နည်းနည်းတော့ အံ့သြသွားမိ၏။ ဦး ကြိုတင်ပြောထားသည်က စတူဒီယိုတစ်ခုမှာ ရီဟာဇယ် ရှုတင်လုပ်မည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ အစီအစဉ်က ဘာကြောင့် ပြောင်းသွားတာလဲ စဉ်းစားမရပါ။ ပြီးတော့ ဦးရဲ့အိမ်မှာတဲ့။

"ခဏနေရင် ဒါရိုက်တာနဲ့ ရှုတင်အဖွဲ့ ရောက်လာတော့မှာ၊ မိုးစင်လည်း လိုအပ်တဲ့ အဝတ်အစားတွေထည့်ပြီး ပြင်ဆင်ထား၊ ဦးအိမ်က ကားအကြိုလွှတ်လိုက်ပြီ"

"ဟုတ် ဟုတ်ကဲ့ ဦး"

"သြော် ဘာမှမပြင်ဆင်ခဲ့နဲ့နော်၊ ဒီမှာ အလှပြင်ပေးမယ့်သူလည်း ရှိတယ်"

"ဟုတ်ကဲ့ ဦး"

"အိုကေ ဒါဆို လာကြိုတဲ့ကားနဲ့ လိုက်ခဲ့လိုက်ပေါ့"

ဦး ဖုန်းချသွားတော့ မိုးစင် ငိုင်ငိုင်လေး ရပ်နေမိပြန်သည်။ နှိုင်းကို စတူဒီယိုမှာပဲ ရိုက်ဟာဖယ် ရှိသည်ဟု ပြောထား၏။ အခုလို ဦးရဲ့ ခြံအိမ်မှာ အစီအစဉ် ပြောင်းသွားတာ မပြောဖြစ်။

နှိုင်းဝီရ သိလျှင် ဝန်တိုအထင်လွဲဦးမည်လားမသိ။ ဘာပဲဖြစ်ဖြစ် ဦးရဲ့သိက္ခာကို မိုးစင် အကြွင်းမဲ့ယုံသည်။

ဦး ဝယ်ထားပေးသော အဝတ်အစားတွေကို ကျောပိုးအိတ်လေးထဲ ထည့်ကာ စောင့်နေလိုက်ပါသည်။

ဆယ်မိနစ်လောက် အကြာမှာပဲ ဦး လွှတ်လိုက်သော ကားက လာကြိုသည်။

MARK II ကားနက်ပြာကြီးနှင့် ဦးရဲ့ခြံကို မိုးစင် လိုက်ခဲ့ရ





သည်။ တကယ်ဆို ဦးရဲ့ခြံကို မိုးစင် ရောက်ဖူးတာ မဟုတ်ပါ။

အခုမှပဲ မိုးစင် ပထမဆုံး ရောက်ဖူးမှာဖြစ်သည်။

■ ■ ■

"ဒယ်ဒီ ဘယ်သူ့ကို မျှော်နေတာလဲ"

သူ ခြံအပြင်ဘက်ကို လည်တဆန့်ဆန့်နှင့် တမျှော်မျှော် ဖြစ်နေသောကြောင့် သားက မေးသည်။ နည်းနည်းတော့ သူ မျက်နှာပူသွားရပါသည်။

သူ့အမူအရာတွေက သား ရိပ်မိလောက်အောင်ပဲ ဖြစ်သွားခဲ့သည်လား။ တကယ်ဆိုလျှင် ဒီလောက်ထိ တမျှော်မျှော် ဖြစ်စရာ အကြောင်းမရှိပါ။ မိုးစင်ဆီလည်း ဖုန်းဆက်ထားပြီးပြီ။

ဦးဝင်းကိုလည်း အကြိုလွှတ်ထားသည်။ အချိန်တန်လျှင် ရောက်လာမှာ သိနေလျက် သူ့စိတ်တွေ လောနေတာ မဟုတ်သေး။

"ဒီနေ့ ဒယ်ဒီ့ရုံးက ဧည့်သည်တစ်ယောက် လာမှာမို့ပါကွ"

"ဧည့်သည်ဟုတ်လား သားက ဒယ်ဒီ ကြော်ငြာအတွက် ရွေးထားတဲ့ မင်းသမီးလားလို့"

သားစကားကြောင့် သူပြုံးမိသည်။ 'မင်းတံခွန်' ဆိုသည့် သားလည်း မိုးစင်စင်ကို မျှော်နေသည်ပဲ။

"အေးလေ မိုးစင်စင်ကိုပဲ ပြောတာပေါ့ သားရဲ့၊ သူက မင်းသမီး မဟုတ်သေးပါဘူး၊ ဒယ်ဒီ ကုမ္ပဏီက ဝန်ထမ်းမလေး တစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းသမီးမဟုတ် မော်ဒယ်မဟုတ်တဲ့ ဒယ်ဒီက ဘာလို့ ရွေးတာလဲ၊ မင်းသမီးတွေ မော်ဒယ်တွေ ဒီလောက်အများကြီး ရှိ နေတာကို"

"မိုးစင်စင် က အနုပညာ ဝါသနာပါတယ်ကွ၊ ပြီးတော့ မော် ဒယ်သင်တန်းတက်ဖူးပြီး မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်တောင် ပါဖူးတယ် သူ့ရဲ့ရုပ်သွင်နဲ့ အနုပညာ ဝါသနာစိတ်ကြောင့် ဒယ်ဒီ ရွေးလိုက်တာပါ"

သူ့စကားကို မင်းတံခွန် ငြိမ်သက်စွာ နားထောင်နေသည် ပြီးမှ သူ့အနားလျှောက်လာရင်း

"ဒယ်ဒီ သားကြီးလာရင်လည်း မော်ဒယ် သင်တန်းတက်မယ် နော်၊ သား မင်းသားဖြစ်အောင် လုပ်ချင်တာ"

မင်းတံခွန် စကားကြောင့် သူ ပြုံးပြုံးလေး ခေါင်းညိတ်ပြရင်း ခေါင်းလေးကို လှမ်းပုတ်လိုက်သည်။

"အင်း သားတကယ် ဝါသနာပါတယ်ဆိုရင် ဒယ်ဒီ ပံ့ပိုးပေးမှာ ပေါ့ကွာ၊ ဒါပေမဲ့ သား ငယ်သေးတယ်၊ အခုမှ ကိုးတန်းမရှိသေးတယ် အထက်တန်းအောင်အောင် ကြိုးစား ဘွဲ့တစ်ခုရအောင် ဆက်တက် ရင်း သား ဝါသနာလမ်းကို လျှောက်နိုင်အောင် ဒယ်ဒီ စီစဉ်ပေးမှာပေါ့"

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

သား ပခုံးကို လှမ်းဖက်ပြီး နှစ်ဦးသား ခြံထဲကို ဆင်းခဲ့သည် ခြံထဲမှာ ကြော်ငြာဒါရိုက်တာနှင့် ရှုတင်အဖွဲ့သားတွေ ပြင်ဆင်နေကြသည်

"ဒယ်ဒီ မမမိုးစင်စင် လာရင် သားနဲ့လည်း မိတ်ဆက် ပေးပါ





နော်"

"မိတ်ဆက်ပေးမှာပေါ့ကွ ဒယ်ဒီရဲ့သားကို မိုးစင်နဲ့လည်း ခင်မင် ရင်းနှီးစေချင်တယ်"

သူ ပြောလိုက်တုန်းမှာပဲ ခြံထဲကို ကားဝင်လာသည်။ မိုးစင်ကို အကြိုလွှတ်လိုက်သော ဦးဝင်းရဲ့ကားပါပဲ။

ဆင်ဝင်အောက်မှာ ရပ်လိုက်သော ကားပေါ်က ဆင်းလာသည့် မိုးစင်ကို မြင်လိုက်ချိန်မှာ သား မျက်ဝန်းတွေက ငေးငေးလေး ဖြစ်သွား ခဲ့တာ သူ သတိထားမိပါသည်။

ဘာမှမခြယ်သ မလိမ်းထားဘဲတောင် မိုးစင် မျက်နှာလေးက အစက်အပြောက်ကင်းစင် လှပါသည်။ နို့နှစ်ရောင် ကိုယ်ကျပ် အင်္ကျီ လေးနှင့် ဂျင်းပြာ ဒူးဖုံးစကပ် အကျပ်လေး ဝတ်ဆင်ထားသော မိုးစင်က သူ့ကို ပြုံးနှုတ်ဆက်သည်။

"ဦး မိုးစင် နောက်ကျသွားသလား"

"နောက်မကျပါဘူး အစီအစဉ်က ဒါရိုက်တာဘက်က ပြောင်း သွားလို့ မိုးစင်ရဲ့ စတူဒီယိုမှာ ရိုက်မယ့် စမ်းသပ်ရိုက်မယ်ဆိုပြီးမှ ဒါရိုက်တာက ဦးရဲ့ခြံထဲမှာ အောက်ဒိုးရိုက်ချင်လို့တဲ့"

"ဟုတ်ကဲ့ ဦး၊ ဒါရိုက်တာလည်း ရောက်နေပြီပေါ့"

"ရှုတင်အဖွဲ့လည်း ရောက်နေပြီ၊ နေဦး အရင်ဆုံး မိုးစင်ကို ဦးရဲ့သားနဲ့ မိတ်ဆက်ပေးချင်လို့"

မိုးစင် မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ သူ့နံဘေးမှာ ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မင်းတံခွန်ကို လှမ်းကြည့်သည်။ သူ့မှာ သားတစ်ယောက်ရှိသည် ဆိုတာ မိုးစင် အခုမှ သိတာမို့ အံ့သြသွားတာ မဆန်းပါ။

"ဒါ ဦးရဲ့ တစ်ဦးတည်းသောသား မောင်မင်းတံခွန် တဲ့"

"ဟုတ် တွေ့ရတာ ဝမ်းသာတယ် မောင်လေး"

"သားသားလည်း ဝမ်းသာတယ် မမ"

သားသားက ဝမ်းသာအားရ လက်ကလေးကမ်းပေးကာ လက်ဆွဲ နှုတ်ဆက်သည်။ မိုးစင်ကလည်း နှစ်လိုဖွယ် ပြုံးကာ တုံ့ပြန်ရင်း

"ဦး သားက လူချောပဲ"

"ဒါပေမဲ့ သားထက် ဒယ်ဒီက ပိုချောပါတယ် မမရဲ့"

"အဟင်း ဟင်း ဦးကော သားသားပါ ချောတာပါကွ"

မိုးစင်နှင့် သား ခင်ခင်မင်မင် နှုတ်ဆက်နေတာကို သူပြုံးကြည့် ရင်း

"သားက မိုးစင်လိုပဲ အနုပညာဝါသနာကြီးတယ် ဒီနေ့ အိမ်မှာ ရှုတင်ဆိုတာနဲ့ ဒီကောင် ကျောင်းစာတွေတောင် မလုပ်နိုင်ဘဲ အာရုံ ဝင်စားနေတာ"

"ဟာ ဒယ်ဒီကလည်း ညတုန်းကတည်းက အားလုံးလုပ်ပြီး ပါပြီ"

"အေး အေးပါကွာ ကဲ မိုးစင် လာ ဒါရိုက်တာကြီးနဲ့ စကားပြော လိုက်ဦး ပြီးရင် မိတ်ကပ်လိမ်း ပြင်ဆင်ပြီး အလုပ်လုပ်ကြရအောင်"

မိုးစက်ကို ရှုတင်ရိုက်ကွင်း ပြင်ဆင်ထားရာ ခြံထဲကို သူခေါ်





သော့လည်း သားက နံဘေးက ကပ်လိုက်လာသည်။

မိုးစင်ရဲ့ အလှဓာတ်ပုံတွေကို ကြိုတင်မြင်တွေ့ထားပြီးကတည်းက ဒါရိုက်တာကြီးက သဘောကျလက်ခံသည်။ အနုပညာရှင် ပင်ဆယ်မီးတစ်လက် တိုးလာတာပေါ့ဟု ဆိုခဲ့၏။

အခုလည်း မိုးစင်ကို အလှဖန်တီးရှင်နှင့် ခြယ်သပြင်ဆင်ခိုင်းပြီးတော့ သူလိုချင်သော အက်တင်တွေ ညွှန်ကြားသင်ပေး၏။

မိုးစင် စိတ်အာရုံဝင်စားကာ ခေါင်းလေးညိတ် နားထောင်သည်။ ဒါရိုက်တာကြီး စေခိုင်းသည့်အတိုင်း သူ့ခြံထဲက ရိုက်ကွင်းမှာ မိုးစင်စင် သရုပ်ဆောင်နေတော့ သူကော သားပါ ငေးကြည့်နေမိကြသည်။

မိုးစင်စင် ဆိုသော မိန်းကလေးရဲ့ အပြုံးမျက်နှာလေးပေါ်က ပါးချိုင့်လေးတွေကို မြင်ရတော့ သူ့အာရုံထဲမှာ ပြန်ဝင်ရောက်လာတာ မသားရဲ့ ပုံရိပ်တွေပဲ ဖြစ်၏။

တစ်ခါတုန်းက သူ့ရင်ကို စွဲမက်သိမ်းပိုက်ခဲ့သော မသားမှာလည်း ဒီလို ပါးချိုင့်လေးတွေနှင့်ပါပဲ။

မသားရဲ့ မျက်နှာ လှလှလေးပေါ်က ချစ်စဖွယ် ပါးချိုင့်လေးတွေကို သူ မြတ်နိုးခဲ့ဖူးသည်။

■ ■ ■

ရှုတင်ရိုက်ကွင်းပြီးတော့ မိုးစင်စင်ရဲ့ သရုပ်ဆောင်မှုတွေကို ဒါရိုက်တာကြီးက အပြည့်အဝ ကျေနပ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး အဆင်ပြေတယ် သမီး၊ ဒီတော့ လာမယ့် အင်္ဂါနေ့ စရိုက်မယ်၊ စတူဒီယိုမှာ နှစ်ရက် အင်ဒိုးရိုက်မယ်၊ အောက်ဒိုးတွေတော့ ကိုမိုးသောက်ကြွယ်ရဲ့ခြံနဲ့ သစ်ခွခြံတွေမှာ ရိုက်မယ်"

ဒါရိုက်တာကြီးနှင့် ညှိနှိုင်းပြီးသွားတော့ သူ ရှုတင်အဖွဲ့သားတွေကို မနက်စာနှင့် ဧည့်ခံကျွေးမွေးဖြစ်သည်။

ဒါရိုက်တာကြီးတွေ ပြန်သွားတော့ မိုးစင်စင်ကို သူကိုယ်တိုင်ပဲ ပြန်ပို့ဖြစ်၏။

"ကော်ဖီဆိုင် ထိုင်ရအောင် မိုးစင်၊ မိုးစင်ကြည့်ရတာ စိတ်လှုပ်ရှားနေပုံပဲ"

"ဟုတ်တယ် ဦး၊ မိုးစင် အိပ်မက်တွေ အကောင်အထည် ပေါ်လာလို့ ဝမ်းသာပြီး ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေတာ"

"အင်း ဦး သိတယ်၊ ထမင်းဝိုင်းမှာ မင်း ထမင်းတောင် သိပ်မစားနိုင်ဘူး"

"အဟင်း ဝမ်းသာပြီး အပျော်တွေ ပြည့်နေလို့"

မိုးစင် စကားကို သူ ခေါင်းညိတ်ရယ်မိရင်း ကော်ဖီဆိုင်လေးရဲ့ ကားစတင်းမှာ ကားကိုထိုးရပ်လိုက်သည်။

ကော်ဖီဆိုင်လေးထဲမှာ အတူထိုင်ဖြစ်တော့ မိုးစင်စင်ရဲ့ စိတ်တွေ ပေါ့ပါးသွားအောင် သူ အားပေးစကားဆိုမိ၏။

"မင်းက တော်ပါတယ် သရုပ်ဆောင်နေတဲ့ အချိန်မှာ ဘာ အမှားအယွင်းမှ မရှိလို့ ဒါရိုက်တာ ဦးဝေမိုးက အတော်သဘောကျ





နေတာပဲ၊ အင်္ဂါနေ့ကျ စရိုက်ရင် အားလုံးအဆင်ပြေမှာပါ"

"ဟုတ်ကဲ့ဦး ရှုတင်ရိုက်ကွင်းက ငါးရက်ကြာမှာဆိုတော့ မိုးစင် အလုပ်မှာ ခွင့်တင်ဖို့"

"အဲဒါက ပြဿနာ မရှိပါဘူး၊ မိုးစင် လုပ်နေတာလည်း ဦးရဲ့ အလုပ်ပဲလေ ရုံးကိစ္စတွေ မေ့ထားလိုက်၊ ရတယ်"

"ကျေးဇူးပါပဲ ဦး၊ မိုးစင် အလုပ်ပြန်ဆင်းမှ အလုပ်ကြွေးတွေ ပိုလုပ်ပေးပါ့မယ်"

"ဗလရှိပါတယ်ကွာ ဘာမှ အာရုံမထည့်နဲ့၊ မိုးစင်က အနုပညာနဲ့ အောင်မြင်သွားရင် အလုပ်ကထွက်မှာဆိုတော့ ဦးက အခုကတည်းက ကြိုတင် ပြင်ဆင်ထားရမှာပေါ့"

သူ့ စကားကြောင့် မိုးစင် မျက်ဝန်းကြည်ကြည်လေးတွေနှင့် မော့ငေးကြည့်ရင်း

"ဦးကို မိုးစင် အရမ်းကျေးဇူးတင်ပါတယ်၊ တစ်ခါတလေကျရင် ဦးလိုပဲ မေမေသာ မိုးစင် ဝါသနာကို ပံ့ပိုးပေးရင် အရမ်းကောင်းမှာ ပဲ"

တမ်းတမ်းတတလေး သူမဆိုတော့ သူ စာနာစွာ ကြည့်ရင်း သက်ပြင်းလေးရှိုက်မိ၏။ ဒီ ချာတိတ်မလေးခမြာ မိခင်အရိပ်အောက်က ထွက်ပြီး ဝါသနာလမ်းကို လျှောက်နေတာ သနားစရာကောင်းပါသည်။

"မေမေ မသိအောင် မိုးစင် အနုပညာအလုပ်တွေ လုပ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေမေကလည်း မိုးစင်ကို စီးပွားရေးသမားဖြစ်အောင် သင်ပေးခဲ့တာပါပဲ၊ မိုးစင် ဦးဆီမှာ အလုပ်ဝင်နိုင်တာ မေမေ သင်ရိုးစေခိုင်းထားတဲ့ ပညာတွေကြောင့်ပါပဲ၊ မေမေ့ကျေးဇူး ဆိုပါတော့"

အိမ်ပြေးမလေး အခုတော့လည်း နောင်တတွေရလို့ မိခင်ကို သတိရနေပြန်ပါပြီ။

ကောင်မလေးကို ကြည့်ရင်း သူ့ရင်ထဲမှာ သံယောဇဉ်တစ်မျိုး ငြိတွယ်လာတာ အမှန်။

"မင်းက အမေကို သိပ်ချစ်ပုံပဲနော်၊ မင်း အမေအကြောင်း ပြောတာ ဦး အကြိမ်တော်တော်များများ ကြားရတယ်၊ မင်းအဖေ အကြောင်းတော့ မကြားရသေးဘူးပဲ"

"ဒါတော့ ဦးရယ် ဖေဖေ့မေတ္တာကို မိုးစင်မှ မရခဲ့ပဲလေ ဖေဖေ ကားတိုက်သေခဲ့တယ်ဆိုတာတောင် မေမေ ပြန်ပြောပြမှ သိရတာပါ"

"ဆောရီး ဟုတ်သားပဲ၊ မင်း လူ့လောကထဲ မရောက်ခင် မင်းအဖေ ဆုံးသွားတာဆိုတော့ ဦး စိတ်မကောင်းပါဘူး။ ဒါနဲ့ မင်းအမေက နောက်အိမ်ထောင်မပြုဘဲ ဒီအသက်အရွယ်ထိ မင်းကို စောင့်ရှောက်ခဲ့တာပေါ့"

"ဟုတ်ပါတယ် ဦး။ မိုးစင် ငယ်ငယ်က မေမေ တော်တော်ရုန်းကန်ခဲ့ရတဲ့ အချိန်တွေပါ၊ ရခိုင်ပြည်နယ်ဘက်က ငါးဒိုင်တွေမှာ မေမေ မိန်းမသားတန်မဲ့ ရုန်းကန် ကြိုးစားခဲ့ရတယ်"





သူမတို့ သားအမိဘဝအကြောင်းလေးကို စိတ်လိုလက်ရ ပြန်ပြောနေတော့ သူ စိတ်ဝင်စားစွာ နားထောင်ပေးနေမိ၏။

"အဲဒီလို အဆင့်ကနေ စီးပွားရေး ပုံစံသစ်တွေ ပြောင်းလာတော့ မေမေ့ငါးအဝယ်ဒိုင်လေးက ကုမ္ပဏီလေး ဖြစ်လာတယ်၊ မေမေရဲ့ ရုန်းကန် ကြိုးစားမှုကြောင့် နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဆက်သွယ်လာမိတဲ့ အထိ အောင်မြင်လာတာပဲ"

ထိုနေ့လည်က သူမနှင့် စကားပြောဖြစ်ခဲ့ခြင်းက သူတို့ နှစ်ယောက်ကြားမှ ရင်းနှီးကျွမ်းဝင်မှု သံယောဇဉ်ကို ပိုမိုစေခဲ့သည်။

မိုးစင်စင် ဆိုသော ကောင်မလေးက သား မင်းတံခွန်ထက် ဆယ်နှစ်ကျော် အသက်ကြီးတာမို့ ပိုမိုရင့်ကျက်သည်။

သူမရဲ့ အဆောင်လေးရှေ့ ပြန်ပို့ပေးရင်း ဝါသနာအတွက် ဘဝကို ရုန်းကန်နေသော ကောင်မလေးကို သူ စာနာသနားမိ၏။

မိုးစင်စင် ဘဝလေး အောင်မြင်တိုးတက်စေချင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အတိတ်သည် သူ့နှလုံးသားထဲမှာ မှတ်မှတ်ရရ တည်ရှိခဲ့ပါသည်။ တွေးမိတိုင်း ရင်မှာခံစားရ၏။

ဟိုးလွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်က 'မှသား'ဆိုသော သူမသည် သူ့ရင်ထဲမှာ အခုချိန်ထိ တည်ရှိနေဆဲ ဖြစ်သည်။

မိုးစင်စင် ဆိုသော မိန်းကလေးကို သူ ရင်းနှီးခင်မင် သိကျွမ်းသွားခဲ့ရချိန်မှာတော့ မှသားကို ပိုလို့ သတိရသွားမိသည်။

ဒါကလည်း ထူးခြားသော တူညီမှုတွေကြောင့် ဖြစ်သည်။ မိုးစင်စင် ဆိုသော မိန်းကလေးမှာ မှသားလိုပဲ ချစ်စရာပါးချိုင့်လေးတွေ ပါသည်။ ဒါက သိပ်မထူးခြားလှသော်လည်း ထူးခြားသော တိုက်ဆိုင်မှုက

မိုးစင်စင်သည် မှသား လိုပဲ အနုပညာကို ဝါသနာကြီး လွန်း

ဗျူး၈၁၀၀



ဘာပဲဖြစ်သည်။

အနှစ်နှစ်ဆယ်ကျော် ကာလတုန်းက 'မှသား' သည် မိုးစင်ကြောင့်ပဲ သူ့ရင်ထဲမှာ ပြန်လည် အသက်ဝင်လာခဲ့ရပြန်ပါသည်။

လောကကြီးထဲမှာ မရှိတော့ပေမယ့် မှသားသည် သူ့နှလုံးသားထဲမှာ ရှင်သန်နေဆဲ ဖြစ်၏။ 'သား'ဟု ကိုယ့်ကိုကိုယ် နာမ်စားသုံးတတ်သော သူကလည်း 'သား'ဟုပဲ မြတ်နိုးစွာ ခေါ်တတ်သော မှသားသည်။

သူနှင့်တော့ ဘဝချင်း ကွာခြားလွန်းခဲ့သည်။ ဒါကြောင့်လည်း သူငယ်ချင်းတွေကတောင် ဘယ်လိုမှ မဖြစ်နိုင်သော အိပ်မက်ကို မမက်နဲ့ဟု ပြောခဲ့ကြသည်။

မှသားဆိုသော သားသည် အဖေမရှိ မုဆိုးမ မိခင်ကြီးနှင့်အတူ နေခဲ့ရသူ ဖြစ်သည်။ ပြီးတော့ မှသားရဲ့မိခင်က အငြိမ့်သမ တစ်ဦးဖြစ်ခဲ့သည်။

မိုးသောက်ကြယ် ဆိုသော သူ့ဘဝကတော့ ပြည့်စုံချမ်းသာသောဘဝမှာ မင်းသားလေးတစ်ပါးလို ရှင်သန်ခဲ့ရသူ ဖြစ်သည်။ ငွေကြေးဥစ္စာခနသာမကဘဲ မျိုးစဉ်ဆက်ကလည်း မြင့်မားခဲ့၏။

အတိုးအဘွား ဘိုးဘေးဘီဘင်က တော်ဝင်မျိုးနွယ်တို့၏ ဆွေစဉ်မျိုးဆက်ဝင်တွေဖြစ်သည်။ ထိုဂုဏ်ကြီးကိုလည်း မိဘနှစ်ပါးက မြတ်နိုးစွာ ထိန်းသိမ်းထားခဲ့ကြ၏။

ဒါကြောင့်လည်း သူငယ်ချင်းတွေ သူ မှသားကို စိတ်ဝင်စား

ဗျူး၅၁၉၉

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုတော့ အံ့ဩကာ အရိပ်လို ကြည့်နေကြစမြဲ။

သူ့ကို သားကောင် ချောင်းသလို ကြည့်နေသော သူငယ်ချင်းတွေရဲ့ အကြည့်ကို သူ မထိမဲ့မြင်ပြုခဲ့၏။ သူ ဘယ်သွားသွား ဘာလုပ်လုပ် ရင်ဆိုင်နေရတာ သံသယ မျက်ဝန်းတွေပဲ ဖြစ်သည်။

"မိုးသောက် ဘယ်မြေစကြာ ဖြန့်နေတာလဲ"

"စာကြည့်တိုက်မှာ စာအုပ်သွားအပ်တာ"

"တစ်ယောက်တည်းလား"

"အေးပေါ့ကွ အိမ်ကစောထွက်လာတာ၊ ဒီရောက်တော့ မင်းတို့က မရောက်ကြသေးဘူးလေ"

"စာကြည့်တိုက်မှာ ရုပ်ရှင်လာရိုက်တာလို့ မကြားမိပါဘူးနော်"

နိုင်နိုင် သူ့ကို အကဲခတ်ကြည့်ရင်း ပြောသည်။ ဒီကောင်တွေ ဒီလိုမယုံသင်္ကာ ဖြစ်နေတာကို သူ တစ်ခါတလေတော့လည်း စိတ်တိုချင်၏။

"မယုံလည်း မတတ်နိုင်ဘူးကွာ၊ ဖြေရှင်းစရာကိစ္စလည်း မဟုတ်ဘူး"

သူ စိတ်မရှည်နိုင်စွာပဲ ပြောပစ်လိုက်၏။ သူတို့အုပ်စု စတည်းချသည့် ဒီနေရာလေးက နှစ်ပေါင်းများစွာ ကြာတာတောင် မပြောင်းလဲသေးပါ။

အရိပ်ကောင်းသော ကုက္ကိုပင်တွေ၊ စိန်ပန်းပင်ကြီးတွေက တောအုပ်လေးပမာ အုပ်မိုးနေသော ဘွဲ့နှင်းသဘင်ခန်းမနှင့် စီးပွားရေးတက္ကသိုလ်ကြားမှာ ရှိခဲ့သည်။





"အဲဒီ မုသားဆိုတဲ့မိန်းမက ငါသိရသလောက်တော့ ယောကျ်ားတွေကို ညှုတုတုနဲ့ ရုပ်ရှင်မင်းသမီး ဖြစ်ရဖို့အတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ့် အတန်းအစားမျိုးထဲကပဲ"

"မင်းကွာ အဲဒီလောက်အထိ နှိမ်နှိမ်ချချ မပြောပါနဲ့"

"ဒီမှာ မိုးသောက် မင်းစိတ်ကူးယဉ်မနေစမ်းနဲ့နော် ဘဝချင်းက ကွာခြားစီ၊ မင်းကတက္ကသိုလ် ကျောင်းသား မင်းမှာက ဂုဏ်ကော ဥစ္စာနေကော ပြည့်စုံတယ်၊ မင်း မယ်မယ်သာ သိရင် မလွယ်ဘူး၊ ဟိုမိန်းမက မအေတစ်ခု သမီးတစ်ခု ကျောင်းလည်း တက်တာ မဟုတ်ဘူး"

"မင်း ဘာတွေလာပြောနေတာလဲ၊ ငါဘာမှ မလုပ်ဘူး"

သူ ပြောင်ပဲ ငြင်းကွယ်ဖို့ ကြိုးစားသည်။ နိုင်နိုင် သူငယ်ချင်းသည်း ဟုတ်သလို သူနဲ့လည်း ညီအစ်ကို နှစ်ဝမ်းကွဲလောက်တော်သည်။

"အေး မင်း ငါ့ကိုညာလို့ ရချင်ရမယ်၊ ကိုယ့်စိတ်ကိုတော့ ညာလို့မရဘူးနော်"

နိုင်နိုင် စကားကို စိတ်မဝင်စားသလို လက်ထဲက စာအုပ်ကို ဟိုလှန်ဒီလှန်နေလိုက်၏။ နိုင်နိုင် စကားသံတွေက ရပ်မသွားဘဲ

"နေစမ်းပါဦး မိုးသောက် မင်းဘေးနားမှာ လင်းလက်ခင်တို့ ဘဝင်မောင် တို့လို မိန်းကလေးတွေ စိတ်ကြိုက်ရွေးနိုင်ရက်နဲ့ကွာ ဒီမုသားဆိုတဲ့ မိန်းမကိုမှ မင်းဘာလို့ ငြိချင်နေတာလဲ"

"ဟုတ်တယ်ကွာ ငါစိတ်ဝင်စားချင်တဲ့ သူ့ကို စိတ်ဝင်စားတယ် အဲဒါအပြစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မိုးသောက် မင်း အမေတွေအကြောင်း မင်းသိသလို ငါလည်း သိတယ်နော်၊ မင်းစိတ်ကူးယဉ်တာပဲ ဖြစ်ဖြစ် တကယ်ချစ်တာပဲ ဖြစ်ဖြစ် နောက်ဆုံးတော့ ကြေကွဲရမယ့် ဇာတ်သိမ်းဆိုတာ သေချာနေတာပဲ မင်း မဖြစ်သင့်တာကို ဖွတ်မတိုးသင့်ဘူး"

နိုင်နိုင် စကားမများပါ။ မယ်မယ်သည် သူ့တက္ကသိုလ်တက်ခွင့် ရသည်ဆိုကတည်းက ယတိပြတ် ပြောထားခဲ့၏။

"သား မင်းကို မယ်မယ်ဘာမှ မချုပ်ချယ်ဘူးနော်၊ ဒါပေမဲ့ အိမ်ထောင်အရေးကိစ္စကိုတော့ မယ်မယ် တားမြစ်ထားတယ်နော်၊ ကိုယ့်ရဲ့ ဂုဏ်ဒြပ် အဆင့်အတန်းကို ထိန်းသိမ်းပါ၊ မယ်မယ် ဆိုလိုတာ ငွေကြေး ထက် အဆင့်အတန်းမြင့်မြင့်ထဲက မိန်းကလေးပဲ သဘောကျတယ်"

အချစ်ကို မတွေ့သေး။ မခံစားတတ်သေးသော သူ မယ်မယ် စကားကို ခပ်ပေါ့ပေါ့ပဲ ခေါင်းညိတ်ခဲ့ပါသည်။

ထိုစဉ်တုန်းက မုယားဆိုသော သူမနှင့်လည်း ဆုံဆည်းလာမည် ဟု ကြိုမတွေးထားခဲ့၍ ဖြစ်၏။

မဂ္ဂဇင်း တစ်စောင်ရဲ့ ဝါသနာရှင် ကဏ္ဍလေးမှာ မုသားရဲ့ ပုံရိပ်လေးကို စတွေ့ခဲ့မိစဉ်မှာပဲ သူ့ရဲ့ စွဲလန်းမှုတွေ စတင်ခဲ့တာပဲ ဖြစ်သည်။

ဒါကိုသိသော နိုင်နိုင်နှင့် သူငယ်ချင်းတွေက တားသည်။ ဒါပေမဲ့ သူကပဲ တိုးဝင်ခဲ့ခြင်းက မိုက်မဲခြင်းဟု ဆိုလျှင်လည်း

■ ■ ■





မုသားရဲ့ အရိပ်လေးကို မြင်တွေ့နိုင်မည့် နေရာတွေအထိ သူ ရောက်သွားတတ်ခဲ့သည်။

သူမ ပိုစတာရိုက်ကွင်းရှိသည့် နေရာတွေ၊ ရုပ်ရှင်ရိုက်ကွင်း ရှိသော နေရာတွေကို သူ မရောက်ရောက်အောင် သွားမိသည်။ သူမက တော့ သူ့ကို ထူးခြားစွာ သိနိုင်ပုံ မရှိခဲ့ပါချေ။

ပိုစတာ ရိုက်ကွင်းမှာ ဝိုင်းကြည့်နေသော ပရိသတ်ထဲက တစ် ယောက်ဟုသာ ထင်မှာသေချာ၏။

ပြီးတော့ သူမသည် အောင်မြင်ကျော်ကြားမှု မပိုင်ဆိုင်သေး သော အနုပညာသူ တစ်ဦး အခြေအနေပဲ ရှိပါသေးသည်။

ပိုစတာတွေ၊ ပြက္ခဒိန်တွေမှာ သူမပုံရိပ်လေးတွေ ပါတတ်ကာ ရုပ်ရှင် ဇာတ်ကားတွေမှာတော့ ဇာတ်ပို့ဇာတ်ရံ အဆင့်မျှသာ ရှိသေး၏။ ဒါပေမဲ့ သူမ ပါဝင်သော ဇာတ်ကားတိုင်းကို သူ တစ်ကြိမ်မဟုတ်ဘဲ သုံးလေးကြိမ် ကြည့်ဖြစ်စမြဲ ဖြစ်၏။

သူမနှင့် ဆုံဆည်းခွင့်ရခဲ့သည်က သူနှင့် ရင်းနှီးခင်မင်သော ဓာတ်ပုံဆရာ 'နောင်ညို'ရဲ့ မွေးနေ့ အလှူလေးမှာ ဖြစ်၏။

နောင်ညို့ မွေးနေ့ကို မုသာ ရောက်လာမည်ဟု သူလုံးဝ ထင် မှတ်မထားခဲ့ပါ။

"ဟေး မုသား နင်လာတယ်နော်"

"ဟဲ့ လာရမှာပေါ့၊ နင်နဲ့ငါက တစ်မြို့တည်းသားတွေပဲဟာ"

နောင်ညိုနှင့် မုသားက တစ်မြို့တည်းသား ငယ်သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့သည်။ နေညိုက သူနှင့် မုသားကို မိတ်ဆက်ပေး၏။

"မိုးသောက် သူက မုသားတဲ့၊ ငါတို့ မော်လမြိုင်ဇာတိပဲ ငါနဲ့ ငါးတန်းအထိ အတူကျောင်းတက်ခဲ့ကြတာ"

"ဟုတ်ကဲ့ မုသားကို ကျွန်တော်သိပါတယ်၊ ကျွန်တော်က မုသားရဲ့ ပရိသတ်ပါ"

သူ့စကားကြောင့် သူမပါးချိုင့်လေး ခွက်ဝင်အောင် ပြုံးသည်။ သူမြတ်နိုးစွဲလန်းသော ပါးချိုင့်လေးတွေကို သူ အနီးကပ်ဆုံး မြင်ရတာ ရင်ခုန်ချင်စရာ ကောင်းပါသည်။

"အဟင်း သားက မအောင်မြင်သေးပါဘူးရှင်၊ အခုမှ ကြိုးစား နေတုန်းပဲ ရှိပါသေးတယ်"

သူမရဲ့ အသံချိုချိုလေးသည်လည်း စွဲမက်ဖွယ်ကောင်းပါသည်။ သူမရဲ့ အရိပ်လေးကို ငေးကြည့်ရင်း သူ့အတွက် ကြည်နူးရင်ခုန်စရာ နေ့လေးဖြစ်နေခဲ့၏။

သူ့ကို နောင်ညိုက မိတ်ဆက်ပေးပေမယ့် သူမကတော့ လွယ်ကူစွာပဲ မေ့သွားမည် ထင်ပါသည်။

ဒါပေမဲ့ သူမပြန်တော့ သူ့ကို ချစ်စဖွယ် အပြုံးလေးနှင့် အသိအမှတ်ပြု နှုတ်ဆက်သွားခဲ့သည်။ မုသားရဲ့ပရိသတ်ပါဆိုသော သူ့စကားကြောင့် သူမ အသိအမှတ်ပြု နှုတ်ဆက်သွားခြင်း ထင်ပါသည်။

မုသားရယ် ဆုံခွင့်ရမယ်ဆိုရင် ထပ်ပြီး ဆုံတွေ့ချင်ပါသေးတယ်။ မိုးသောက်ကြယ် ဆိုတဲ့ကောင်က မင်းဦးနှောက်အသိမှာ တစ်





ယောက်လေးပဲ ရှိနေနိုင်ပေမယ့် ကိုယ့်ရင်ဘတ်ထဲမှာ မင်းက အစဉ်အမြဲ ဘဲမ်း ရှိနေမှာတော့ ယုံကြည်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လှည်းတန်းဈေးလေးက လူတွေ ရှုပ်ထွေးနေတာမို့ သူ့ရဲ့ SE ဆလွန်းကားလေးကို ဂရုစိုက် မောင်းခဲ့သည်။

"ဟာ"

"ဂွီ"

ဂရုစိုက် သတိထားသည့်ကြားက ဈေးခြင်းတောင်းကြီးဆွဲကာ ကားရှေ့ရောက်လာသော အမျိုးသမီးကြီးကြောင့် သူ ဘရိတ်ကို နင်းလိုက်ရ၏။

"ဟာ တိုက်ပြီ ကားတိုက်ပြီ"

ခွေခနဲ လဲကျသွားသော အမျိုးသမီးကြီးအနား ချက်ချင်းပဲ လူတွေ ဝိုင်းလာကြသည်။ သူလည်း ကားတံခါးဖွင့်ကာ ခပ်သုတ်သုတ် ဆင်းခဲ့ရ၏။





ဝိုင်းကြည့်နေသော လူအုပ်ကို တိုးဝှေ့ကာ အမျိုးသမီးကြီးကို သူ စိုးရိမ်စွာကြည့်လိုက်မိ၏။

သူ့ မယ်မယ် အရွယ် အမျိုးသမီးကြီးက လဲကျနေရာမှ ပြန်ထ ထိုင်နေတာမို့ နည်းနည်းတော့ စိုးရိမ်ပြေရ၏။

ကြည့်ရတာ ကြီးကြီးမားမား နာကျင်ထိခိုက်သွားပုံ မရှိ။

"အမေ ဘာဖြစ်သွားသေးလဲဟင်"

ကိုယ့်မိခင် အရွယ်မို့ အမေဟုပဲခေါ်ကာ သူ ပခုံးကို ဆုပ်ကိုင် မေးတော့

"ဘာမှမဖြစ်ပါဘူး သားရယ်၊ ကားနောက်ကြည့်မှန်နဲ့ လက်နဲ့ ထိမိလို့ နည်းနည်းလေး နာနေတာပါ"

"ဟာ လက်ကျိုးသွားသလား မသိဘူး အဒေါ်ကြီး ပေါ့ပေါ့မလုပ်နဲ့ ညီလေး မင်းမှာ တာဝန်ရှိတယ်"

လူအုပ်ထဲမှာ လူတစ်ဦးက ဝင်ပြောသည်။ အမျိုးသမီးကြီးက ခေါင်းကိုခါရမ်းပြရင်း

"အမေ ဘာမှမဖြစ်ပါဘူး၊ လက်ဆစ်နာသွားတာလောက်ပါ ဒီက ကလေးအပြစ်ချည်း မဟုတ်ပါဘူး၊ အမေကိုယ်က ကားကိုဝင်တိုက် မိသလို ဖြစ်သွားတာပါ"

အမျိုးသမီးကြီး ဝန်ခံရှင်းပြနေမှ ဘေးကလူတွေ ငြိမ်သွားသည်။ သူကလည်း ဒီလို အခြေအနေမှာ ဥပေက္ခာပြုသွားအောင် လူမိုက်ရေး ခေါင်းပါးသူ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ လက်ကို ဆေးခန်းပြပေးပါ့မယ်၊ လာ အမေ ကျွန်တော့် ကားပေါ်တက်ပါ"

"အိုး ရတယ် သား အမေဘာမှ ဖြစ်တာမဟုတ်"

"လာပါ အမေ လိုအပ်ရင် ဆေးလူး ပတ်တီးစည်းရတာပေါ့ ပြီးရင် အမေ့အိမ်အထိ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"အိုး သားရယ် အားနာစရာ"

"အားနာစရာ မဟုတ်ပါဘူး အမေရဲ့၊ လာပါ ကျွန်တော့်အတွက် ဘာမှ ပြဿနာမရှိဘူး"

သူ ကားပေါ်ခေါ်တင်ကာ အနီးဆုံး ဆေးခန်းသို့ မောင်းခေါ်ခဲ့သည်။ အမျိုးသမီးကြီး မျက်နှာမှာ အားနာရိပ်တွေ ထင်ဟပ်နေတာ သိသာသည်။

တကယ့် ရိုးသားဖြူစင်သော အမေ့ကို သူ ပိုလို့စာနာ ကရုဏာ သက်မိသည်။

ဆေးခန်းရောက်တော့ ဆရာဝန်က စစ်ဆေးကြည့်ရှုပေးပြီး မှတ်ချက်ပြုသည်။

"အရိုးမကျိုး မအက်ပါဘူး၊ အဆစ်ရောင်သွားတာလောက်ပဲ ဆေးစည်းပေးလိုက်မယ် အဒေါ်၊ သောက်ဆေးနဲ့ အားဆေး တချို့လည်း ပေးလိုက်မယ်နော်"

ဆရာဝန်က ဆေးစည်းပေးကာ သောက်ဆေးတွေလည်း ပေးသည်။ ဆေးခန်းကထွက်တော့ အမေ အားနာသံနှင့် ပြောမဆုံး။





"သားရယ် အိမ်ရောက်မှ ဒဏ်ကြေဆေးလူးလည်း ရတာကို ဘွယ် အလကား ပိုက်ဆံကုန်တာပေါ့"

"မဟုတ်တာ အမေရယ် ပိုက်ဆံအတွက် မပူပါနဲ့၊ ခဏလေး နေဦးနော်"

ပြောပြီး သူ အမေ့အတွက် စားစရာမုန့်တွေ ဟောလစ်ဘူးတွေ ဆင်းဝယ်လိုက်သည်။

မုန့်ထုပ်တွေ တပွေ့တပိုက်ကြီးနှင့် သူကားထဲ ပြန်ဝင်လာတော့ အမေ့မျက်နှာက ပိုလို့တောင် အားနာရိပ်တွေ လွှမ်းသွားခဲ့ကာ

"ဟင် ဒါတွေက ဘာလုပ်တာလဲ သား"

"အမေ စားစေချင်လို့ ဝယ်လာတာပါ"

"အို မလုပ်နဲ့ မယူပါဘူး၊ အမေကြောင့် မင်းပိုက်ဆံတွေ အများကြီး ကုန်နေပြီ"

"လက်ခံပါ အမေရယ် ကျွန်တော်က စားစေချင်လို့ပါ၊ အမေ့ကို ကျွန်တော့်အမေလို သဘောထားလို့ ကုသိုလ်ရအောင် ဝယ်ပေးတာပါ"

သူ ဖွတ်တောင်းပန်မှ လက်မခံချင်ဘဲ လက်ခံရှာသည်။ အမေ အိုရဲ့ အိမ်ရောက်တော့ သူ သတိထားမိတာ ခြံစည်းရိုး အနားမှာ စီတန်းနေသော စံပယ်ရုံတွေပဲဖြစ်သည်။

စံပယ်ဖူးတွေက မွေးပျံ့နေသည်။ ခြံဝင်းလေးက မကျယ်ဝန်းသော်လည်း ပျဉ်ထောင်အိမ်လေးက သေသေသပ်သပ်လေး ဖြစ်၏။

"သား အထဲဝင်ထိုင်ဦးနော်"

ဗျူးစာပေ

www.burmeseclassic.com



ဖိတ်ခေါ်နေတော့ သူ မငြင်းတော့ဘဲ အိမ်ထဲဝင်ထိုင်မိသည်။ ဧည့်ခန်းထဲက သစ်သားစားပွဲ ဆက်တီနှင့် ကြိမ်ကုလားထိုင်လေးမှာ သူဝင်ထိုင်၏။

"အမေတို့က သားအမိနှစ်ယောက်တည်း ရှိတာ သားရဲ့"

ခြံတံခါးနှင့် အိမ်တံခါးကို သော့ခတ်ထားကတည်းက သူ အံ့ဩနေခဲ့မိတာ ဖြစ်သည်။ အခုတော့ သားအမိနှစ်ယောက်ဆိုတာကြောင့် အမေအို တစ်ယောက်တည်း မဟုတ်ဟု သိလိုက်၏။

"သမီးက အပြင်သွားတယ် သားရဲ့ ဒီတော့ အမေတစ်ယောက်တည်းရှိတာပေါ့ကွယ်"

ပြောရင်း အမေက နောက်ဖေးခန်းထဲ ဝင်သွားတာမို့ သူ ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ကျန်ခဲ့သည်။ အိမ်နံရံပေါ်မှ အငြိမ့်ပွဲကြော်ငြာစာရွက်ကို တွေ့တာမို့ကြည့်တော့

အငြိမ့်မင်းသမီးက စောစောက အမေအိုဖြစ်နေသည်။

"သြော် အမေက အငြိမ့်ကတဲ့ မင်းသမီးကိုး"

သူ တွေးနေတုန်းမှာပဲ အမေ အခန်းထဲက ရေနွေးဇန်းလေး ယူကာ ထွက်လာ၏။

"ဟာ အမေကလည်း လက်အနာကြီးနဲ့ မလုပ်ပါနဲ့"

သူ ပြောရင်း ရေနွေးလင်ဘန်းကို ထယူလိုက်ရသည်။

"ရေနွေးနဲ့ ထန်းလျက်ခဲလေး စားဦးနော် သား"

"အမေ အမေ"





ခေါ်သံနှင့်အတူ အိမ်ပေါ်ကို အပြေးတစ်ပိုင်း တက်လာသော သူ့ကို မြင်လိုက်တော့ သူအံ့ဩသွားကာ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။

"သား ပြန်လာပြီလား"

"ဟုတ်တယ် အမေ၊ လမ်းထိပ် မုန့်ဟင်းခါးဆိုင်က ပြောလိုက်လို့ သား စိုးရိမ်သွားတာ"

"ဈေးထဲမှာ ဖြစ်တာသားရဲ့ ကားတိုက်မိတာ မဟုတ်ပါဘူး၊ အမေက ကားကို ဝင်တိုက်မိတာ ဒီမှာလေ လက်ဆစ်လေး နာသွားရုံလေးကို ဟောဒီသားက ဆေးခန်းပို့ ဆေးဝယ် မုန့်တွေဝယ်ပေးပြီး အိမ်လိုက်ပို့ပေးလို့"

ဒီတော့မှ သူ့မအကြည့်တွေ သူ့ဆီ ရောက်လာကာ မျက်ဝန်းတွေက ဝိုင်းစက်သွား၏။

"ဟို ဟို နောင်ညို့ မွေးနေ့က တွေ့ခဲ့တာ မဟုတ်လား ဟင်"

"ဟုတ်ပါတယ် မသား၊ ကျွန်တော့်ကို မှတ်မိတယ်နော်"

"မှတ်မိပါတယ် ကိုမိုးသောက်ကြယ်"

သူ့ရင်ထဲမှာ ဝမ်းသာသွားမိသည်။ မသားက သူ့နာမည်ကို တောင် မှတ်မိနေသည်ပေါ့။

"သားတို့က မိတ်ဆွေတွေလား ဟင်"

အမေအိုက မေးတော့မှ မသားက ရှင်းပြသည်။

"ဟုတ်တယ် အမေရဲ့ နောင်ညိုတို့ဆီသွားရင်း သိခဲ့ကြတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် မေမေနဲ့ ကိုမိုးသောက်ကြယ် ပြန်ဆုံရတယ်''

"အေးကွယ် သမီးသူငယ်ချင်းဆိုတော့လည်း ပိုပြီး ကျွမ်းဝင်သွားပြီပဲ သား အိမ်ကိုလာလည်နော်''

''ဟုတ်ကဲ့ အမေ''

သူမအမေကို သူက အမေဟုပဲ ခေါ်တာမို့ မုသားမျက်နှာလေးက ရှက်သွားသလို ပန်းနုရောင် သမ်းသွား၏။

သူ့ရင်ထဲမှာ အတိုင်းအဆမသိ ဝမ်းသာနေမိတာ မုသားသိနိုင်ပါ့မလား။ နိုင်နိုင်တို့သာ ဒီအခြေအနေတွေကို သိလျှင် ထိတ်လန့်သွားကြမှာမလွဲ။

အခုတော့ ကံကြမ္မာက သူနှင့် မုသားကို ဆုံတွေ့ခွင့်ပေးခဲ့ပြီ။

ဒါဟာ ကံဆိုးမှုတစ်ခုဟု သူဘယ်လိုမှ မထင်မြင်ပါ။ မုသားနှင့်သူ့ကို ဖူးစာရေးနတ်က ရေစက်ကြုံလို့ ဆုံခွင့်ပေးတာပဲဟု ယုံသည်။

ကျေးဇူးတင်လိုက်တာ ကံကြမ္မာရယ်။

■ ■ ■

## အခန်း (၁၁)

သည့်နောက်ပိုင်းမှာတော့ မုသားတို့ အိမ်လေးကို သူ နေ့စဉ်လိုလို ရောက်ပါသည်။

ရောက်တိုင်းလည်း မုသား မေမေအတွက် သူ စားစရာမုန့်တွေ ဆေးတွေ ဝယ်လာတတ်တာမို့ မုသားမေမေက အားနာစွာပြောမြဲ။

''ဘာမှ ဝယ်မလားနဲ့ သားရယ်၊ အိမ်မှာ သားဝယ်ပေးထားတဲ့ မုန့်တွေတောင် မကုန်သေးဘူး''

''အမေ စားစေချင်လို့ပါ၊ မုသားကော အမေ''

''ဒီနေ့ ရုံးတင်မှာ သူ့အခန်းတွေ ရိုက်ရမယ်ဆိုလို့ သွားတယ်သား မိနည်းနည်း ချုပ်မယ်တဲ့''

မုသားအတွက် သူ စိတ်မောသွားရသည်။ မုသားအနားမှာ

www.burmeseclassic.com



အဖော်တောင် မပါဘူးလား။

"အမေကတော့ အရင်လို သမီးနောက် မလိုက်နိုင်ဘူး သားရယ်၊ ဒါကြောင့် ဟိုဘက်တစ်အိမ်ကျော်က ဒေါ်သစ္စာကိုပဲ အကူအညီတောင်းရတယ်၊ သမီး ရှူတင် ရိုက်ကွင်းတွေဆို သူ အဖော်လိုက်ပေးတာလေ"

"ဪ ဟုတ်ကဲ့"

ဘာပဲဖြစ်ဖြစ် မုသား အနားမှာ အဖော်ပါသည်ဆိုတော့ သူ့ရဲ့ စိုးရိမ်စိတ်လေးတွေ ပျောက်ရပါသည်။

မုသားနှင့် မဆုံတွေ့ပေမယ့်လည်း မုသားမေမေနှင့် သူ စကားတွေ ပြောဖြစ်သည်။ မုသားတို့ သားအမိအကြောင်းတွေကို သူသိခဲ့ရသည်။

"အမေတို့ မျိုးရိုးက သဘင်မျိုးရိုးလေ သားရဲ့၊ အမေ့အမေက အငြိမ့်သမ အမေ့အဖေက လူရွှင်တော်၊ အမေလည်း အငြိမ့်မင်းသမီး ဖြစ်လာတာပေါ့"

မုသားမိခင် ဒေါ်နန်းဝါက အောင်မြင်သော အငြိမ့်မင်းသမီး တစ်ဦးဖြစ်ခဲ့သည်တဲ့။ မုသား ဖေဖေနှင့် အိမ်ထောင်ကျသောအခါ သဘော မတူသော ယောက္ခမတွေက အမွေပြတ်ခဲ့သည်။

ဒါပေမဲ့ မုသားဖေဖေက မိဘအသိုင်းအဝိုင်းကို ဆန့်ကျင်ကာ ဇနီးကိုပဲ အချစ်ပိုခဲ့သည်။

"သားရဲ့ အဖေဘက်က အမွေပြတ် စွန့်တော့လည်း သားအဖေ





ဘ ဂရုမစိုက်ဘဲ မိသားစုကို ပုံချစ်ခဲ့တယ်၊ သမီးလေး မုသားကိုလည်း ညာတတ်အောင် သင်ပေးတယ်၊ အနုပညာဝါသနာ ပါချင်ပါ၊ ပညာရေး ကိုလည်း အလေးထားရမယ်တဲ့ ဒါကြောင့် သမီးလေး အထက်တန်း အထိ ရောက်ခဲ့တယ်"

"မုသားက တက္ကသိုလ် မတက်ဘူးလားဟင်"

"သား ဆယ်တန်းနှစ်မှာ သူ့အဖေဆုံးရှာတယ်၊ အမေရဲ့ အငြိမ့် ကလို့ရတဲ့ ဝင်ငွေလေးနဲ့ သမီးလေး ပညာရေးအတွက် ရည်စူးပေမယ့် အမေလည်း အသက်လေးရလာပြီလေ၊ ခြေဆစ်လက်ဆစ်တွေ နာတဲ့ရော ဂါကြောင့် သိပ်မကချနိုင်တော့ဘူး၊ ဒါကြောင့် သမီးလေး အဝေးသင်ပဲ ဘက်ရရှာတယ်လေ"

"မုသားက အဝေးသင်တက္ကသိုလ် တက်နေတာပေါ့"

"အင်း ဒုတိယနှစ်ရောက်တော့ သားလည်း အနုပညာဘက်ကို ပြီး ဝါသနာပါနေပြီလေ၊ အမေကလည်း ဝင်ငွေမရှိတော့ သားခမြာ ကျောင်းဆက်မတက်နိုင်ဘဲ ဒီလောကထဲ ခြေစုံပစ်ဝင်လိုက်ရတယ်"

မုသား အကြောင်းကြားရတော့ သူ စိတ်မကောင်းပါ။ သားအမိ နှစ်ယောက်တည်း ရုန်းကန်ရသော ဘဝကို စာနာမိ၏။

"သားက ဒီထက်မကတဲ့ အောင်မြင်မှုရအောင် ကြိုးစားနေတာ အခုတော့ ဇာတ်ပို့ဇာတ်ရံ အဆင့်ပဲရှိသေးတယ်၊ အင်း တစ်ခါတစ်ခါ သည်း အောင်မြင်မှုအတွက် အထောက်အပံ့က လိုသေးတာပဲလေ ငွယ်"

အမေ ခံစားချက်တွေကို သူ နားလည်ပါသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မှသားကိုလည်း သူ သနားသည်။

မှသားကို ချစ်သော အချစ်တို့သည် မှသားဘဝလေးကို သေချာစွာ သိလိုက်ရချိန်မှာတော့ ပိုလို့ ကြီးမားလာခဲ့သည်။

သူ ကျောင်းချိန်လစ်ပြီး မှသား ဆီလာနေတတ်တာ မယ်မယ် သိလျှင် တကယ်မလွယ်ပါ။

ဒါပေမဲ့ သူ ဖွတ်တိုးနေမိဆဲ။ နိုင်နိုင်ကလည်း ရိပ်မိနေပေမယ့် တားမရ၍ လွှတ်ထားရပုံနှင့် ရှိသည်။

နှလုံးသားက ချစ်ခြင်းအတွက် မယ်မယ်ရဲ့ စည်းတွေခြောင်တွေကို သူ ကျော်လွန်ခဲ့တာ မှားသည်လား။

မှသားရဲ့ အချစ်ကို သူ ပိုင်ဆိုင်ချင်ပါသည်။

■ ■ ■

## အခန်း (၁၂)

ကျောင်းပိတ်ရက်တွေမှာလည်း မှသားတို့ အိမ်ကိုပဲ သူရောက်တတ်ပါသည်။ အိမ်ကိုတော့ အကြောင်းပြချက်တွေပေးကာ သူ ထွက်ခဲ့တာဖြစ်၏။

"အမေနဲ့ မှသားတို့ စားစေချင်လို့ နန်းကြီးသုပ်တွေ ဝယ်လာတယ်"

"သားရယ် အားနာစရာကွယ် အများကြီးပဲ"

"ကိုမိုးသောက်ကော မစားရသေးဘူးမို့လား။ မှသားတို့နဲ့အတူ စားကြတာပေါ့"

သူနှင့်မှသားတို့ သားအမိရဲ့ ရင်းနှီးမှုကတော့ ခိုင်မြဲခဲ့ပါသည်။ သူရောက်တိုင်း ဖွတ်ထမင်းချူးကျွေးတတ်သော မှသား မေမေကြောင့် အိမ်သောက်အိမ်ပမာ ဖြစ်နေခဲ့ပြီ။

ချူး ၀၁၀၉၀

www.burmeseclassic.com

www.burmeseclassic.com



သူဝယ်လာသော နန်းကြီးသုပ်တွေကို ယူကာ မုသား မမေ...
ပြင်ဆင်နေချိန်မှာ မုသားက ကော်ဖီတွေ ဖျော်သည်။ ပြီးတော့ သ...
းယောက်အတူ ထိုင်ကာ လက်ဆုံစားဖြစ်ကြသည်။

"ကိုမိုး စားနော်၊ အားမနာနဲ့"

"အဟင်း သမီးကတော့ အလျှုရှင်လက်ဖက်နဲ့ မျက်နှာလု...
နေပြီ"

"မတတ်နိုင်ဘူးလေ မမေရဲ့၊ ဒီလိုပဲ လုပ်ရမှာပေါ့ ကိုမိုးက...
စားစေချင်လို့ ဝယ်လာတာကို"

နန်းကြီးသုပ်တွေ စားပြီးတော့ မုသား ဖျော်တိုက်သော ကော်...
သောက်နေတုန်း ဒေါ်နန်းဝါက

"သား ဒီနေ့ကျောင်းပိတ်တယ်မို့လား၊ ဘယ်မှ သွားစရာမရှိရ...
အိမ်မှာ ထမင်းစားပြီးမှ ပြန်နော်"

"ကိုမိုး မမေနဲ့ နေချင်နေခဲ့လေ သားက ဒီနေ့ ကျုန်းမာရေး...
တွက် ပိုစတာ တစ်ခုရိုက်စရာရှိတယ်"

"ဟင် ဟုတ်လား ဘယ်မှာရိုက်မှာလဲဟင်"

"မင်္ဂလာဒုံဂေါက်ကွင်းမှာလေ ဂေါက်ရိုက် အားကစားမယ်...
ပုံစံဒီဇိုင်းနဲ့ ရိုက်ရမှာ"

"ကိုယ် လိုက်ကြည့်ချင်တယ် ဖြစ်မလား"

"ကိုမိုး ကြည့်ချင်ရင် လိုက်ခဲ့ပေါ့၊ တော်ကြာ ပျင်းနေမှာစိုးလို့"

"မပျင်းပါဘူး လိုက်ခဲ့မယ်နော်"





သူ့ရဲ့ကားလေးနှင့်ပဲ မုသားရဲ့ ရှုတင်ရိုက်ကွင်းလေးကို သူလိုက်
...ခဲ့သည်။ ရှုတင်ရိုက်ကွင်းကို ရောက်တော့ အားလုံးရဲ့ အကြည့်တွေက
...သားနှင့် ပါလာသော သူ့ဆီမှာ အကဲခတ်ကြည့်ကြ၏။

"အဟင်း ရှုတင်က လူတွေက ကိုမိုးကို အထင်လွဲတော့မှာပဲ
...ိုက်ကွင်းကို တက္ကစီနဲ့ လာတတ်တဲ့ သားကို ကိုယ်ပိုင်ကားနဲ့လာလို့
...ံ့ဩနေကြပြီ"

မုသားက အားနာမျက်ဝန်းလေးနှင့် ပြောသည်။ သူကတော့
...ိုအကြည့်တွေကိုပဲ ကြည်နူးကျေနပ်စွာ ပြုံးပြုံးလေး ခံယူမိ၏။

မုသား အဝတ်အစားလဲလှယ်ပြီး ဓာတ်ပုံတွေရိုက်တော့ သူ
...ငေးလေးကြည့် ရင်ခုန်ရပြန်ပါသည်။ စပို့ရှပ်လက်တို အဖြူရောင်လေး
...နှင့် ကာကီရောင် စတိုင်ပင်န် ဘောင်းဘီရှည်လေး ဝတ်ဆင်ထားသော
...သား သိပ်လှလွန်းပါသည်။

ပခုံးသာသာထိ ဝဲကျနေသော ဆံပင်ဖြောင့်ဖြောင့်လေးတွေကို
အနက်ရောင် လျှာထိုး ဦးထုပ်လေးဆောင်းထားသော မုသားမျက်နှာ
ကြည်ကြည်လင်လင်လေးက ပေါ်လွင်လွန်းပါသည်။

ခဏနားတော့ မုသား သူ့အနားရောက်လာကာ ပါးချိုင့်လေး
တွေ ပေါ်လွင်အောင် ပြုံးရင်း

"ကိုမိုး ပျင်းနေပြီလား"

"ဟင့်အင်း မပျင်းပါဘူး မုသားရဲ့"

"နောက်ထပ် လေးငါးပုံရိုက်ပြီးရင် ပြီးပါပြီ"



www.burmeseclassic.com

မှသား ခေတ်ပုံရိုက်ကွင်းပြီးသည်အထိ သူ စိတ်ရှည်လက်ရှည် စောင့်ပေးနေတော့

"သား တို့ကအရမ်းကံကောင်းတာပဲ သိလား၊ နားလည်မှုရှိပြီး စိတ်ရှည်သည်းခံတဲ့ မင်းသားချောချောလေး ပိုင်ဆိုင်ထားတာကိုး"

အလှဖန်တီးရှင် သော်သော်က စနောက်တော့ မှသားမျက်နှာလေး ရဲရဲနီသွားခဲ့ကာ

"ဟယ် သော်သော် ဘာတွေ ပြောနေတာလဲ၊ သူက သား အခင်ဆုံး မိတ်ဆွေပါ"

"အံမယ်လေး အချင်းချင်းတွေ လျှို့မနေပါနဲ့နော်၊ တို့ရင်ဘတ်ထဲမှာ ပုဏ္ဏားလေးရှိတယ်၊ ဒီလိုချောချော အတွဲညီညီစုံတွဲက ချစ်သူတွေပဲ လာညာမနေနဲ့"

"ဒုက္ခပါပဲ"

အထင်လွဲပြီး ပြောဆိုလာသော ထင်ကြေးတွေကို မှသားခမျာ မရှင်းနိုင်ရှာဘဲ သူ့ကိုပဲ အားနာမျက်ဝန်းလေးတွေနှင့် ကြည့်တောင်းပန်နေရှာသည်။

"ဟော့ မင်းသားလေး ရှင်ကကော ညာဦးမှာလား၊ သားနဲ့ တကယ် ဘာမှပတ်သက်ဘူးဆိုရင် တို့က ရင်ခုန်ပစ်လိုက်မှာနော်"

သူ မျက်လုံးပြူး ထိတ်လန့်သွားခဲ့ကာ ကသောကမျော ခေါင်းလေးခါရမ်းပြရင်း

"ဟာ မညာဘူး၊ ကျွန်တော် မညာပါဘူးဗျာ မလုပ်ပါနဲ့"





"ကိုင်း မိသား ရှင်ဘာပြင်းဦးမှာလဲ"

"တော်ပြီ တော်ပြီ ကိုမိုးရေ၊ ဒီနေရာက မြန်မြန်သွားကြမယ် ဆရာ သား သွားတော့မယ်နော်"

မှသားက ဒါရိုက်တာကြီးနှင့် ရှုတင်အဖွဲ့သားတွေကို လက်ပြနှုတ်ဆက်ကာ သူ့လက်ကိုဆွဲပြီး ကားဆီ ခပ်သုတ်သုတ်လေး လျှောက်သည်။ ဒါတောင် သော်သော်က လှမ်းကြိမ်းဝါးလိုက်သေးသည်။

"မိသား နောက်တစ်ခါ ရှင့်ရွှေမင်းသား ခေါ်လာရင် တို့စိတ်ထိန်းနိုင်ဘဲ ဖက်နမ်းမိမှာနော် ခစ် ခစ်"

မှသား မျက်နှာလေး ရဲနေသလို သူလည်း ထူပူနေခဲ့ရသည်။ တကယ်မရွယ်တဲ့ အုပ်စုပါလား။

"ကိုမိုး စိတ်မဆိုးပါနဲ့နော်၊ သူတို့က ဒီလိုပဲ"

မှသား အားနာသလို တောင်းပန်တော့ သူ ကားမောင်းနေရင်းက လှည့်ကြည့်ရင်း ပြုံးပြမိ၏။

တကယ်ဆို ကိုယ်တယ်တော့မှ စိတ်မဆိုးဘူး ကျေနပ်ရင်ခုန်နေသေးတယ်လို့ ပြန်ပြောလိုက်ချင်သည်။

ဒါပေမဲ့ မှသားအပေါ် အခွင့်အရေးယူသလို ထင်သွားမှာလည်း ရှိပါသည်။ မှသားရဲ့ ရှုတင်ရိုက်ကွင်းကို သူ လိုက်ခဲ့မိတဲ့အတွက် ဘယ်တော့မှ နောင်တရလိမ့်မည် မဟုတ်ပါ။

ဒီလို မြင်ကွင်း အခြေအနေကို မယ်မယ်သာ သိလျှင်တော့ ရင်ထုမနာ ဖြစ်မှာသေချာသည်။

www.burmeseclassic.com



ဘယ်သူတွေ ဘာပဲပြောပြော မင်းကို ကိုယ်ချစ်တဲ့အချစ်က ပြောင်းလဲသွားမှာ မဟုတ်ဘူး မှုသားရယ်။

■ ■ ■

## အခန်း (၁၃)

ကင်တန်းနိမ့်မှာ သူနှင့် နိုင်နိုင်တို့ အုပ်စုထိုင်နေတုန်း မှုသား ရောက်လာမည်ဟု လုံးဝတွေးမထားခဲ့မိပါ။

သူ့ကို ဦးစွာမြင်တွေ့သူက နိုင်နိုင်ပဲ ဖြစ်သည်။ သောက်လက်စ ကော်ဖီကို ယောင်ယမ်းမျိုချလိုက်သော နိုင်နိုင် ကော်ဖီသီးကာ ချောင်း အဟွတ်ဟွတ် ဆိုးနေတော့ ကြည်မောင်က

"ဘယ်လို ဖြစ်ရတာလဲ နိုင်နိုင်"

"ဘာဖြစ်ရမလဲ ဟိုမှာ ဆိုင်ရှေ့ကြည့်လိုက်စမ်း"

နိုင်နိုင်စကားကြောင့် သူကော ကြည်မောင်ပါ လှည့်ကြည့် ကြသည်။ သူ့မျက်ဝန်းတွေ မိုးကော်ကာ ရင်တွေ တလှပ်လှပ် ဖြစ်သွား ခဲ့။

ဆံနွယ်တွေကို နှမ်းပြေပြေလေး ပေါ်လျှော်အောင် စုစည်းထား

www.burmeseclassic.com



နှောင်ထားသော မုသား။ နားမှာ ဝတ်ထားသော နားကွင်းကြီးကြေ
ခေတ်ဆန်ဆန်လေး လှပနေသည်။

ကျောက်စိမ်းရောင်ထက်အောက် ဝတ်စုံလေးနှင့် သူမ အ
သည် ကင်တင်းနံမှာထိုင်နေသော ကျောင်းသား။ ကျောင်းသူ အားလုံး
သတိထားမိစရာ ဖြစ်နေခဲ့ပါသည်။

သူမအကြည့်တွေက ဆိုင်ထဲကို ဝေ့ဝဲကြည့်ကာ တစ်စုံတ
ယောက်ကို ရှာဖွေနေတာ သိသည်။

မျက်ဝန်းဝိုင်းဝိုင်းလေတွ သူ့ဆီ ဦးတည်လာချိန်မှာတော့ မုသ
ရဲ့ ချစ်စရာ ပါးချိုင့်လေးတွေ ပေါ်လာအောင် ပြုံးသွားရင်း

"ကိုမိုး"

နှုတ်ခမ်းလေးလှုပ်ကာ သူ့အမည်ကို ခေါ်လိုက်တာဟု သိသည်
နှင့် သူ ထိုင်ခုံက ချက်ချင်းထရပ်မိပြီး ဖြစ်သွားခဲ့၏။ ထိုတဒင်္ဂမှာ
တစ်ဝိုင်းတည်း ထိုင်နေသော ကြည်မောင်နှင့် နိုင်နိုင်ကို သူ မေ့ပစ်မိတ
သေချာ၏။

ဆိုင်ထဲကို လှမ်းဝင်လာသော သူမဆီကို သူ့ခြေလှမ်းတွေ
ဦးတည် လှမ်းနေမိပြီးဖြစ်သွား၏။

"ကိုမိုး"

"မှ မုသား ဘယ်ကိုလာတာလဲဟင်"

"ကိုမိုး ဆီလာတာပေါ့ စာသင်ခန်းထဲမှာ မရှိလို့ ကင်တင်း
ဘက်လာရှာတာ"



"ကိုယ့်ဆီ သီးသန့်လာတာလားဟင်"

"ကျောင်းက ပြက္ခဒိန် တစ်ခုအတွက် ဓာတ်ပုံလာရိုက်တာလေ
ကို တွေ့ချင်လို့ လာခဲ့တာ၊ ရိုက်တာက မုသားတစ်ယောက်တည်း
တ်ဘူး၊ တခြား မင်းသား မင်းသမီးတွေပါသေးတယ်"

"ဟုတ်လား"

"အင်း အခုသူတို့ ရိုက်နေတုန်း ထွက်လာတာ"

"လာလေ မုသား ထိုင်ပါဦး၊ တစ်ခုခုသောက်ရင်း ဟိုလေ
ငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့"

စားပွဲမှာ ကျန်ရစ်ခဲ့သော နိုင်နိုင်နှင့် ကြည်မောင်ကို သတိရကာ
သားကို ခေါ်ခဲ့သည်။ မုသားကို သူ ခေါ်လာတော့ နိုင်နိုင် မျက်လုံးတွေ
ကာ အလိုမကျသလို ကြည့်နေတာ သူ သတိထားမိပါသည်။

"ထိုင် မုသား၊ ဒါ ကိုယ်ရဲ့ အခင်ဆုံးသူငယ်ချင်းတွေ သူက
ကြည်မောင်၊ သူက နိုင်နိုင်"

"ဟုတ် ကိုမိုးသူငယ်ချင်းတွေဆိုတော့ သားရဲ့မိတ်ဆွေတွေပဲ
ပေါ့"

ကြည်မောင်က အသိအမှတ်ပြု ခေါင်းညိတ်ပေမယ့် နိုင်နိုင်
ကတော့ ခေါင်းမညိတ်၊ မရယ်မပြုံးဘဲ နှုတ်ဆိတ်နေသည်။

ကျောင်းအထိ မုသား ရောက်လာတာကို နိုင်နိုင် အံ့သြနေပုံ
သည်။ မုသားနှင့် သူရဲ့ခင်မင်ကျွမ်းဝင်မှုကို နိုင်နိုင် အံ့သြနေမှာလည်း
သိကို သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မှသားက ကျောင်းမှာ ပြက္ခဒိန် လာရိုက်တာတဲ့ကွ"

"ဟုတ်တယ် တက္ကသိုလ် အမှတ်တရ ပြက္ခဒိန်လေ"

နိုင်နိုင် ရှေ့မှာ သူဖြေရှင်းတာကို မှသားကလည်း ထောက်ခံ ရှင်းပြ၏။ ဒါပေမဲ့ နိုင်နိုင်ရဲ့ မျက်နှာက တည်ငြိမ်လွန်းနေဆဲ။ မှသား ရိပ်မိသွားမှာ စိုးတာကြောင့် သူ စကားလမ်းကြောင်း ပြောင်းမိသည်။

"မှသား တစ်ခုခု စားလေ၊ ဘာစားမလဲ"

"ဟင့်အင်း ရုံးခန်းက ကျွေးမွေးတာနဲ့ ဗိုက်ပြည့်နေပြီ ကိုမိုးရဲ့"

ထိုအခိုက်မှာပင် မှသားကို တွေ့ကာ မိတ်ဆက်လာသော ကျောင်းသူ တစ်အုပ်ကြောင့် သူတို့ စားပွဲဝိုင်းမှာ လူတွေစုဝေး ရှုပ်ထွေး ကုန်၏။

မှသားကို စကားတွေပြောကြ၊ မေးကြ၊ အော်တိုတွေ ရေးခိုင်း နှင့် ရှုပ်ထွေးနေချိန်မှာ နိုင်နိုင်က

"မိုးသောက် ငါတို့ကလပ်ခ်် တက်ရဦးမယ် သွားကြမယ်"

"မင်းတို့သွားနှင့်လေ ငါလိုက်ခဲ့မယ်"

နိုင်နိုင် တစ်ခုခု ပြောမလိုပြုပြီးမှ ဘာမှဆက်မပြောတော့ဘဲ ကြည်မောင်ကို ခေါ်ကာ ထွက်သွားခဲ့သည်။

သူနှင့်မှသားတို့ကို ဒီကောင် အထင်လွဲသွားတာ သေချာသည်။ မှသားက သူရှိရာ ကျောင်းထဲအထိ လာနှုတ်ဆက်တာ နိုင်နိုင်တွေ့ သွားပြီ။ သူ့ကို တားမြစ်စကားတွေနှင့် တားမြစ်ဦးမှာ သေချာသည်။

သူ သိဂုဏ်ထားသော မှသားနှင့်အကြောင်းတွေ အချိန်မတန်





...င် မယ်မယ်ဆီရောက်သွားလျှင်အခက်။

"ဟင် ကိုမိုး သူငယ်ချင်းတွေကော"

သူမ အနားမှာ ဝိုင်းနေသော လူစုကင်းစင်သွားမှ သူ့ကို မှသား မေးနိုင်တော့သည်။

"သူတို့ အတန်းချိန်ရှိလို့ သွားကြပြီ မှသားရဲ့၊ မှသားကို ...ည်ဆက်ဖို့ ခက်နေလို့ နှုတ်ဆက်မသွားကြဘူး"

"ကိုမိုးကော ဘာလို့ လိုက်မသွားတာလဲ"

"ရတယ် ကိုကလပ်ခ်် မတက်ဘူး၊ မှသားကို ပြန်လိုက်ပို့ ပေးမယ်"

"မှသား မပြန်သေးဘူး ကျောင်းဝင်းထဲ လျှောက်ကြည့်ဦးမယ်"

"ရတယ်လေ ကိုယ်လိုက်ပို့ပေးမှာပေါ့"

ကံကော်တန်းလေးအတိုင်း မှသားနှင့် အတူတွဲလျှောက်ဖြစ် သည်။ မှသားက ကျောင်းဝင်းထဲက ရှုခင်းတွေကို ငေးမောကြည့်ရင်း

"မေမေနဲ့ အမေက မှသားကို တက္ကသိုလ်ကျောင်းကြီး တက်စေ ချင်တာ၊ ဒါပေမဲ့ အခြေအနေက ခွင့်မပြုခဲ့ဘူးလေ"

မှသား ပညာရေးကို သူသိပြီးဖြစ်သည်။ တက္ကသိုလ်ကျောင်း ...င်းကြီးကို မှသား လွမ်းလွမ်းဆွေးဆွေး လိုက်ကြည့်နေတာ သူစာနာ ...ားလည်ပါသည်။

ကံကော်တန်းက ခုံတန်းလေးမှာ အတူထိုင်ဖြစ်တော့ မှသား သူ့ကို မော့ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုး သူငယ်ချင်းတွေက သားကို ကြည့်မရဘူးထင်တယ် နော်"

"ဟာ မဟုတ်ပါဘူး မှုသားရဲ့"

"စောစောက သူတို့မျက်ဝန်းတွေထဲမှာ မလိုလားတဲ့ အရိပ်တွေ လေ ကိုနိုင်နိုင်က ပိုသိသာတာပေါ့"

မှုသား အကဲခတ်နိုင်လောက်အောင် နိုင်နိုင့် အမူအရာက ထင်ရှားနေခဲ့တာမို့ သူဘာမှ မဖြေရှင်းနိုင်ခဲ့။

"သူတို့ မျက်ဝန်းတွေထဲမှာ ကျွန်မကို အထင်သေးတဲ့ အရိပ်တွေ တွေ့နေရတယ်၊ အင်းလေ မှုသားဆိုတဲ့ မိန်းမကလည်း အထင်ကြီးစရာ တစ်ချက်မှ မရှိပါဘူး"

"ဟာ သားကလည်း ဘာတွေပြောနေတာလဲ သားကို ကိုယ် ခင်တယ် အထင်ကြီးလေးစားတယ် နားလည်နိုင်တယ်ဗျာ"

သူ့စကားကြောင့် မှုသား ယဲ့ယဲ့ကလေးပြုံးသည်။ သူ မြတ်နိုး သော ပါးချိုင့်လေးက တစ်ဖက်ပဲ ပေါ်လာ၏။

"ကိုမိုးကို သူတို့တားမြစ်တဲ့ စကားတွေ မပြောဘူးလား၊ မှုသား ဆိုတဲ့ မိန်းမက ယောကျ်ားတကာနဲ့ တွဲနေရတဲ့ အနုပညာသမားလေ"

"ဟာ သားရာ တော်ပါတော့ဗျာ"

"ကိုမိုး စိတ်မကောင်းဖြစ်သွားတာလား၊ ကိုမိုးရဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ သားက ဒေါင်းတွေအုလယ်က ကျီးမည်းတစ်ကောင် ပဲ ဖြစ်နေလိမ့်မယ်"



မှုသား စကားတွေက သူ့ရင်ထဲကို စူးနစ်ခံစားရစေ၏။ မှုသားရဲ့ အင်မြင်ချက်အားလုံးသည် သူ့မိသားစု အသိုင်းအဝန်းကြားမှာ မလွဲ အောင် မှန်ကန်နေခဲ့သည်။

ဒါပေမဲ့ မှုသားကို သူ့ရင်ထဲမှာ သိပ်ချစ်နေတာ မှုသား မသိ သေးတော့ခက်သည်။

"ကိုမိုး သူငယ်ချင်းတွေရဲ့ မျက်လုံးတွေက ကျွန်မကို သတိပေး လိုက်သလိုပဲ မှုသားနဲ့ ကိုမိုးရဲ့ အနေအထားကို နောက်ထပ်တစ်ဆင့် တက်ဖို့ မှုသား နားလည်ပါတယ်"

"တော်ပါတော့ မှုသား ကိုယ် သားကို အရမ်းချစ်နေတာ"

သူ မျိုသိပ်နိုင်စွာ နှုတ်ကဝန်ခံမိတော့ မော့ကြည့်သော မှုသား မျက်နှာလေးမှာ အပြုံးတို့ ကင်းစင်နေခဲ့၏။

"သိပါတယ် ကိုမိုး"

"သားရယ်"

သူ မှုသား လက်ဖဝါးလေးကို မြတ်နိုးစွာ ဆုပ်ကိုင်လိုက်ရင်း မျက်နှာလေးကို ငေးကြည့်မိ၏။

"သားလည်း ကိုမိုးကို ချစ်နေမိတာပါပဲ"

သူ မှုသား ခန္ဓာကိုယ်လေးကို ညင်ညင်သာသာလေး ဖက်တွယ် ထားလိုက်မိသည်။ သားရဲ့ ပွင့်လင်းရိုးသားသော စိတ်ဓာတ်လေးကို နှစ်သက်သည်။

"မတန်မရာလို့ ပြောကြမှာပဲ သား သိပါတယ်၊ ဒါပေမဲ့ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုတွေးထားလျက်နဲ့ သား နှလုံးသား ဆန္ဒကို လိုက်လျောမိသွားတယ်"

"သား"

"ကိုမျိုး"

"အချစ်အတွက် အရေးမပါတဲ့ အကြောင်းတွေ မပြောနဲ့တော့ သားရယ်၊ ဘဝဆိုတာ ဖန်တီးပြုပြင်လို့ရတယ်၊ နှလုံးသားကိုတော့ ဖန်တီးပြုပြင်ယူလို့ မရဘူး"

အချစ်ကို မိုက်မဲစွာ တိုးဝင်လိုက်မိခဲ့ပြီလား။ ဒါဆိုလျှင်လည်း ဖြစ်လာသမျှကို သူ ရင်ဆိုင်ချင်ပါသည်။

နှလုံးသားမှာ သား တစ်ယောက်တည်း ချစ်ခဲ့သည်ဆိုတာ

■ ■ ■

## အခန်း (၁၄)

"ဒယ်ဒီ တစ်ယောက်တည်း ဘာတွေတွေးပြီး ပြုံးနေတာလဲ"

သားရဲ့ အမေးစကားသံက သူ့အတိတ်ပုံရိပ်တွေကို လွင့်ပါးသွားစေခဲ့သည်။ အခန်းတံခါးဖွင့်ပြီး သား ဝင်လာတာတောင် မသိလိုက်ပါလား။

သားနဲ့သူ့ရဲ့ အတိတ်တွေထဲကို သူ လွင့်မျောသွားခဲ့တာ သားသိမည် မဟုတ်ပါ။

"သား အခန်းထဲရောက်လာတာ နှစ်မိနစ်လောက်ရှိပြီ ဒယ်ဒီ ခရင်းဘတ်ပေါ်မှာ ထိုင်ပြီး ငြိမ်နေတာ ကြာပြီ"

"အင်း ဒယ်ဒီ အတွေးလွန်သွားလို့ သား"

"ဘာလဲ ဒယ်ဒီရဲ့ ငယ်ရည်းစား ဒေါ်မှုသားဆီ အာရုံရောက်သွားတာလား အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့မုသားအကြောင်း သူပြောပြထား၍ သိနေသော သားက ပြုံးပြုံးလေးမေးတော့ သူလည်း အရှက်ပြေလေး ပြုံးလိုက်မိ၏။

"ဩော် ဒယ်ဒီ မမမိုးစင် ရောက်နေတယ်"

သား စကားကြောင့် သူ မျက်ခုံးတွေ ပင့်တက်သွားခဲ့သည်။ မိုးစင် ရောက်နေသည်တဲ့။ အိမ်အထိတောင် ရောက်လာတာ ဘာကိစ္စကြောင့်လည်းမသိ။ တကယ်ဆို ဖုန်းဆက်လို့လည်း ရသည်။

"အေး အေး သား"

ပြောပြီး သူအခန်းထဲက ထွက်ခဲ့လိုက်သည်။ မုသား အကြောင်းတွေ တွေးနေတုန်းမှာ မိုးစင် ရောက်လာပြန်သည်။

မုသားလိုပဲ ချစ်ရာ ပါးချိုင့်လေးတွေနှင့် ကောင်မလေး မုသားလိုပဲ အနုပညာကို ဝါသနာကြီးမားသည့် ကောင်မလေး။

ဒီကောင်မလေးရဲ့ ဝါသနာကိုတော့ မိခင်ဖြစ်သူက သဘောမကျနိုင်ပါချေ။ အနုပညာကို တစ်စက်လေးတောင် ဝါသနာမပါဘဲ စီးပွားရေးကိုမှ အာရုံကြီးမားသည့် မိုးစင်ရဲ့ မိခင် ဒေါ်မာနဖြူကို သူ မမြင်ဖူးပါ။

နာမည်နဲ့လိုက်အောင် မာနကြီးသည်လား။ ဖြူစင်သော မာနပဲလား။ အတွေးတွေက ဧည့်ခန်းထဲမှာ ထိုင်စောင့်နေသော မိုးစင်ကို မြင်တော့ ပြတ်တောက်ကုန်၏။

"မိုးစင်"

"ဩော် ဦး အိပ်နေတာလားဟင်၊ မိုးစင် အားနာလိုက်တာ"

"မအိပ်ပါဘူးကွာ မိုးစင် ကိစ္စရှိလို့လား ဖုန်းဆက်လို့လည်း





ရရက်နဲ့ ဘာဖြစ်လို့လဲ အရေးကြီးသလား"

မိုးစင်ရှေ့က ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ရင်း သူမေးတော့ မိုးစင် ခေါင်းလေးညိတ်ရင်း

"ဖုန်းနဲ့ ခွင့်မတောင်းချင်လို့ ကိုယ်တိုင်လာလိုက်တာပါဦး"

သူ မျက်မှောင်ကုပ်သွားမိသည်။ ခွင့်တောင်းချင်သည် ဆိုသော ကိစ္စကြောင့် အံ့ဩမိတာဖြစ်သည်။

"မိုးစင် လာမယ့် မန်းဒေးကစပြီး ခွင့်သုံးရက်လောက် လိုချင်လို့ပါဦး"

"ခွင့်သုံးရက် ဟုတ်လား"

"ဟုတ်ပါတယ် ဦး"

ကြည်ကြည်လင်လင်လေး လှပနေသော မျက်နှာလေးကို သူ အကဲခတ်ကြည့်မိ၏။ နေထိုင်မကောင်းဖြစ်သည့် အရိပ်အယောင် မတွေ့ရသေး။

"ဘာကိစ္စ အတွက်လဲ မိုးစင်၊ ခွင့်ရက်က သုံးရက်ဆိုတော့"

"မိုးစင် ကြော်ငြာကိစ္စ တစ်ခုအတွက်ပါ ဦး၊ ဆရာဦးဝေမိုးက မိုးစင်ကို ကြော်ငြာတစ်ခုအတွက် ငှားလို့ပါ"

သူရဲ့ကြော်ငြာ ရိုက်ကူးပြီးကတည်းက ဒါရိုက်တာ ဦးဝေမိုး မိုးစင်စင်ရဲ့ သရုပ်ဆောင်မှုကို သဘောကျသွားခဲ့တာ သိပါသည်။ အခုတော့ သူကြိုတင်တွေးဆထားသည့် အတိုင်း မိုးစင်စင်ရဲ့ လမ်းစလေး ပွင့်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို မိုးစင်ရဲ့ အလုပ်တွေကို အလုပ်ပြန်ဆင်းတဲ့ ရက်ကျရင် အားလုံးဖြုတ်ပေးပါ့မယ်၊ ပိတ်ရက်တွေမှာလည်း မိုးစင် ဆင်းပေးမှာပေါ့"

သူ့ကိုတောင်းဆိုရင်း အာမခံချက်တွေပေးနေသော မိုးစင်စင်ကို ကြည့်ကာ သူပြုံးလိုက်ရင်း

"ကိုယ် ခွင့်မပေးရင် မင်းချက်ချင်းပဲ အလုပ်ထွက်တော့မယ် ထင်တယ်"

"ဒီသဘောမဟုတ်ပါဘူး၊ မိုးစင်အပေါ်မှာ ဦးရဲ့ကျေးဇူးတွေ ရှိနေတာ မိုးစင် သိပါတယ် ဦး"

"မဟုတ်ဘူးလေ မိုးစင်က ဦးဆီမှာကြိုတင် သတိပေးထားချက် ရှိဖူးတယ်လေ"

"ဟို မိုးစင် ဒီသဘော မလုပ်ပါဘူး"

သူမလေး ဖြေရခက်နေတာကို ကြည့်ရင်း သူ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိ၏။ ထိုအချိန်မှာပဲ သားက အအေးဗန်းလေး ကိုင်ကာ ဧည့်ခန်းဆီ ထွက်လာ၏။

"မမမိုးစင် သုံးဆောင်ပါဦး"

"ကျေးဇူးပါ တံခွန်"

မိုးစင် ပြောရင်း တံခွန်ကမ်းပေးသော အအေးဖန်ခွက်လေးကို လှမ်းယူကာ စားပွဲလေးပေါ် လှမ်းတင်သည်။

"စောစောက မမနဲ့ ဒယ်ဒီ ပြောနေတာ ကြားမိသလောက် မမ အလုပ်ထွက်တော့မယ်ဆို"



"ဟယ် မဟုတ်ပါဘူး မောင်လေးရဲ့"

"မိုးစင် အလုပ်ထွက်မယ်ဆိုလည်း ဒယ်ဒီက ချက်ချင်း ခွင့်မပြု သေးဘူး သားရဲ့၊ အခုမိုးစင်က ကြော်ငြာတစ်ခု ရိုက်စရာရှိလို့ ခွင့် ာင်းတာပါ"

"ဟာ ဟုတ်လား မမ ဘာကြော်ငြာလဲ ဒယ်ဒီ့လုပ်ငန်းပဲလား"

"မဟုတ်ပါဘူး မောင်လေးရဲ့ စားသောက်ကုန်ပစ္စည်း တစ်ခု ငြာပါ ဆရာဦးဝေမိုး ရိုက်မှာလေ"

"ဟာဗျာ ဝမ်းသာစရာပဲ မမကတော့ မကြာခင်မှာ အောင်မြင် မှာ သေချာတယ်၊ အခုပဲ ကြော်ငြာတွေ ဆက်တိုက်ရိုက်နေရပြီပေါ့ ဒီကလည်း နောက်ထပ် ရေမွှေးကြော်ငြာ ရိုက်ဦးမှာတဲ့"

သားစကားကြောင့် မိုးစင် သူ့ကို မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် ကြည့်၏။

"ဟုတ်တယ် မိုးစင် ဦး ဆက်ရိုက်ဖို့ စဉ်းစားထားတာတွေရှိနေ အခုလည်း မိုးစင်ရဲ့ ခွင့်ရက်ကို ဦးခွင့်ပြုပါတယ်၊ အဲ တစ်ခု န်းပန်ချင်တာက ဦးရဲ့ကုမ္ပဏီစာရင်းတွေကို တတ်နိုင်သလောက် ပါဦး"

"ဟာ စိတ်ချပါ ဦး မိုးစင်ရဲ့ ကျေးဇူးရှင် ဦးအတွက် မိုးစင် ်အခံဖြစ်အောင် မလုပ်ပါဘူးရှင်"

"မိုးစင် စိတ်ကို ဦးနားလည်ပါတယ်၊ ဒါပေမဲ့ မိုးစင်ရဲ့ ဝါသနာ ကိုလည်း ဦးက အားပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ဆန္ဒအတိုင်း ဆိုမိတာဖြစ်သည်။ အမှန်တကယ်လည်း မိုးစင်ရဲ့ အနုပညာအတွက် သူ့ဘက်က တတ်စွမ်းသလောက် ပံ့ပိုးပေးချင်သည်။

သူ့ရုံးခန်းမှာ မိုးစင်က စိတ်ချယုံကြည်ရသော ဝန်ထမ်း ဖြစ်နေ စေဦးတော့ မိုးစင်အတွက် အဆင်ပြေသော လမ်းစလေး မြင်တွေ ပြီဆိုလျှင် သူ့အလုပ်က ထွက်ဖို့ ခွင့်ပြုမှာပဲ ဖြစ်သည်။

ဒီမိန်းကလေးအပေါ်မှာ သူ့ဘက်က စေတနာတွေ ထားရှိ မိတာ မှသားကို မပေးဆပ်ခဲ့ရသော ပေးဆပ်မှုအတွက်ပဲ ဖြစ်၏။

ဝမ်းသာအားရနှင့် နှုတ်ဆက်ပြန်သွားသော မိုးစင်ကိုကြည့်က မှသားကို သတိရမိပြန်ပါသည်။

ချစ်စရာကောင်းသော ပါးချိုင့်လေးတွေနှင့် အနုပညာ ဝါသ ထုံလွှမ်းသော မိုးစင်သည် လောကကြီးထဲမှာ မရှိတော့သော မှသာ ကိုယ်စား ပြန်လည်ရောက်ရှိလာတာလား။

မင်းမျှော်လင့်ချက်လေးတွေ ပြည့်ပါစေ မိုးစင်စင်ရယ်။

■ ■ ■



## အခန်း (၁၅)

ဗလနိုင် ဖျော်ပေးသွားသော ကော်ဖီကို ဖှာစ်ငုံဖော့သောက်လိုက်တော့ ခပ်နွေးနွေးတောင် ဖြစ်နေပြီ။

ရုံးဆင်းချိန်ကျော်လွန်သွားခဲ့တာ ဆယ်မိနစ်လောက်ရှိပြီ၊ ဒါပေမဲ့ သူ မပြန်ဖြစ်သေးဘဲ ရုံးခန်းထဲမှာ စာရင်းတွေ ကွန်ပျူတာထဲ ထိုင်သွင်းနေခဲ့သည်။

မိုးစင်စင် ခွင့်ယူထားသော သုံးရက်မှာ သူမ လုပ်ရမည့်အလုပ်တွေအတွက် သူကိုယ်တိုင်ပဲ လုပ်နေဖြစ်သည်။ သူမ အလုပ်ပြန်ဆင်းလာသောအခါ အလုပ်ပိုတွေနှင့် ပိမနေစေချင်၍ ဖြစ်သည်။

ဒါကြောင့်လည်း ရုံးဆင်းချိန်ကျော်လွန်သည်အထိ သူ ရုံးခန်းထဲမှာ ရှိနေခဲ့တာ ဖြစ်သည်။

ရုံးခန်းတံခါးအပြင်က လူခေါ်ဘဲလ်သံ တိုးတိုးလေး ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ လှမ်းကြည့်မိ၏။ ရုံးစောင့်ကြီး ဦးသောင်းပဲ ဖြစ်မည်။ ကျ
သည့် ဝန်ထမ်းတွေ ပြန်ကုန်ကြပြီပဲ။

"ဝင်ခဲ့လေ"

တံခါးပွင့်သွားခဲ့ကာ ဝင်လာသူက ဦးသောင်း မဟုတ်ပါ။
မိုးစင်စင် ဖြစ်နေတာမို့ သူ အံ့ဩသွား၏။

"ဟင် မိုးစင်"

"ဟုတ်တယ် ဦး၊ အခုပဲ ရှုတင်က ပြန်ရင်း ရုံးခန်းလှည့်ဝ
လာတာ ဦးလေးသောင်းက ဦး မပြန်သေးဘူးဆိုလို့"

"ဪ ဟုတ်တယ်၊ ဒီမှာ စာရင်းလေးတွေ ဖြတ်နေလို့ ပြ
ပါပြီ"

"မိုးစင် မနက်ဖြန် အလုပ်စဆင်းမယ် ဦး၊ အစောကြီးလာ
မယ် ပြီးရင် အိုဗာတိုင်ဆင်းပြီး အလုပ်တွေ ဖြတ်ပေးပါ့မယ်"

"ရပါတယ်ကွာ၊ မင်းပုံမှန်အတိုင်းပဲ ဆင်းပါ၊ မိုးစင် အလု
တွေ အကြွေးမတင်အောင် ဦး နေ့တိုင်း ဖြတ်ပေးထားတယ်၊ အ
ဘာမှ လုပ်စရာမရှိသလောက်ပဲ"

"ရှင်"

မိုးစင်စင် အံ့ဩသလို မျက်ဝန်းလေးတွေ ဝိုင်းစက်သွား
သူမ အလုပ်တွေကို သူကိုယ်တိုင် လုပ်ပေးနေတာကြောင့် အံ့ဩသွာ
တာဖြစ်ပုံရသည်။

"ဟို ဦး မိုးစင်ကို စိတ်ဆိုးနေတာလားဟင်၊ မိုးစင်ကြောင့်



ဦး အခက်အခဲတွေ ဖြစ်ကုန်ပြီလား"

"ဟာ နိုး နိုး မိုးစင်ကို ဦးက စိတ်ဆိုးစရာအချက်မှ မရှိပါ
ဘူး။ ကဲ မိုးစင်ကို ဦး တိုင်ပင်ဆွေးနွေးစရာရှိတယ်"

"ဒါဆို မိုးစင်လည်း ဦးနဲ့တံခွန်ကို ဒင်နာနဲ့ ဂုဏ်ပြုကျွေးမွေး
ချင်လို့ပါ"

"ဟင် ဘာအတွက်လဲ မိုးစင်ရဲ့"

"ဟိုလေ ဦးရဲ့ကြော်ငြာတုန်းက ဘာမှ ကျွေးခွင့်မရခဲ့ဘူးလေ၊
အခု ကြော်ငြာရိုက်တာ မိုးစင် သရုပ်ဆောင်ကြေးရလာတယ်၊ အဲဒါနဲ့
ဦးတို့သားအဖကို ကျွေးမွေးချင်လို့ပါ"

မိုးစင် စကားကြောင့် သူ့ရင်ထဲမှာ နွေးခနဲ ခံစားရသည်။
မိုးစင်ရဲ့ဖြူစင်သော မျက်ဝန်းလေးတွေထဲ သူ စိုက်ကြည့်ရင်း

"ဒါဆိုရင်တော့ နောက်တစ်ရက်ရက်မှ ကိုယ်တို့သားအဖကို
ကျွေးမွေးပေတော့၊ တံခွန်က ဒီညနေ သူ့ရဲ့ Guide နဲ့ အိမ်မှာကျူရှင်ရှိ
တယ်ကွ၊ အခု ဒီညနေ ဦးက မိုးစင်ကိုကျွေးမွေးမယ်၊ ပြီးတော့ ဦးတိုင်ပင်
စရာ ရှိတယ်ဆိုတာ ဆွေးနွေးရင်းပေါ့"

"ဟုတ်ကဲ့ ဦး"

သူတို့နှစ်ဦးသား ရုံးခန်းထဲမှာ အတူထွက်ခဲ့ကြသည်။ ညနေစာ
စားပြီး အေးချမ်းစွာ စကားပြောလို့ရမည့် ဟိုတယ်တစ်ခုကို ထွက်ခဲ့
လိုက်၏။

သူ ကြိုတင် တွေးဆထားသည့်အတိုင်းပါပဲ။ သူ့ဆီက စကားကို

www.burmeseclassic.com



ကြားတော့ မိုးစင်စင် မယုံနိုင်သလို မျက်ဝန်းလေး ဝိုင်းစက်သွားခဲ့
"ဦး ဦး ဘာပြောလိုက်တယ်"
"ဦး ဆိုလိုတာက မိုးစင်ကို ဒါရိုက်တာ ဦးဝေမိုးနဲ့စီစဉ်တိုင်
ပြီး ဗွီဒီယိုဇာတ်ကား သုံးကား ဦး ရိုက်မယ်၊ ပြီးတော့ ဦးရဲ့အလှ
ပစ္စည်းကြော်ငြာ သုံးခုလောက်လည်း ရိုက်စရာရှိတယ်"
"ရှင်"
"ဟုတ်တယ် မိုးစင်၊ အဲဒီအတွက် ဦးက မိုးစင်အတွက် ထို
တန်တဲ့ အနုပညာကြေးအပြည့်အဝ ပေးမယ်၊ မိုးစင်ရဲ့ဝါသနာနဲ့ အ
ပညာစိတ်ကို ဦးအပြည့်အဝ ယုံကြည်တယ်"
"မိုး မိုးစင် အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော်"
"အိပ်မက်ဆိုလည်း မိုးစင်အတွက် လှပတဲ့အိပ်မက် ဖြစ်မှာ
မိုးစင် အိပ်မက်လေး ရှင်သန်အောင် ကြိုးစားပေါ့၊ ဦးဘက်က အပြည့်အ
ကူညီမယ်၊ အဲ တစ်ခုတော့ ရှိတယ်၊ မိုးစင်အနေနဲ့ ဒီအခြေအနေ
မိုးစင်ရဲ့ မေမေကို အသိပေး တိုင်ပင်စေချင်တယ်"
"ဟင် ဘာလို့လဲဟင် ဦး"
"မိုးစင်ရဲ့အုပ်ထိန်းသူ သိသင့်တယ် ထင်တယ်၊ ပြီးတော
မိုးစင်ဟာ မိခင်ရဲ့အရိပ်အောက်မှာ ရှိသင့်တယ်လေ၊ မိုးစင်အတွ
လမ်းပွင့်နေပြီဆိုတော့ မိုးစင်ရဲ့မေမေ ခွင့်ပြုမှာပါ"
"ဟင့်အင်း ဦးက ဒီလို ထင်နေသလား၊ မေမေက လက်
ဖို့ မလွယ်ပါဘူး"



"ဟင် ဘာလို့လဲ"
"ဘာလို့လဲဆိုတော့ မေမေက အနုပညာကို ဝါသနာလုံးဝမပါ
ဘူး၊ အားမပေးဘူးလေ"
မိုးစင်စင်ရဲ့မိခင်က ဒီလောက် အထိတောင် အတ္တဆန်လွန်း
သလားဟု သူတွေးမိ၏။ သူ့ရဲ့မိဘတွေလို အနုပညာကို အထင်မကြီး
ချတဲ့ စိတ်ဓာတ်မျိုး ရှိသူလား။
"မေမေက အနုပညာဆိုလို့ သီချင်းဖွင့်နားထောင်တာမျိုး
တောင် မရှိဘူး၊ မေမေ တီဗွီကြည့်ရင် သဘောလောက်ပဲ၊ မေမေ ဖတ်
တဲ့ စာပေတွေကတော့ စီးပွားရေးသဘောင်းတွေပဲ"
"အဲဒီလောက်တောင်ပဲလား"
"ဟုတ်တယ် ဦး၊ မိုးစင် အသိဆုံးပါ၊ ဦးက မိုးစင်ကို မြေတောင်
မြှောက်ပေးလို့ မေမေက ကျေးဇူးတင်မယ်ထင်သလား၊ မေမေ့စိတ်ကို
မိုးစင် အသိဆုံးပါ"
ဒေါ်မာနဖြူ အကြောင်းတွေကို မိုးစင်ကပဲ အသိဆုံးဖြစ်မှာ
သေချာသည်။ သူ လက်ခံပါသည်။ အနုပညာကို မခံစားတတ်ရုံမက
အနုပညာသမားတွေကို အထင်သေးတတ်သော မယ်မယ်တို့ကြောင့် သူနဲ့
သားတို့ဘဝတောင် နီးလျက် ဝေးခဲ့ရဖူးသည်။
"ကောင်းပြီ မိုးစင်၊ ဦးကတော့ မိုးစင်ဆန္ဒလေးကို ဖြည့်ဆည်း
ပေးမယ်၊ ဒါ ဦးရဲ့စေတနာနဲ့ ယုံကြည်ချက်ကြောင့်ပဲ၊ တခြား ဘာမျှော်
လင့်ချက်မှ မပါဘူးဆိုတာ မိုးစင် ယုံပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးကို မိုးစင် အကြွင်းမဲ့ ယုံပါတယ်ရှင်"

မိုးစင်စင် ပါးချိုင့်လေးခွက်အောင် ပြုံးရင်း သူ့ကို မျက်ဝန်း ရွှန်းရွှန်းလေးတွေနှင့် ကြည့်ကာ ပြောသည်။

သူတို့နှစ်ယောက်ကြားမှာ သေးမျှင်သော ကြိုးတစ်ချောင်းက နိုင်မြဲစွာ ချည်နှောင်မိပြီ ထင်၏။ ဒါ သံယောဇဉ်ကြိုးပဲ ထင်သည်။

လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်က မှသားသည် အခု သူ့ရှေ့ မှောက်မှာရှိနေသော မိုးစင်စင် မဟုတ်တူးဆိုတာ သူ သိပါသည်။ ဒါပေမဲ့ မှသားလိုပဲ သူ့စိတ်အာရုံကို မိုးစင်စင်က သိမ်းပိုက်နိုင်စွမ်း၏။

သူမ ရည်ရွယ်ချက်ဆန္ဒတွေ ပြည့်ဝ ပျော်ရွှင်မည်ဆိုလျှင် တစ်ခ် တုန်းက မှသား ဆန္ဒတွေ ပြည့်ဝသွားသလို သူ ခံစားကျေနပ်နိုင်ပါသည်

ဒါ သူ့ရင်ထဲက ဆန္ဒ ယုံကြည်ချက်ပဲ ဖြစ်၏။

■ ■ ■

အခန်း (၁၆)

"မိုးစင်ကို အဲဒီလို မျက်ဝန်းတွေနဲ့ မကြည့်စမ်းပါနဲ့ နိုင်း"

နိုင်းဝီရရဲ့မျက်ဝန်းတွေကို လက်မခံနိုင်စွာ မိုးစင် ဆိုမိသည်။ ဲ အကြည့်တွေမှာ ရယ်ရွှင်မြူးတူးရိပ်တို့ မမြင်ရ။

အမြဲတမ်း စိတ်ညစ်စရာတွေကို နှစ်ဦးစလုံး ရယ်မောစရာတွေ ငြ် နှစ်သိမ့်ဖြေဖျောက်တတ်ကြစမြဲ။ အခုမှ ဘာကြောင့် နိုင်း သူမနဲ့ ာ မပျော်ရွှင်နိုင်ရတာတဲ့လဲ။

နိုင်းဝီရရဲ့ အမြဲတမ်း ကြည်လင်နေသော မျက်နှာသည် ဝတ် ထားသော သူ့ရဲ့ မီးခိုးရောင်မှိုင်းမှိုင်း တီရှပ်လိုပဲ ရှိနေ၏။

သူ့အကြည့်တွေကို မနှစ်မြို့စွာ မိုးစင် ခပ်စူးစူးလေး ပြန်ကြည့် သော့ နိုင်းဝီရ တွန့်ကုပ်ထားသော မျက်ခုံးတို့ ဖြေလျော့ချပစ်ရင်း

"ဘယ်လို ကြည့်မိလို့လဲ စင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်း အကြည့်တွေက မယုံကြည်သလိုပဲ"

နှိုင်း ဟက်ခနဲ ရယ်သည်။ ရယ်သံမှာ အသက်မဲ့နေတာ မိုးစင်သိ၏။ ရင်းနှီးလာခဲ့သော ချစ်သူ သက်တမ်းပင် မနည်းတော့ဘဲလေ

"မယုံချင်စရာကြီး ဖြစ်နေလို့ပါကွာ၊ တစ်မျိုးတော့ တစ်မျိုးကြီးပဲလေ"

"ဘာကို နှိုင်းက မယုံကြည်တာလဲ ပြော"

"ရုပ်ရှင်မင်းသမီး ဖြစ်ချင်နေတဲ့ စင်လေးကို မြေတောင်မြှောက်ပေးမယ်ဆိုတာ သိပ်စိတ်ကူးယဉ်ဆန်မနေဘူးလား"

ဒီမေးခွန်းကိုပဲ မိုးစင် မကြိုက်တာ။ နှိုင်း မေးခွန်းမှာ သံသယတွေက သိပ်ကြီးမားနေသည်။ ထိုသံသယတွေရဲ့နောက်ကွယ်မှာ မိုးစင်နဲ့ ဦးရဲ့သိက္ခာတွေလည်း ထိပါးခံနေရနိုင်သည်။

"ဘာကိုပြောတာလဲ နှိုင်း၊ ဘာမဖြစ်နိုင်စရာ ရှိသလဲ၊ ဦးမှာငွေကြေးပြည့်စုံတယ်၊ ဒါထက်ပိုပြီး လေးစားစရာကောင်းတာက အနုပညာစိတ်ပဲ၊ မိုးစင်က အနုပညာဝါသနာကြီးတာ ဦး သိတယ်၊ လက်တွေ့လည်း လုပ်ပြနိုင်တယ်၊ ဒါကို အားတက်သရောဖြစ်ပြီး ဦးက ငွေကြေးစိုက်ထုတ် ကူညီပေးတယ်၊ မိုးစင်အတွက် ရနိုင်ခဲ့တဲ့ အခွင့်အလမ်းကောင်းကို နှိုင်း ဘာကြောင့် ဝေဖန်နေတာလဲ၊ မိုးစင် ဖြစ်အောင်ကြိုးစားကြည့်ချင်တယ်"

ရင်ထဲက ဒေါသတွေကို မျိုသိပ်ပြီး မိုးစင် ရှည်ရှည်ဝေးဝေးကြီးကို ရှင်းပြမိ၏။ ဒါပေမဲ့ နှိုင်းဝီရ လက်မခံနိုင်သေး။





"စင်လေးက တော်တော် အ,တာပဲ"

"ဘာရယ်"

"ဟုတ်တယ် တမင်အ,ချင်ယောင်ဆောင်နေတာလား။ တယ်ဆို စင်လေးကို သူက အဲဒီလို ဖြည့်ဆည်းပေးဖို့အတွက် အကြောင်းပြချက်က ဘာလဲ၊ ဒါ အကွက်ဆင်မှုသက်သက်ပဲ"

"နှိုင်း ဘာတွေပြောနေတာလဲ၊ ဘာအကွက်ဆင်တာလဲ"

"စင်လေးနဲ့ နီးစပ်သွားအောင် သူ အကွက်ဆင်တာပေါ့"

"ဟာ အဲဒီလို အခြေအမြစ်မရှိ စွပ်စွဲချက်တွေနဲ့ နှိုင်း မစွပ်စွဲသင့်ဘူး"

"ဟာ ဟ ဒါ စွပ်စွဲတာလား"

နှိုင်းနှုတ်က လှောင်ရယ်သံက ခံရခက်စေပါသည်။ နှိုင်းဝီရက ချစ်သူကို ဒီလို လှောင်ပြောင်တတ်ပြီလား။

ဒေါ်မာနဖြူရဲ့တစ်ဦးတည်းသော သမီး ဘဝမှာတောင် 'မိုးစင်' သည် သိက္ခာတရားနှင့်ပတ်သက်ပြီး နည်းနည်းလေးမှ ထိပါးမခံခဲ့။ အနားမှာ ဝိုင်းဝန်းနေသော ယောက်ျားတွေကို အာရုံမဝင်စားခဲ့။

နှိုင်းဝီရဆိုသော ချစ်သူတစ်ယောက်ကိုပဲ သစ္စာရှိရှိ တွယ်တာခဲ့သည်။

ဒါနဲ့တောင် နှိုင်းက အထင်သေးရက်သည်။ သူမ သိက္ခာကို ဘိုက်ရိုက်စော်ကားရဲ၏။

"စင်လေးက သိပ်နာတတ်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"နှင်း ကလေးကလား စကားတွေမပြောနဲ့၊ ဦးမိုးသောက်ကြယ်မှာ အဲဒီလို ရှုးကြောင်ကြောင် စိတ်ကူးတွေ မရှိဘူး၊ ပြီးတော့ နှင်း သံသယဝင်နေတဲ့ စိတ်ဓာတ်မျိုး မရှိဘူး"

"ဘာလို့လဲ စင်လေး၊ အရွယ်ကြောင့်လား၊ သူ့ကို ကိုယ် အသေအချာ မြင်တွေ့ဖူးပါတယ်၊ အသက်အရွယ်အရ ကြည့်ရင် ကိုယ့် အဖေလောက် ရှိပေမယ့် တကယ်နုပျိုပြီး စမတ်ကျတဲ့ယောက်ျားပဲ"

ဒါကြောင့် နှင်း စိုးရိမ်နေတာ ထင်ပါသည်။ နှင်း ပြောရလောက်အောင်လည်း ဦးက နုပျိုသည်၊ ဒါပေမဲ့ ဦးမှာက ဘယ်မိန်းကလေးနှင့် ပတ်သက်ဖူးတာမျိုးမရှိ။ မကြားဖူးပါ။

ဒါကို နှင်း သေချာစုံစမ်းမထားဘူး ထင်ပါသည်။

"စင်လေး စဉ်းစားကြည့်စမ်း၊ သူ့ရဲ့ကိုယ်ပိုင်တိုက်ခန်းကိုပေးပြီး စင်လေးကို နေခွင့်ပေးတယ်တဲ့၊ သူ့မှာ သော့တစ်ချောင်း ရှိနေဦးမှာပေါ့၊ အဲဒီသော့နဲ့ စင်လေး အခန်းကို သူ ဝင်ချင်တဲ့အချိန်ဝင်"

"ဟာ နှင်း တော်တော့"

မိုးစင် နားကျင်ခံရခက်စွာ အော်ဟစ်တားမြစ်ပစ်လိုက်တော့ နှင်း စကားသံတွေ ရပ်တန့်သွားပေမယ့် အကြည့်တွေက ရပ်သိမ်းမသွားခဲ့။

"နှင်း သိပ်လွန်သွားပြီ"

"ကိုယ်မလွန်ဘူး စင်လေး၊ စင်လေး ဖြစ်ချင်တဲ့ဆန္ဒတွေ ဖုံးလွှမ်းပြီး အမှန်ကို မမြင်နိုင် ဖြစ်နေတာပဲ၊ စင်လေး အဲဒီလူကြီးရဲ့



ယက်ထဲမှာ မိနေပြီ"

"နှင်း အဲဒီလိုမျိုး စွပ်စွဲရအောင် မိုးစင်တို့ကြားမှာ မရိုးသား ဆက်ဆံမှု မြူတစ်မှုံတောင် မရှိသေးဘူး"

နှင်းနှုတ်က ပင့်သက်ရှိုက်ရင်း ခေါင်းကို ခါရမ်းသည်။ မိုးစင် သိလိုပဲရှင်းရှင်း နှင်းရဲ့သံသယတွေက ပျောက်ပျက်ဖို့ မလွယ်တော့ဘူး ပါရဲ့။

"စင်လေး သူ ပေးတဲ့အခွင့်အရေးကို လက်ခံမယ်ပေါ့"

"ဟုတ်တယ် ယုံယုံကြည်ကြည်ကို လက်ခံလိုက်တာ"

နှင်း မျက်ဝန်းတွေထဲ စူးစူးနစ်နစ် စိုက်ကြည့်ရင်း မိုးစင် သားစွာပဲ ပြောပစ်လိုက်သည်။

"သူ့ရဲ့ကွန်ဒိုတိုက်ခန်းမှာ နေမယ်ပေါ့၊ သူ ပေးတဲ့ငွေတွေနဲ့ အစား ဝယ်မယ်ပေါ့၊ သူ့ရဲ့အဆက်အသွယ်နဲ့ ဇာတ်ကားတွေရိုက် ပေါ့ ဟုတ်လား စင်လေး"

"ဟုတ်တယ်လေ၊ ဒီထက်ကောင်းတဲ့ အခွင့်အရေး ဘယ်ကရ ၊ ကျွန်မ မေမေတောင် ဒီအခွင့်အရေးမျိုး မပေးခဲ့ဘူး"

"အဲဒါ ပြောတာပေါ့ကွာ၊ ကိုယ့်အမေအရင်းခေါက်ခေါက်က တော့ ဒီလို အခွင့်အရေးမျိုး မပေးခဲ့တာ၊ သူ့လို သူစိမ်းယောက်ျားတစ် ကက ပေးတယ်ဆိုတော့ အဲဒီ အခွင့်အရေးတွေအတွက် မင်းဘက် ပြန်ပေးရမှာကိုကော တွေးမိရဲ့လား စင်လေး၊ သူ မင်းဆီက မျှော် ထားတာကို တောင်းဆိုလာရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



နှိုင်း နှုတ်က မင်းတွေငါတွေနှင့် သုံးနှုန်းလာတာကို မိုးစင် ရင်မှာ နာကျင်မိသည်။

"နှိုင်း အဲဒီစကားတွေကို ချက်ချင်း ပြန်ရုပ်သိမ်းလိုက်ပါ"

နှိုင်းဝိရ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ပစ်ရင်း မိုး ပြောပစ်လိုက်သည်။ နှိုင်း နှုတ်ခမ်းတွေကလည်း မဲ့ကျသွားခဲ့ရင်း

"မရုပ်သိမ်းနိုင်ဘူး"

"ဘာ"

ဘယ်တုန်းကမှ ဒီလောက် ကြမ်းတမ်းသော စကားတွေ မသုံး နှုန်းတက်ခဲ့သော နှိုင်းဝိရသည် အခုတော့ မိုးစင်ရှေ့မှာ မယုံနိုင်စ မာထန်သော မျက်နှာနှင့် ရှိနေသည်။

မိုးစင် ရင်ထဲမှာလည်း တဆတ်ဆတ် တုန်ခါနာကျင်မိသည် မိုးစင်ရဲ့အိပ်မက်တွေကို ရိုးသားစွာ ဖန်တီးဆောက်တည်ပေးနေသူကို နှိုင်းဝိရ စော်ကားစွပ်စွဲနေခြင်းက ခံရခက်လှသည်။

ဦးကို စော်ကားသည်။ မိုးစင်ရဲ့သိက္ခာတရားကို စော်ကား သည်။ တကယ်ဆို ဟိုးငယ်စဉ်ကတည်းက ဖခင်မဲ့ ကြီးပြင်းလာရသော မိန်းကလေးတစ်ယောက်ဟာ သူစိမ်းယောက်ျားတစ်ယောက်အပေါ်မှာ ဖြူစင်တဲ့မေတ္တာမျိုးနဲ့ တွယ်တာနိုင်သည်။

ဒါကို နှိုင်းဝိရ မခံစားတတ်ဘူးတဲ့လား။

"နှိုင်းဝိရ ရှင် သိပ်လွန်ကျူးသွားပြီ ဒီလောက်ထိ ညံ့ဖျင်းလှ တဲ့ စကားတွေ ရှင် ဘယ်တုန်းက ပြောတတ်နေတာလဲဟင်"





"အခုပဲလေ နောက်ထပ် ဒီထက်ညံ့ဖျင်းတဲ့စကားတွေ၊ မကြား ချင်ဘူးဆိုရင် မင်း ဆုံးဖြတ်ချက်ကို ပြင်ဆင်ပါ"

"ဘာပြောတာယ်"

မိုးစင် ဒေါသတကြီး ဆတ်ခနဲ ထရပ်လိုက်သည်။ မိုးစင်ရှေ့ နောက်မှာ ရှိနေသော နှိုင်းဝိရ ဆိုတာ မိုးစင် ပတ်သက်သိကျွမ်း ချစ်ခင် ခဲ့သော ယောက်ျားမဟုတ်တော့သလို ခံစားနေရသည်၊

"အဲဒီလူကြီးပေးတဲ့ အခွင့်အရေးတွေကို မိုးစင် ဘာတစ်ခုမှ ယူမှာ ရှင်းရှင်းပြောမယ်၊ အလုပ်က ထွက်ပစ်လိုက်ကွာ၊ မိုးစင် လျှောက် ချင်တဲ့လမ်းကို ကိုယ့်မှာရှိနေတဲ့ စည်းစိမ်ပုံပြီး ကူညီမယ်"

"ဆောရီးပဲ နှိုင်းဝိရ"

"ဘာရယ်"

အံ့သြမယုံနိုင်သော မျက်ဝန်းတွေနှင့် မော့ကြည့်နေသော နှိုင်း ဝိရရှေ့က သူမ-ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။

"မိုးစင်"

သူ့ခေါ်သံကို ဥပေက္ခာပြုလျက် မိုးစင် ခြေလှမ်းတွေ ပြတ်သား စွာ ဆက်လှမ်းခဲ့သည်။

ရှင်လည်း အလကားပဲ နှိုင်းဝိရ။ ကျွန်မကို ချစ်တယ်ဆိုတဲ့ ရှင့်အချစ်က အတ္တဆန်တဲ့ အချစ်ပဲ။

မိုးစင်စင်ရဲ့ အိပ်မက်တွေက ဘယ်သူမှ ရိုက်ချိုးတားမြစ်လို့ ရဘူးဆိုတာ ယုံကြည်လိုက်စမ်း နှိုင်းဝိရ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

"မသွားဘူးဆိုတာ မိုးစင် မေမေကို မုန်းလို့ မဟုတ်ပါဘူး မေမေဟာ မိုးစင်ရဲ့တစ်ဦးတည်းသော အမေ၊ တစ်ယောက်တည်းသော ဆွေမျိုးပါ ဦး၊ ဒါပေမဲ့ မိုးစင် အောင်မြင်တဲ့ မင်းသမီးတစ်ယောက်အဖြစ် မေမေ သိအောင် ကြိုးစားပြချင်သေးတယ်"

မိုးစင် ရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်သမျှ ဦး ငြိမ်သက်စွာ နားထောင်ပေးနေသည်။ ဦး မျက်ဝန်းတွေထဲမှာ စာနာနားလည်မှုနှင့် ရိုးသားမှုအရိပ်တွေပဲ ရှိနေသည်။

"မိုးစင် မာနထားတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ မေမေ့ဘက်က အတ္တဆန်စွာ အနုပညာကို ဥပေက္ခာပြုထားတာမို့ မိုးစင် ကြိုးစားပြချင်တာပါ"

ဗျူး ၁၀၁၆၀



"အင်း မိုးစင် ခံစားချက်ကို ဦး အပြည့်အဝ နားလည်ပါတယ်ကွာ"

တည်ငြိမ်သောအသံနှင့် ဦး ဆိုသည်။ မိုးစင်အပေါ်မှာ ထိုမျှအထိ စာနာပေးသော ဦးကိုမှ နှိုင်းစီရရဲ့သံသယတွေက ကြီးမားလွန်းသည်။

"ဦးက မင်းရဲ့ဗီဒီယိုဇာတ်ကား ကန့်တော့ပွဲကျရင် မင်းမေမေကို ဖိတ်ခိုင်းမလား တွေးထားတာ"

"ဟင့်အင်း မိုးစင် ဖိတ်ရင်တောင် မေမေ လာမယ်ထင်လို့လား"

မိုးစင် ဆိုတော့ ဦး နှုတ်ဆိတ်သွားခဲ့ကာ ပင့်သက်လေးရှိုက်ခေါင်းညိတ်ရင်း

"အင်းလေ ထားပါတော့ ဒါပေမဲ့ အခု မင်းရဲ့ကြော်ငြာတွေ ထွင့်နေပြီဆိုတော့ မင်းမေမေ ကြည့်ရမှာပါ"

ဦးမှတ်ချက်စကားကို မိုးစင် ခပ်ယဲ့ယဲ့ပြုံး ခေါင်းမလေးခါပြလိုက်ပါသည်။

"မေမေ တီဗွီခလုတ်ကို ယောင်ယမ်း နှိပ်မိချိန်နဲ့ တိုက်ဆိုင်သွားရင်တော့ တွေ့ကောင်းတွေ့မှာပါ"

"အင်း မိုးစင်ရဲ့မေမေကိုတော့ ဦး တော်တော် နားလည်ရခက်နေပြီ၊ ကဲ အဲဒါတွေ ထားလိုက်ပါတော့၊ အခု ဒီမှာ မင်းနေရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ဦး၊ ဒီအတွက် ဦးကို ကျေးဇူး

ဗျူး ၁၀၁၉၀

www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်''

''မလိုပါဘူးကွာ၊ ဒီတိုက်ခန်းက ဦးအတွက် ဘာမှမသုံးတာ မိုးစင် အောင်မြင်မှု ပိုင်ဆိုင်ရင် ဒီထက်မကတဲ့ ပြည့်စုံမှုတွေ ပိုင်ဆိုင်မှာပဲ''

''အဲဒီအခါကျရင် ဦးက မိုးစင်ရဲ့ ကျေးဇူးရှင်လို့ မိုးစင် မ ပါဘူး''

ဦးက အပြုံးနွေးနွေးလေးနှင့် မိုးစင်ကို ကြည့်သည်။ ပြာ သော မျက်ဝန်းတွေထဲမှာ မိုးစင် အဓိပ္ပါယ်မဖော်တတ်သော ခံစာ များစွာ ရှိနေသည်ဟု ထင်ပါသည်။

''မိုးစင်ကို ဦးက အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြစ် ချင်တယ်၊ ဒါဆိုရင် ဦးရဲ့မေ့မရတဲ့ အတိတ်ကြီးကို ဦး ဖြေသိမ့်နိုင်မ ထင်တယ်''

မိုးစင် မျက်နှာကို ငေးငေးရီရီလေး ကြည့်ကာ ဆိုနေသေ ဦးမျက်ဝန်းတွေထဲမှာ လျှို့ဝှက်ချက်တို့ တည်ရှိနေသည်ထင်၏။

လေးဆယ်ကျော် ယောကျာ်းတစ်ယောက်ရဲ့ အတိတ်မှာ ဘ တွေ ဖြစ်ခဲ့သည်လဲ။ အထူးသဖြင့် ဦးမိုးသောက်ကြယ်ရဲ့ အတိတ် မိုးစင် သိချင်ပါသည်။

''ဦး ဦးရဲ့အတိတ်မှာ ဘာတွေဖြစ်ခဲ့သလဲဟင်''

မိုးစင် အမေးကြောင့် ဦး ပင့်သက်လေးရှိုက်ကာ ဘာမှ သော နံရံဖြူဖြူဆီ အကြည့်တို့ လွှဲသွားခဲ့၏။



''ဆောရီးပါ ဦး၊ မိုးစင် စပ်စုသလို ဖြစ်သွားတာ တောင်းပန်ပါ သယ်''

''မလိုပါဘူး မိုးစင်၊ ဦးရဲ့အတိတ်က သိုဝှက်ထားစရာ ဘာမှ မရှိပါဘူး၊ မိုးစင်ကို ပြောပြဖို့လည်း ဝန်လေးစရာမရှိဘူး''

ထိုနေ့က ဦးရဲ့နှလုံးသားထဲမှ 'မှုသား' ဆိုသော ချစ်သူအ ကြောင်းကို မိုးစင် သိခွင့်ရခဲ့ပါသည်။

ဦးရဲ့မှုသားသည် မိုးစင်လိုပဲ အနုပညာကို ဝါသနာထုံမှာ ကြီးစားခဲ့သူတစ်ယောက်ဟု သိခဲ့ရ၏။

ပြီးတော့ ဦးနှင့်သူ့ချစ်သူ မှုသားတို့၏ ခွဲခွာဖြေဖွယ်ဇာတ်လမ်း ကိုလည်း မိုးစင် နားထောင်ခံစားရပါသည်။

''ဦးနဲ့သူ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်၊ ဒါပေမဲ့ ရဲ့မိဘတွေက အတ္တကြီးတယ်၊ အနုပညာသမားကို အထင်သေးတယ် တွေကြောင့် ဦးတို့နှစ်ယောက် ကြေကွဲခံစားခဲ့ရတာ''

ဦးရဲ့မိဘတွေအကြောင်း ကြားရတော့ မိုးစင် မေမေ့ကို ပြေး မြင်မိသေးသည်။ ဦးရဲ့မိဘတွေက မေမေ့လိုပဲ အနုပညာခံစားမှု ကင်းမဲ့ ကြသူတွေ ဖြစ်လိမ့်မည်။

''မှုသားက တကယ် တော်တယ်၊ ဒါပေမဲ့ သူ အောင်မြင်မှုကို ပိုင်ဆိုင်ခဲ့ရဘဲ လောကကြီးထဲက ငယ်ငယ်ရွယ်ရွယ်နဲ့ ထွက်သွားခဲ့တာ''

ဦး ကြေကြေကွဲကွဲ ပြောရင်း အတိတ်ကို အဆုံးသတ်တော့ စင် မရှင်းသော မေးခွန်းတစ်ခု မေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ မင်းတံခွန်က ဦးရဲ့နောက်အိမ်ထောင်နဲ့ ရတဲ့သာ
ပေါ့နော်"

ဦးအကြည့်တွေ နှံ့ရှုံ့ဆီကခွာကာ မိုးစင်ဆီ ရောက်လာသည်
တည်ကြည်သော မျက်နှာမှာ အပြုံးရိပ်တို့ တစ်ချက်ထင်ဟပ်ရင်း

"မဟုတ်ပါဘူး၊ သားက ဦးရဲ့မွေးစားသားပါ"

"ဟင်"

"ဟုတ်တယ် ဦး U.S မှာ အကြာကြီး နေခဲ့သေးတယ်၊ မြန်
ပြည် ပြန်ရောက်တော့ ဦး စီးပွားရေးကုမ္ပဏီ ထောင်တယ်၊ သားရဲ့အ
က ဦးရဲ့ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်ပဲ၊ အဖေတစ်ခု သားတစ်
မင်းတံခွန်ဘဝလေးမှာ ဖခင် ကားအက်ဆီးဒင့်နဲ့ဆုံးတော့ ခုနစ်နှစ်သား
ရှိသေးတယ်၊ ဒါကြောင့် ဦးက မွေးစားစောင့်ရှောက်ခဲ့တာပေါ့"

မိုးစင် အံ့သြမိပြန်သည်။ မင်းတံခွန်လေးက ဦးရဲ့မွေးစားသာ
တစ်ယောက်ဟု အခုမှ သိလိုက်ရ၏။

"ဆော ဆောရီးနော် ဦး၊ မိုးစင် စပ်စုမိတာ သိပ်လွန်သွား
ထင်တယ်"

"ပြဿနာ မရှိပါဘူး မိုးစင်ရဲ့၊ မင်းတံခွန်က ကိုယ့်ရဲ့မွေးစာ
သားဆိုတာ အားလုံး သိတယ်၊ မိုးစင်ကသာ မသိတာပါ"

တကယ့်ကို မိုးစင် မသိခဲ့တာ ဖြစ်သည်။ ဦး ပြောပြမှပဲ ဦးရဲ့
ဘဝလေးကို သိတာမို့ မိုးစင် စာနာမိ၏။ ဦး ဘာကြောင့် မိုးစင်ကို
မြှောက်စားပေးသည်ကိုလည်း ပိုလို့ နားလည်မိ၏။



"ကဲ မိုးစင် ဦး ပြန်မယ်၊ မိုးစင် ကြိုးစားပါ၊ မိုးစင် မကြာခင်
ာင်မြင်တဲ့ အနုပညာသမားဖြစ်မယ်လို့ ဦး ပြောရဲတယ်"

"ဦး ယုံကြည်တယ်ပေါ့နော်"

မိုးစင် မျက်ဝန်းတွေထဲ ဦး ပြုံးပြုံးလေး စိုက်ကြည့်နေတာ
တန်ကြာသည်။ ပြီးမှ

"ယုံတာပေါ့၊ ဘာလို့လဲဆိုတော့ မိုးစင် မျက်ဝန်းတွေထဲမှာ
ားရဲ့ယုံကြည်ချက်မျိုး ရှိနေတာ ဦး သိလို့ပဲ"

မိုးစင် မျက်ခုံးလေးပင့်ကာ တွေခနဲ ဖြစ်ပြီးမှ ဦးစကားကို
ဘောကျကာ ပြုံးလိုက်မိသည်။

"ကျေးဇူးပါ ဦး"

"အိုကေ ဦးပြန်မယ်၊ လိုတာရှိရင် ဦးဆီ အချိန်မရွေး ဖုန်း
က်နော်"

ပြောပြီး ဦး နှုတ်ဆက်ထွက်သွားတော့ မိုးစင် တံခါးဝအထိ
ိုက်ပို့ပေးမိသည်။

ဦးသည် မိုးစင်အတွက်တော့ တကယ့်ကျေးဇူးရှင်တစ်ယောက်
မိုးစင်ရဲ့ အိပ်မက်လမ်းကို ဖန်ဆင်းပေးသည်။ မိုးစင် အားလုံး
င်ပြေအောင် ထောက်ပံ့ပေးသည်။

ဦးပိုင်ဆိုင်သော ဒီကွန်ဒို တိုက်ခန်းမှာ မိုးစင်ကို နေထိုင်ခွင့်
သည်။ ကုမ္ပဏီအလုပ်တွေကို ဘာတစ်ခုမှ မလုပ်စေတော့ဘဲ မိုးစင်
အနုပညာအတွက်ပဲ ကြိုးစားဖို့ အကြံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်ဒိုတိုက်ခန်းထဲမှာ ပရိဘောဂ အသုံးအဆောင်ပစ္စည်းက အစ လိုလေသေးမရှိ စီစဉ်ပေးထားသည်။

"လောလောဆယ် မိုးစင် စားရေးသောက်ရေးအတွက်တော့ ချိုင့်ဆွဲစားဖို့ စီစဉ်ပေးမယ်၊ မကြာခင် မိုးစင်အဖော်ရအောင် ယုံကြည် စိတ်ချရတဲ့ အဖော်တစ်ဦးတော့ ရှာပေးမယ်"

သွေးမတော်၊ သားမစပ် ဦးရဲ့ ကူညီပေးမှုတွေကိုမှ နှိုင်းဝီရ အထင်လွဲ သံသယ ဝင်ခဲ့သည်။

ထိုအတွက် မိုးစင် ရင်ထဲမှာ မကောင်းပါ။ နှိုင်းဝီရကို စိတ် နာကျင်ပေမယ့် သတိရမိသည်။

တကယ်ဆို နှလုံးသားမှာ ချစ်ခဲ့ပေမယ့်လည်း မိုးစင်ရဲ့သိက္ တရားကို အယုံအကြည်မဲ့တာတော့ ခံပြင်းမိ၏။

■ ■ ■

## အခန်း (၁၈)

လက်ကိုင်ဖုန်းလေးပေါ်က နံပါတ်ခလုတ်ကလေးတွေကို ဖိနှိပ် နှိပ်ယ်ပြီးမှ ပင့်သက်ရှိုက်ကာ ဖုန်းလေးကို စားပွဲပေါ် ပြန်တင်ထားလိုက်၏။

တကယ်ဆို နှိုင်း ဒီလောက်အထိ မှုရက်စက်သင့်ဟု ထင်သည်။ အခုတော့ မိုးစင်ကို ဥပေက္ခာပြုထားခဲ့တာ ငါးရက်တောင် ကြာပြီ။ ကိုယ်တိုင် မလာချင်ရင်တောင် ဖုန်းလေးတော့ ဆက်သင့်သည်။

ဦး ပေးထားသော ဖုန်းမို့ပဲ နှိုင်း တမင် မဆက်တာလား။ တွေးရင်း ရင်ထဲမှာ တကယ်မကောင်းပါ။

တစ်ယောက်နှင့်တစ်ယောက် ကတောက်ကဆဖြစ် စကားများ တာတော့ များတာပဲဖြစ်သည်။ အရင်ကလည်း ဒီလိုပဲ စိတ်ကောက် ရန်ဖြစ်ဖူးသည်။ ဒီနေ့ စကားများရန်ဖြစ်၊ နောက်တစ်နေ့ဆို နှိုင်းကပဲ



www.burmeseclassic.com

www.burmeseclassic.com



မိုးစင်ကို ဖုန်းဆက်တတ်သည်။ ချော့တတ်သည်။

အခုတော့ နှိုင်း မိုးစင်ကို တကယ် နာကျည်းမုန်းတီးသွားခဲ့ပြီလား။

မိုးစင်ရဲ့ ဆုံးဖြတ်ချက်အတွက် စိတ်နာကကာ သစ်စိမ်းချိုး ချိုးရက်ပြီလား။ လေးနှစ်ကျော် ကြာခဲ့သော ချစ်သူသက်တမ်းမှာ နှိုင်းနှင့် မိုးစင် ဒီလောက်အထိ ကြီးမားသော ပြဿနာ မဖြစ်ဖူးပါ။

နှိုင်း ဘာကြောင့် လက်မခံနိုင်တာလဲ။ မေမေ့ရဲ့အရိပ်ကိုတော့ စွန့်ခွာပြီး မိုးစင် ဝါသနာအတွက် ရုန်းကန်ကြိုးစားခဲ့တာလည်း အသ ဆုံးဖြစ်လျက်နှင့်။

ဦးမိုးသောက်ကြယ်ရဲ့အကူအညီကို လက်မခံရဘူးဟု တထ ပြောတာလည်း ဆိုးပါသည်။ အမှန်ဆို မိုးစင်ရဲ့အရည်အချင်းကြော လည်း ဦးက ကူညီပေးတာကို နားလည်သင့်သည်။

မိုးစင် ဗီဒီယိုဇာတ်ကား သုံးကားကန်တော့ပွဲပေးသည့် သတာ ကို နှိုင်း ဂျာနယ်နှင့်မဂ္ဂဇင်းတွေထဲမှာ ဖတ်ရှုပြီးလောက်တာ သေချာ

သူ သဘောမတူတာကို လက်ခံသူလားဟု မိုးစင်ကို စိတ်နာ မုန်းတီးသွားပြီတဲ့လား။ ဒါဆိုရင်တော့ မိုးစင်ရဲ့ ဝါသနာအတွက် ပေးဆပ် သော အရင်းအနှီးထဲမှာ နှလုံးသားလည်း ပါခဲ့ပြီပေါ့။

အတွေးစတွေက တံခါးမှ လှူခေါ်ဘဲလ်သံလေးကြောင့် ပြတ် တောက်သွားသည်။ ဒီအချိန်လာတက်တာ ထမင်းချိုင့်ပို့သော ကောင် မလေးပဲ ဖြစ်နိုင်သည်။





ဦးလည်းမဟုတ်နိုင်။ ဦးက နိုင်ငံခြားညှိသည်တွေ ရောက်နေ တာမို့ ကုမ္ပဏီမှာ မအားနိုင်ပါ။

ဒါရိုက်တာ ဦးဝေမိုးလည်း မဟုတ်နိုင်။ ဦးဝေမျိုးက လာမည်ဆို လျှင် ကြိုတင်ဖုန်းဆက်တက်၏။ အတွေးတွေကို ဖြတ်ရင်း အိမ်ခန်း တံခါးကို ဆွဲဖွင့်ပေးလိုက်တော့

"ဟင် မေ မေ"

မိုးစင် မယုံနိုင်အောင် မျက်လုံးတွေ ဝိုင်းစက် မင်သက်သွား သည်။ အပြင်က သံပန်းတံခါးအနောက်မှာ ရပ်နေတာ မေမေမှ မေမေ ပဲ။

ခရမ်းရောင် ပါတိတ်ဝမ်းဆက်နှင့် မေမေသည် နုပျိုချောမော ဆဲ။ ရွှေကိုင်းမျက်မှန် ပါးလျပ်လျပ်လေးအောက်က မျက်ဝန်းအစုံက မိုးစင်ကို စူးနစ်စိုက်ကြည့်နေ၏။

တစ်ချက်လေး လွှဲဖယ်မသွားသော မေမေအကြည့်တွေနှင့် သင်းတင်းလေးစေ့ထားသော နှုတ်ခမ်းတွေကြောင့် မိုးစင် သေးသိမ်သွား သလို ခံစားရသည်။

နှစ်ပေါင်းများစွာ မေမေရဲ့ အရိပ်အောက်မှ နေထိုင်ခဲ့ရသဖြင့် မေမေရဲ့ အုပ်ထိန်းမှုအောက်မှာ ခေါက်ရိုးကျိုး သေသပ်ခဲ့သောစိတ်က ပြောင်းလဲသေးပါ။

"ညည်း ငါ့ကို တံခါးဖွင့်မပေးနိုင်တော့ဘူးလား မိုးစင်"

သည်တော့မှပဲ မိုးစင် သတိဝင်လာကာ သံပန်းတံခါးသော့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖွင့်ပေးလိုက်ရပါသည်။

ရေမွှေးရနံ့ သင်းသင်းနှင့်အတူ မေမေ ဧည့်ခန်းထဲကို လှမ်း

ဝင်လာတော့မှ မိုးစင် နှုတ်ဆက်ဖို့ သတိရတော့၏။

"မေမေ နေကောင်းတယ်နော်"

"နေကောင်းလို့ ညည်းဆီရောက်လာတာပေါ့"

မေမေ လေသံက မာထန်လျက် ဆိုဖာထိုင်ခုံဆီ တန်းတန်းမတ်

မတ် လျှောက်သွားသည်။ အနားရောက်တော့ မထိုင်သေးဘဲ နံရံပေါ်မှ

မိုးစင်ရဲ့ ပိုစတာပုံတွေကို တစ်ချက်ကြည့်၏။

ဒါပေမဲ့ မေမေအကြည့်တွေက စက္ကန့်ပိုင်းမျှပဲကြာကာ ထိုင်ခုံ

ဝင်ထိုင်သည်။

"မေမေ ကော်ဖီသောက်မလား"

"မလုပ်နဲ့ ဘာမှမသောက်ဘူး"

မေမေ့ လေသံ ပြတ်သားမှုတွေသည် ဟိုစဥ်တုန်းကအတိုင်း

ရှိ၏။ ချောမောလှပသော မျက်နှာသည် အရယ်အပြုံး ကင်းစင်လျက်

မာနရိပ်တို့ ထင်နေပုံက ဒေါ်မာနဖြူ ဟူသောအမည်နှင့် လိုက်ဖက်သည်။

တကယ်ဆို မေမေရဲ့ မာနကို မိုးစင် အသိဆုံးဖြစ်သည်။

မေမေ့မှာ ဂုဏ်ဒြပ်မာနမရှိ။ ဒါပေမဲ့ ကိုယ့်ကိုကိုယ် ယုံကြည်သော

မာန၊ အောက်ကျို့ခံလိုစိတ် ကင်းစင်ကာ မဟုတ်မခံ မာနမျိုးပဲ ရှိ၏။

"မိုးစင်"

"ရှင်"





"သမီး မေမေနဲ့ ပြန်လိုက်ခဲ့ပါ"

ထိုင်ခုံဆိုဖာမှာ ပေါင်ပေါ်က ဆလင်းဘတ်အိတ်ပေါ် လက်နှစ်

ဖက်သိုင်းယှက်တင်ထားရင်း မေမေ ဆိုသည်။

မိုးစင် မျက်ဝန်းလေးတွေ ဝိုင်းခနဲ ဖြစ်သွားကာ မေမေရှေ့က

ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်မိ၏။

"ဘာ ဘာဖြစ်လို့လဲ မေမေ"

"အဲဒီ မေးခွန်းကို မေးဖို့လိုသေးသလားသမီးရဲ့ ညည်းအိမ်ပြန်

လာသင့်ပြီလို့ မထင်ဘူးလား"

"သမီး ဖြစ်ချင်တာကို ကြိုးစားနေတုန်းပါ မေမေ"

မေမေရဲ့ မျက်ခုံးလေးတွေ လှပစွာ တွန့်ကွေးသွားခဲ့ပေမယ့်

မျက်နှာက မာတင်းနေဆဲ။

"ညည်းဝါသနာနဲ့ ရပ်တည်ဖို့ကို ညည်း လုပ်နိုင်လို့လား။ ညည်း

ကို ဒီထက်ပိုပြီး ဒုက္ခရောက်တာ မေမေ မမြင်ချင်ဘူး"

"နေပါဦး မေမေ သမီးဘဝက အခုမှစမှာပါ"

"ဘာကို ပြောတာလဲ၊ သမီးဘဝဆိုတာက ဘာကိုပြောတာလဲ"

"သမီး ဖြစ်ချင်တဲ့လမ်းပေါ် ရောက်နေပါပြီ မေမေ"

မေမေ့နှုတ်ခမ်းတွေ မဲ့ကျသွားခဲ့သည်။ အကြည့်စူးစူးတွေက

တော့ မိုးစင်ဆီက လွဲဖယ်မသွားခဲ့တဲ့ ထိုအကြည့်တွေထဲမှာ လှောင်ပြောင်

ရိပ်တွေက အထင်းသား ပေါ်လွင်နေခဲ့၏။

"မင်းသမီး တစ်ယောက်ဖြစ်ဖို့ သမီးရဲ့ နုပျိုတဲ့ အချိုစင်ဘဝ



www.burmeseclassic.com

ကို စတေးပစ်မယ်ပေါ့ ဟုတ်လား၊ သမီးပြောတဲ့ အောင်မြင်မှုကို ဒီလို အပျိုစင်ဘဝနဲ့ ကိုယ်ကျင့်တရားကို စတေးပြီး ယူမှာလား''

"မေမေ ဘာတွေပြောနေတာလဲ''

"ငါ ဘာတွေ ပြောနေတယ်ဆိုတာကို ညည်းအသိဆုံး မဟုတ်လား မိုးစင်စင်''

မေမေ မျက်နှာက သွေးရောင် သမ်းလာသည်။ ဒေါသနှင့် စိတ်လှုပ်ရှားမှုတွေကြောင့် ထင်သည်။

မိုးစင် ချက်ချင်းနားလည်လိုက်သည်။ ဒါ နှိုင်းဝီရရဲ့ စနက် မဟုတ်လို့ ဘယ်သူမှ မဖြစ်နိုင်။

"မေမေ ဘယ်သူ့ဆီက ဘာတွေကြားလာပြီး သမီးကို လာစွပ်စွဲနေတာလဲဟင်၊ သမီးကြိုးစားနေတာ သမီးရဲ့ ဝါသနာနဲ့ အရည်အချင်းနဲ့ပါ၊ ဘာမှ စတေးပေးစရာ မလိုဘူး''

"မိုးစင် ညည်း အခုဘာမှ မဖြစ်သေးပေမယ့် မကြာခင်ဆိုတဲ့ အနာဂတ်ကို မြင်နိုင်သလား''

"ဟာ မေမေ မှားနေပြီ''

မေမေ ဒါကြောင့် သူမဆီရောက်လာတာ သေချာခဲ့ပြီ။ မေမေရဲ့ လက်တံတွေ ရှည်လျားသည်ဆိုတာ သူမသိပါသည်။ ဒါပေမဲ့ မေမေ နှိုင်းဝီရနှင့် တွေ့ပြီးပြီ ထင်ပါသည်။

"မေမေ့ဆီ နှိုင်းဝီရ လာတာလား''

ညိုညာသော သွားတန်းလေးတွေ လှစ်ခနဲပေါ်အောင် ပြုံးတတ်





သော မေမေအပြုံးကို မိုးစင် သဘောကျခဲ့ဖူးပါသည်။ မေမေသည် တစ်ဖက်သား မခံမရပ်နိုင် အသည်းယားအောင် မချိုမချဉ် ပြုံးတတ် သူဖြစ်သည်။

'ဘဝဆိုတာ ခုနစ်ထွေ ကကွက်လိုပါပဲ သမီး' ဟု မေမေ ကြာခဏ ပြောတတ်သည်။

သားအမိနှစ်ယောက်ဘဝကို သူညကစတင်ကာ လုံးဝပြီးပြည့် သော ဘဝရောက်အောင် ကြိုးစားပြခဲ့သော မေမေရဲ့အပြုံးက လှပသ ဆို တစ်ဖက်သားအတွက်တော့ ခံရခက်စေ၏။

"သူ မလာပါဘူး၊ မေမေ သူ့ဆီသွားရတာပါ''

"မေမေက သွားတာ''

သူမ အံ့သြလို မေးတော့

"အင်းပေါ့ မေမေက ညည်းအကြောင်းသိချင်တာကိုး၊ ဒီမှာ သမီး အမေကို ခြေစုံကန်ပြီး အိမ်ပေါ်က ဆင်းသွားတဲ့ သမီးရယ်လို့ မေမေက ပြန်လှည့်မကြည့်ဘဲ ပစ်စလက်ခတ်ထားခဲ့တယ်လို့ ထင်လား၊ ညည်းအကြောင်းကို မေမေအမြဲနားစွင့်နေခဲ့တာပါ၊ သမီးဘဝမှာ တစ်ဦး သည်းသော ဆွေမျိုးရင်းချာက မေမေပဲ၊ မေမေ့ဘဝမှာလည်း ဒီလိုပဲ ဆေ''

"သမီး သိပါတယ် မေမေ''

"ဒါနဲ့များ ညည်းဘဝရဲ့ ကယ်တင်ရှင်ဆိုတာ သူစိမ်းတစ် ယောက် ဖြစ်လာသေးသလား၊ ငါ့ကိုပြောစမ်းပါ၊ မေမေ့ကို ပွင့်ပွင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်း ပြောစမ်းပါ။ ညည်းကို ဒီတိုက်ခန်းနဲ့ အဝထောက်အပံ့တွေ ပေးထား
တဲ့ အမျိုးသားဟာ ညည်းနဲ့ဘယ်လို"

"မေမေ သူတစ်ပါးစကားတွေနဲ့ သမီးရဲ့သိက္ခာကို မေမေကာ
မယုံကြည်တော့ဘူးလား"

မေမေ စကားပြောလျှင် ကြားကဖြတ်ပြောတာ မေမေ မကြိုက်
မှန်း သိပါသည်။ ဒါပေမဲ့ မိုးစင် မခံနိုင်လွန်းတာမို့ ပြောမိတော့ မေမေ
မျက်နှာ သိသာစွာတင်းမာသွားရှင်း

"ညည်း ငါ့ကို ဒီလိုအချိုးမျိုးနဲ့ မဆက်ဆံနဲ့ မိုးစင်"

မိုးစင် ပင့်သက်ရှိုက်မိသည်။ မေမေနှင့် အတိုက်အခံဖြစ် စကား
မများချင်ပါ။ မေမေ အရိပ်ကထွက်ခဲ့စဉ်က တစ်ခါဖြစ်ခဲ့ပြီးပြီ။ နောက်
ထပ် မိုးစင် ငရဲမကြီးချင်ပါ။

"မေမေ မှားနေပြီ၊ ဦးက သမီးရဲ့ အလုပ်ရှင်ပါ"

"ဒီထက်ပိုနေပြီလား"

"မေမေ သမီး သိက္ခာကို မယုံကြည်ဘူးလား"

မေမေ အကြည့်တွေက တိုက်ခန်းထဲက အသစ်စက်စက် ပ
ဘောဂ ပစ္စည်းတွေကို တစ်ချက်ဝေ့ဝဲ ကြည့်ရှင်း

"အင်း တော်တော်ချမ်းသာပုံရတယ်၊ ညည်းငွေကြေး ချမ်းသာ
တာကို မမက်မောဘူးဆိုတာ မေမေ သိပါတယ်၊ ဒါပေမဲ့ ညည်း
အရှုံးအမူး အောင်မြင်ချင်နေတဲ့ သူဆိုတော့ ဘဝနဲ့လဲချင် လဲမှာပေါ့"

"တော်ပါတော့ မေမေ၊ ကျေးဇူးပြုပြီး သမီးတို့နှစ်ယောက်





တ်ကားတဲ့ စကားတွေ ထပ်မသုံးပါနဲ့တော့"

တဒင်္ဂတ်ထိုး ဆန်သော စိတ်ဓာတ်က မေမေ့ဆီက အမွေရခဲ့
တာပဲ ဖြစ်သည်။ ပြီးတော့ မာနနှင့် စိတ်ဓာတ်။ သူမရဲ့ ကိုယ်ကျင့်တရား
ကို မေမေ ပြုစု ပျိုးထောင်ပေးခဲ့တာ ဖြစ်သည်။

အခုတော့ မေမေ့နှုတ်က ဒီစကားမျိုးစွပ်စွဲတာ ဝမ်းနည်းသည်။

"ကဲ ကောင်းပြီ သမီး၊ ဒါဆိုရင် သမီး မေမေနဲ့ ပြန်လိုက်ခဲ့ပါ၊
မေမေ သမီးကို မဖြည့်ဆည်းပေးခဲ့တာ မေမေ ခံစားချက်နဲ့ မေမေပါ
သမီး၊ သမီးနားမလည်နိုင်တဲ့ စိတ်ဒဏ်ရာတွေ သမီး ခံစားရမှာစိုးတယ်"

မေမေ လေသံတွေက ပြတ်သားပေမယ့် နူးညံ့သွားခဲ့သည်။
မေမေ သူမကို ချော့မော့သိမ်းသွင်းနေပြန်ပါပြီ။

"မေမေတောင် မဖြည့်ဆည်းပေးနိုင်တဲ့ အခွင့်အရေးမျိုးကို
သူစိမ်းယောက်ျားတစ်ယောက်ဆီက သမီး မယူချင်ပါနဲ့၊ အဲဒီယောက်ျား
ဟာ ကလေးတစ်ယောက် အဖေ၊ သမီးအသက်ထက်ဝက်မက ပိုကြီးတယ်
လို့ မေမေကြားတယ်၊ တစ်ခုလပ်လား၊ မုဆိုးဖိုလား သူက သမီးစိတ်ဆန္ဒ
ကို သိလို့ သိမ်းသွင်းနေတာ၊ တစ်ချိန်ချိန်မှာ ကျေးဇူးတရားတွေအတွက်
သမီး ပြန်ပေးဆပ်ရမှာပဲ"

"မေ မေမေ တော်ပါတော့"

သူမ ခေါင်းကိုခါရမ်းရင်း ခါးခါးသီးသီး ငြင်းမိသည်။ ဦးရဲ့
စေတနာစိတ်ကို မိုးစင် ယုံသလို နိုင်း မယုံ မေမေလည်း မယုံကြည်ပါ။
ဦးနှင့် သူမကြားမှာ အခုချိန်အထိ တကယ့် အဖြူရောင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဦးဘက်က အရောင်ပြောင်းလာဦးတော့ မိုးစင် ခေါင်းညိတ်မှာတဲ့လား။

မိုးစင် နှလုံးသားက ချစ်တာ နှိုင်းဝီရ တစ်ယောက်ပါပဲ။ ဦးကိုတော့ မိုးစင် ကြည်ညိုတာ လေးစားတာပဲ ဖြစ်၏။

ဘာကြောင့် မိုးစင် ရင်ထဲကို မမြင်မကြည့်ကြတာလဲ။

"မေမေ့စကားကို သမီး လက်ခံပြီလား"

"မေမေကော နှိုင်းပါ သမီးကို ဘာလို့မယုံကြည်ကြတာလဲ သမီးတို့ နှစ်ယောက်ရဲ့ ကိုယ်ကျင့်တရားတွေကို စော်ကားနေတာ သက်သက်ပဲ မိုးစင်စင်ဆိုတဲ့ သမီးဟာ ဒေါ်မာနဖြူ ဆိုတဲ့ မေမေ ပြုစုပျိုးထောင်ခဲ့တာ မဟုတ်လား၊ သမီးကို မေမေမယုံတာ မေမေ့ကိုယ်မေမေ မယုံတာနဲ့ အတူတူပဲ သမီးဆုံးဖြတ်ပြီးပြီ မေမေ၊ သမီးရွေးထားတဲ့ လမ်းကို သမီး ဆက်လျှောက်မယ်"

"မိုးစင်စင်"

"မေမေ ပြန်ပါတော့"

"ဘာ"

အခန်းထဲမှာ မြေလျှင်တစ်ခု လှုပ်ခတ်သွားသလို မေမေ အသံက စူးရှကျယ်လောင်သည်။ ထိုင်ရာက ဆတ်ခနဲ ထရပ်လိုက်သော မေမေ မျက်နှာရဲရဲ နီနေ၏။

"ညည်း ငါ့ကိုနှင်တယ်ပေါ့ မိုးစင်စင်၊ ငါ့ကို နှင်ဖို့ အင်အားတွေ ရှိနေပြီပေါ့ ဟုတ်လား။ ညည်းဘဝကို အဖတ်ဆယ်ရအောင် ငါအချိန်မီ





ာခဲ့တာ မိုးစင်၊ ဟောဒီ အခန်းရှေ့ရောက်တဲ့အထိ ညည်းကို ငါဆွဲခေါ်လို့ရမယ်လို့ ယုံကြည်နေမိသေးတယ်၊ အခုတော့ ညည်းငါ့ကို စော်ကားဆိုက်တာပဲ"

မေမေ ဒေါသနှင့် နာကျင်မှုတွေ ပေါင်းဆုံကာ နှုတ်ခမ်းတွေ ဆတ်ဆတ် တုန်နေ၏။ မေမေ ကြိုက်သလို ဆိုပါစေတော့ မိုးစင် နာကျင်မိတော့ပါ။

"အေးလေ ငါ့သမီးကိုး၊ ညည်းက ငါ့သမီးဖြစ်နေတာကိုး မိုးစင်ရဲ့"

မေမေ့ စကားတွေက မိုးစင် ရင်ထဲကို စူးစူးနစ်နစ် ထိရှစေ၏။ မေမေရဲ့ စိတ်ထိခိုက် ဝမ်းနည်းမှုတွေကို မိုးစင် ရင်မဆိုင်ရဲပါဘူး။

မေမေကို မိုးစင် သိပ်ချစ်ခဲ့တာကြောင့်ပဲလေ။

"အောင်မြင်မှုအတွက် ဘဝကို ရောင်းစားပြီး ညည်းထိပ်ဆုံး ရောက်လာမယ်ဆိုရင်တောင် ငါ အထင်မကြီးဘူး၊ လက်ခုပ်မတီးဘူး စင်စင်၊ မာနဖြူရဲ့ဘဝမှာ သိက္ခာကို ငွေကြေးနဲ့ တည်ဆောက်ခဲ့တာ ဟုတ်ဘူး၊ ဒါကို ညည်း မြဲမြဲမှတ်ထားပါ"

မေမေ့ခြေသံတွေ အခန်းထဲက ပျောက်သွားသည်အထိ မိုးစင် ကြည့်သည်။

မေမေရဲ့ ရပ်ထားသော ကားဆီ လှမ်းသွားကာ တံခါးဖွင့်ဝင်ာ မြင်သည်။ မျက်နှာကို လက်ဖမိုးနှင့် မေမေ သုတ်တာကိုလည်း ွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေ သူ့မကြောင့် ငိုသွားခဲ့သည်လား။ မိုးစင် မျက်ဝန်းထဲမှာလည်း မျက်ရည်တွေ ရစ်ဝိုင်းနေဆဲ။

မေမေ့ကားနက်ပြာကြီး ညာဘက်ချိုးကွေ့ ထွက်သွားသည်အထိ မိုးစင် ပြတင်းတံခါးမှာ ရပ်နေမိသည်။

စက္ကန့်ပိုင်းလေးမှာပဲ ခြံထဲက ဆင်ဝင်အောက် ကားစင်အထိ မောင်းဝင်လာတာ ဦးရဲ့ MARK II ကားကြီးဖြစ်သည်။

မိုးစင် မျက်ရည်စတွေ ပွတ်သုတ် သိမ်းဆည်းရင်း ဆိုဖာထိုင်မှာထိုင်နေလိုက်သည်။

မိနစ်ပိုင်းအကြာမှာပဲ ဦး မိုးစင် အခန်းရှေ့ရောက်လာသည်။ လက်ထဲမှာလည်း ထမင်းချိုင့်ကြီးတစ်ဖက်၊ စာရွက်ဖိုင်တွေ တရေ တပိုက်ကြီးနှင့်။

"အိုင်ဘီစီမှာ အစည်းအဝေးတစ်ခု တက်စရာရှိတယ်ကွ၊ သားကလည်း သူငယ်ချင်း ဘတ်ဒေးသွားတယ်၊ မိုးစင် စားစေချင်လို့ အသားပေါင်းတွေ ဝင်ပို့တာ၊ ကြိုက်မလား မသိဘူး ဦးကတော့ အဆီများရင် မကြိုက်ဘူးကွ"

ဦး ချိုင့်ကို စားပွဲပေါ်တင်ပြီး ပြောနေသည်။ မေမေနှင့် ဦး မဆုံလိုက်တာ မိုးစင် ကံကောင်းသွားသည် ထင်၏။ နို့မို့ မေမေက ဦး ရှေ့မှာ လည်း ပြောချင်တာကို ထိန်းသိမ်းမည်မထင်ပါ။

မိုးစင်နဲ့ ဦးကို နှစ်ယောက်တည်းသာ မြင်လိုက်လျှင် မေမေ့ သံသယတွေက ပိုကြီးမားသွားမှာ သေချာသည်။





"မိုးစင် ဘာဖြစ်နေတာလဲ"

မိုးစင် မျက်နှာကိုကြည့်ကာ ဦးမေးသည်။ မိုးစင် အရိပ်ကို ဦး အကဲခတ်နိုင်စွမ်း၏။ မိုးစင် မညာချင်ပါ။

"ဟို မေမေ အခုပဲ လာသွားတယ်ဦး"

"ဟင် ဟုတ်လား၊ ဒါကြောင့် အခန်းတံခါး ပွင့်နေတာကိုး မိုးစင်ဆီ လာလည်တာလား"

"မိုးစင်ကို လာခေါ်တာတဲ့ မိုးစင် ငြင်းလိုက်လို့ စိတ်ဆိုးသွားတယ်"

"ဘာဖြစ်လို့ ပြန်လိုက်မသွားတာလဲ ကလေးရယ်"

ဦး မေးခွန်းကို မိုးစင် မဖြေမိပါ။ မိုးစင်နှင့် မေမေ ဖြစ်ပျက်ခဲ့သော ပြဿနာတွေ ပြောခဲ့သော စကားတွေကိုလည်း ဦး မသိစေချင်၊ ကြားစေချင်ပါ။ ဦးရဲ့ စေတနာအပေါ်မှာ အထင်လွဲ အမြင်လွဲနေကြတာကို ဦး သိလျှင် ဘယ်လိုမှ စိတ်ကောင်းနိုင်မည် မဟုတ်ပါ။

"သူ့ မင်းကို ဘယ်လောက်အထိ စိတ်ပူနေမလဲတွေးကြည့်စမ်း သူတွေ နေရာက ခံစားကြည့်ရင် ကိုယ့်မျက်စိရှေ့မှောက်မှာ ရှိနေတဲ့ သားသမီးကိုတောင် အချိန်နဲ့အမျှ စိုးရိမ်စိတ်တွေနဲ့ စောင့်ကြည့်နေရတာ တော့ မင်းတို့မှာ သားသမီးနှစ်ယောက်တည်း အဖော်ပြုပြီးနေရတာ"

ဦး နှုတ်က ဆုံးမစကားတွေကိုပဲ မိုးစင် ငြိမ်သက်တိတ်ဆိတ်စွာ စောင်နေလိုက်သည်။

"သူ့ မင်းအတွက် ဘယ်လောက်အထိ ခံစားရမလဲ မင်းမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေမှာ ဘယ်လောက် အထီးကျန်ဆန်လိုက်မလဲ သူ မင်း
လာခေါ်တယ်ဆိုကတည်းက သူ့ဘက်က တစ်ထစ်လျှော့ပြီးပြီပဲ မိုးစင်
ကိုယ့်အမေ အပေါ်မှာတောင် မာနတွေ ထားနေသလား''

"မဟုတ်ဘူး ဦး၊ မေမေ့ အပေါ် မိုးစင် မာနမထားပါဘူး"

ဦး ယဲ့ယဲ့လေး ပြုံးကြည့်သည်။ အမြဲတမ်း တည်ငြိမ်က
သိမ်မွေ့လွန်းသော ဦးရဲ့ အပြုံးတွေက မိုးစင်ကို နွေးထွေးအေးချမ်း
စေစမြဲ။

"ဒါဆို ဦးကို အားနာလို့ လိုက်မသွားတာလား"

"ဒီသဘောလည်း မဟုတ်ပါဘူး"

"အင်း မိုးစင် အောင်မြင်အောင် ကြိုးစားချင်တယ်ဆိုရင်
မိုးစင် ဘယ်နေရာမှာပဲ ရှိရှိ ဦးက ကူညီပံ့ပိုးပေးမှာပါကွာ၊ ဒါကို မင်း
ယုံပါ''

"ဦးကို မိုးစင် ယုံကြည် နားလည်ပါတယ်၊ ဒါပေမဲ့ မေမေ
ကျွန်မကို နားမလည်သေးပါဘူး။ ကျွန်မကို ဆက်ဒုက္ခမခံနဲ့တော့
မအောင်မြင်နိုင်ဘူး ဆိုတာကို ဝန်ခံပြီး အိမ်ကို ပြန်လိုက်ခဲ့တော့ဆို
သဘောမျိုးပြောတာ''

"ဩော် မိုးစင်က ဝန်မခံနိုင်ဘူးပေါ့"

ပြောပြီး ဦး ခပ်ဟဟလေး ရယ်သည်။ ဦးနှင့်မိုးစင်ကြား
ကိုယ်ကျင့်တရား သိက္ခာတရားနှင့် ပတ်သက်ပြီး ဦးက မိုးစင်အပေါ်
ဘယ်တုန်းကမှ မလေးမစား မဆက်ဆံခဲ့ပါ။





"ဟုတ်တယ် ဦး၊ မိုးစင် ဝန်မခံချင်ဘူး၊ မေမေ့စိတ်မှာ မေမေရဲ့
အကူအညီ မပါဘဲ မိုးစင် မရပ်တည်နိုင်ဘူးလို့ ယုံကြည်နေတယ်၊ ဒါကို
တော့ မိုးစင် လက်မခံနိုင်ဘူး၊ တစ်ခုတော့ရှိတယ် မိုးစင်ကြောင့်လည်း
ဦးမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ပါဘူး''

"ဟော့ ဒီစကား မပြောနဲ့လေ၊ ဦးက မင်းကို ကူညီပေးတာ
တွေက ဘာမှ ပြဿနာမရှိဘူး၊ ဘာမှလည်း မကြီးမား မလေးလံဘူး။
ကျူရှင်တွေလည်း သိပ်မစောနဲ့ အမှန်ပြောရရင် မင်းရဲ့ ကိုယ်ကျင့်
တရားကို ယုံကြည်လို့ ကိုယ့်တိုက်ခန်းမှာ နေခိုင်းထားတာ၊ မိုးစင်အတွက်
လည်း အဆောင်မှာထက်စာရင် အဆင်ပြေတယ်လေ၊ ဒါပေမဲ့ ဒီတိုက်
ခန်းထက်စာရင် မင်းအမေရဲ့အိမ်ကတော့ ပိုအဆင်ပြေဆုံးပေါ့''

"မိုးစင် လက်ခံပါတယ်၊ ဒါပေမဲ့ ဦး မိုးစင်ကို ဒီမှာ ဆက်နေခွင့်
ပေးနိုင်မလားဟင်''

မိုးစင် အမေးကြောင့် ဦး မျက်လုံးလေး ပင့်တက်သွားကာ
ခဏမှာ ကျောမှီထိုင်နေသော ခန္ဓာကိုယ်လည်း မတ်ခနဲ ဖြစ်သွားခဲ့၏။

"ဟိတ် ဦးက ဒီမှာဆက်မထားချင်လို့ ပြောနေတာလို့ မင်းထင်
နေသလားဟင်''

"မဟုတ်ပါဘူး မိုးစင် ဦးကို ခွင့်တောင်းတာပါ''

တစ်ခုခု မှားယွင်းသွားသည်လားဟု မိုးစင် မစိုးရိမ်မိပါ။ မိုးစင်
နေရာကို အပြတ်သားဆုံးပဲ ရင်ဆိုင်ချင်သည်။

"ကိုယ် ခွင့်ပြုထားပြီပဲ မိုးစင်ကသာ စဉ်းစားရမှာ ဟာကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်းမေမေ ပြောတဲ့စကားတွေမှာလည်း အမှားတစ်ခုမှ မပါဘူ

"ဒါဆို မိုးစင်က မေမေ့ကို အရှုံးပေးပြီး အိမ်ပြန်ရမှာ

မိုးစင် မှားသွားပါတယ် မေမေလို့ ပြောပြီး"

မိုးစင် အလိုမကျသလိုလေး ပြောတော့ ဦး ဟက်ဟက်ပက်

ရယ်ပါသည်။ ဦး ရယ်သံကြောင့် မိုးစင် ဒေါသလေး ခေါင်းထောင်မိ

ကို ပြန်ရှက်သွားချင်မိ၏။

"ကြည့်စမ်း မင်းကို တော်တော်ရင့်ကျက်သွားပဲလို့ ချီးမွမ်း

တာ တကယ်တော့ ကလေးလေးပါလား၊ အေးလေ အပြစ်တင်

မဟုတ်ပါဘူး။ မိန်းကလေးတစ်ယောက် အနေနဲ့ ဒီအခြေအနေထိ မာ

ကြံကြံခံလာတာကိုပဲ ဦးကတော့ အသိအမှတ်ပြု ချီးကျူးပါတယ်"

"ဆောရီး ဦး၊ မိုးစင် တောင်းပန်ပါတယ်"

"နိုး နိုး တောင်းပန်စရာကိစ္စ မဟုတ်ပါဘူး၊ ဒီမှာ ကလေ

မင်း အရှုံးပေးစရာ မလိုပါဘူး၊ ဦး ပြောတာက မင်းအခုလိုပဲ ဆက်

ကြံကြံခိုင် ရင်ဆိုင်ရမယ်၊ မင်း တော်ပါတယ်၊ အခွင့်အရေးလည်း ရ

မင်းဘက်ကအောင်မြင်မှု ရလာရင် ထိုက်တန်တဲ့ ငွေကြေးဥစ္စာတွေလ

ပြည့်စုံလာမယ်၊ ဒီလို ရပ်တည်လာနိုင်ပြီဆို မင်း မေမေ လက်ခံရတော့

ပေါ့"

ဦး စကားတွေက မိုးစင်ရင်ထဲကို ခွန်အားတွေအဖြစ် ပြည့်

ပေးနိုင်ပါသည်။

"ဦးဘက်က တတ်နိုင်သလောက် ပံ့ပိုးပေးမယ်၊ ပရိသတ်





ဘက်ခုပ်တီး အားပေးအောင် ကြိုးစားရမှာ မင်းအပိုင်းပဲ ဟုတ်လား"

"စိတ်ချပါ ဦး မိုးစင် ကြိုးစားမှာပါ"

"အိုကေ ကလေး မင်းကို ဦး အပြည့်အဝ ယုံတယ်၊ အားပေး

ယ်၊ ကူညီမယ် ဟုတ်လား ကဲ ဦး သွားဦးမယ် အစည်းအဝေးကိစ္စလေး

ရှိလို့"

"ဟုတ်ကဲ့ ဦး ဦးကို မိုးစင် အရမ်းကျေးဇူးတင်ပါတယ်၊ တကယ်

မေမေသာ ဦးလိုပဲ မိုးစင် စိတ်ဓာတ်တက်ကြွအောင် အားပေးရင်

သိပ်ကောင်းမှာပဲ"

မိုးစင် စကားကြောင့် ဦး ထိုင်ခုံက ထရပ်ရင်း ငေးငေးလေး

ကြည့်သည်။ မျက်ဝန်းတွေထဲမှာ မိုးစင်ကို စာနာ နားလည်မှုတွေ

ည်လျှံနေ၏။ ဦးက မိုးစင် ခေါင်းလေးကို တစ်ချက်လှမ်းပုတ်ရင်း

"မင်း မေမေက မင်းကိုချစ်တယ်၊ ဒါ မင်းယုံ၊ ပြီးတော့ အခု

မင်းကို သံသယတွေနဲ့ စိုးရိမ်နေတာလည်း မင်းအတွက် အားဆေးပဲ

ကြိုးစားပြလိုက်ပေါ့ကွ"

"မိုးစင် နားလည်ပါပြီ ဦး"

မိုးစင် ရင်ထဲမှာ ရှိန်းမြ နွေးထွေးသွားခဲ့သည်။ ဦးသည် မိုးစင်

အားတတ်အောင် ကြိုးစားချင်လာအောင် လမ်းပြနိုင်သူပါပဲ။

နှုတ်ဆက်ကာ ကျောခိုင်းထွက်သွားသော ဦးကို မိုးစင် ငေးငေး

လေး ကြည့်နေမိသည်။ အပြာနုရောင် စပို့ရှပ်အစင်းနှင့် စတိုင်ဘောင်း

ဘီအနက်ရောင် ဝတ်ဆင်ထားသော ဦးသည် တည်ကြည်ခန့်ညား လွန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

နှိုင်းဝီရနှင့် မေမေတို့ အမြင်မှာ ဦးမိုးသောက်ကြယ်သည် မိန်းကလေးတွေ စွဲမက်ချစ်ခင်နိုင်ကာ ရင်ခုန်စရာ ယောကျာ်းတစ်ယောက် ဖြစ်နေပေလိမ့်မည်။

မိုးစင်အတွက်တော့ ဦးသည် ကြည်ညိုစရာ၊ လေးစားစရာ ကောင်းသော ယောကျာ်းတစ်ယောက်ပဲ ဖြစ်၏။

မိုးစင် ဦး ဆန္ဒပြည့်ဝအောင် ကြိုးစားပြချင်ပါသည်။

■ ■ ■

## အခန်း (၁၉)

တက္ကစီကားလေးပေါ် ရောက်နေတုန်း ဟန်းဖုန်းလေး မြည်လာ…မို့ မိုးစင် ကောက်ကိုင် နားထောင်လိုက်သည်။

"ဟဲလို စင်လေးလား"

ဘယ်လိုမှ ထင်မှတ်မထားသော နှိုင်းဝီရ ဆီက ဖုန်းလေးဖြစ်…တာမို့ ဝမ်းသာစိတ်နှင့် လှိုက်ခနဲ ဖြစ်ရ၏။

"အင်း ဟုတ်တယ် နှိုင်း"

"ဘယ်လိုမှ မဆက်ဘဲ မနေနိုင်လို့ ဆက်လိုက်တာ၊ မိုးစင် …တယ် နေနိုင်တယ်နော်"

"ဘာကို ပြောတာလဲနှိုင်း"

"ကိုယ့်ဆီ ဖုန်းလေးတောင် မဆက်ဘူး။ ကိုယ်က မိုးစင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်မှာလားလို့ မျှော်နေတာ၊ ဒါပေမဲ့ မာနကြီးတဲ့ ကောင်မလေးကို ကိုယ် အရှုံးပေးလိုက်ပါတယ်''

တကယ်ဆို မိုးစင် ဖုန်းဆက်ဖို့ ကြိုးစားခဲ့ဖူးတာ နှိုင်းမှ မသိတဲ့ ဘာပဲဖြစ်ဖြစ် အခုချိန်မှာ နှိုင်းဆီက ဖုန်းသံလေးကြားရတာ တကယ် ဝမ်းသာစရာ ကောင်းပါသည်။

''စင်လေး အခုဘယ်မှာလဲ''

''တက္ကစီကားပေါ်မှာ နှိုင်းကော ဘယ်မှာလဲ''

''ကိုယ့်ဆိုင်မှာပဲပေါ့ ဝီရ လေးမှာ ရှိနေတာပေါ့''

''ဒါဆို မိုးစင် အခုပဲလာခဲ့မယ်''

''ဟင် တကယ်လား''

''တကယ်လာနေတာ၊ မိုးစင် ထွက်လာနေတုန်း နှိုင်းဆီက ဖုန်းဝင်လာတာ''

''အိုကေ အိုကေ ဒါဆို ကိုယ်စောင့်နေမယ် လာခဲ့ပါ''

နှိုင်း ဖုန်းလေးပိတ်သွားတော့မှ မိုးစင် ဖုန်းပိတ်လိုက်သည်။ တကယ်လည်း ဒီနေ့ နှိုင်းဆီသွားဖို့ တက္ကစီငှားပြီး ထွက်ခဲ့တာ ဖြစ်သည်။ မမျှော်လင့်ဘဲ နှိုင်းက ဖုန်းဆက်လာသည် ဆိုတော့ အဆင်ပြေသွား၏။

နောက်ရက်တွေဆို နှိုင်းနှင့် ဆုံတွေ့နိုင်ဖို့က အတော်ပဲ မလွယ် တော့မှာ သေချာသည်။ မိုးစင် ရှုတင်ရိုက်ကွင်းတွေ ဆက်တိုက်ရိုက်ရ တော့မည်မို့ဖြစ်၏။

ဝီရ (၄) ဆိုင်လေးကို ရောက်တော့ လူကရှင်းနေသည်။ တက္ကစီ





...း ထိုးရပ်သည်နှင့် နှိုင်းက ထွက်ကြိုသည်။

''ထမင်းစားပြီးပြီလား''

''ဘယ်မှာ စားရဦးမှာလဲ''

''ဒါဆို ကိုယ်တို့ ထမင်းအတူ စားရအောင်''

မိုးစင် လက်ကလေးကို ဆွဲကာ နှိုင်း ဆိုင်လေးထဲ ခေါ်သည်။ ...လိုက်တာသိ ပြင်ဆင်ထားသော ထမင်းဝိုင်းကအသင့်။

''ကဲ ထမင်းအရင်စားရအောင် ကိုယ်လည်း ဘာမှ စားမထား ...းတော့ ဗိုက်ဆာနေပြီ''

ဖြစ်ထားသော ပြဿနာတွေကို မေ့ထားခဲ့ကြကာ အတူထမင်း ...းဖြစ်ကြသည်။ ဂုတ်ထော်က်ဆံနွယ် အခွေအလိပ်လေးတွေနှင့် ရှင်းသန့် ...မောသော နှိုင်း မျက်နှာလေးက ကြည်လင်နေ၏။

မတွေ့တာ အတော်ကြာပေမယ့် နှိုင်းသည် မပြောင်းမလဲရှိ၏။ ...င် ပန်းကန်ထဲ ဟင်းတွေ ဂရုတစိုက် ခပ်ထည့်ပေးနေတော့ မိုးစင် ...်းသာကျေနပ်မိပြန်၏။

မိုးစင့် ကိုယ်တိုင်လည်း ဗိုက်ဆာနေတာမို့ နှစ်ပန်းကန် ကုန် ...အောင် စားပစ်လိုက်သည်။ စားသောက်ပြီးတော့ အချိုရည်သောက် ...်း စကားတွေ ပြောဖြစ်၏။

''ဒီနေ့ ဘာစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ''

''နောက်နေ့တွေ တွေ့ဖို့ မလွယ်တော့ဘူး''

''ဟင် ဘာလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကစပြီး မိုးစင် ရှုတင်ရိုက်ကွင်းတွေ ဆက်တိုက်ရှိတယ်၊ ဒါကြောင့် လာတာ ပြီးတော့ မေးစရာရှိလို့ မေမေ မိုးစင်ဆီလာသွားတယ်"

နှိုင်း မျက်မှောင်လေး ကုပ်သွားပြီး မိုးစင်ကို ကြည့်နေသည်။ ဘာမှမဆိုဘဲ မိုးစင် စကားကိုပဲ နားစွင့်နေဟန်။

"မေမေ စိတ်ဆိုးပြီး ပြန်သွားတယ်"

"မိုးစင် မိဘစကားကိုတောင် နားမထောင်တော့ဘူးပေါ့၊ ဘာလဲ ဒီပုဂ္ဂိုလ်ကြီး အကူအညီတွေ လက်ခံလိုက်ပြီပေါ့"

"မိုးစင် နောက်မဆုတ်ဘူးလို့ ပြောပြီးပြီလေ၊ မေမေ အားလုံးသိနေတာ နှိုင်း ပြောလိုက်လို့ မဟုတ်လား"

"ဘာလဲ ကိုယ်ကြောင့်လို့ အပြစ်တင်ဖို့လာတာလား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ မေမေ ရုတ်တရက်ကြီး ရောက်လာတော့ စဉ်းစားမရ ဖြစ်သွားတယ်လေ၊ မေမေကိုယ်တိုင်က နှိုင်းဆီရောက်လာခဲ့တယ်ပြောတော့ ပိုအံ့ဩသွားတယ်"

"ဘာလို့လဲ စင်လေးမေမေက အောက်ကျို့ပြီး စုံစမ်းတာမျိုး မလုပ်ဖူး ဆိုပါတော့"

"ဟုတ်တယ် မေမေ နှိုင်းဆီ လာစုံစမ်းမယ် ထင်ကို မထင်ထားတာ"

"အခုလာတာ အဲဒီ ကိစ္စလား"

နှိုင်း အသံကို မိုးစင် သဘောမကျပါ။ ရောက်စက မျက်နှာလို





ပြုံးရွှင်ရွှင် မရှိတာလည်း သတိထားမိသည်။

"မေမေ ကိစ္စအတွက် သီးသန့်မဟုတ်ပါဘူး၊ စကားကြုံလို့ ကို ပြောပြတာပါ၊ ကိုယ့်ချစ်သူဆီလာတာအတွက် တကူးတက ကြောင်းပြနေရမှာလား"

"ချစ်သူလို့ သုံးနှုန်းဖို့ မင်းမှာ အခွင့်အရေး မရှိတော့ဘူး"

ထင်မှတ်မထားသော နှိုင်း တုံ့ပြန်စကားကြောင့် မိုးစင် အရမ်း အံ့ဩသွားခဲ့၏။ နှိုင်း စကားက ဘာလဲ၊ မိုးစင်ကို ယတိပြတ်ပြီဆိုသော သဘောလား။

"နှိုင်း ဘယ်လိုပြောလိုက်တာလဲ အဓိပ္ပါယ်မရှိတာ"

"အဲဒီ အဓိပ္ပါယ်မရှိတာတွေ လုပ်နေတာက မင်းပဲ၊ အဲဒီလူနဲ့ ဆက်ဆံပတ်သက်နေတာကို မကြိုက်ဘူး ဆိုတာသိရက်နဲ့ မင်း ရှေ့တိုး လိုက်တာပဲ"

ပြဿနာက ဆက်ဖြစ်ပြန်ပြီ။ ဦး ကိစ္စအတွက် နှိုင်း အခုအထိ ကျေနပ်သေးတာ သေချာသည်။ မိုးစင် ဘက်ကလည်း ဘယ်တော့မှ လျှော့ပေးမည် မဟုတ်ဟုဆိုတာ သိရက်နဲ့။

"ဒါဆို နှိုင်း မကျေနပ်နိုင်တာ တစ်ခုတည်းနဲ့ မိုးစင်က အားလုံးကို စွန့်ရမယ့်သဘောလား၊ မိုးစင်နဲ့ ဦးကြားက သန့်စင်မှု ဖြူစင်မှု တွေကိုပဲ လွှင့်ပစ်ရမယ့် သဘောလား"

"တော်တော့ မိုးစင် ကိုယ့်ချစ်သူကို အဲဒီယောကျ်ားအနားမှာ ဆက်စိမ့်တ် ယုံပေးရအောင် ကိုယ် မမိုက်မဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကိုယ်ကောင်း မဆန်လွန်းဘူးလား နှိုင်း၊ နှိုင်းရဲ့ အချစ်ဆိုတာ နှိုင်းတစ်ယောက်တည်း စိတ်ကျေနပ်ဖို့အတွက်လား"

မိုးစင် စကားတွေကို သူ လက်မခံသလို ခေါင်းကိုခါသည်။ မာတင်း ခက်ထန်နေသော မျက်နှာက ပြေမလျော့သွားခဲ့ပါ။

"ပတ်ဝန်းကျင်ဆိုတာ ရှိတယ်၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဆိုကတည်းက ထင်ရာလုပ်တတ်တဲ့ မိန်းမျိုးပဲ အဲဒါကို စင်လေး မစဉ်းစားမိဘူးလား"

"ဘာတွေ ပြောနေတာလဲ နှိုင်း"

"ဘာတွေ ပြောရမှာလဲ ပတ်ဝန်းကျင်မှာ မြင်နေ ကြားနေရတာတွေကို ပြောတာလေ၊ ဘော့စ်ရဲ့ လက်စွဲတော်လေးတဲ့ တော်တော်ကျွမ်းနှံ့ပြီး အလုပ်အကိုင်လည်း တော်သတဲ့"

"ကိုယ့်အပေါ်ကောင်းတဲ့ အလုပ်ရှင်ကို တာဝန်ကျေရမှာပဲ"

"ဘာတာဝန်တွေလဲ အရေးပေးခံရတာနဲ့ ထိုက်တန်တဲ့ ပေးဆပ်မှု ပြန်ပေးမှာ တာဝန်ကျေမှုလား"

"တော်သင့်ပြီး နှိုင်း၊ ပတ်ဝန်းကျင်ဆိုတာ ပြောချင်တာကို ပြောကြမှာပဲ၊ ဒါကို မျက်လုံးစုံမှိတ် ယုံနေသင့်သလား၊ ကောင်းပြီ ဒီစနေ တနင်္ဂနွေတစ်ရက်မှာ နှိုင်းကို မိုးစင် ဦးဆီခေါ်သွားမယ်၊ မိတ်ဆက်ပေးမယ်"

နှိုင်းရဲ့ သံသယတွေ ရှင်းလင်းသွားအောင် မိုးစင် ပြောလိုက်မိ၏။ ဒါဆိုရင်တော့ ဦးရဲ့စိတ်ရင်းစေတနာကို နှိုင်း နားလည်လောက်မည်





ထင်ပါသည်။

"တော်ပါတော့ကွာ တွေ့စကတည်းက မျက်နှာကြောတင်းတင်းနဲ့ ပေါင်းရခက်တဲ့ အဘိုးကြီးဆို၊ စည်းကမ်းတွေနဲ့ စက်ရုပ်ဆန်တဲ့ မျက်နှာမျိုးဆို အခုတော့ တစ်မျိုးဖြစ်ရပြန်ပြီလား"

"နှိုင်း"

မိုးစင် စူးစူးရှရှ ဟစ်အော်လိုက်တာကြောင့် ဆိုင်ထဲက စားပွဲထိုး ချာတိတ်လေးတွေတောင်း လှည့်ကြည့်၏။ ဒါပေမဲ့ မိုးစင် ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့ပါ။

"အဲဒီလောက် ယောက်ျားဆန်လွန်းတဲ့ စကားသံတွေကို ကျွန်မ နားထောင်လို့ မရဘူး။ မိုးစင် ချစ်သူက ဒါမျိုးမဟုတ်ဘူး"

"အခု ဖြစ်နေပြီလေ၊ အဲဒါ မင်းဖန်တီးခဲ့တာ"

နှိုင်း နှုတ်က ဒီလို ကြမ်းတမ်းသော စကားသံမျိုး မကြားဖူးပါ။

"တော်ပါတော့ မိုးစင်စင်ရယ်၊ ဒီလို အထာတွေနဲ့ သားလိုလို အဖေလိုလို ဇာတ်လမ်းထဲငါ့ကို ဆွဲမထည့်လိုက်ပါနဲ့"

"ဘာ"

မိုးစင် မျက်နှာကို ငရဲမီးတွေနဲ့ ပက်လိုက်သလိုပါပဲ။ စူးစူးစိုက်စိုက် ကြည့်လိုက်မိသော နှိုင်းဝီရ မျက်နှာပေါ်မှာ လှောင်ပြောင်ရိပ်တွေ အထင်သေး စက်ဆုပ်မှုတွေ။

နှိုင်း မျက်ဝန်းထဲမှာတောင် ဒီလို သံသယတွေ ခိုင်မြဲနေပြီဆိုမှတော့ မိုးစင် ဘာကိုများ မျှော်လင့်ရဦးမှာလဲ။



www.burmeseclassic.com

"ဒီလို မိန်းမမျိုးလို့ ရှင်သတ်မှတ်တယ် မဟုတ်လား၊ အော
တန်းကျတဲ့ မိန်းမလို့ ရှင်ထင်တယ်ပေါ့ ကောင်းပြီ၊ ကျွန်မ လုံး
မဖြေရှင်းတော့ဘူး၊ ရှင့်ကိုချစ်ခဲ့မိတဲ့အတွက် ကိုယ့်ကိုကိုယ် နောင်တရ
မယ် နိုင်းဇီရ"

စကားအဆုံးမှာ မိုးစင် ဆတ်ခနဲ ထရပ်ပြီး စားပွဲပေါ်
လက်ကိုင်အိတ်ကို ဆွဲယူလိုက်သည်။ နိုင်း မျက်ဝန်းတွေထဲက စိုးရိ
ခြင်းနှင့် မျှော်လင့်ခြင်း ကင်းစင်နေသော အရိပ်တွေကိုလည်း မြင်မြ
အောင် မြင်ပါသည်။

အံကို တင်းခနဲကြိတ်ကာ လှည့်ထွက်ခဲ့လိုက်သည်။

နိုင်း ခေါ်သံကိုလည်း မကြားရပါ။ ရင်ထဲမှာ ရှုက်ဒေါသတွေ
နာကျင်ခြင်းတွေ အုံကျင်းဖွဲ့နေခဲ့သည်။

အဲဒီလောက် အထိတောင် မိုးစင် အပေါ်ယုံကြည်မှုတွေ
ကင်းစင်ကုန်ကြပြီလား။

မေမေ၊ ချစ်သူ အားလုံးက မိုးစင်အပေါ် နားလည်ယုံကြည်
တွေ မရှိတော့ဘူးလား။

ဝဲတက်လာသော မျက်ရည်တွေနှင့် သတိရမိတာ ဦး မျက်နှာ
ဖြစ်သည်။



## အခန်း (၂၀)

"ဦး နေမကောင်းဘူးဆို၊ ရုံးရောက်တော့ ကိုဗလနိုင် ပြော
သိုက်လို့"

"အင်း တစ်ပတ်လောက် ခွင့်ယူထားတယ်၊ နှလုံး နည်းနည်း
ပြဿနာရှိလို့ ပါရဂူက နားခိုင်းထားတယ်"

ဦး မျက်နှာကိုကြည့်ကာ မိုးစင် အကဲခတ်ကြည့်မိသည်။ ဦး
မျက်နှာက နည်းနည်းချောင်ကျသွားသည်ထင်၏။

"မိုးစင်လည်း ရုတင်ရိုက်ရက်တွေ ဆက်နေလို့ပါ၊ ဒီနေ့တော်
ညနေရှုတင်ပျက်သွားလို့ ဦး ရုံးခန်းဝင်ခဲ့တာ"

"အင်း ဦး သိတယ်၊ ဒါရိုက်တာ ဦးဝေမိုးနဲ့ ဖုန်းပြောဖြစ်ပါ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တယ်''

ဦးသည် မိုးစင် ရှုတင်ရိုက်ကွင်းကို တစ်ခါမှ ရောက်မလာ မယ့် စီစဉ်သင့်တာတွေ ဂရုတစိုက် စီစဉ်ပေးပါသည်။

ရှုတင်ရိုက်ကွင်းမှာ အဖော်ရအောင် ဒေါ်မြရီ ဆိုသော အန် ကြီးကို ခေါ်ပေးထားသည်။ နောက်ကွယ်မှာရှိပေမယ့် ဦးက မိုး အကြောင်းတွေကို ဒါရိုက်တာကြီးနှင့် မေးမြန်းထားသည်။

''မိုးစင် အားလုံးအဆင်ပြေတယ်လို့ ဦးဝေမိုး ပြောပါတယ် ပင်ပန်းနေပြီလား''

''ဝါသနာပါတော့ မပင်ပန်းပါဘူး။ ဦးကော သက်သာရဲ့လ ဟင်၊ နည်းနည်းချောင်သွားသလားလို့''

''အဆင်ပြေပါတယ်ကွာ၊ ဘာမှမဖြစ်ဘူး။ ပါရဂူကြီး နေ့ လာကြည့်ပေးပါတယ်၊ ကဲ ခြံထဲမှာ စကားပြောရအောင်၊ ညနေ စားပြီးမှ ပြန်ပေါ့၊ မိုးစင်ကို အိမ်အထိ လိုက်ပို့ပေးခိုင်းမယ်''

ဦးစကားကို ခေါင်းလေးညိတ်ကာ ခြံထဲကို ဆင်းခဲ့ကြသည် အပြာနုပုဆိုးကွက်စိပ်နှင့် ကာကီရောင် ဂျာကင်ကို ဝတ်ထားသော ဦ က မိုးစင်ကို တစ်ချက်ငုံ့ကြည့်ပြုံးသည်။

''မိတ်ကပ်တွေ ဖျက်မထားသေးဘူး ထင်တယ်''

''ဟုတ်ကဲ့ ဦး။ ရှုတင်ကတန်းလာခဲ့တာလေ၊ တံခွန်ရော ဦး''

''သူတို့ဆရာအိမ် ခဏသွားတယ် သမီး။ သားပြန်လာမှ အ ထမင်းစားကြတာပေါ့''





ခြံထဲက ခုံတန်းလေးမှာ ဦးက ဝင်ထိုင်တော့ မိုးစင်လည်း က်စွန်းမှာ ဝင်ထိုင်ရင်း

''ဦး လေစိမ်းတိုက်ခံလို့ ဖြစ်ပါ့မလား''

''ရပါတယ် ခဏထိုင်ရအောင်''

ဦးဆန္ဒအတိုင်းပဲ မိုးစင် ဝင်ထိုင်ပေးလိုက်ပါသည်။ ဦး မျက်ဝန်း က ခြံထဲက မြင်ကွင်းတွေမှာ ငေးရီနေ၏။

''ဦး နှလုံးက ဘာဖြစ်တာလဲဟင်''

''ဦးက နှလုံးခွဲစိတ်ခံယူထားဖူးတယ် မိုးစင်ရဲ့''

''ဟင် ဟုတ်လား''

''ဟုတ်တယ် ဒါကြောင့် ဂရုစိုက်ရတယ်၊ ဒီရက်တွေမှာ ဦး ည်းနည်းပင်ပန်းသွားတယ်၊ လူပင်ပန်းတာထက် စိတ်ပင်ပန်းသွားတာ ဒါကြောင့်ပါရဂူကြီးက အနားခိုင်းပြီး ဆေးဝါးတွေ မှီဝဲခိုင်းနေတာ''

''ကောင်းပါတယ် ဦး၊ သက်သာတဲ့အထိ နားသင့်တာပေါ့''

''ဘာမှ မလုပ်ရဘဲ နားနေတော့လည်း အတွေးတွေနဲ့ ချာလည် ပြန်ရောကွ''

ပြောရင်း ဦး တစ်ချက်ရယ်သည်။ ဦးရင်ထဲက ခံစားချက်တွေ သိနေသော မိုးစင် ပင့်သက်လေးရှိုက်မိ၏။

''ဟို ဒေါ်မှသားကို သတိရနေတာလားဟင် ဦး''

မိုးစင် အမေးကြောင့် ဦး လှည့်ကြည့်သည်။ တည်ငြိမ်သွား သော ဦးမျက်ဝန်းတွေက မိုးစင်ကို စက္ကန့်အတော်ကြာ စိုက်ကြည့်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း အခုတလော ဦး မကြာခဏ ပြန်သတိရ ဖြစ်နေတယ် အထူးသဖြင့် မိုးစင်နဲ့ဆုံမိရင် ပိုသတိရသွားတယ်"

"ရှင်"

"ဟုတ်တယ်လေ သူက မိုးစင်လိုပဲ အနုပညာ ဝါသနာကြီး တယ်၊ ပြီးတော့ ထူးခြားတိုက်ဆိုင်မှုက သူ့မှာ မိုးစင်လိုပဲ ပါးချိုင့်လေး တွေ ပါနေလို့ပဲ"

မိုးစင် အံ့သြသွားသည်။ ဒီလောက်အထိတောင် တိုက်ဆိုင်နေ သည်တဲ့လား။ ဦးက အကြည့်တွေ ခြံဝင်းထဲပြန်လွှဲသွားရင်း

"အဲဒါတွေကြောင့် မှသားကို ဦး ပြန်သတိရနေတာပေါ့၊ အင်း ကခဆို သားက ဦးရဲ့စကားတွေ နားထောင်ပေးတော့ ရင်ဖွင့်ပြောပြ တယ်၊ အခု သားလည်း စာမေးပွဲကိစ္စနဲ့ မအားရှာပါဘူး"

"မိုးစင်ကိုလည်း ဦး ရင်ဖွင့်လို့ ရပါတယ်"

ဦးကို စာနာသနားစိတ်နှင့် မိုးစင် ဆိုမိ၏။ ဦးနှင့်သူ့ချစ်ဦး ဒေါ်မှသားအကြောင်း မိုးစင် သိပ်သိချင်ပါသည်။

ဦး ပြောပြတာ နားထောင်ဖူးကတည်းက ဒေါ်မှသားကို စာ သနားခဲ့ရသည်။

"အင်း သားကို ဦး သိပ်ချစ်ခဲ့တာ အမှန်ပဲ၊ သားကလည် ဦးကိုချစ်တယ်၊ ဒါပေမဲ့ ဦးတို့နှစ်ယောက်ကြားမှာ မဟာအဆီးအတာ ကြီးက အတ္တမာနတွေ သိပ်ကြီးမားခဲ့တဲ့ ဦးရဲ့မိဘနှစ်ပါးကြောင့်ပဲ"

အတိတ်ကို မမေ့နိုင်သော ဦးမိုးသောက်ကြယ်ရဲ့မျက်ဝန်း





ဲ့တောက်ပသွားခဲ့သည်။

မိုးစင်ကိုယ်တိုင်လည်း ဦးရဲ့စကားသံတွေထဲ နစ်မျောပါဝင်သွား ခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကြိုတင်မျှော်လင့်ထားသည့်အတိုင်းပါပဲ။ သူနှင့်မှသားရဲ့ချစ်ခြင်းမှာ အကြီးမားဆုံး အနှောင့်အယှက်က မှသားဘက်က မရှိပါ။

သူ့ဘက်က မိဘနှစ်ပါးကသာ အနှောင့်အယှက်တွေ ဖြစ်ချေတာ ဖြစ်သည်။ တကယ်ဆို နိုင်နိုင်ကလည်း သူ့ကို အကြိမ်ကြိမ် သတိပေးခဲ့၏။ သတိပေးမရသည့်အဆုံးမှာတော့ နိုင်နိုင် ဘာမှမပြောတော့ပါ။

"ငါ မင်းကို ဘာမှ မပြောတော့ဘူး မိုးသောက်၊ ငါ ဘာကြောင့် တားမြစ်နေသလဲ မင်း အသိဆုံးပါ၊ အေး မင်းရဲ့ချစ်သူ မှသားကတော်ကြာရင် ငါ့ကို မုန်းတီးမှာ ငါသိတယ်၊ ငါ တားနေတာ မဖြစ်သင့်တာတွေ မဖြစ်စေချင်လို့ပဲ"





"ငါ သိပါတယ်၊ ဒါပေမဲ့ ငါ မှသားကို သိပ်ချစ်တယ်"

"အေးလေ မင်းချစ်တာကို ငါ သိတယ်၊ လက်ခံတယ်၊ ဒါပေမဲ့ မင်းတို့နှစ်ယောက်အတွက် ကောင်းကျိုး မဖြစ်နိုင်ဘူး၊ တားမရတော့လည်း မင်းတို့ကံပဲပေါ့"

နိုင်နိုင်က သည်လိုနှင့် ဘာဆိုဘာမှ မပြောတော့ပါ။ သူ့မိဘတွေကိုလည်း နိုင်နိုင် ရှောင်တိမ်းကာ ရေငုံနှုတ်ပိတ်နေပေးခဲ့သည်။

ဒါပေမဲ့ မယ်မယ်တို့၏မျက်ဝန်းတွေက နေရာတိုင်းမှာ ရှိနေတာမို့ ရိပ်မိသိရှိသွားခဲ့သည်။

"သား မိုးသောက် မယ်မယ် သတင်းတွေ ကြားနေတယ်နော်၊ ရှုပ်ရှပ်ယှက်ယှက်တွေ ဘာမှ မကြားချင်ဘူး၊ အပျော်သဘောဆိုရင် မယ်မယ် နားလည်ပေးလို့ရတယ်၊ ဘဝအတွက်ဆိုရင်တော့ မယ်မယ် ပြောထားတဲ့ စံနှုန်းတွေကိုသာ မမေ့ပါနဲ့"

မယ်မယ် ဘာကို ဆိုလိုသည်ဆိုတာ သူ သိပါသည်။ ဒါကြောင့်လည်း သူ ဘာမှ ခွန်းတုံ့မပြန်ဘဲ ရေငုံနှုတ်ပိတ်နေခဲ့သည်။

ရှေ့မှာ ဝန့်မခံဘဲ ကွယ်ရာမှာ သူ သံယောဇဉ် မပြတ် မှသားနှင့် ဆုံတွေ့နေတာကို မယ်မယ်တို့ကလည်း သိနေသည်။

ကြွယ်ဝချမ်းသာပြီး မယ်မယ်တို့ စိတ်တိုင်းကျ ရက်ကန်းစက်ရုံတွေ အများကြီး ပိုင်ဆိုင်သော မန္တလေးက မိတ်ဆွေဖြစ်သူ သမီးနှင့် သူ့ကို စိစဉ်နေတာ သူကလည်း ပါးနပ်စွာ ရိပ်မိခဲ့၏။

"မယ်မယ် သားကျောင်းပြီးအောင် တက်ပါရစေဦး၊ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝ လွှတ်လွှတ်လပ်လပ် ပျော်ပျော်နေတာကို မယ်မယ် မစိုးရိမ်ပါ

စိတ်ချ မယ်မယ်တို့ ကြားနေတယ်ဆိုတာ လိုတာထက် ပိုနေတာတွေပ

သားက အဲဒီလို အဆင့်အတန်းမျိုး ရွေးပါ့မလား''

''အေး သားဘက်က သေချာဖို့လိုတယ်၊ အပျော်ကနေ အတည်

တော့ ဘယ်တော့မှ မဖြစ်စေနဲ့နော်၊ ဘယ်လိုနည်းမျိုးနဲ့ဖြစ်ဖြစ် မယ်မယ်

လက်မခံဘူး''

''ဟာ စိတ်ချပါ၊ မယ်မယ်တို့ စိုးရိမ်ပိုပြီး မိန်းမပေးစား

တော့ မကြိုးစည်ကြပါနဲ့၊ တကယ်ပေးစားမယ်ဆိုရင်လည်း သားက ထ

ပြီး ထွက်ပြေးမှာဗျ၊ ဟဲ ဟဲ လူပျိုဘဝလေးမှာ လွှတ်လွှတ်လပ်လ

နေပါရစေဦး မယ်မယ်ရာ''

သူ့ဘက်ကလည်း မယ်မယ်တို့ကို အယုံသွင်းကာ စည်းရုံး

နိုင်ခဲ့ပါသည်။

ပညာရေး ဆုံးခန်းတိုင်သည်အထိ နေစေဦးဆိုကာ မယ်မ

တို့ စောင့်ကြည့်ခဲ့တာလား။ သူကပဲ ဟန်ဆောင်ကောင်းခဲ့တာလား မယ်

နောက်ဆုံးနှစ် စာမေးပွဲပြီးသည်အထိ အနှောင့်အယှက် ကင်းခဲ့

စာမေးပွဲပြီးဆုံးပြီးချိန်မှာ မယ်မယ်တို့ဘက်က စိတ်တိုင်း

စီမံမည့် အရိပ်အရောင်တွေ့သည်နှင့် သူ မုသားကို နိုးယူခဲ့တော့သည်

''မုသားကို ကိုယ်မခွဲနိုင်ဘူးကွာ၊ ကိုယ်နဲ့ လိုက်ခဲ့နော်သား

''ကို စဉ်းစားနော် ကိုမိဘတွေရဲ့ အမုန်းကိုခံရမှာ''

''ဘာကိုပဲဖြစ်ဖြစ် ကို ရင်ဆိုင်ရဲတယ် သား၊ အရေးကြီး



ားနဲ့ မခွဲရဖို့ပဲ''

မုသားကလည်း သူ့ဆန္ဒကို မငြင်းခဲ့ပါ။ သူမ မြတ်နိုးသော

သနာ အလုပ်တွေကို ဥပေက္ခာပြုခဲ့ကာ သူ့ခေါ်ရာလိုက်ခဲ့သည်။

လက်တံရှည်လွန်းလှသော မယ်မယ်တို့ အရိပ်ကလွတ်ဖို့အတွက်

ူကလည်း ကြိုတင်စီစဉ်ထားပြီး ဖြစ်သည်။

ကျောင်းတုန်းက သူရဲ့အခင်ဆုံး သူငယ်ချင်းဖြစ်သော အတာ

 သူ့ကို ကူညီပေးခဲ့သည်။

ဧရာဝတီတိုင်းဘက်မှာ ရှိသော အတာတို့ နယ်မြို့လေးအထိ

 မုသား ကို ခေါ်ခဲ့သည်။

မြို့နှင့် အလှမ်းဝေးလှသော ရွာလေးရှိ ယာတဲကြီးတစ်လုံးတွင်

နှင့် မုသားတို့၏ ပျားရည်ဆမ်းနေ့ရက်တို့ ကုန်ဆုံးခဲ့ရသည်။

ခနီမိုး၊ ထရံကာ၊ ဝါးခင်း ယာတဲလေးကိုတော့ မယ်မယ်တို့

ယ်လိုမှ ခြေရာမခံနိုင်မှာ သူ ယုံသည်။ သူ စာမေးပွဲ နောက်ဆုံးနေ့က

ားနှ နှစ်ဦးသဘောတူ တရားဝင် လက်ထပ်ထားခဲ့ပြီးပြီ။

''အင်း ဒီအချိန်လောက်ဆိုရင် ကို့မိဘတွေ ဒေါသဖြစ်မှာ

ချာတယ်နော်''

''မတတ်နိုင်ဘူး မုသား၊ မုသားကို ကိုယ်မခွဲနိုင်ဘူးလေ၊ သားကို

ကိုယ်မခိုးရင် မယ်မယ်တို့က မိန်းမပေးစားတော့မှာ''

''ကို့ကို မုသား သနားတယ်၊ ရွှေဘုံပေါ်က ဆင်းလာခဲ့ပြီး

တွေကို ရင်ဆိုင်နေရပြီလေ''

www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ကိုယ်ကတောင် သားကိုသနားနေတာပါ သာ
ဝါသနာပါတဲ့ အလုပ်တွေကို ထားရစ်ခဲ့ရတာ မဟုတ်လား"

"ကိုရယ် ကိုတောင် ရွှေဘုံပေါ်က ခုန်ဆင်းရဲသေးတာပဲ၊ သာ
က ဒီလောက်တော့ လိုက်လျှောပေးရမှာပေါ့"

"မပူပါနဲ့ သားရယ်၊ ကိုယ်တို့ အချိန်လေးတစ်ခုလောက်
နိုနေကြမှာပါ၊ ပြီးရင် ပြန်ကြမှာပေါ့"

"ကို့ မယ်မယ်တို့က လက်ခံကြည်ဖြူမယ် ထင်လို့လားဟင်"

မုသား ကြိုတင်တွေးထားသလို သူလည်း သိထားပြီး ဖြ
သည်။ မယ်မယ်တို့ ခွင့်လွှတ်မှုကို သူ မမျှော်လင့်ပါ။ မယ်မယ်
သူ့ကို ခွင့်လွှတ်မှာ မဟုတ်သလို မုသားနှင့် ကွဲအောင် ခွဲကြမှာလည်း
သိသည်။

ဒါပေမဲ့ ဒီမှာ အကြာကြီးနေလို့ မရပါ။ တစ်ယောက်တည်း
ထားရစ်ခဲ့ရသော မုသား မေမေက ရှိသေးသည်။

"မယ်မယ်ရဲ့ ခွင့်လွှတ်မှုကို ကိုယ်မမျှော်လင့်ပါဘူး သားရယ်
ဒါပေမဲ့ သား မေမေရှိတယ်၊ သားရဲ့ဝါသနာနဲ့ အလုပ်တွေရှိတယ်
ကိုယ်လည်း အလုပ်တစ်ခု လုပ်နိုင်တယ်လေ"

"အင်း မေမေကိုတော့ သား စိတ်မချဘူး ကိုရယ်"

သူ မုသား ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့
ထားလိုက်ပါသည်။

တကယ်ဆို မုသားရဲ့ဘဝက သူ့ကြောင့် ပေးဆပ်ဆုံးရှုံးခဲ့ရ



တွေ အများကြီး။ မိခင်ကြီးကို ထားရစ်ခဲ့ရသည်။ ပြီးတော့ သူမရဲ့
ဝါသနာနှင့် အလုပ်တွေကို ထားရစ်ခဲ့ရသည်။

မုသား ကို သူမြတ်နိုးစွာ ချစ်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"တကယ်သာယာတဲ့ နေရာလေးနော် မုသား။ ကိုယ့်အတွက် ဒီနေရာလေးမှာ နေရတာ ပျော်တယ်. စိတ်ချမ်းသာတယ်"

"သားကလေ ကို မနေတတ် မစားတတ်နဲ့ စိတ်ဒုက္ခရောက်ပြီး အိမ်ကို ပြန်ပြေးချင်စိတ်တွေ ပေါက်လာမှာပဲလို့၊ သားနဲ့ အတူနေရတာကို နောင်တတွေ ရနေမှာပဲလို့ စိတ်မကောင်းဖြစ်နေတာ၊ ကို တကယ် စိတ်မညစ်ဘူးလား ဟင်၊ ဟန်ဆောင်နေတာလား။ သား စိတ်ချမ်းသာအောင် ဟန်ဆောင်နေတာတော့ မဟုတ်ပါဘူးနော်"

"သားရာ"

သူ ဟက်ဟက်ပက်ပက် ရယ်မောရင်း မုသား လက်ဖဝါးလေးကို တင်းတင်းကြပ်ကြပ် ဆုပ်ထားလိုက်သည်။



သူတို့နှစ်ဦး လမ်းလျှောက်နေတာ ယာခင်းတွေ ပတ်လည်ဝိုင်းနေသော ကန်ဘောင်လေးပေါ်မှာ ဖြစ်သည်။ ဘေးပတ်ပတ်လည်မှာ သီးနှံခင်းတွေက ဝိုင်းစုနေသည်။ အတာရဲ့ဖခင် ပိုင်ဆိုင်သော ယာခင်းတွေ ဖြစ်၏။

"မင်းတို့ စားချင်တဲ့ သီးနှံရှူးစား၊ ကြော်စား၊ လယ်ထဲမှာ ငါးတွေ ပုစွန်တွေလည်း ပေါပါတယ်၊ အသားဟင်းလျာတော့ ငါတို့ ဘက်က ရှားတယ်ကွ"

အတာ ပြောထားသလိုပါပဲ၊ အသားဟင်းလျာကတော့ စားရခဲသည်။ ရွာထဲမှာ ပေါ်လျှင်တော့ အတာက လာပို့ပေးတတ်သည်။ မြို့ဈေးတက်သည့် လူကြုံရှိလျှင်လည်း မှာပေးတတ်၏။

ဒါပေမဲ့ အများစုကတော့ ယာထဲက ဟင်းသီးဟင်းရွက် လတ်ဆတ်ဆတ်တွေပဲ ဖေါ်သည်။

"ဒီလို နေရာမျိုးကို ကိုယ်စိတ်ညစ်ပါ့မလား သားရယ်၊ ဆန်သည်းပေါ၊ ဆီလည်ပေါ၊ ဟင်းချက်စရာလည်း ဝယ်မစားရဘူး ယာထဲဆင်းပြီး စားချင်တဲ့ သီးနှံခူးလိုက်ရုံပဲလေ"

"ဒါဆို ဒီမှာပဲ ကိုနဲ့သား တစ်သက်လုံး နေကြမလား"

"သိပ်နေချင်တာပေါ့ကွာ၊ ဒါပေမဲ့ သား မေမေနဲ့ သားအတွက်တော့ နေလို့မရသေးဘူး"

သူ ဖြစ်သင့်သည့် အတိုင်းပဲပြောမိသည်။ တကယ်ဆို ထည်ဝါလှသော တိုက်ကြီးရဲ့ ကော်ဇောခင်းသော ကြမ်းပြင်မှာတောင် ဖိနပ်စီး

www.burmeseclassic.com

www.burmeseclassic.com



လျှောက်တတ်သောသူ။

မွေ့ရာထူကြီးပေါ်မှာ ကျောခင်းအိပ်တတ်သူ ဟင်းကိုတော

ရွေးများတတ်သူ။ သူသည် မီးမရှိသည့် ယာတဲလေးပေါ်က ဖျာကြ

လေးမှာ နေနိုင်ခဲ့တာ အချစ်ကြောင့်ဟု ထင်ပါသည်။

"ကို ဒီမှာ အခုလို ပျော်ပျော်နေနိုင်တာ သား ယုံတော

မယုံချင်ဘူး"

မှသား က သူ့ပခုံးလေးမှီကာ ကန်သင်းလမ်းလေးအတိုင်

လျှောက်ရင်း ပြောတော့

"ဟုတ်တယ် သား၊ ကိုယ်လည်းအံ့ဩနေတယ်၊ ကိုယ် ဒီ

စရောက်တော့ မှောင်ရီ ဖြိုးဖျမှာ တဲကုပ်လေးကို မြင်ရတော့ တကယ်

စိတ်ညစ်သွားခဲ့တာ၊ အိပ်ရာမပါတဲ့ ဖျာကြမ်းလေးပေါ်မှာ ဘယ်လို အိပ်

မလဲလို့ တွေးမိတယ်၊ ဒါပေမဲ့ သားနဲ့အတူ အနီးဆုံးမှာ ရှိနေပါလာ

ဆိုတဲ့အသိနဲ့ အရာရာကို မေ့သွားတယ်"

"ကျေးဇူးတင်ပါတယ် ကို"

"ဟင် ဘာကိုပြောတာလဲ သားရဲ့"

"သားအတွက်နဲ့ ကို အခုကို ဆင်းရဲဒုက္ခတွေ ခံပေးနေတဲ့

အတွက်ပါ"

"မဟုတ်တာ ဒီဆင်းရဲဒုက္ခတွေက ကိုယ်ခေါ်လို့ သား ခံနေ

တာပါ၊ ကိုယ်ကြိုးစားမှာပါ သား၊ ကိုယ်တို့ နှစ်ယောက်ဘဝအတွက်

ဒီထက်ပိုပြီး ကောင်းတဲ့ဘဝရောက်အောင် ကြိုးစားမယ်၊ ကိုယ်တို့

ဗျူး၈၁၁၆၀



ယောက်ဘဝ ပြီးတော့ ကိုယ်တို့သုံးယောက် လေးယောက်"

"အို ဘာတွေလဲ ကိုရဲ့"

"အခုတော့ နှစ်ယောက်တည်းလေ၊ နောက်တော့ သုံးယောက်

လေးယောက်တွေ ဖြစ်လာမှာပေါ့ သားရဲ့"

"အို ကိုကလည်း ဘာတွေပြောနေတာလဲ"

သား မျက်နှာလေး ပန်းနုရောင်သမ်းသွားတော့ သူ သားခန္ဓာ

ကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်း ပွေ့ဖက်ရင်း

"ကိုက ကလေးချစ်တတ်တယ်ဗျ"

"ကိုရယ်"

သူ့ရင်ခွင်ထဲမှ ခေါင်းလေးမော့ကြည့်သော မှသား မျက်နှာလေး

နှင့် သူမြတ်နိုးစုံမက်စွာ နမ်းရှိုက်လိုက်မိသည်။

တကယ့်ကို ကြည်နူးစရာ ကာလလေးတွေမှာ အချစ်နဲ့ပဲ အရာ

ရာသည် ပြည့်စုံငြိမ်းချမ်းနေခဲ့၏။

■ ■ ■

ဗျူး၈၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

တစ်လနီးပါး အတာရဲ့ ယာတဲလေးမှာ ရှင်သန်ပြီးတော့ သူတို့တွေ ရန်ကုန်ကို ပြန်ခဲ့ကြသည်။

သူနှင့် မုသား ပြန်ရောက်လာသည့်အတွက် မုသား မေမေက ဝမ်းသာစွာ ဆီးကြိုသည်။

"မေမေ ကို့ဘက်က ဘာတွေကြားသေးလဲ"

မုသား အမေးကြောင့် ဒေါ်နန်းဝါ မျက်နှာပျက်သွားတာ သူ သတိထားမိသည်။ သူ မျှော်လင့်ပြီးသားပါပဲ။ မယ်မယ်တို့က မုသား မေမေကို အတ္တဆန်လွန်းသော စကားလုံးတွေနှင့် နာကျင်အောင် တိုက်ခိုက်သွားကြမှာ သေချာ၏။

ဒါပေမဲ့ မုသား မေမေက ပျက်သွားသော မျက်နှာကို ချက်ချင်းပဲ ပြင်ကာ



"သူတို့ဘက်က သဘောမတူတော့လည်း မကြည်ဖြူဘူးပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ် သမီးတို့ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင် ကြိုးစားကြပေါ့ကွယ်"

"ဟုတ်တယ် မုသား၊ ဘာမှမပူနဲ့ ကိုယ်လည်း အလုပ်တစ်ခု အမြန်ဆုံး ရှာလုပ်မှာပါ"

တကယ်တမ်းကျ သူ့အတွက်ကလည်း ချက်ချင်း အဆင်မပြေသေးပါ။ မယ်မယ်တို့က ရင်ဆိုင်ရမှာစိုးတာကြောင့် အပြင်တောင် သိပ်မထွက်ရဲပါ။

မုသားကတော့ အဆင်ပြေသည်။ သရုပ်ဆောင်လုပ်ငန်းမှာ ဆယ်ပို့အနေနှင့် ရိုက်ခွင့်ရသည်။ ပထမဆုံးရလာသော အနုပညာကြေးထဲက သူ့အတွက် ပုဆိုးတစ်ထည်နှင့် အင်္ကျီတစ်ထည် ဝယ်လာတော့

"ဘာလို့ ဝယ်လာရတာလဲ သား ရယ်၊ ပိုက်ဆံပဲသိမ်းထားပါ"

"ဘာလို့လဲ ကိုရဲ့၊ ကိုယ့်ယောကျ်ားအတွက် အမှတ်တရ ဝယ်လာတာပဲ"

"ဟုတ်ပါပြီ နောက်ဆို မဝယ်နဲ့ သားရဲ့ငွေကို ကိုယ် မသုံးရက်ဘူး၊ ကိုယ်ကလည်း အလုပ်အကိုင် မရသေးဘူး"

"ကိုရယ် လင်မယား အချင်းချင်းပဲဥစ္စာ၊ သားရဲ့ငွေကလည်း ကို့ငွေပဲပေါ့"

"အင်း ဟုတ်ပါတယ်၊ သားငွေလိုရင် ကိုယ့်မှာပါလာတဲ့ ဆွဲကြိုး နဲ့ လက်စွပ်တို့ကို ရောင်းလိုက်နော်၊ အဲဒါတွေက ကိုယ့်မုန့်ဖိုးနဲ့ စုဝယ်

www.burmeseclassic.com



ထားတာတွေပါ"

"အံမယ် ကို့ ပစ္စည်းတွေ မထိပါနဲ့၊ ပြန်ရောင်းရင် ရှုံးတယ် ကိုရဲ့၊ ပစ္စည်းတွေ သိမ်းထားပါ၊ နောက်တကယ် လိုအပ်တဲ့ အခါကျ သုံးချင်သုံး၊ အခု ဒီမှာ အဆင်ပြေပါတယ်၊ သားလည်း ဇာတ်ပို့ဇာတ်ရော ကနေ အဓိကမင်းသမီးအဖြစ် သရုပ်ဆောင်ခွင့်ရအောင် ကြိုးစားမှာပါ သားရဲ့ဆရာ ဒါရိုက်တာကြီးက သားကို သူ တင်ရိုက်မယ်တဲ့"

"အင်း ဝမ်းသာပါတယ် သား၊ သားက တကယ်တော်ပါတယ်"

မှသားရဲ့ ဝါသနာအတွက် အောင်မြင်မှု ရောင်ခြည်လေး သမ်း လာတာကို သူလည်း ဝမ်းသာမိသည်။ ဒါပေမဲ့ ထိုဝမ်းသာမှုတွေက ရန်ကုန်ရောက်ပြီး နှစ်ပတ်အကြာမှာပဲ ရင်ဆိုင်ရ၏။

သူရှိရာသို့ နိုင်နိုင် ရောက်လာကတည်းက သူ ရင်ထိတ်သွား ခဲ့၏။

"ဟာ နိုင်နိုင် လာ"

"မိုးသောက် မင်းတို့ ပြန်ရောက်နေတာကြားလို့ ငါလာခဲ့တာ"

"မယ်မယ်တို့ကော သိနေပြီလား"

"သိတာပေါ့ကွာ ငါ့ကို မှာလိုက်တယ့် ဟို အဲ"

"ဘာမှာလိုက်တာလဲ ကိုနိုင်နိုင် ရပါတယ် ပြောပါ၊ သား နားလည်ပါတယ်"

"မင်း မယ်မယ် တော်တော်ပေါက်ကွဲနေတယ်၊ သူ့ကို လိမ်ညာ သွားတာ ခံရအခက်ဆုံးပဲတဲ့၊ ဟို အဲ မင်းနဲ့ မင်းဇနီး အိမ်ထောင်ဆေ





ကို သူဘယ်တော့မှ သဘောမတူဘူးတဲ့"

"ဟင်"

"အဲဒီလောက်တောင်ပဲလား သမီးရယ်၊ မေမေတို့က ဒီလောက် ထောင်ပဲ နိမ့်ကျနေသလားကွယ်"

အခန်းထောင့်မှာ ထိုင်နားထောင်နေသော မှသား မေမေ မျက်ရည်ဝဲကာဆိုတော့ သူလည်း စိတ်မကောင်းပါ။

နိုင်နိုင်က မျက်ရိပ်ပြကာ သူ့ကို ခေါ်သည်။

"သား ကိုယ် နိုင်နိုင်နဲ့ လက်ဖက်ရည်ဆိုင် ခဏလိုက်သွားဦး မယ်နော်၊ ခဏလေး မကြာဘူး"

လက်ဘက်ရည်ဆိုင်ရောက်တော့ နိုင်နိုင် ပြောစရာရှိတာတွေကို သူ့ကို ပြောပြပါတော့သည်။

"မင်း မယ်မယ်က တော်တော်ပေါက်ကွဲနေတယ်၊ ဒီလောက် ဆင်းရဲတဲ့ မိသားစုမှာ မင်းထမင်းနပ်မှန်အောင်တောင် စားရမှာ မဟုတ် ဘူးတဲ့၊ မှသားကလည်း ကောင်းတဲ့မိန်းမ မဟုတ်ဘူးတဲ့၊ သူတို့က မင်း စိတ်ပျက်လက်ပျက်နဲ့ ပြန်ပြေးလာမယ်လို့ ထင်နေတာ၊ ဒီလိုဖြစ်မလာ ဘော့ မင်းအဖေရဲ့ဒေါသက ကြောက်စရာတောင် ကောင်းတယ်ကွာ"

မယ်မယ်ထက် ဒေါသကြီးသော ဖေဖေသည် စကားသိပ်မပြော သေမယ့် ပြတ်သား ရက်စက်တတ်တာ သူ သိပါသည်။

"မင်းရဲ့ မှသားကိုလည်း ပက်ပက်စက်စက် ပြောလိုက်လေ ရှုလို ဥထားတဲ့ သူ့သားကို စိတ်ပါအောင် ဆွဲဆောင်လို့ ဖြစ်တာတဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးကို မရရအောင် ခွဲပစ်မယ်တဲ့၊ မျိုးရိုးဂုဏ်ကို အထိခိုက် မခံနိုင်ဘူးတဲ့၊ ဒီမှာ မင်းတို့အတွက် မလုံခြုံဘူး မိုးသောက်၊ ရန်ကုန်နဲ့ ဝေးဝေးမှာနေတာ မင်းတို့အတွက် ပိုကောင်းမယ်၊ တစ်နှစ်လောက်ကြာ ဒါမှမဟုတ် မင်းတို့သားသမီး ရလာမှ ပြန်လာခဲ့''

နိုင်နိုင် စကားကိုခန့်မှန်းကာ အခြေအနေတွေကို သူ ခန့်မှန်း မိပါသည်။ သူနှင့်မှသားကို မယ်မယ်တို့ ရှိသမျှ အရှိန်အဝါသုံးကာ နဲ ပစ်ကြမှာ သိပ်ကိုသေချာသည်။

ထိုအကြောင်းတွေ မှသားကို ဖွင့်ပြောတိုင်ပင်တော့ မှသားက လက်ခံသည်။

''ဟုတ်တယ် ဒီလိုဖြစ်လာမယ်လို့ မှသား ကြိုတွက်ထားတယ် ကို၊ ကို ဘာဆက်လုပ်မလဲ''

''ကို သားကို မခွဲနိုင်ဘူးကွာ သားနဲ့ဝေးရင် ကိုယ်သေလိမ့်မယ်''

''ကိုရယ် ကို့ကိုလည်း သား မခွဲနိုင်ပါဘူး၊ သားကို ချစ်မိလို့ သားဘဝထဲ တိုးဝင်လာလို့ ကို အခုလို ဒုက္ခဆင်းရဲတွေ ခံစားရင်ဆိုင်နေရ တာ၊ ကို့ကိုလည်း သား မိုက်မိုက်မဲမဲ ဖက်တွယ်ထားပါရစေ''

မှသားက မိခင်နှင့်တိုင်ပင်ပြီး အိမ်ရောင်းချဖို့ စီစဉ်သည်။ မှသားဆန္ဒကို မိခင်က မငြင်းခဲ့ပါ။

''အင်း အနုပညာသမားကို အထင်သေးနေသူတွေကို မေမေ အပြစ်မမြင်ချင်ပါဘူး၊ ဘာလို့လဲဆိုတော့ မေမေ့သမီးက လက်ထပ်ယူ တာကိုး မောင်မိုးသောက်ကိုလည်း မေမေ့သားလိုချစ်တယ်၊ အေးချမ်း





နေရာလေးကို သမီးတို့ရွေးပါ၊ မေမေ လက်ခံပါတယ်''

အားလုံးကို စီစဉ်နေချိန်မှာ သူကလည်း အဆင်ပြေနိုင်မည့် ...သနှင့် အလုပ်တစ်ခု ရှာသည်။

အတော့်ဆီမှာ အကူအညီတောင်းဆိုကြည့်တော့ အဆင်ပြေ ...သည်။

''မင်း ဒီမှာ အခြေချချင်တယ်ဆို၊ ငါ ကူညီမယ်၊ ငါးပိငါး ...ကြောက်ပွဲရုံမှာ မင်း အလုပ်ရမှာပါ''

အတာ ပြောသည့်အတိုင်း အဆင်ပြေသည်။ ဒါပေမဲ့ သူတို့ ...သားစု ပြောင်းရွှေ့ဖို့အတွက် ချက်ချင်းမဖြစ်ပါ။

''သားရဲ့ ရိုက်လက်စဇာတ်ကားတွေ ပြတ်အောင်တော့ ရိုက် ...ခဲ့မှ ဖြစ်မယ် ကို၊ တော်ကြာ ကိုယ့်ကြောင့် ပရိုဂျူဆာ ဒါရိုက်တာပါ ...ရောက်နေရင် မကောင်းဘူး''

''အင်း ဟုတ်ပါတယ်၊ ကို နားလည်ပါတယ်၊ အခု ကိုယ့် ...လုပ်က တန်းဝင်ရမှာဆိုတော့ ကိုယ်ကတော့ သွားနေရမယ်''

''ဟင် ကိုက အဲဒီမှာ သွားနေမယ်''

''အင်းလေ အလုပ်က အဆင်ပြေနေပြီ သားရဲ့၊ ကို တစ်လ ...စ်ခါ ပြန်လာမှာပေါ့၊ ဒီက သားရဲ့ကိစ္စတွေ ပြီးပြတ်သွားရင် ဟိုမှာ ...သားတကျ ဖြစ်ပြီးပေါ့၊ ခြံနဲ့အိမ်ကိုလည်း သား ကိစ္စပြီးချိန်လောက်မှ ...ာင်းပေါ့''

''ကိုရယ် ကိုနဲ့ မခွဲနိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီး သိပ်ဖြစ်ချင်တဲ့ ကို့မိန်းမတော့ ကိုယ်နဲ့ရမှ ဒါတွေ မလုပ်နိုင်တော့ဘူးနော်၊ လာငှားတဲ့ ဒါရိုက်တာတွေကိုပေမယ့် သား လက် မခံရဲတာကို နားလည်ပါတယ်ကွာ"

"အခြေအနေအရပေါ့ ကိုရယ်၊ သား ဝါသနာကို ခဏတော့ မျိုသိပ်ထားရမှာပဲ နယ်မှာနေရင် လုပ်ဖို့မလွယ်ပဲလေ၊ တစ်နှစ်လောက် ကြာမှ တစ်က ပြန်စကြိုးစားမယ်"

မှသားရဲ့ ဝါသနာကိုတော့ သူ အံ့ဩလေးစားပါသည်။ ပြီးတော့ သူ့ကြောင့် သူမဘဝလေး မလွတ်လပ်တော့တာကိုလည်း ဝမ်းနည်းမိ၏။

"သားရယ် ကိုယ်တကယ် စိတ်မကောင်းဘူး"

"သားမှ ကို့ကို မခွဲနိုင်တာကို အနုပညာကို စွန့်လွှတ်ဖို့ ဆိုတာကလွဲပြီး ကို့အတွက် သား ဘာမဆို လုပ်ပေးရဲတယ်၊ သားကို လည်း ကို နားလည်ပေးပါနော်"

"နားလည်တယ် သား။ သားရဲ့ အနုပညာကို ကိုလည်း ချစ်ပါ တယ်၊ သားကို အခြေအနေပေးရင် ကိုယ် ပါရမီဖြည့်ပေးမှာပါ"

သည်လိုနှင့် သူနှင့် မှသားတို့ တဒင်္ဂတော့ ခွဲခဲ့ကြရသည်။ နယ်မြို့လေးက ငါးပိငါးခြောက်ဒိုင်မှာ သူ စာရင်းကိုင် လုပ်ခဲ့သည်။

သူ ရန်ကုန်မှာ မရှိတာ မယ်မယ်တို့အတွက် မျက်ခြေပြတ် စရာတစ်ခုတော့ ဖြစ်သွားလိမ့်မည်။

■ ■ ■

ဗျူ၊ ၁၁၆၉

## အခန်း (၂၄)

သား နှင့်ခွဲပြီး နေရသော ရက်တွေမှာ သူ သားကို လွမ်းသော စိတ်ကို ကြိုးစား ဖြေဖျောက်ရသည်။

သားလည်း သူ့ကိုလွမ်းနေမှာ ယုံကြည်ပါသည်။ သား လက်ခံ ထားသော ရုပ်ရှင်ဇာတ်ကားတွေ ပြီးပြတ်လျှင်တော့ သား သူနှင့် အပြီး နေလိုက်လာမည်။

အနုပညာကိုစွန့်ကာ သူ့အနားမှာရှိဖို့ သား ဆုံးဖြတ်ခဲ့တာ သားရဲ့ ချစ်ခြင်းဟု သူယုံသည်။

တကယ်ဆို မယ်မယ်တို့သာ မနှောင့်ယှက်လျှင် သူလည်း အဆင်ပြေ၊ သား ဘဝလေးလည်း ဝါသနာအတိုင်း ရှင်သန်ကြိုးစားနိုင် သည်။

အခုတော့ သားနှင့် ဝေးကွာကာ သူ တစ်လ အလုပ်လုပ်ပြီးမှ

ဗျူ၊ ၁၁၆၉

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကို ခွင့်သုံးရက်တောင်း ပြန်ခဲ့သည်။

လူမသိ သူမသိအောင် တိတ်တဆိတ် ပြန်ခဲ့ရတာမျိုးမို့ ဘာ မသယ်ဆောင်နိုင်ခဲ့ပါ။

အိမ်ရောက်တော့ သားကို ချက်ချင်း မတွေ့ရ။ ရှုတင်သွားသည် ဟု အမေက ပြောသည်။

"သားက ရှုတင်တွေ အမြန်ဆုံးပြီးပြတ်အောင် ရိုက်ပေးနေ တယ်၊ ဟိုတစ်ပတ်က သူ့ဆရာ ဒါရိုက်တာကြီး လာသေးတယ်၊ သား ကို မင်းသမီးတင်ရိုက်ဖို့ ကိစ္စလေ"

အမေ့ စကားကြောင့် သူ ရင်ထိတ်သွား၏။ သား လက်ခံလိုက် လျှင်တော့ သွားပြီ။

"အမေ အရမ်းအံ့သြတယ် သိလား၊ အနုပညာကို ဝါသနာကြီး တဲ့ သမီးက အဲဒီက သရုပ်ဆောင် မင်းသမီးဖြစ်မယ့် အခွင့်အရေးကို ငြင်းလိုက်တယ်၊ သူ့ဆရာ ဒါရိုက်တာကြီး စိတ်ဆိုးသွားလို့ အမေတောင် ရှင်းပြ တောင်းပန်လိုက်ရသေးတယ် သား၊ အင်း သမီးက သားကို တကယ်ချစ်ရှာတာပါ"

"ကျွန်တော် သိပါတယ် အမေ၊ ဒါကြောင့်လည်း သားရဲ့ ဝါသနာကို ကျွန်တော် တတ်နိုင်သလောက် ပံ့ပိုး ပါရမီ ဖြည့်ပေးချင် တာပါ၊ အခုတော့ မယ်မယ်တို့ အန္တရာယ်ကြောင့်ပါ"

"အင်း အင်းပါကွယ် သားတို့ စိတ်ချမ်းသာရင် အမေ ဝမ်း သာပါတယ်ကွယ်"



သားရဲ့ ချစ်ခြင်းကို သူ အကြွင်းမဲ့ လက်ခံမိပါသည်။ ထိုည နေက မိုးချုပ်လုမှ သား ပြန်ရောက်လာ၏။

"ဟယ် ကို ကိုရောက်နေတယ် ဝမ်းသာလိုက်တာ"

သူ့ကို ပြေးပွေ့ဖက်တွယ်ကာ သား ဝမ်းသာအားရဆိုတော့ သူ သားကို ပြန်တွေးပွေ့ထားရင်း

"ကို လခထွေလာပို့ရင်း ခွင့်သုံးရက် ယူခဲ့တာလေ သားရဲ့"

"ဟင် သုံးရက်တည်း"

"ဪ သားရယ် သုံးရက်ပဲပေါ့၊ ဒါတောင် မနည်းတောင်း ခဲ့ရတာ၊ ကိုယ့်အလုပ်က ပုဂ္ဂလိကပိုင်အလုပ်လေ အဆင်ပြေပါတယ်"

"ကိုရယ် သားလည်း ဒီမှာ နှစ်လမတိုင်ခင် ကိုယ့်ရိုက်ကွင်းတွေ ပြတ်အောင် ရိုက်ပေးနေပါတယ်၊ ကို့ကို မခွဲနိုင်ဘူး သိလား"

"ကိုလည်း မခွဲနိုင်ပါဘူး။ ကဲ ရေမိုးချိုးလိုက်ဦးနော်၊ ပြီးရင် အမေနဲ့ ထမင်းလက်ဆုံ စားရအောင်"

"အင်း ဟုတ်ပါရဲ့၊ ဒီနေ့ ဝိုခန်းရိုက်လာတော့ ချွေးတွေရွှဲနေ တာပဲ၊ ကို့ကို နံကုန်ပြီထင်တယ်"

"ဟင့်အင်း သားရဲ့ကိုယ်သင်းရနံ့လေးတွေနဲ့ ဝေနေတဲ့ ကိုယ့် အတွက် သားရဲ့ချွေးရနံ့လေးက မွှေးနေပြီးသားပါကွာ"

"အဟင်း ဟင်း ကိုက တကယ်ပိုတယ်"

ရှားရှားပါးပါး ရသော ခွင့်ရက်လေးမှာ သူ သားရဲ့ရှုတင်နိုင် ငွင်းကို လိုက်ချင်ပေမယ့် မလိုက်ရဲပါ။

www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်တို့ရဲ့ အရိပ်တွေနှင့် ရင်ဆိုင်တိုးမှာစိုးသည်။ ဒါဆိုလျှ
သူ့ရဲ့အိပ်မက်တွေ ပြိုကွဲနိုင်သည်။

သား ရှုတင်သွားတာကို သူ အိမ်မှာပဲ စောင့်ရသည်။ သူန
သားအတွက် တိုတောင်းလှသော ဆုံတွေ့ရက်လေးတွေက ကြည်
ရင်ခုန်စရာတွေနှင့် တစ်သက်မမေ့စရာ ဖြစ်ခဲ့သည်။

■ ■ ■

"ကို"

"ဟင် သား"

"မနက်ဖြန်ဆို ကို ပြန်ရတော့မှာနော်"

"အင်းလေ ခွင့်ပြည့်ပြီပဲ သားရဲ့"

သား မျက်နှာလေး ညှိုးနေတာကြည့်ရင်း သူလည်း စိ
မကောင်းပါ။ ဒါပေမဲ့ သူ သားနဲ့ခဏတော့ ခွဲရဦးမည်ပဲ။

"ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့် ကိုနဲ့သား ဒီလို ဝေးနေ
တာလဲ မသိဘူးနော်"

သားစကားကြောင့် သူ့ရင်ထဲ မကောင်းပါ။ သားကို သူ
သိမ့်ဖို့ စကားလုံးတွေ ကင်းစင်နေခဲ့တာလည်း အမှန်။ တကယ်ဆို
နဲ့သားဘဝက တရားဝင် အကြင်လင်မယားဘဝရောက်နေတာကော
မယ်မယ်တို့ကို ကြောက်လန့်နေရသည့်အဖြစ်။

"ကို"

သား နံဘေးက ခုတင်ပေါ်မှာ လဲလျောင်းအိပ်စက်နေရ



စကားသံ တိတ်သွားသော သူ့ကို သားက ခေါ်သည်။

"ပြောလေ သား"

"ကို စိတ်မကောင်းဖြစ်သွားတာလားဟင်"

သူ့လက်မောင်းထက်မှ ခေါင်းလေးမှီ လှဲနေသော သားကို
သူ ရင်ခွင်ထဲ ညင်သာစွာ ဆွဲသွင်းရင်း နဖူးပေါ်က ဆံနွယ်လေးတွေကို
သပ်တင်ပေးလိုက်၏။

"သားကို တာဝန်မကျေနိုင်ခဲ့တာ ကိုယ် စိတ်မကောင်းတာ
အမှန်ပဲ"

"အို မဟုတ်တာ၊ သားကို ကို တာဝန်ကျေတာပေါ့၊ သားချစ်
တဲ့ ချစ်ခြင်းနဲ့ထပ်တူ ကို သားကိုချစ်တယ်၊ ပြည့်စုံချမ်းသာတဲ့ဘဝကြီး
ကိုစွန့်ပြီး သားကိုချစ်ခဲ့တာပါ"

"အဲဒါတွေ ပြန်မပြောနဲ့တော့ သားရယ်"

ရင်ခွင်ထဲမှ သား မျက်နှာလေးကို မေးဖျားလေးက ကိုင်ကာ
သူ မော့စေလိုက်သည်။

"အလွမ်းတွေကို သားတို့ မေ့ထားရအောင်နော် ကို"

ပါးချိုင့်လေးခွက်အောင် ပြုံးကြည့်နေသော သားမျက်နှာလေးကို
သူ မြတ်နိုးစုံမက်စွာ ကြည့်မိသည်။

"သားရယ် မင်းကို ကိုယ် သိပ်ချစ်တယ်"

"ကို့ကိုလည်း သား သိပ်ချစ်တာပဲလေ"

ပြောရင်း သားက သူ့လည်တိုင်ကို သိုင်းဖက်သည်။ ပူနွေးသော်

www.burmeseclassic.com



ကပ် ယှဉ်မိသော မျက်နှာနှစ်ခု နဖူးချင်းအပ်မိသည်။

သား နဖူးထက်ကို အနမ်းတစ်ပွင့် သူ ခွေမိ၏။ သား မျက်ဝန်း လေးတွေ မှိတ်ကာ ခံယူသည်။

အနမ်းတို့ ကြင်နာစွာ ပါးပြင်လေးကို . . ။ ထို့မှ နှုတ်ခမ်း ဖူးလေးဆီရောက်၏။ ယုယကြင်နာမှုတို့ ချိုမြိန်သော အနမ်းတွေနှင့် အပြိုင် ပွင့်ဖူးကြသည်။

နူးညံ့ပူနွေးသော ချစ်သူ့နှုတ်ခမ်းလေးတွေ၊ ချစ်သူရဲ့ သွေးကြော စိမ်းမြမြလေးတွေက သွေးတိုးနှုန်းကိုတောင် ကြားနိုင်သော လည်တိုင် ဝင်းဝင်းလေး။

ရင်ခုန်လှုပ်ခတ်မှုသည် အရှေ့ပြားပေါ်မှ မွေးညှင်းဖျားသို့တိုင် စီးမျောစိမ့်ဝင်သွားခဲ့သည်။

ချစ်သူရဲ့ဝင်သက်ထွက်သက် နွေးနွေးမှာလည်း ချစ်ခြင်းရနံ့ တွေ သင်းထုံနေ၏။ နှစ်ကိုယ့်တစ်စိတ်တည်းရှိသော ကမ္ဘာငယ်လေးထဲ မှာ ချစ်ခြင်းရနံ့တွေ ရွှန်းရွှန်းစိုနေခဲ့၏။

■ ■ ■



## အခန်း (၂၅)

သူ ပြန်သည့်နေ့က အဝေးပြေးကားဂိတ်အထိ မသားက လိုက် ည်ဆိုပေမယ့် ရွှတင်ကား ရောက်လာကာ ခေါ်တာကြောင့် မပို့နိုင် တော့ဝါ။

"သား လုပ်စရာရှိတာတွေသာ စိတ်ချလက်ချ လုပ်ပါ၊ ကိုယ့် အွက် ဘာမှမပူနဲ့နော်၊ ကိုယ် လကုန်ရင် အခုလိုပဲ ခွင့်ရက်နဲ့ ပြန် ခဲ့ပေါ့၊ သား အလုပ်တွေပြီးပြတ်ပြီဆိုရင် ကိုယ်တို့ တစ်ခါတည်း ပြောင်းကြမယ်"

သားကို နှစ်သိမ့်ပြောဆိုပြီး သူ အဝေးပြေးကားဂိတ်လေးဆီ ရောက်ခဲ့သည်။ သူနှင့်သားတို့ဘဝကို ရက်စက်ဖို့ စောင့်ကြိုနေမည့် ကြမ္မာ ဆိုးက စောင့်ကြိုနေလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ"

သူ့နံဘေးကို ထိုးရပ်လာသော ကားကြောင့် သူ လှည့်အကြ
ကားခေါင်းခန်းထဲမှာ မြင်လိုက်ရတာ မယ်မယ်နှင့်ဖေဖေတို့မျက်နှာ

"ဟင်"

သူ မင်သက်ကြောင်တွေနေတုန်းမှာ ကားနောက်ခန်းထဲ
ဗလကောင်းကောင်း လူနှစ်ယောက် ဆင်းလာပြီး သူ့ကို တစ်ဖက်တ
ချက် ဝိုင်းချုပ်ကြ၏။

"ဟာ ခင်ဗျားတို့ ဘာလုပ်တာလဲ လွှတ် လွှတ်"—

သူ အော်ဟစ်ရုန်းကန်ပေမယ့် အချည်းနှီးသာ ဖြစ်၏။ သန်
လှသော လက်တွေကြားမှာ ကားပေါ်ကို ဇွတ်အတင်း မွေ့တင်ခံလိုက်
သည်။

"မယ်မယ် မလုပ်ပါနဲ့၊ သားတို့ချစ်ခြင်းကို မခွဲပါနဲ့"

"မိုးသောက် တိတ်စမ်း"

ဖေဖေ့ရဲ့ဒေါသအသံကို ရှေ့ခန်းက ကြားသည်။ ချုပ်ကိုင်ထ
သူတွေ လက်ထဲမှ သူ ရုန်းထွက်ခုန်ချဖို့ ကြိုးစားမိသည်။

"ဒုတ်"

ဖက်ပိုးကို တစ်ချက်အရိုက်ခံလိုက်ရပြီးသည့်နောက်မှာ
အသိတရားတွေ အားလုံး အမှောင်အတိ ဖြစ်သွားခဲ့လေသည်။

■ ■ ■

သူ သတိပြန်ရချိန်မှာ မြင်လိုက်ရတာ မယ်မယ်နှင့်ဖေဖေတို့





တင်း ခက်ထန်နေသော မျက်နှာတွေ။

"မယ်မယ် သား သား ပြန်ပါရစေ"

"မင်း ဘယ်မှပြန်ခွင့်မရှိတော့ဘူး သား၊ ငါတို့မျိုးရိုးဂုဏ်ကို
င်း ဖျက်ဆီးတာ ငါ လုံးဝ လက်မခံနိုင်ဘူး"

"ဖေဖေ သားနဲ့မှုသားက တရားဝင် လက်ထပ်ထားတာပါ"

"ငါ ဘာကိုမှ ဂရုမစိုက်ဘူး မိုးသောက်၊ ဂရုမစိုက်လို့လည်း
ကို ငါ ရအောင် ပြန်ခေါ်ခဲ့တာပဲ၊ ဒီတော့ မင်း ဖြစ်ပျက်ခဲ့တာတွေကို
လိုက်တော့၊ ခေါင်းထဲက အပြီး ထုတ်ပစ်လိုက်တော့"

ယတိပြတ် ဖေဖေ့စကားကြောင့် မယ်မယ့်ကို သူ အားကိုး
ကြီး မော့ကြည့်တော့လည်း

"မယ်မယ်တို့ ဘယ်လိုမှ လက်မခံနိုင်ဘူးလို့ ပြောခဲ့တဲ့ကြားက
င်း လုပ်သွားခဲ့တယ်၊ မယ်မယ်ယုံကြည်မှုပေးခဲ့တာကို မင်း အသုံးချ
သွားတာပဲ သား"

"သား သား တောင်းပန်ပါတယ် မယ်မယ်"

"တောင်းပန်ဖို့ကို မလိုတော့ဘူးသား၊ ဒီနေ့ကစပြီး မင်းရဲ့ဘဝ
သစ်ကို စပြီလို့ မှတ်လိုက်တော့"

စကားအဆုံးမှာ မယ်မယ်တို့ အခန်းထဲက ထွက်သွားခဲ့ကြ
သည်။ သူ ခုတင်ပေါ်က ပြေးဆင်းပြီး တံခါးကို တွန်းဖွင့်တော့ အပြင်က
သော့ပိတ်သွားခဲ့တာဟု သိလိုက်သည်။

ပြတင်းတံခါးဆီ သူ ရောက်ခဲ့တော့ မှန်တံခါးတွေရဲ့အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သံပန်းသံတိုင်တွေနှင့် ထွက်ပေါက်မရှိသော အခန်းထဲမှာ မယ်မယ်... သူ့ကို ထည့်ထားခြင်းပါပဲ။

"မယ်မယ် မယ်မယ် ဒီလိုမလုပ်ပါနဲ့ မယ်မယ်"

"ဒုန်း ဒုန်း ဒုန်း"

သူ့ရဲ့အော်ဟစ်သံတွေကို မယ်မယ်တို့ ဥပေက္ခာပြုထားလိုက်... ထင်သည်။ ရင်ထဲမှာ မွန်းကြပ်လာသော ဝေဒနာတွေက ရင်ဝထိ ဆို့န... လာသည်။

တကယ်ပဲ သားနှင့်ဝေးရပြီလား။ သူနှင့်သားတို့ စိုးရိမ်နေ... သည့်အတိုင်း ဖြစ်လာခဲ့ပြီ။

သားကို သူ မခွဲနိုင်ပါ။ ဘယ်တော့မှ သားကို ထားရစ်ခဲ့... သူ တွေးမထားခဲ့ပါ။ အခုလောက်ဆို သားကတော့ သူ အတွက်တွေ... ရောက်နေပြီပဲ ထင်မှာသေချာသည်။

မယ်မယ်တို့အရိပ်က လွတ်အောင် သူ ဖန်တီးရမည်။ သား... ကလွဲလို့ ဘယ်သူ့ကိုမှ သူ့နှလုံးသားက လက်ခံလို့ မရနိုင်ဘူးဆိုတာ... မယ်မယ်တို့ သိစေရမည်။

■ ■ ■

"သား လုံးဝ လက်မခံနိုင်ဘူး မယ်မယ်"

"လက်မခံလို့ မရဘူး သား။ ဝင်ဒီလေးကို သား လက်ထပ်... မယ်လို့ သား ဖေဖေက အမိန့်ပေးထားတယ်"

"မယ်မယ် သားမှာ တရားဝင်မယား တစ်ယောက်ရှိတယ်နော်...





...ကို ဖေဖေ ဘယ်လိုမှ ငြင်းဆန်လို့ မရဘူး"

"ဘာကွ ဘာတရားဝင်လဲ မိုးသောက်၊ မင်း အဆင့်အတန်း ...ရှိတဲ့ မိန်းမတစ်ယောက်ကို မင်းသဘောနဲ့မင်း ရွေးခဲ့ပေမယ့် ငါတို့ ...သိုင်းအဝိုင်းက အသိအမှတ်မပြုဘူး၊ လက်မခံနိုင်ဘူး၊ ဒါကြောင့်လည်း ...မရရအောင် ခွဲခဲ့တာပေါ့ကွ"

အခန်းထဲဝင်လာသော ဖေဖေ့ရဲ့ဒေါသအသံက ဟိန်းထွက်လာ...သည်။ ဒါပေမဲ့ ဖေဖေ့ကို အမြဲတမ်း ကြောက်ရွံ့ရိုသေစွာ နေခဲ့သော ...ဒီတစ်ခါတော့ ရင်ဆိုင်ဖို့ တွန့်ဆုတ်မနေခဲ့ပါ။

"ဖေဖေ မှသားဟာ သားတို့လိုပဲ လူသားတစ်ယောက်ပါ။ ပြီး ...တော့ သား မြတ်နိုးချစ်ခင်လို့ လက်ထပ်ခဲ့တာပါ၊ ဒါကြောင့် ဖေဖေတို့ ...သားကို စွန့်ပစ်မယ်ဆို စွန့်ပစ်လိုက်ပါ၊ သား ခံယူမယ်"

"ဘာကွ"

ဒေါသမျက်ဝန်းတွေနှင့် ဖေဖေ သူ့ဆီ ရူးရူးနှစ်နှစ်ကြည့်ကာ ...နားကိုရောက်လာတော့ မယ်မယ် ကြားက ဝင်ရပ်ဟန့်တားသည်။

"အဖေကြီး စိတ်ကိုလျှော့ပါ၊ သား ဘယ်လိုမှ မဖြစ်နိုင်တဲ့ ...စွကြီးကို မေ့ပစ်လိုက်ပါကွယ်၊ မယ်မယ်တို့မှာ မျိုးဆက်ဆိုလို့ သား ...တစ်ယောက်ပဲ ရှိပါတယ်၊ မယ်မယ်တို့ရဲ့ မျိုးစဉ်အဆက်ဆက် ထိန်းသိမ်း ...ခဲ့တဲ့ ဂုဏ်ကို ထိန်းခဲ့တယ်၊ သားအလှည့်မှာမှ မျိုးဂုဏ် မဖျက်ပါနဲ့"

"သားကို ခွင့်လွှတ်ပါ မယ်မယ်၊ မှသားကလွဲပြီး ဘယ်သူ့မှ ...သား မချစ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကဲကွာ ကဲ ကဲ"

ဖေဖေ လက်သီးချက်တွေ သူ့မျက်နှာပေါ်ကို ဆင့်ကဲကျ[illegible] သည်။ သူ့ခန္ဓာကိုယ်က ထိုင်ခုံနှင့်အတူ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြိုလဲ[illegible] သွားခဲ့သည်။

"အဖေကြီး တော်ပါတော့ရှင်၊ မလုပ်ပါနဲ့"

မယ်မယ်သာ ကြားက ဝင်မတားလျှင် ဖေဖေ ဒေါသအ[illegible] တွေက ပြေလျော့သွားမည် မထင်။ နှုတ်ခမ်းထောင့်စွန်းက စီးကျ[illegible] သော သွေးစတွေကို သူ လက်ခုံနှင့် ပွတ်သုတ်ပစ်ရင်း ဒယီးဒယိုင် [illegible] ရပ်သည်။

"သတ်ပါ ဖေဖေ၊ မုသားနဲ့ ဝေးနေရတဲ့ ဘဝထက်စာ[illegible] သား သေသွားတာ ပိုကောင်းပါတယ်"

"ဟာ မင်း မင်းတော့ကွာ"

"အဖေကြီး"

ဒုတိယအကြိမ် မြောက်တက်သွားသော ဖေဖေ့လက်တွေ[illegible] မယ်မယ် ဝင်ဆွဲတားကာ မျက်ရည်တို့ စီးကျလာ၏။ မယ်မယ့်မျက်[illegible] တွေကြောင့် ဖေဖေ ပေါက်ကွဲဒေါသတွေကို မျိုသိပ်ရင်း

"မိုးသောက် မင်းကြောင့် ငါ့ဂုဏ်သိက္ခာ၊ ငါ့သမိုင်းမှာ [illegible] တော့မှ အမည်းစက် တစ်စက် အတင်မခံနိုင်ဘူး၊ အေး မင်းကိုမှ [illegible] မထိန်းသိမ်းနိုင်ဘူးဆိုရင် ငါ့အသက်ကို ငါ စတေးပစ်လိုက်မယ်"

စကားအဆုံးမှာ ဖေဖေ အခန်းထဲက ချာခနဲ လှည့်ထွက်[illegible]





[illegible] မယ်မယ်က သူ့ကိုတင်းတင်းကြပ်ကြပ် ပွေ့ဖက်ရင်း

"သား သားရယ် မယ်မယ့်ကို သနားပါ၊ ဒီတစ်ခါတော့ မယ်[illegible] စကားကို နားထောင်ပါကွယ်"

သူ နှုတ်ဆိတ်ရင်း ငြိမ်သက်နေမိဆဲ။ မယ်မယ်ရဲ့ မျက်ရည် [illegible]ကို မမြင်ရက်ပါ။ မယ်မယ်ကော သူ့နှလုံးသားက တစိမ့်စိမ့် ယိုစီး[illegible]သော သွေးစက်တို့ကို မြင်နိုင်ပါရဲ့လား။

"သားရယ် ကိုယ် ဘယ်တော့မှ မင်းကို ဥပေက္ခာမပြုဘူးဆိုတာ [illegible]"

သူ့ရင်ထဲက သစ္စာစကားကိုတော့ မုသား အကြွင်းမဲ့ ယုံမည်ဟု [illegible]ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

တစ်ချိန်ချိန်မှာ မယ်မယ်တို့ အရိပ်က သူ ထွက်ခွာခွင့် ရမည်

ပဲ တွေးထင်ထားခဲ့မိသည်။ ဒါပေမဲ့ ထိုထင်မြင်ချက်တို့ ဖြစ်မလာခဲ့

ဖေဖေသည် သူ့အရိပ်ကို စောင့်ကြည့်ဖို့အတွက် အားကော

မောင်းသန် ယောကျ်ားကြီးနှစ်ယောက်ကို အခန်းဝမှာ အစဉ်စောင့်ကြ

စေခိုင်းထားသည်။

"ကောင်လေး မင်း စိတ်လျှော့လိုက်ပါ။ ငါတို့နှစ်ယောက် လ

က မင်း ထွက်ပြေးတယ်ပဲ ထားဦး၊ ခြံထဲမှာစောင့်နေတဲ့ အစောင့်

က ခြံပတ်ပတ်လည်အပြည့်ပဲ"

ဖေဖေသည် သူ ကြိမ်းဝါးထားသည့်အတိုင်း စနစ်တကျ

ထားခဲ့တာတော့ သေချာသည်။

အခန်းထဲက သူ ထွက်လျှင်တောင် နှစ်ဦးက အနားမှာ





သည်။ ယုတ်စွအဆုံး ရေအိမ်တက်၊ ရေချိုးခန်းဝင်လျှင်တောင် အခန်း

ဝက မျက်ခြေမပြတ် ရှိသည်။

အကြမ်းနည်းနှင့် မရနိုင်မှန်းသိတာမို့ သူ အနုနည်းနှင့်

စောင့်တွေကို စည်းရုံးတော့လည်း အဆင်မပြေပါ။

"မလုပ်နဲ့ ကောင်လေး၊ မင်း ဒီအိမ်က ထွက်သွားပြီဆိုရင်

ပေးဆပ်ရမယ့် လျော်ကြေးက ငါတို့အသက်ပဲ၊ ဒီအတွက်လည်း

ကြီးက ထိုက်တန်တဲ့ အခကြေးငွေ ပေးထားတယ်ကွ"

ဖေဖေသည် သူ့ကို တကယ်ပဲ မုသားနှင့် ဒီတစ်သက် မဆုံ

င် စီမံထားပြီ ထင်သည်။

အခုဆို သူ မယ်မယ်တို့အရိပ်အောက်မှာ ရောက်နေခဲ့တာ

သနီးဝါး ရှိနေပြီ။ တစ်လပြည့်လို့ သူ ပြန်ရောက်မလာလျှင် မုသား

တော့ သူ ရှိမည်ထင်ရာကို လိုက်လာမှာ သေချာသည်။

မယ်မယ်တို့အရိပ်ကိုတော့ မုသား ခြေချခွင့်တောင် ရမှာမဟုတ်

သေချာ၏။

ဖေဖေ့ရဲ့အမိန့်အာဏာကို သူ့ဘက်က အနုနည်းနှင့် ပြန်တုံ့

စီစဉ်ခဲ့သည်။ ထမင်းမစားဘဲ အခန်းထဲမှာပဲ သူ အချိန်ပြည့်

နေတော့ မယ်မယ် မနေနိုင်ရှာ။

"သားရယ် ထမင်းမစားတာ သုံးရက်ရှိပြီဆို၊ ကြာရင် သား

ကျက်လိမ့်မယ်"

"သား မုသားနဲ့ပေါင်းစပ်ခွင့် မရှိမှတော့ သေသွားတာ အ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဆုံးပဲ မယ်မယ်''

''သားရယ်' ကိုယ့်ကိုကိုယ် ဒုက္ခမပေးပါနဲ့''

''ခင်ခင် ဒီကောင့်ကို ထားလိုက်၊ အသက်သေသွားရင် ငါ့ အကောင်းဆုံး သင်္ဂြိုလ်ပေးလိုက်မယ်၊ ဒါမှ ဂုဏ်ရှိရှိ ဇာတ်သိမ်းသွားဦး မယ်၊ အဆင့်အတန်းမရှိတဲ့ မိန်းမနဲ့တော့ မျိုးရိုးဂုဏ် အပျက်မခံဘူး''

ဖေဖေ့ဘက်ကတော့ ယတိပြတ်ပြောသည်။ ဖေဖေတို့ရဲ့ အ ကြီးလွန်းသော ဂုဏ်ဒြပ်တွေက သိပ်ကို လွန်လွန်းပါသည်။

သူ့ဘက်ကလည်း သားနှင့်မနီးစပ်နိုင်မှတော့ ရှင်သန်ချင်စိ လည်း မရှိတော့ပြီ။

သူ အိပ်ရာထဲလဲတော့ မယ်မယ် မျက်ရည်စက်လက်နှင့် ဆ ဝန်ကြီးတွေ ပင့်ပြုရတော့သည်။

အင်အားပြတ်လပ်နေသော သူကတော့ သတိရတစ်ချက်၊ မ တစ်ချက်နှင့် မသားကို တမ်းတရင်း . . ။

■ ■ ■

ဆေးရုံရဲ့အထူးကုဆောင်မှာ သူ နှစ်ပတ်ကျော်လောက် လိုက်ရသည်။ ဆရာဝန်တွေ နာ့စ်တွေ သူ့ကို ပိုက်တန်းလန်းနှင့် က ပေးနေတာ သူ မြင်နေသိနေသည်။

''သားရယ် မယ်မယ်ကို သနားပါ''

သူ့အနားမှာ မျက်ရည်တွေနှင့် တတွတ်တွတ် ဆိုနေရှာသေ မယ်မယ်ကို သူ အသက်မဲ့သော မျက်ဝန်းတွေနှင့် စိုက်ကြည့်နေခဲ့သည်





သားကိုလည်း သနားကြပါ။ မသားကိုလည်း မယ်မယ်တို့ စာနာသနားပေးကြပါ။ အခုလောက်ဆို မသား ဘယ်လောက် ပူပန် သောက ရောက်နေပြီလဲ။

ဘာမှ မသိရှာဘဲ သားကို မသား အထင်လွဲ မုန်းတီးသွားခဲ့ ရင် ဟင့်အင်း ကိုယ်ဘယ်တော့မှ မသားအပေါ် သစ္စာမဖောက်ဘူး မသားရယ်။

ဆရာဝန်ကြီးတွေက သူ့ကို အီးစီဂျီတွေ ရိုက်သည်။ ဓာတ်မှန် တွေ ရိုက် စစ်ဆေးကြတာ သူ သိနေသည်။

''သူ့နှလုံး အားနည်းနေတယ်''

ဆရာဝန်ကြီး၏ မှတ်ချက်စကားကို မျက်ဝန်းတွေ မှိတ်ထားရင်း က သူ ကြားသိခဲ့ရသည်။

သူ့ဝေဒနာအတွက် လိုအပ်သော ဆေးဝါးတွေကို မယ်မယ်တို့ ရှာဖိုက်တိုက်ကြသည်။ ပြုစုကြသည်။

ဆေးရုံမှာပဲ တစ်လနီးပါး ကြာခဲ့၏။ လူက ထူထောင်ထောင် ဖြစ်လာပေမယ့် သူ့အသွင်က ငေးငေးငိုင်ငိုင်ပဲ ဖြစ်နေခဲ့သည်။

သူ ဝေဒနာရောဂါနှင့် သင့်တော်သော ပြင်ဦးလွင်က ခြံကို ပြောင်းစေတော့လည်း သူ မငြင်းသာဘဲ ပါခဲ့ရပြန်သည်။

ဖေဖေကော မယ်မယ်ပါ သူ့ကို ပြင်ဦးလွင်ခြံမှာ နေစေကာ လိုက်ပြီး အတူစောင့်ရှောက်ပေးခဲ့သည်။ သူ့ကို အရိပ်လို စောင့်ကြည့် နေသော ကိုယ်ရံတော်တွေကတော့ လျော့ပါးမသွားခဲ့ပါ။

''သား ဝင်းဒီနဲ့လက်ထပ်ပေးမယ့်ကိစ္စကို သားဖေဖေ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပေးလိုက်ပြီ၊ သားဘက်ကလည်း မယ်မယ်တို့အသိုင်းအဝိုင်း
ဘယ်လိုမှ မဖြစ်နိုင်တဲ့သူကို မေ့လိုက်ပါကွယ်''

သူ ခေါင်းမညိတ် ခေါင်းမခါဘဲ စက်ရုပ်တစ်ရုပ်လိုပဲ ရှင်သ
နေထိုင်ခဲ့သည်။ အစားအသောက်ကို မယ်မယ်ကိုယ်တိုင် ကလေးတ
ယောက်ကို ကျွေးမွေးသလို ဂရုတစိုက်ကျွေးသည်။

မယ်မယ်ရဲ့ မျက်ရည်တွေကို မမြင်လိုသော သူ ပါးစပ်ထဲထ
လာပေးသော ထမင်းဟင်းကို အရသာမဲ့စွာ ဝါးမျိုရ၏။ အားဆေးတွေ
သောက်ဆေးတွေကိုလည်း ထိုနည်းအတိုင်း သူ သောက်စားရ၏။

ဒါပေမဲ့ သူ့ရဲ့ ကျန်းမာရေးတိုးတက်မှုက ပိုလို့သာ ဆုတ်ယု
လာသည်။ ရန်ကုန်ကို ပြန်ခေါ်ကာ သူ့ရဲ့ကျန်းမာရေးအတွက် မယ်မ
တို့ ပါရဂူကြီးတွေနှင့် ပြန်တိုင်ပင်သည်။

''သားရဲ့နှလုံးကို အင်္ဂလန်မှာ သွားခွဲစိတ်ကုသပေးမယ် ဒါ
ရင် သား ကျန်းမာသွားမှာပါ''

''ဟင့်အင်း သား မကုသချင်ဘူး မယ်မယ်၊ သား ဒီအတိုင်း
နေပါရစေ''

''သားရယ် မုသားကိုသာ မျှော်လင့်နေသလား အခုချိန်လော
ဆို သူလည်း သူ့ဘဝနဲ့သူ နေနိုင်နေရောပေါ့''

ငါးလကျော် ဆိုသောကာလမှာ မုသားအကြောင်း သူဘာ
မကြားမသိရပါ။ ဒါပေမဲ့ မုသား သူ့ကို သတိရ စုံစမ်းနေမည်ဟုပဲ သ
ယုံကြည်သည်။ သူ့ရဲ့ အိပ်မက်တွေထဲမှာ မုသားရှိသည်။





ညစဉ်တိုင်း အိပ်မက်ထဲမှာ မုသားနှင့် သူ ဆုံတွေ့သည်။
သားသည် သူ့ကို သစ္စာရှိရှိချစ်သော ချစ်သူပါပဲ။

မယ်မယ်တို့နှင့် အဝေးမှာ သူ့ရယ် မုသားရယ် မုသားရဲ့
မေရယ် ပျော်စရာလေးကို အိပ်မက်ထဲမှာ သူ ပိုင်ဆိုင်ခွင့်ရပါသည်။

သူ့ရဲ့ နှလုံးခွဲစိတ်ကုသမှုကို သူ ငြင်းနေတော့ မယ်မယ် စိတ်
င်းရဲနေရှာသည်။ ထိုအချိန်မှာပဲ နိုင်နိုင်နှင့် သူတွေ့သည်။

''မိုးသောက် မင်း သက်သာတယ်နော်''

''နိုင်နိုင် ငါ မင်းကို အကူအညီတစ်ခု တောင်းချင်တယ်''

''ပြောလေ ငါဘာကူညီရမလဲ''

''သား မုသားရဲ့အကြောင်း ငါ့ကို စုံစမ်းပေးပါ နိုင်နိုင်''

နိုင်နိုင် နှုတ်ဆိတ်တွေဝေနေသည်။ တကယ်ဆို သူ့ကို မည်သူ
မှ မယ်မယ်တို့က တွေ့ခွင့်မပေးပါ။ နိုင်နိုင်က သူနှင့် ဆွေမျိုးတော်
သမို့ ယုံကြည်စွာ တွေ့ခွင့်ပေးတာဖြစ်၏။

''ပြောပါ နိုင်နိုင်၊ ငါးလကျော်လုံးလုံး ငါ မုသားကိုပဲ သတိရ
နေတာ၊ ငါ့ရဲ့ရောဂါဝေဒနာ ဘာတစ်ခုမှ ငါ သတိမထား ဂရုမစိုက်ဘူး။
ဒီ မုသားအကြောင်း သိရရင် သေပျော်ပါပြီ''

သူ့စကားကြောင့် နိုင်နိုင် စာနာသနားသွားပုံရသည်။ အခန်း
ခါးဆီကို လှည့်ကြည့်ပြီး မယ်မယ်တို့ အရိပ်အခြေကင်းမှ

''ငါ့ဆီ မုသား လာသွားတယ် မိုးသောက်''

''ဟင် သားနဲ့ မင်းတွေ့တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေး သူက မင်းအကြောင်းတွေမေးတယ် မယ်မယ်ခင်
ညာခိုင်းထားတဲ့အတိုင်း ငါက မင်းအိမ်ထောင်ပြုသွားပြီလို့ ပြောလိုက်တ
သူ လုံးဝ မယုံကြည်ဘူးတဲ့"

"သားက ငါ့အချစ်ကို ယုံကြည်ပြီးသားပါကွာ"

"ငါ တော်တော် စိတ်မကောင်းပါဘူး မိုးသောက်၊ မုသား
မင်းရှိမယ်ထင်တဲ့ အတာတို့မြို့ကိုရောက်တော့ မင်းရောက်မလာဘူး
တာ သိသွားတယ်၊ သူ ယုံကြည်နေတာ မင်းကို မင်းမိဘတွေ ခေါ်
တာတဲ့ ဒါကြောင့် သူ့ဆီပြန်မလာနိုင်တာတဲ့"

မုသားက သူ့ကို အကြွင်းမဲ့ယုံကြည်စွာ စောင့်နေမည်ဟု
တွေးထားတာ မလွဲပါချေ။ နှစ်ဦး ဝေးနေပေမယ့် သူတို့စိတ်တွေ အနီး
မှာ ရှိနေတာပဲလေ။

"မိုးသောက် ငါ အရေးကြီးတာ ပြောမယ်၊ ဒါပေမဲ့
မယ်မယ်တွေ မသိစေနဲ့"

"ဘာလဲ နိုင်နိုင် ပြောပါ၊ ငါ နားလည်ပါတယ်"

"မုသား မင်းနဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီ"

"ဘာရယ်"

"ရှူး တိုးတိုး မင်းရင်ထဲမှာထား ဒီကိစ္စ မင်းမယ်မယ်တွေ
သွားရင် မဖြစ်သင့်တဲ့ ပြဿနာတွေ ဖြစ်မှာစိုးရတယ်"

သားမှာ ကိုယ်ဝန်ရှိနေပြီတဲ့၊ သူ့ရဲ့ သွေးသားကို မုသား လွယ်
ထားရသည်တဲ့၊ ရင်ထဲမှာ တလှပ်လှပ်နဲ့ သူ တုန်ယင်မောဟိုက်လာသည်



"မိုး မိုးသောက် ဘာ ဘာဖြစ်တာလဲ"

"ရင် ရင်ဘတ်ထဲက အောင့် အောင့်လို့"

"ဟာ မယ်မယ်ခင် မယ်မယ်ခင် လာပါဦး"

နိုင်နိုင် စိုးရိမ်တကြီး အော်ခေါ်တော့ မယ်မယ်ကော ဖေဖေပါ
ရောက်လာကြသည်။ ဆရာဝန်ကြီး ပေးထားသော ဆေးကို မယ်မယ်
တိုက်မှ သူ ဝေဒနာ တဖြည်းဖြည်း သက်သာတည်ငြိမ်သွားခဲ့၏။

"သားရယ် မယ်မယ်စကားကို နားထောင်ပါ၊ ဝေဒနာကြီး
ခံစားနေမယ့်အစား ခွဲစိတ်ကုသလိုက်တာ အကောင်းဆုံးပါ နော် သား"

ဒီတစ်ခါ မယ်မယ် ပြောလာတော့ သူ အာရုံထဲမှာ မြင်ယောင်
လာတာ မုသားရဲ့ မျက်နှာလေးပဲ ဖြစ်သည်။

မုသားရဲ့ ရင်သွေးလေးက သူ့ရဲ့သွေးသား။ မုသား အတွက်
ရင်သွေးလေးအတွက် သူ လောကကြီးထဲမှာ အသက် ဆက်ရှင်သန်မှ
ကို ဖြစ်လိမ့်မည်။

"ကောင်းပြီ မယ်မယ်၊ သား နာခံပါ့မယ်"

"အို ဝမ်းသာလိုက်တာ သားရယ်၊ မယ်မယ် ဝမ်းသာလိုက်တာ
သားလေးရယ်"

တကယ် သူ အသက်ဆက်ရှင်သန်ခွင့်ကို ဘာကြောင့် ရွေးချယ်
လိုက်မယ်ဆိုတာ မယ်မယ် သိမည် မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

မယ်မယ်တို့၏ အင်္ဂလန်မှာ သူ နှလုံးခွဲစိတ်ကုသမှု အစီအစဉ်ကို သူ လက်ခံခဲ့၏။

သူ အင်္ဂလန်မှာ ရှိနေသော ကာလမှာ မယ်မယ်က အနီးကပ် စောင့်ရှောက် ကုသပြုစုပေးသည်။ သူ့ရဲ့ ကျန်းမာရေးကို ဆရာဝန်ကြီးတွေက အရင်ကုသပေးသည်။

ကျန်းမာရေး ကောင်းမွန်မှ ခွဲစိတ်မှု စတင်နိုင်မည်ဆိုတော့ သူ ကိုယ်တိုင် ဂရုစိုက်နေထိုင် စားသောက်သည်။ မယ်မယ်ကတော့ ဝမ်းသာလို့နေသည်။ မြန်မာပြည်က ဖေဖေ့ကိုလည်း ဝမ်းသာအားရ ဖုန်းတွေဆက်သည်။

အရင်ကနှင့် မတူတဲ့ ပြောင်းလဲသွားသော သူ့အတွက် မယ်မယ်



အပျော်တွေ လွှမ်းနေခဲ့တာ အသေအချာ။

တစ်လကျော်လောက် သူ ကျန်းမာရေးကို ဂရုစိုက်ပြီးမှ ခွဲစိတ်မှုအတွက် စီစဉ်ကြသည်။

ခွဲစိတ်ကုသမှုက အောင်မြင်သည်ဟု ဆရာဝန်ကြီးတွေ မှတ်ချက်ပြုသည်။ ဒါပေမဲ့ သူ မြန်မာပြည်ကို ပြန်ခွင့်မရသေးပါ။ အပါတ်စဉ် ဒါရိုက်တာကြီးတွေကို ပြသစမ်းသပ်ခံယူရသေးသည်။

လိုအပ်သော လေ့ကျင့်ခန်းများ၊ ဆေးဝါးများကိုလည်း မပြတ်သောက်ကာ ပုံမှန်လူတစ်ယောက်အတိုင်းဖြစ်အောင် နှစ်လကျော်လောက် ကုသမှု ခံယူရသည်။

''မယ်မယ် သား မြန်မာပြည်ပြန်ချင်ပြီ''

''ပြန်ရမှာပေါ့ သားရယ် အခု ပါရဂူကြီးတွေက သားကို ဂရုစိုက်စောင့်ရှောက်ပေးနေကြတာပါ၊ သူတို့ ခွင့်ပြုချက်ပြေပြီဆိုတာနဲ့ မယ်မယ်တို့ ပြန်ခွင့်ရပြီ''

ဒါကို သူ နားလည်ပါသည်။ ဒါပေမဲ့ အင်္ဂလန်ကို ရောက်နေခဲ့တာ လေးလနီးပါးရှိပြီဆိုတော့ မုသားကို သိပ်လွမ်းသည်။ အခုလောက်ဆို မုသားလည်း သူ့ရင်သွေးလေးကို မွေးလောက်ပြီလားမသိ။

နောက်ဆုံး မမွေးဖွားသေးဘူး ဆိုလျှင်တောင် မုသားမှာ နေ့စေ့လစေ့ အရင့်အမာကြီး ဖြစ်နေလောက်ပြီ။

မုသား သူ့ကို သတိရကာ မျက်ရည်တွေကျ ဝမ်းနည်းနေမည်သာ။ ဒါဆိုလျှင်တော့ မွေးဖွားလာမယ့် ရင်သွေးလေးတော့ မျက်လုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြူးနေလှျင်အခက်။

"သား"

သူ အတွေးတွေ ပြန့်နေတုန်း မယ်မယ်ခေါ်သံကို မကြားလိုက်

မယ်မယ် လက်တစ်ဖက် ပခုံးကိုလာပုတ်မှ

"မယ်မယ် ဘာပြောမလို့လဲဟင်"

"သား ဖေဖေ လုပ်ဖုန်းဆက်တဲ့ သတင်းပြောမလို့ သား"

"ဘာလဲဟင် မယ်မယ်"

"ဝမ်းသာစရာပဲ သား ဝင်ဒီရဲ့မိဘတွေက ဟိုတစ်ခါ ပျက်ခဲ့တဲ့ စေ့စပ်ပွဲအတွက် ပြန်လာညှိနှိုင်းနေကြတယ်တဲ့"

"ဟင်"

"သူတို့ သမီးလေးကို သားနဲ့ပဲ သဘောတူတယ်တဲ့ ဒါကြောင့် မယ်မယ်တို့ ပြန်လာရင် ဝင်ဒီလေးနဲ့ သားစေ့စပ်ပွဲကို ခမ်းခမ်းနားနား ကျင်းပချင်တယ်တဲ့"

"မဖြစ်နိုင်ဘူး မယ်မယ်"

"ဟင် ဘာလို့ မဖြစ်နိုင်တာလဲ သား"

"သားမှာ မုသားဆိုတဲ့ ဇနီးမယားရှိတာ မယ်မယ်တို့ သိရက်နဲ့"

"လာပြန်ပြီ ဒီစကား၊ အဲဒီမိန်းမကို ငါ့သားမေ့လိုက်သင့်ပြီ အခု ဝင်ဒီလေး မိဘတွေက မယ်မယ်တို့နဲ့ ဂုဏ်တူ၊ အဆင့်အတန်း တူတယ်၊ ဝင်ဒီလေးက ဆရာဝန်မလေး ကဲ ဘယ်လောက်ဂုဏ်ကျက်သ ရေ ရှိသလဲ"





သူ့ဝေဒါ ရောဂါသက်သာ ပျောက်ကင်းသည်နှင့် မယ်မယ်တို့ အတတ်လမ်းကို စလာတာဟု သူနားလည်သည်။ ဒါကိုသိခဲ့လို့ သူ့ရောဂါ ဝေဒနာကို မကုသတော့ဟု သူ ယတိပြတ် ဆုံးဖြတ်ထားခဲ့၏။

ဒါပေမဲ့ မုသားနဲ့ သူ့ရဲ့ ရင်သွေးလေးကြောင့် သူ လောကထဲမှာ ဆက်ရှင်သန်ဖို့ ရွေးခဲ့တာ ဖြစ်၏။

"မယ်မယ် ဖြစ်စေချင်ပေမယ့် မဖြစ်နိုင်တော့ဘူး၊ ဘာလို့လဲဆို တော့ သားနဲ့မုသားရဲ့ ရင်သွေးလေး ရှိနေလို့ပဲ"

"ဘာ ဘာရယ် ဘုရားရေ"

မယ်မယ် ရင်ဘတ်ကို လက်နှစ်ဖက်နှင့် အထိတ်တလန့် ဖိကာ ရေရွတ်၏။

"မိုး မိုးသောက် ဒါ တကယ်လား"

"တ႐ု သိပါ မယ်မယ်၊ သားတောင် နိုင်နိုင်ပြောမှ သိရတာ သားမှာ သားဝေဒနာယ်ဝန်ကို လွယ်ထားရတယ်တဲ့၊ ဒါကို ဒီလိုမုသားနဲ့ သားရင်သွေးအတွက် သား အသက်ရှင်သန်လိုခဲ့တာပဲ"

"မိုက် မိုက်လိုက်တာ၊ ဒါ ဒါ ဒီမိန်းမတာမင် အပိုင်ဖမ်းလိုက် တာပဲ၊ မင်းသွေးသားရိုးနေရင် မယ်မယ်တို့တ လက်ခံမယ် ထင်ရင် သင်းများမှာပေါ့၊ ဒီကလေးကို မယ်မယ်တို့သွေးသားလို့ လုံးဝမသတ်မှတ် နိုင်ဘူး"

"မယ်မယ်တို့ မသတ်မှတ်ပေမယ့် ဒါ သား သွေးသားဆိုတာ အမှန်ပဲလေ၊ ရပါတယ်မယ်မယ်၊ သားကိုလည်း မယ်မယ်တို့ စွန့်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သား မုသားနဲ့ ရင်သွေးလေးကို မခွဲနိုင်ဘူး''

သူ့စကားကို မယ်မယ် ချောက်ချား တုန်လှုပ်စွာ ခေါင်းကို ခါရမ်းသည်။

''မရဘူး မယ်မယ် လုံးဝ လက်မခံနိုင်ဘူး၊ အသိအမှတ် မပြုဘူး သား''

''မယ်မယ် အသိအမှတ် မပြုပေမယ့် ခုလောက်ဆို မုသားက သားရင်သွေးလေးကို မွေးဖွားပြီးလောက်ပြီ''

''ဟင်''

မယ်မယ် ဘာစကားမှ မဆိုနိုင်ဘဲ ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။ ဒီအချိန်မှာ သူ ဘယ်လိုအရာကိုမျှမဆို ရင်ဆိုင်ဖို့ အသင့်ရှိသည်။ မယ်မယ်တို့ ဘယ်လောက်ပဲ တားဆီး ချုပ်နှောင်ထားကြပါစေ။

မုသားအတွက် ပြီးတော့ သူ့ရင်သွေးလေးအတွက် သူ မုသားကို မိသားစု ရင်ခွင်ထဲ မရောက်ရောက်အောင် ပြန်မည်။

■ ■ ■



အခန်း (၂၈)

သူနှင့် မယ်မယ် မြန်မာပြည် ပြန်ရောက်တော့ ဖေဖေ မိုးကုတ် သို့ခရီးလွန်နေခဲ့သည်။

''သားရဲ့ဖေဖေ နောက်နှစ်ရက်ဆို ပြန်ရောက်မယ်၊ ဒီတော့ ဖေဖေလာမှ သားတို့ကိစ္စကို မယ်မယ်ဖွင့်ပြောပြီး ညှိနှိုင်းပေးမယ်''

မယ်မယ် စကားကို သူမယုံကြည်ပါ။ ဒါပေမဲ့ ခေါင်းညိတ် လိုက်ပါသည်။ ဖေဖေ နှစ်ရက်နေမှ ပြန်လာမည်ဆိုတော့ သူမှာ အချိန် ရရှိရသည်။ ဖေဖေ ရောက်မလာခင် ဒီအရိပ်ကြီးက သူထွက်သွားဖို့ ဆုံးဖြတ်ပြီးပြီ။

အခုတော့ ခရီးပန်းနေပြီမို့ သူ အခန်းထဲဝင်ကာ ဆေးသောက် အိပ်စက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကို ပြန်လာကတည်းက သူ အပြတ်သားဆုံး စဉ်းစားပြီးခဲ့ပြီ ဖြစ်သည်။ မယ်မယ်တို့ကို သူလုံးဝ မယုံကြည်တော့ပါ။

နိုင်နိုင်ကလည်း သတိပေးထားခဲ့သည်။ သူ့ရင်သွေးကိုစွ မယ်မယ်တို့ကို အသိမပေးဖို့ ဒါပေမဲ့ သူ ဖွင့်မပြောလို့ မဖြစ်သည့် အခြေအနေမှာတော့ ပြောခဲ့ရသည်။

မှသားတစ်ယောက်တည်းတုန်းကတော့ သူ မယ်မယ်တို့ကို ထည့်တွက်နေရပေမယ့် အခုလို ရင်သွေးလေးပါ ပါလာခဲ့ပြီဆိုတော့ အပြတ်သားဆုံး ဆုံးဖြတ်ပြီးခဲ့ပြီ။

သူရယ်၊ သားရယ်၊ ရင်သွေးလေးရယ် ပျော်စရာကောင်းသော အနာဂတ်လေးတော့ လှပစွာ တည်ဆောက်ချင်ပါသည်။

သူ့ရင်သွေးဟု မယ်မယ်တို့ လက်မခံကြဘူး ဆိုလျှင်တောင် သူ့အတွက် ပြဿနာ မရှိပါ။ သူနဲ့သားရဲ့ သွေးသားကို သူချစ်သည်။ ထိုရင်သွေးလေးရဲ့ဘဝကို သူ ဖခင်ပီပီ အပြည့်ဝဆုံး တည်ဆောက်ပေးနိုင်ပါသည်။

ဖေဖေ ပြန်မရောက်လာခင်မှာ သူ မှသားတို့နှင့် တွေ့ရမည်။ ပြီးတော့ ပျော်စရာ မိသားစုဘဝလေး တည်ဆောက်ရမည်။ မနက်ဖြန် မနက်ဖြန်ဆိုလျှင်တော့ သူ မယ်မယ်တို့အရိပ်က အပြီးပိုင် ထွက်သွားတော့မည်။

■ ■ ■

သူ အိပ်မက်မက်မနေတာလား။ တကယ်လား ဖဝေဖဝါဖြစ်နေ





သည်။ နားထဲမှာ စကားသံတွေ ကြားနေရတာတော့ အမှန်။

"ကျွန်မ တောင်းပန်နေတာပါရှင်၊ နောက်ဆုံး အခွင့်အရေးအဖြစ် တောင်းပန်နေတာပါရှင်"

"အို မလိုဘူး ဘာမှမတောင်းပန်နဲ့ ရှင်ပြန်ပါ အမြန်ပြန်ပါ"

"ဟင်"

မယ်မယ်ရဲ့ အသံကိုကြားတာမို့ သူ ခုတင်ပေါ်က လူးလဲထလိုက်မိသည်။ ခြေလှမ်းတွေက လေကားထစ်အတိုင်း ပြေးဆင်းခဲ့သည်။ လေကားထစ် တစ်ထစ်မှာပဲ မှသား မေမေရဲ့ အသံကိုကြားရတာမို့ သူ ခြေလှမ်းတွေ တုံ့သွားရ၏။

"ကျွန်မ သမီးလေးက ရိုးရိုးသားသား ရှာဖွေ စားသောက်နေခဲ့တာပါရှင်၊ မောင်မိုးသောက်ကို ချစ်လို့ သူ့ခမြာ ဝါသနာကို စွန့်ခဲ့ရတယ်၊ အခုလည်း အသက်ပါ စွန့်ခဲ့ရပါပြီ၊ သိပ်ကို ရက်စက်လွန်းကြတယ်"

"ဒီမှာ ရှင် မဟုတ်မဟတ်တွေ လာမစွပ်စွဲပါနဲ့ ရှင့်သမီးသေတာ ရှင့်မြေးသေတာ ကျွန်မတို့နှင့်ဘာမှ မဆိုင်ဘူး ရှင့်သမီးကြောင့် ကျွန်မသားခမြာလည်း ဝေဒနာသည်လုံးလုံး ဖြစ်နေပြီ အခုလည်း သား ဒီမှာမရှိဘူး အင်္ဂလန်မှာ ဆေးကုသမှု ခံနေရတယ်"

မှသားမေမေ ဘယ်လိုရောက်လာတာလဲ။ မယ်မယ်ကကော ဘာတွေ လိမ်ညာနေတာလဲ။ တရိပ်ရိပ် မူးလာသော ခေါင်းထဲက ဝေဒနာကြောင့် သူ မျက်ဝန်းတွေက ပြန်မှိတ်ပစ်လိုက်မိသည်။

သောက်ထားသော ဆေးအရှိန်ကြောင့် ရင်မှာတလှပ်လှပ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာထင်၏။ အိပ်ရေးမဝဘဲ နိုးလာတာကြောင့်လည်း ဖြစ်မည်။ လှေကားလက်ရမ်းတွေကို ထိန်းကိုင်ရင်း သူ ညှော်ခန်းအထိ ဆင်းခဲ့လိုက်သည်။

"မယ်မယ် ဘာတွေဖြစ်နေတာလဲ၊ အ အမေ မု မုသား မပါဘူးလား"

"သမီး သမီးလေး သေပြီ ကွယ် သေရှာပါပြီ"

"ဗျာ ဘာ ဘာပြောတယ် မု မုသား"

"ဟဲ့သား အို ရှင်ဘာတွေ ပြောနေတာလဲ သားက နေကောင်းတာ မဟုတ်ဘူး ပြန်ပါတော့"

"မယ်မယ် နှင်မထုတ်ပါနဲ့ အမေ့ကို နှင်မထုတ်ပါနဲ့ မုသားအကြောင်း သားသိခွင့်ပေးပါ အမေ"

"သ သမီးလေးဆုံးပြီး မောင်းမိုးသောက်ရဲ့ အမေ့သမီးလေးဆုံးရှာပြီ၊ သမီးလေးခမြာ သားကို အရမ်းမြင်တွေ့ချင်ရှာခဲ့တာ သူ့ရင်သွေးလေး မွေးတော့လည်း သားကို တမ်းတခဲ့ရှာတာ"

"ကျွန် ကျွန်တော့် ရင်သွေး"

"ဟုတ်တယ် သား မြေးလေးခမြာလည်း ကံမကောင်းရှာပါဘူး အသေမွေးခဲ့ရှာတာ"

"ဗျာ"

"ဒါကြောင့် သမီးလေးခမြာ သွေးနုသားနုနဲ့ ရင်သွေးလေးအတွက် ပူပန်သောကတွေဖြစ်ရ စိတ်သောကတွေဝေရနဲ့ နောက်ဆုံးတော့

ပျူး၀၁၆ပ



အဖိတ်တွေနဲ့ပဲ ဆုံးရှာတာ၊ ဒါကို သားသိအောင် အမေလာပြောတာပါ"

"ဒီမှာ ရှင်သားကို ဒီလောက်ပြောရရင် ကျေနပ်ပါတော့ သား နေကောင်းတာ မဟုတ်ဘူး၊ နှလုံးခွဲစိတ် ခံထားရရှာတာ"

မယ်မယ် သူ့ပခုံးကို ဖက်ထားရင်း မုသားမေမေကို အပြစ်တင်စကားတွေ ဆိုနေ၏။ သူကတော့ မုသားမေမေ ပါးပြင်ပေါ်က မျက်ရည်စတွေကို ကြည့်ရင်း မျက်ဝန်းတွေ ကြောင်တွေနေ၏။

"မသေဘူး၊ သား မသေရဘူး မဟုတ်နိုင်ဘူး"

"သား သား သတိထားတော့"

သူ့ ရင်ဘတ်ထဲက အောင့်တက်သွား၏။ နှလုံးသားက တင်းကြပ်ကြပ် ဖိနှင်းခံထားရသလို နာကျင်လွန်းသည်။

"အို သား သား"

မယ်မယ်ရဲ့ စိုးရိမ်တကြီး အော်သံတွေကို သူ နောက်ဆုံးကြားလိုက်ရသည်။

မုသားနဲ့ သူ့ရဲ့ရင်သွေးလေးအတွက် မျှော်လင့်ထားသော ကမ္ဘာတစ်ခုလုံး ပြိုပျက်ခဲ့ရပြီ။

■ ■ ■

ပျူး၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဦး"

သူ့ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လာသော အထိအတွေ့နှ
ခေါ်သံတိုးတိုးလေးကြောင့် မျက်ဝန်းတွေ ဖွင့်ကြည့်မိ၏။ မိုးစင်စင် ငိုမ
သော မျက်ဝန်းတွေနှင့် သူ့ကိုကြည့်နေခဲ့သည်။

"ဦး မောနေသလိုပဲ"

"အင်း ကိုယ် နည်းနည်း နုံးသွားလို့ပါ"

"ခဏလေးနော် ဦး ရေတစ်ခွက်လောက် သောက်လိုက်နော်"

မိုးစင်ပြောပြီး မီးဖိုခန်းဘက် ထွက်သွားသည်။ ခဏကြာသော်
ရေတစ်ဘူးနှင့် ဖန်ခွက်တစ်ခွက် ယူလာကာ သူ့ကို ငှဲ့တိုက်၏။

"ဦး အရမ်းပင်ပန်းသွားပြီထင်တယ်"



"အင်း ကိုယ့်ရဲ့ နှလုံးက ခွဲစိတ်ခံထားရတယ်လေ၊ ကိုယ့်စိတ်
က ဒေါ်ရာဒေါ်ချက်တွေချည်းပါပဲ နှလုံးကို အခုထိ ညှာနေရတုန်း
သိပ်ပြင်းပြင်းထန်ထန် အလုပ်လုပ်လို့ မရဘူး ခံစားလို့ မရဘူး"

"ဦးရယ် မိုးစင်ကြောင့် ဦး အတိတ်တွေ ပြန်စဉ်းစား ခံစားနေရ
ပြီထင်တယ်"

သူ့ကို စာနာမျက်ဝန်းလေးတွေနှင့် ကြည့်ကာ ဆိုနေသော
စင်ကို ပြုံးပြုံးလေး ခေါင်းခါပြလိုက်မိ၏။

"မဟုတ်ပါဘူး ကိုယ်သက်သာနေတော အတော်ကြာပြီ အခု
လောမှ စိတ်ပင်ပန်းလို့လား မသိဘူး ပြန်မောလာတာ၊ နှလုံးက ပြန်ပြီး
ပြိချင်လာတယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ မိုးစင်နဲ့ ဘာမှမဆိုင်ဘူး
ဒနာတွေနဲ့ ကိုယ် အသက်ရှင်လာတာပဲ ကြာပါပြီ၊ အသားကျနေပြီ
တောင် ပြောလို့ရတယ်"

သူ ရေဖန်ခွက်ကို နံဘေးက ခုံလွတ်လေးပေါ် တင်လိုက်ရင်း
ကြည့်နေသော မိုးစင်စင်ကို ယဲ့ယဲ့လေး ပြုံးပြလိုက်၏။

"ကလေး ဆန်ဆန်ပြောရရင် ဒီဝေဒနာ မရှိဘဲ ဦး မနေတတ်
လို့တောင် ပြောရမလို ဖြစ်နေပြီ"

"ဦး သက်သာသွားပြီ မဟုတ်လား"

"အင်း သက်သာပါပြီ၊ ဦး မေးရဦးမယ်၊ မိုးစင် ရှုတင်မှာ
ဆင်ပြေရဲ့လား"

"ပြေပါတယ် ဦး ဆရာဦးဝေမိုးကလည်း မိုးစင်ကို အရေးအချာ

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးပါတယ်၊ ဝါရင့်သံရုပ်ဆောင်တွေကလည်း တွဲခေါ်ပါတယ်''

''အင်း မိုးစင်လေး တော်ပါတယ်၊ အခု လွှင့်နေတာ ကြော်ငြာတွေကလည်း ပေါက်တယ်ကွ၊ ဦးရဲ့ အလှကုန် ပစ္စည်းတွေ အရောင်းတက်လာတာက သက်သေပဲ''

မိုးစင် ကျေကျေနပ်နပ်လေး ပြုံးနေသည်။ ပါးချိုင့်လေးတွေက ချစ်စဖွယ် ပေါ်လာသည်။ ထိုပါးချိုင့်လေးတွေကြောင့်ပဲ မိုးစင်ဆိုသော ကလေးမလေးက မှုသားရဲ့ကိုယ်ပွားလေးလို့ သူ ထင်နေမိတာ ထင်ပါရဲ့

''မိုးစင် အောင်မြင်မှု ရအောင်ကြိုးစားမှာပါ ဦး ခံပြင်းစရာ နာကျင်စရာတွေ မေ့ထားမယ် ဦးလည်း ဦးရဲ့အတိတ်ကို အတတ်နိုင်ဆုံး မေ့ထားပါနော်၊ အတိတ်တွေကို ဘယ်လောက်ဆိုးခဲ့ အကျည်းတန်ခဲ့ပါစေ နောက်ဆုံးတော့ အဲဒီအချိန်တွေကို မိုးစင်တို့ ကျော်လွှားနိုင်ခဲ့ကြတာပဲ မဟုတ်လား''

''မှန်တယ် မိုးစင် ပြောတာမှန်ပါတယ်''

''ဦးလည်း ဖြတ်ကျော်နိုင်မှာပါ''

''ဟုတ်ပါတယ် ဒါပေမဲ့ မတူဘူး မိုးစင်ရဲ့ ကလေးမှာ(.) မေ့ပစ်ချင်တဲ့ အတိတ်၊ ဦးမှာက တမ်းတချင်တဲ့ အတိတ်လေ''

သူ့စကားကို မိုးစင် ခေါင်းလေးတညိတ်ညိတ် နားထောင်နေရှာသည်။

''အေးလေ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ယောက်နဲ့ အသက် လေးဆယ်ကျော်နေတဲ့ အဘိုးကြီးတစ်ယောက်ရဲ့ အတိတ်ကို





ခံစားကြတဲ့ ခံစားချက်ချင်းက ဘယ်တူနိုင်မှာလဲကွာ၊ ဆန့်ကျင်ဘက်တွေတောင် ဖြစ်နိုင်သေးတယ်''

''ဦးဘက်က မိုးစင် ခံစားကြည့်လို့ရပါတယ်''

''ကျေးဇူးတင်ပါတယ်ကွယ် မိုးစင်ကို ဦး ဘာဖြစ်လို့ ဒီအကြောင်းတွေ ပြောဖြစ်သလဲဆိုတာ ကိုယ့်ဘာသာတောင် မသိတော့ဘူး ဒါပေမဲ့ သေချာတာ တစ်ခုကတော့ မင်းမှာ မှုသားနဲ့တူတဲ့ သင်္ကေတလေးတွေ ရှိတယ်''

မိုးစင် မျက်ခုံးလေးကျုံ့ကာ သူ့စကားတွေကို နားထောင်နေ၏။

''မင်းရဲ့ ပါးချိုင့်လေးတွေရယ် ပြီးတော့ မရှိမခန့် ပြုံးတတ်တဲ့ အပြုံးလေးတွေရယ် မင်းအဲဒီလို ပြုံးလိုက်ရင် မှုသားနဲ့ တော်တော်တူတယ်ကွ''

သူပြောတော့ မိုးစင်စင် မပွင့်တပွင့်လေး ပြုံးသည်။ ပါးချိုင့်လေးက ထင်းခနဲ။ တကယ်ပါပဲ မိုးစင်စင်သည် မှုသားကို သူ ပြန်သတိရအောင် နှိုးဆော်နိုင်သည်။

လောကကြီးထဲမှာ မရှိတော့သော မှုသားကို သက်ရှိထင်ရှားမြင်တွေ့နေရသလိုပါပဲ။ ဒါကြောင့်လည်း ဒီချာတိတ်မလေးကို မှုသားကိုယ်စား သူ မြေတောင်မြှောက်ပေးနေတာ ဖြစ်၏။

မှုသားနှင့်တူညီသော မှုသားလိုပဲ အနုပညာ ဝါသနာပါသော ချာတိတ်မလေးကို သူမ ဖြစ်ချင်သောဆန္ဒတွေ ဖြည့်ဆည်းခွင့်ရခြင်းက သူ့အတွက် ကျေနပ်ဝမ်းသာစရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော တံခွန် ပြန်လာပြီ ဦး"

ခြံထဲကို မောင်းဝင်လာသော ပရာဒိုကားဖြူလေးကို မြင်တော့ မိုးစင် ပြောသည်။

သူလည်း အတွေးစတွေဖြတ်ကာ ထိုင်ခုံလေးမှာ ထရပ်လိုက်သည်။ နှစ်ဦးသား ဆင်ဝင်အောက်ကို လှမ်းခဲ့ကြသည်။

"ဟာ မမမိုးစင် ရောက်နေတာလား"

"ဟုတ်တယ် မောင်လေး ဦး နေမကောင်းဘူးဆိုလို့ သတင်းလာ မေးတာလေ"

"ဟုတ်လား ဒါဆို ကျွန်တော်တို့နဲ့အတူ ထမင်းစားပြီးမှ ပြန် နော် မမ"

မိုးစင် ခေါင်းလေးညိတ်ပြသည်။ သားကလည်း မိုးစင်ကို အ ခင်တွယ်သလို ခင်တွယ်နေတာမြင်တော့ သူ ကျေနပ်ရပြန်ပါသည်။

စိတ်ချမ်းမြေ့စရာကောင်းသော ဘဝလေးတွေကို ပိုင်ဆိုင်နေ တာက သူ့အတွက် တကယ်ကြည်နူးစရာပါလား။

■ ■ ■



## အခန်း (၃၀)

မိုးစင်၏ ဗီဒီယိုဇာတ်ကား မထွက်ခင်မှာ ကြော်ငြာက ဆယ်ခု ဆောက် ကြိုထွက်သည်။

ထိုကြော်ငြာတွေမှာ မိုးစင်စင်ရဲ့အမည်က ပရိသတ်ကြားမှာ နေရာရနေခဲ့သည်မို့ ပထမဆုံး ဗီဒီယို ဇာတ်ကားထွက်လာတော့ မိုးစင် မျှော်လင့်ထားသည်ထက် အောင်မြင်ခဲ့ပါသည်။

ပရိသတ်က မိုးစင်စင်ကို လက်ခံပြီဆိုတော့ ပရိုဂျူဆာတွေက မိုးစင်စင်ဆီ ချဉ်းကပ်လာတော့သည်။

ရိုက်ကူးဖို့ ကမ်းလှမ်းလာသော ဗီဒီယိုဇာတ်ကားတွေ ကြော် ငြာတွေက အများကြီး။ မိုးစင် ဦးကို တိုင်ပင်တော့ ဦးက နားလည် သတ်ကျွမ်းသော အတွင်းရေးမှူး တစ်ယောက်ရှာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစင်ကို လက်ဦးဆရာ ဒါရိုက်တာဦးဝေမိုးကလည်း ကူညီပေး ခဲ့သည်။

မိုးစင်အတွက် အနုပညာအလုပ်တွေက နားရက်ဆိုလို့ မရှိ အောင်ဘဲ ရှိနေခဲ့သည်။

''ဦး မိုးစင်နေဖို့ ခြံတစ်ခြံနဲ့ ကားတစ်စီးလောက် ဝယ်ချင်လို့ ကူညီပေးပါဦးနော်''

''အင်း ကူညီမှာပေါ့ကွာ၊ ဒါပေမဲ့ တစ်ခု မေးချင်လို့''

''ဘာလဲဟင် ဦး''

''ဩော် မိုးစင် ဘဝပြောင်းလဲသွားပြီလေ၊ မိုးစင် မေမေဆီ မပြန်သေးဘူးလား''

''မိုးစင် ဘဝပြောင်းသွားတယ်ဆိုတာ အခု ဗီဒီယိုဇာတ်ကား တွေ ကြော်ငြာတွေ လက်ခံထားရလို့ ငွေကြေး ပြည့်စုံလာတာပဲ ရှိ သေးတယ် ဦးရယ်၊ တကယ်တမ်းကျ မိုးစင်ရဲ့ အနုပညာ အောင်မြင်မှုက အခုမှစရမှာပါ၊ မိုးစင်ရဲ့ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေ၊ ကြော်ငြာတွေ တကယ် ထွက်လာမှ ပရိသတ်ကြားမှာ မိုးစင် နာမည်ရှိလာမှ မေမေသိမှာလေ ဒါမှလည်း မေမေ ယုံကြည်လက်ခံမှာပါ''

''အိုကေ ဦး သဘောပေါက်ပြီ မိုးစင်က မိုးစင်နှုတ်က မပြော ဘဲနဲ့ မိုးစင် မေမေ သိစေချင်တာမျိုးပေါ့''

''ဟုတ်တယ် ဦး၊ ဒါကြောင့် မေမေသိအောင် မိုးစင် အတော် ကြိုးစားရမှာ၊ မေမေက အနုပညာကို သိပ်စိတ်မဝင်စားတော့ သူ့သမီး ခင်းသမီးဖြစ်နေပြီ ဆိုတာတောင် သိချင်မှ သိမှာလေ''

''မိုးစင် ထင်လို့ပါ မိုးစင်က တစ်ဦးတည်းသော သမီးလေ ဘယ် မိဘမဆို ကိုယ့်သားသမီးကို ဥပေက္ခာပြုထားနိုင်မယ် ထင်သလား၊ မိုးစင် မေမေ စိတ်မဝင်စားဘူးဆိုရင်တောင် မိုးစင်အတွက် စိတ်ဝင်စား နေမယ်၊ သူ မိုးစင်ကို စောင့်ကြည့်နေမှာ ဦး ပြောရဲတယ်''

''အင်း မိုးစင်လည်း မေမေလက်ခံနိုင်တဲ့အထိ ကြိုးစားပြီမှာ ပါ ဦး''

''ဟုတ်ပါပြီလေ ဦး မိုးစင်ကို တစ်ခုပြောချင်တယ်''

''ပြောပါဦး ဘာများလဲဟင်''

''မိုးစင်အတွက် အနုပညာ အောင်မြင်မှု မှတ်တိုင်ဖြစ်အောင် သို့ ရုပ်ရှင်ဇာတ်ကားကြီးနှစ်ကား ဦး စီစဉ်ပေးမယ်''

''ရှင်''

''ဒါရိုက်တာ ဦးဝေမိုးနဲ့ တိုင်ပင်ထားတယ်၊ မိုးစင်တို့ ဆွေးနွေး ကြပေါ့ကွာ၊ ဦးကတော့ လိုတဲ့ငွေကြေးပိုင်းပံ့ပိုးမယ်၊ ကျန်တာတွေ ဦး ဘာမှ ဝင်မစွက်ဘူး၊ မိုးစင်နဲ့ ဦးဝေမိုး ညှိနှိုင်းလုပ်ကြပါ''

မိုးစင်အတွက် ရုပ်ရှင်ဇာတ်ကားကြီး နှစ်ကားကို ဦး ငွေကြေး ရိုက်ထုတ် ရိုက်ကူးပေးမည်တဲ့။ မိုးစင် အံ့သြဝမ်းသာမဆုံး။

''ရုပ်ရှင်ဇာတ်ကားကြီးက ငွေကြေးအများကြီး မြှုပ်နှံရမှာ ဦးရဲ့ ဘိုလေ ဦးအတွက်''

''ဦးအတွက် ဘာမှပြဿနာ မရှိဘူး၊ အခက်အခဲ မရှိဘူး၊

www.burmeseclassic.com



မိုးစင်ပဲ ကြိုးစားပါ ဟုတ်လား''

''ဟုတ်ကဲ့ပါ ဦးရယ်၊ မိုးစင်အပေါ်မှာ ဦး ပံ့ပိုးပေးတာတွေအတွက် မိုးစင် ဘယ်တော့မှ ကျေးဇူးမမေ့ပါဘူးရှင်''

မိုးစင် ရင်ထဲက လှိုက်လှဲစွာ ဆိုမိခြင်း ဖြစ်သည်။ တကယ်ဆို ဦးရဲ့ကျေးဇူးတွေကြောင့် အခု မိုးစင် ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ခဲ့တာ ဖြစ်၏။

ကိုယ်ပိုင်ခြံနှင့်တိုက်နှင့် ကားနှင့်။ ဘဝလေးကို မိုးစင် ပိုင်ဆိုင်ရသည်။ မိုးစင် ဝါသနာပါသော အနုပညာကိုလည်း လုပ်ကိုင်နိုင်ခဲ့၏။

ဒါတွေဟာ ဦးရဲ့ ကျေးဇူးတရားတွေပဲ ဖြစ်သည်။

အခုချိန်မှာ မိုးစင် ဒီဘဝ အခြေအနေရောက်သည် ဆိုတာ မေမေနှင့် နှိုင်းဝိရ သိလျှင်ကော ပြောကြဦးမည်လဲ။

မိုးစင်စင် ဒီဘဝကို ရောက်ခဲ့တာ ဦးမိုးသောက်ကြယ် ပံ့ပိုးကူညီနေတာဟုပဲ ထင်ကြဦးမှာ သေချာ၏။

ဒါတွေကို ပြန်တွေးမိတိုင်း မိုးစင် ရင်ထဲမှာ နာကျင်ရတာ နှိုင်းဝိရပါပဲ။ နှိုင်းသည် မိုးစင်ရဲ့ အချစ်ဦး ဖြစ်သလို အချစ်ဆုံး တစ်ယောက်ပါပဲ။

အဲဒီအချစ်ဦးက မိုးစင်ကို ယုံကြည်မှု မရှိခဲ့တာ နာကျင်ခံရခက်လွန်းသည်။

အခုချိန်ထိ မိုးစင်ကို ဖုန်းလေးတစ်ချက် မဆက်ခဲ့။ တကယ်ပဲ မုန်းတီးသွားခဲ့သည်လား။



နှိုင်းရယ် စိတ်နာတယ် ခံပြင်းတယ်ဆိုပေမယ့် မိုးစင် နှလုံးသားမှာ နှိုင်းက ရှိနေဆဲပါ ဒါပေမဲ့။

ချစ်သူရဲ့ သိက္ခာတရားကိုမှ ရှင်က မယုံကြည်ခဲ့လေတော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"မိုးစင်"

မကြားရတာကြာပြီဖြစ်သော မေမေ့အသံကို ကြားတော့ မိုးစင် ရင်ထဲမှာ လှပ်ခနဲတောင် တုန်သွားရပါသည်။ မေမေ ဖုန်းဆက်မည် မထင်ခဲ့။ ပြီးတော့ သူမရဲ့ ဖုန်းနံပါတ်ကို မေမေ ဘယ်လိုရတာလဲ။

"မိုးစင် ကိုယ့်အမေ အသံတောင် ညည်း မမှတ်မိတော့ဘူး လား"

"မ မဟုတ်ပါဘူး မေမေ၊ သမီး အံ့သြသွားလို့ပါ"

"ဘာကို အံ့သြတာလဲ ညည်းဆီဖုန်းဆက်တာ ငါက ညည်းကို အရှုံးပေးလိုက်တယ် ထင်လို့လား"

"အို မဟုတ်တာ မေမေနဲ့ မိုးစင်ကြားမှာ ဘာအနိုင်အရှုံးမှ မရှိပါဘူး"

"ရှိတယ် သမီး"

ဗျူး၀၁၆ပေ



"ဟင်"

"ဟုတ်တယ် ပြိုင်ပွဲတစ်ခုတော့ ရှိနေတယ်လေ၊ ညည်းအ ကြောင်းတွေကို အမေကြားရပါတယ်၊ ညည်းက ကိုယ်ပိုင်ခြံနဲ့ တိုက်နဲ့ ားနဲ့ ဘ၀ကို ပိုင်ဆိုင်နေရလို့ ဘဝင်မြင့်နေတာလား၊ အမေကိုတောင် ်းမဆက်နိုင်ဘူးပေါ့ ဟုတ်လား"

"ဒီသဘောမဟုတ်ပါဘူး မေမေ၊ သမီးရှုတင်တွေ ရိုက်ကွင်း ာနဲ့ ရှုပ်နေလို့ပါ"

"ဘာလဲ ညည်းက အောင်မြင်တဲ့ မင်းသမီးကြီး ဖြစ်နေပြီလား၊ ပါဦး အခုပိုင်ဆိုင်နေတဲ့ ခြံတွေ ကားတွေက ညည်းလူကြီး ဝယ်ပေး ားတာ မဟုတ်ပါဘူးနော်"

"ဟာ မေမေ သမီးကို အထင်သေးနေတုန်းပဲလား၊ ဒါတွေ နဲ့ဘာမှ မဆိုင်ပါဘူး၊ မိုးစင် လက်ခံထားတဲ့ ဗီဒီယိုကားတွေ ကြော်ငြာ ာ ရတဲ့အတွက် ဝယ်တာပါ၊ မိုးစင် မက်မောရင် မေမေ့ဆီက ဒီထက်မ ာတဲ့ ဥစ္စာဓနတွေရှိတာပဲ"

"ဟုတ်ပါပြီ ညည်းက အနုပညာသမားဘ၀ကိုပဲ မက်မောတာပါ"

"ဒါ သမီးရဲ့ဝါသနာပဲလေ၊ အဲဒီဝါသနာအတိုင်း သမီး လျှောက် ာ၊ မေမေ လက်ခံနိုင်တဲ့ အချိန်ကျရင် သမီးအတွက် လက်ခုပ်တီး ါ မေမေ"

"ဗီဒီယို ဇာတ်ကားလေး နှစ်ကားထွက်တယ်၊ ကြော်ငြာလေး ာမှာ ညည်းကိုတွေ့တယ်၊ အဲဒါအတွက် ငါက လက်ခုပ်တီးပေးရမှာ

ဗျူး၀၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



လား၊ မိခင်ရင်ခွင်က တစ်နှစ်ကျော်လောက် ခွာထွက်နေပြီး ညည်
ရနေတာ အဲဒါလား''

မေမေ ဒီလိုပဲ ထင်မြင်မှာ မိုးစင် သိပါသည်။ တကယ်လည်
မိုးစင်မှာက သက်သေပြစရာ ဒါပဲရှိနေသည်။

မိုးစင် ရိုက်ထားသော ဗီဒီယိုတွေ၊ ကြော်ငြာတွေ အများကြ
ရှိသည်။ ဒါတွေ မေမေ မသိသေးတော့ မပြောချင်ပါ။ ပြီးတော့ ဦး
ကြေးစိုက်ထုတ်ရိုက်မည့် ရုပ်ရှင်ကား နှစ်ကား။

''ကဲ သမီး မေမေ သမီးကို ဆက်စောင့်ကြည့်မယ်၊ သမ
အနုပညာ တကယ် ဘယ်အခြေအနေထိ ရောက်လာမလဲ ဟုတ်ပြီလား

''စောင့်ကြည့်ပါ မေမေ၊ မေမေရဲ့ အသိအမှတ်ပြု လက်ခုပ်
ကို ကြားရအောင် သမီး ကြိုးစားပြမှာပါ''

''ကောင်းပြီလေ မိုးစင်စင်ဟာ လက်ခုပ်တီး အားပေးရ
သမီးတစ်ယောက်ဆိုရင် မေမေ ကျေကျေနပ်နပ် လက်ခုပ်တီးမှာပေ

''ကျေးဇူးပါ မေမေ''

''အင်း အင်း ဒါပဲ သမီး''

မေမေဖုန်းချသွားတော့ မိုးစင် ဝမ်းသာစွာ ကျန်ရစ်ခဲ့ရ
မေမေရဲ့လေသံတွေ ပျော့ပြောင်းနေခဲ့သည်။

ဒါ မိုးစင်အတွက် အောင်မြင်မှု လမ်းစတစ်ခုပါပဲ။ ဦး သိ
လည်း ဝမ်းသာမည် ထင်ရဲ့။





## အခန်း (၃၂)

ပလာဇာထဲမှာ ဗီဒီယို ဇာတ်ကားတစ်ခုအတွက် ဇာတ်ဝင်ခန်းကို ဒီနေ့အောက်ဒိုး ထွက်ရိုက်ဖြစ်သည်။

ရိုက်ရသော အခန်းက မခက်ခဲ မပင်ပန်းပေမယ့် ဝိုင်းဝန်းကြည့်နေသော ပရိသတ်တွေကြောင့် နည်းနည်းတော့ အခက်အခဲဖြစ်ကြရသည်။

ရိုက်ကွင်းပြီးတော့ မိုးစင် ချက်ချင်းပြန်လို့မရပါ။ မိတ်ဆက်ကြသူတွေ အတူတွဲဓာတ်ပုံရိုက်ကြသူတွေ အော်တိုလက်မှတ် ရေးခိုင်းသူတွေကို မိတ်ဆက်ရသေးသည်။

အနုပညာသမားဆိုတော့လည်း ပရိသတ်ကို အလေးထားလေးစားရမည်လေ။ အားလုံး ကျေနပ်အောင် စကားတွေပြော၊ နှုတ်ဆက်ပြီးမှ မိုးစင် လက်ကလေးပြကာ ထွက်ခဲ့လိုက်၏။

www.burmeseclassic.com



"စင်လေး"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ နှိုင်းဝီရ။ ကြည်ကြည် လင်လင်လေး ပြုံးနေသော အပြုံးနှင့် နှိုင်းကိုမြင်တော့ ဖြစ်ခဲ့သော ပြဿနာတွေကိုလည်း မိုးစင် မေ့လျော့သွားခဲ့ကာ

"နှိုင်း"

"ရွှေမင်းသမီးကို တွေ့ဖို့အတွက် စောင့်လိုက်ရတာ ခြေသလုံး တွေတောင် တောင့်တယ်"

"နှိုင်း ရောက်နေတာ ကြာပြီလား"

"အင်း ကြာပြီပေါ့ ရှုတင်ရိုက်တာ စောင့်တယ်၊ ပြီးတော့ စင်လေး ပရိသတ်တွေထဲ တိုးဝင်လို့ မရဘူးလေ"

ပတ်ဝန်းကျင်ကို တဒင်္ဂမေ့ထားကာ နှိုင်းနှင့် စကားကောင်းနေ တုန်း မိန်းကလေးတစ်အုပ် အနားရောက်လာကြပြန်ကာ

"မမမိုးစင် ဟို ဒီ ဒီက အစ်ကိုက မင်းသားသစ်လားဟင်"

နှိုင်းကို လက်ညှိုးထိုး မေးနေတာမို့ မိုးစင် ပြုံးပြုံးလေး ဖြစ် သွားရသလို နှိုင်းဝီရ ကိုယ်တိုင်လည်း ရှက်ကိုးရှက်ကန်း ခေါင်းခါရင်း

"ဟာ မဟုတ်တာရုတ် ဗျာ ကျွန်တော် မင်းသား မဟုတ်ဘူး လူကြမ်း လူကြမ်းပါ"

"ဟယ် တကယ်"

ကောင်မလေးတွေ မျက်လုံးလေးတွေဝိုင်းကာ အံ့သြနေတော့ မိုးစင် ကြားက ကသောကမျောလေး ဝင်ရှင်းရ၏။





"အဟင်း နောက်နေတာ ညီမတို့ရေ၊ သူက မမရဲ့ မိတ်ဆွေပါ ... နှိုင်း လာလေ ခွင့်ပြုကြဦးနော် ညီမလေးတို့"

နှိုင်း လက်ကို ဆွဲကာထွက်ခဲ့ကြသည်။ နှိုင်းဝီရက ပခုံးတွန့် ...ရင်း

"ဒီအနားမှာ ဆိုရင်တော့ စကားပြောလို့ ရမှာမဟုတ်ဘူး ...င်လေး၊ တစ်ဆိုင်ဆိုင် ဝင်ထိုင်ကြမယ်၊ စင်လေး ရှုတင်ပြီးပြီလား"

"ဒီရှုတင်ပြီးပြီ နေ့လယ်တစ်ခုရှိတယ်၊ တစ်နာရီလောက်တော့ ...နိုင်ရတယ်"

"ဒါဆို ဒီနေရာနဲ့ အနီးဆုံး ကိုယ့်ဆိုင်တစ်ဆိုင်ကို သွားကြ ...ယ်"

"အင်း နှိုင်း ရှေ့ကသွားနှင့် မိုးစင် အဖွဲ့သားတွေကို နှုတ်ဆက် ... နောက်ကကားနဲ့ လိုက်ခဲ့မယ် ဟုတ်လား"

"အိုကေ ကိုယ်ကားပေါ်က စောင့်မယ်"

နှိုင်းကိုပြောကာ ရှုတင်အဖွဲ့သားတွေနှင့် ဒါရိုက်တာကို မိုးစင် ...နှုတ်ဆက်သည်။ ပြီးမှ ကားဆီကို သွက်သွက်လေး လျှောက်ခဲ့လိုက် ...ည်။

နှိုင်းကတော့ သူ့ရဲ့ ကားလေးနှင့် ရှေ့ကမောင်းသည်။ မိုးစင် ...ည်း နှိုင်းရဲ့ ကားလေးနောက်က မောင်းလိုက်ခဲ့လိုက်ပါသည်။

နှိုင်းရဲ့ ဝီရ(၂) ဆိုင်လေးရောက်တော့မှပဲ လွတ်လွတ်လပ်လပ် ...ားပြောနိုင်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စင်လေး ကိုယ့်ကို စိတ်ဆိုးနေသလား"

"အရမ်းဆိုးတယ် အခုတောင်မှေ့နေတာ နှိုင်း ပြန်အစဖော် စိတ်တွေဆိုးချင်လာပြီ"

"စိတ်မဆိုးပါနဲ့ကွာ စင်လေး မေမေက စင်လေးကို မဆက် သွယ်နဲ့ မတွေ့နဲ့လို့ အမိန့်ထုတ်ထားလို့ပါ"

"ဘာရယ် မေမေက နှိုင်းကို ဒီလိုပြောသလား"

"ဟုတ်တယ် အချိန်အတိုင်းအတာ တစ်ခုအထိ နေပေးပါတဲ့ သူလည်း ဥပေက္ခာပြုထားမယ်တဲ့၊ ကိုယ့်ယောက္ခမဆန္ဒကို မလွန်ဆန် နိုင်ဘူးလေ"

"ဒါဆို အခုဘာလို့ လာခေါ်သလဲ"

"စင်လေး မေမေက ပြန်ခွင့်ပြုလို့ပေါ့၊ သားတဲ့ မင်းဇနီးလောင်း ကို အားပေးစောင့်ရှောက်ပါတဲ့"

"အံ့မယ် မေမေလား ဒီလိုပြောမှာ"

"တကယ်ပြောတာ ကြည့်ရတာ စင်လေး မေမေလည်း စင် လေးကို စိတ်ဆိုးပြေနေလောက်ပါပြီ"

"မေမေ မိုးစင်ဆီ ဖုန်းဆက်ပါတယ်၊ မိုးစင် ဝါသနာအတိုင်း အောင်မြင်မှုရရင် လက်ခုပ်တီးမယ်တဲ့လေ"

"အင်း မိုးစင် အောင်မြင်နေတာ ကိုယ်သိပါတယ်"

"မအောင်မြင်သေးပါဘူး ကြိုးစားနေတုန်းပါ"

"ကိုယ့်ကိုတော့ ရွှေမင်းသမီးလေးဖြစ်လို့ မေ့မသွားပါနဲ့နော်"



"နှိုင်းရယ် မိုးစင် နှလုံးသားမှာ တစ်ယောက်ပဲ ရှိခဲ့တာပါ"

"ကိုယ်လည်း အတူတူပါပဲ စင်လေး၊ ချစ်လွန်းလို့ သဝန်တိုတာ ...တာ့ နားလည်ပါ၊ အခု မိုးစင် အနုပညာ လမ်းပေါ်ရောက်နေပြီ၊ ဟို ...ိုလ်ကြီးနဲ့ ကင်းသွားပြီဆိုတော့ ဝန်တိုစရာလည်း မရှိတော့ဘူးလေ"

နှိုင်း ဆိုလိုတာ ဦးမိုးသောက်ကြယ်ကို ဟု နားလည်သည်။ ...င်ကို ဦးနှင့် သံသယ မကင်းသေးပါလား။

မိုးစင်ရဲ့ အောင်မြင်မှုတွေက ဦးနဲ့ မကင်းဘူးဆိုတာ ဘယ်လို ...ရမည်လဲ။ ပြောလျှင်လည်း ပြဿနာက ထပ်ဖြစ်လာဦးမည်။ အခုချိန် ... မိုးစင် ပြဿနာတွေ မရှာချင်ပါ။

"ကိုယ် မိုးစင်နဲ့ အေးအေးဆေးဆေး တွေ့ချင်တယ်"

"အဲဒါတော့ နားလည်၊ ရှုတင်တွေပြည့်နေလို့ လာမယ့် ဆန်း ...တောင် နယ်ကို ရှုတင်ထွက်ရမယ်၊ ပြင်ဦးလွင်မှာ ရုပ်ရှင်ကားကြီး ...ရမယ်၊ ရက်နှစ်ဆယ်လောက်ကြာမယ်"

"ဟာကွာ အခုမှ ပြန်တွေ့ခွင့်ရတယ်၊ လွမ်းရပြန်ပြီ"

"ဖုန်းဆက်ပေါ့၊ ပြန်လာမှ မိုးစင်တို့ ဆုံကြရအောင်"

"အင်းလေ ရွှေမင်းသမီးရဲ့ ချစ်သူဆိုတော့ နားလည်ပေးရ ...ပေါ့ကွာ"

နှိုင်းဝီရ ပြုံးပြုံးလေး ပြောတော့ မိုးစင် အာရုံထဲမှာ ဦးရဲ့ ...နာကို ပြေးမြင်မိသည်။ ဦးသည်လည်း ချစ်သူဒေါ်မှသားရဲ့ အနုပညာ ... နားလည်သော သူတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းကိုလည်း ဦးလို ယောကျာ်းတစ်ယောက် ဖြစ်စေချင်သည်။ တစ်ချိန်ချိန်ကျရင် ဦးနှင့် နှင်းကို ဆုံတွေ့ပေးချင်သည်။

ဖြူစင်သော သနားစရာကောင်းသော ဦးရဲ့ အကြောင်းတွေကို နှင်းသိလျှင် ဦးကိုနားလည်သွားမည်ထင်ပါသည်။

■ ■ ■

## အခန်း (၃၃)

အနုပညာ သက်တမ်း တစ်နှစ်အတွင်းမှာ မိုးစင်စင်သည် ပြည်သူချစ်သော အနုပညာကြယ်တစ်ပွင့် ဖြစ်ခဲ့ပါသည်။

ဒါကို မေမေကလည်း လက်ခံခဲ့၏။ စင်ကာပူနှင့် မြန်မာပြည်ကူးသန်းကာ အလုပ်လုပ်နေသော မေမေ လုပ်ငန်းတွေကို မြန်မာပြည် ပြောင်းကာ အခြေချမည်ဆိုသည်။

မိုးစင်ရဲ့ အနုပညာကို အားပေးရင်း မေမေ အတူနေမည်ဆိုတော့ မိုးစင် ဝမ်းသာရပါသည်။ မိုးစင်လိုပဲ ဦးလည်းဝမ်းသာမဆုံး။

"ဦး ဝမ်းသာတယ် မိုးစင်၊ မင်းနဲ့မင်းမေမေ အတူပြန်ဆုံတာကို ဦး သိပ်ဝမ်းသာတယ်"

"ဦးကို မိုးစင် သိပ်ကျေးဇူးတင်ပါတယ်၊ ဒါတွေက ဦးရဲ့ ပံ့ပိုးမှုတွေကြောင့်ပါ။ ဦးက မိုးစင်ရဲ့ အနုပညာကိုလည်း အားပေးပံ့ပိုးခဲ့တယ်၊ ပြီးတော့ မိုးစင်ရဲ့ဘဝအတွက်လည်း အကြံကောင်းတွေ ပေးခဲ့သူပါ"

www.burmeseclassic.com



"အပြန်အလှန်ပေါ့ကွာ မင်းကလည်း ဦးရဲ့ အတိတ်က လိုအင်ချက်တွေကို အစားထိုး ဖြည့်ဆည်းပေးနေသူပဲလေ"

လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်က ချစ်သူကို တစ်သက်မမေ့နိုင်သော ဦးရဲ့နှလုံးသားက ကြည်ညိုစရာ ကောင်းပါသည်။

မိုးစင်နှင့် နှိုင်းလည်း ဒီလို ချစ်ခြင်းတွေနှင့် ခိုင်မြဲချင်ပါသည်။

"မိုးစင် ဒီနှစ်အကယ်ဒမီ ဆုပေးပွဲအတွက် ရင်ခုန်နေသလား"

ဦး မေးလာတော့ မိုးစင် ပြုံးမိသည်။ မိုးစင်ရဲ့ရုပ်ရှင်ဇာတ်ကားနှစ်ကား အကယ်ဒမီ စာရင်းမှာပါနေတာ ရှိသည်။

"မိုးစင် အမှန်ပြောရရင် ရင်ခုန်တယ်၊ မျှော်လင့်တယ် ဦး ဘာလို့လဲဆိုတော့ အဲဒီဇာတ်ကားတွေက မိုးစင်ရဲ့ပထမဆုံး ရုပ်ရှင်ကားတွေဖြစ်လို့ ဦး၊ ကိုယ်တိုင် အကုန်အကျခံ ထုတ်လုပ်ပေးထားလို့ပဲလေ"

"အင်း ဦးကတော့ မိုးစင်ကို ရစေချင်တယ်၊ ဘာလို့လဲဆိုတော့ အကယ်ဒမီဆုဆိုတာ မိုးစင်တို့လို အနုပညာသမားတွေအတွက် ကြိုးစားမှုမှတ်တိုင်လေ"

ဦးသည်လည်း မိုးစင်အတွက် ယုံကြည်နေခဲ့တာ သေချာပါသည်။ မိုးစင်လည်း ရင်ခုန်ပါသည်။

ဒီနှစ် ရွှေစင်ရုပ်ဆုကိုသာ မိုးစင် ပိုင်ဆိုင်လျှင် မေမေ့ရဲ့ အားပေးလက်ခုပ်သံကို ပိုင်ဆိုင်ရမည်က အသေအချာ။

ပြီးတော့ နှိုင်းနှင့် လက်မထပ်ခင်လေးမှာ အကယ်ဒမီ ရွှေစင်ရုပ်ဆုရှော့ မိုးစင် ရချင်ပါသည်။





မျှော်လင့်အိပ်မက်တွေသာ ဖြစ်လာလျှင်တော့ မိုးစင် အတိုင်းသိ ပျော်ရွှင်မိမှာ သေချာသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၄)

"မိုးစင်ရဲ့ဂုဏ်ပြုပွဲကို ဦး အကုန်ကျခံပြီး ကျင်းပပေးချင်လို့ ကြိုတင်စီစဉ်ထားတာ"

အကယ်ဒမီ ပေးပွဲမတိုင်မီ တစ်ရက်အလိုမှာ ဦး ပြောလာတော့ မိုးစင် အံ့သြမိ၏။

"ဟင် ဦးကလည်း မိုးစင် ရမရ မသေချာသေးဘဲနဲ့ ဘာလို့ ကြိုစီစဉ်ထားတာလဲ၊ တော်ကြာ လွဲကုန်ရင် ရှက်စရာကြီး"

"ဘာလို့ လွဲရမှာလဲ၊ မိုးစင် ရဲရဲဝံ့ဝံ့ ယုံပါ၊ မိုးစင်ရဲ့ 'လောကရင်ဘတ်' ဆိုတဲ့ ကားကို ယှဉ်နိုင်တဲ့ကား မရှိဘူး။ မိုးစင်ရဲ့ သရုပ်ဆောင်မှုတွေက သိပ်ကောင်းတယ်"

ဦးလိုပဲ အားလုံးက ဒီလိုပဲ မှတ်ချက်ပေးကြသည်။ ဒါပေမဲ့ မိုးစင် ရင်တွေခုန်နေသည်။ အကယ်ဒမီ ဆုပေးပွဲနီးလာလေလေ မိုးစင်



စိတ်တွေ လှုပ်ရှားလာလေလေပါပဲ။

အခုလည်း ဦးက မိုးစင်ရဲ့ အကယ်ဒမီဆုအတွက် ဂုဏ်ပြုပွဲကို ခမ်းခမ်းနားနား ကြိုတင်စီစဉ်ထားသည်ဆိုတော့ ပိုစိတ်လှုပ်ရှားမိ၏။

"မိုးစင်"

"ရှင် ဦး"

"အရမ်း စိတ်လှုပ်ရှားနေသလား"

"ဟုတ်တယ် ဦး"

"ဦးလည်း ထပ်တူပါပဲကွာ၊ ဒါနဲ့ မိုးစင်လေး မေမေကော အကယ်ဒမီပွဲမှာ ရှိမှာလား"

"စင်ကာပူက အမိပြန်လာမှာပါ၊ မနက်ဖြန် မနက် ဖလိုက်နဲ့ ရောက်မယ်တဲ့ ဦး"

"မိုးစင် မေမေနဲ့ ဦးတွေ့ချင်ပါတယ်၊ ဒီတစ်ခါတော့ ဦးတို့ မျက်မျက်ရှင်ရှင် ဆုံတွေ့ကြပြီပေါ့"

ဦးက မိုးစင်မိခင်နှင့် ဆုံချင်နေသည်။ မေမေ့ကိုလည်း မိုးစင် ဦးနဲ့ ဆုံတွေ့ပေးချင်သည်။ နှိုင်းဝီရကိုလည်း မိတ်ဆက်ပေးချင်သည်။

မိုးစင်ရဲ့အကယ်ဒမီ ရုပ်ထုနှင့် အားလုံးဆုံကြမှာ ဘယ်လောက် ခမ်းသာကြည်နူးစရာကောင်းမည်လဲ။

"ဟာ မမ မိုးစင်"

"ဟေး မောင်လေး တော်ခွန် လန်းနေပါလား"

"လန်းရမှာပေါ့၊ ဒီနေ့ သားမွေးနေ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် တကယ်"

တံခွန်က ဖခင်ဖြစ်သူကို လှမ်းကြည့်ရင်း မျက်မှောင်ကုပ်သွား၏။

"ဒယ်ဒီ မမကို ပြောမထားဘူးလား၊ သားက ဒယ်ဒီ ကြိုဖိတ်ထားမယ်ထင်တာ"

"အခု မိုးစင် ရှိနေတယ်လေကွာ၊ သားကိုယ်တိုင် ဖိတ်စေချင်လို့ ဒယ်ဒီ မပြောတာပေါ့၊ အခုဖိတ်လိုက်"

"ဒီညနေ သားရဲ့ဘတ်ဒေးအင်နာ ရှိတယ်၊ အဲဒါ မမ မိုးစက်လိုက်ခဲ့နော်၊ ဟိုတယ်မှာ စီစဉ်ထားတယ်၊ သားသူငယ်ချင်းတွေနဲ့ ဒယ်ဒီရုံးက လူတွေ ဟိုတယ်ကို လာကြလိမ့်မယ်"

"အေး အေး လိုက်မှာပေါ့၊ ကြိုမပြောတော့ ဘတ်ဒေးလက်ဆောင်မပါဘူး၊ နောက်မှ ပေးမယ်"

"ရပါတယ် မမမိုးစင်ရယ်၊ မမ လိုက်မယ်ဆိုရင် ကျေနပ်တယ်"

"ကဲ ဒါဆို ခဏလေးစောင့်ဦး၊ ဒယ်ဒီ သွားပြင်ဆင်လိုက်ဦးမယ်"

"အိုကေ ဒယ်ဒီ၊ အပြတ်ရှိုင်းခဲ့နော်၊ သားနဲ့ဒယ်ဒီကို အားလုံးက ညီအစ်ကိုလို့ ထင်သွားအောင် အဟဲ"

"ဟာ သားကတော့ကွာ"

ဦး အရှက်ပြေရယ်ရင်း အိမ်အပေါ်ထပ် တက်သွားခဲ့သည်။ ဆယ်မိနစ်လောက်ကြာတော့ ဦး ဆင်းလာ၏။ မီးခိုးရောင်





အနောက်တိုင်းဝတ်စုံနှင့် ဦးသည် ခန့်ညားချောမောလွန်း၏။

"ဟာ ဒယ်ဒီက မိုက်တယ်၊ မမ လန်းတယ်နော်၊ ဒယ်ဒီ ရုပ်နဲ့ အခု မင်းသားတွေ သနားတယ်ဗျ"

"ဟုတ်တယ် ဟုတ်တယ် အဟင်း ဟင်း"

"ဟော့ကောင် လူကြီးကို ရှက်အောင် မနောက်နဲ့ကွ"

"ကန်တော့ ကန်တော့ သားက ပျော်လို့ပါ ဒယ်ဒီရဲ့"

သူတို့အားလုံး ကားဖြင့် ဟိုတယ်သို့ ထွက်ခဲ့ကြသည်။ မိုးစင်ဝတ်ထားသည်ကလည်း ပန်းနုရောင် ကိုယ်ကျပ်အတွန့်အကျီကို အနားမညီမညာ စကပ် ပန်းရင့်ရောင်လေးနှင့် ဝတ်ထား၏။

"မမလို ရွှေမင်းသမီးလေး ပါလာတာတွေ့ရင် သားရဲ့ဘော်ဒါတွေ ဝမ်းသာသွားကြမှာဗျ"

ဟိုတယ်မှာ ကားလေးထိုးရပ်တော့ ကုမ္ပဏီက ဝန်ထမ်းတွေကော တံခွန်ရဲ့သူငယ်ချင်းတွေပါ ရောက်ရှိစောင့်နေကြသည်။

မိုးစင်တို့သုံးယောက် ကားပေါ်က ဆင်းလာတာကို ဝိုင်းကြည့်ကြိုဆိုနေကြသည်။ ထိုအခိုက်မှာပဲ စူးစူးရဲရဲ စိုက်ကြည့်နေသော မျက်ဝန်းတွေနှင့် နှိုင်းကို မိုးစင် မြင်လိုက်ရ၏။

"နှိုင်း"

မိုးစင် တအံ့တဩလေး နှုတ်ဆက်တော့ နှိုင်းဝိရ မာတင်းသုန်မှုန်နေသော မျက်နှာနှင့် တုံ့ပြန်ရင်း

"အတူယှဉ်တွဲ ပွဲတက်ကြတဲ့ အခြေအနေတောင် ရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ကိုး''

နှိုင်းစကားကို အားလုံးကြားမှာပဲ ဖြစ်သည်။ တမင်ကြားအောင်ပဲ နှိုင်းဝီရက ခပ်ကျယ်ကျယ် ပြောဏ်။

မိုးစင် မျက်နှာရဲသွားကာ ဦးလည်း မျက်ခုံးကြီးကုပ်ကာ မင်သက်နေသည်။

''ထိုက်ခန်းသော့အပ်တဲ့အဆင့်ကနေ အိမ်သော့ကိုပါ အပ်တဲ့အဆင့်ထိ တိုးလာတာပေါ့နော်''

''နှိုင်း ဘာတွေလာပြောနေတာလဲ''

မိုးစင် တားမြစ်ရင်း နှိုင်းဝီရ လက်မောင်းကို ဖျတ်ခနဲ လှမ်းရိုက်ပစ်လိုက်သည်။ နှိုင်းဝီရ အကြည့်တွေက မိုးစင်ကို ကျော်ကာ ဦးကို စူးစူးရဲရဲ စိုက်ကြည့်နေဆဲ။

''မဆိုးပါဘူး ခင်ဗျား သိပ်တော်တယ် ဦးမိုးသောက်ကြယ်၊ ရင်းနှီးပေးဆပ်မှုနဲ့ ထိုက်တန်အောင် ယူတတ်တယ်၊ တကယ် မိန်းမကျမ်းကြေတယ်ဗျာ''

''ဘာ ဘာတွေပြောတာလဲ၊ သူ ဘယ်သူလဲ မိုးစင်၊ ဦးကို စော်ကားနေတာလား''

''နှိုင်းဝီရ ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာလို့ ဒီလောက်ရိုင်းစိုင်းရတာလဲ၊ သိပ်အောက်တန်းကျတဲ့ လုပ်ရပ်ပဲ''

မိုးစင် နာကျည်းခံပြင်းစွာဆိုရင်း လက်တစ်ဖက် မြောက်တက်ကာ နှိုင်းဝီရကို ချိန်ရွယ်လိုက်စဉ်မှာပဲ

ဗျူးစာပေ



''ဟာ ဒယ်ဒီ ဒယ်ဒီ''

''ဆရာ ဆရာ''

''ဟင် ဦး''

''ဟေ့လူ ဘာလို့ ဒယ်ဒီကို စော်ကားရတာလဲဗျား၊ ဒယ်ဒီမှာနှလုံးရောဂါ ရှိတယ်၊ ဒယ်ဒီ သေလိမ့်မယ်ဗျ''

တံခွန် မျက်ရည်တွေနှင့် နှိုင်းဝီရကို လှမ်းပြောနေခဲ့သည်။ သတိလစ်လဲကျသွားသော ဦးကို ဝန်ထမ်းတွေက ထွေးပွေ့ထားခဲ့ဏ်။

''ဆေး ဆေးရုံ ပို့ကြလေ၊ ဦးကို ဆေးရုံပို့ကြပါ''

မိုးစင် သတိပေးရင်း ဦးကို ထွေးပွေ့သည်။ မင်သက်စွာ ရပ်နေသော နှိုင်းဝီရကို မိုးစင် တစ်ချက်လေးတောင် လှည့်မကြည့်ဖြစ်ပါ။

ထိုတဒင်္ဂမှာ ဦးအတွက် စိုးရိမ်မှုတွေက သူမ ရင်ထဲမှာ ပြည့်ကျက်နေခဲ့သည်။

ဦး ဘာမှမဖြစ်ပါစေနဲ့။ ကျေးဇူးပြုပြီး မျက်ဝန်းတွေဖွင့်ကြည့်လိုက်ပါ ဦးရယ်။

မိုးစင်လို့ တစ်ချက်လောက် ခေါ်လိုက်ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

အစိမ်းနုရောင် လိုက်ကာစအပြင်ဘက်မှာ မှောင်မိုက်နေပေမယ့် ဆေးရုံကြီးရဲ့ သီးသန့်အခန်းလေးက မာကျူရီ မီးလုံးအလင်းနှင့် ထိန်လင်းနေ၏။

ခုတင်ပေါ်မှာ ငြိမ်သက်နေသော ဦးမျက်နှာကို မိုးစင် ဆေး ကြည့်နေမိသည်။

သွယ်တန်းထားသော ဆေးပိုက်က ဆေးရည်တွေကို စော ကြည့်ပေးနေသော နာ့စ်မလေးကလည်း တိတ်ဆိတ်လို့။

မျက်ဝန်းတွေ မှိတ်ထားသော ဦး မျက်နှာက သွေးရောင်ကင်း စင် ဖြူလျော်နေခဲ့သည်။

ဟိုတယ် အဝင်ဝမှာတုန်းက မိုးစင် မြင်ခဲ့ရသော ဦး မျက်နှာ





သည် သွေးရောင်နှင့်နီမြန်းနေကာ နိုင်းဝီရရဲ့စကားတွေကြောင့် သွေး ကျက်ခံစားသွားခဲ့ရပုံပါပဲ။

''မဆိုးဘူး၊ ခင်ဗျား သိပ်တော်တယ် ဦးမိုးသောက်ကြယ်၊ ငြင်းနိုးပေးဆပ်မှုနဲ့ ထိုက်တန်အောင် ယူတတ်တယ်''

''တကယ် မိန်းမကျမ်းကြေတယ်ဗျာ''

ရှင် သိပ်ရက်စက်တယ် နိုင်းဝီရ။ တကယ်ဆို ဓားထက်ထက်နဲ့ နှလုံးမရှင်ဘတ်ကို ထိုးခွဲပစ်လိုက်ပါလား။ ဦးကိုမှ နာကျင်စေသတဲ့လား။

စော်ကားရက်စက်ရက်သတဲ့လား နိုင်းဝီရရယ်။

''မမ မိုးစင် ပြန်တော့လေ၊ မနက်ဖြန် အကယ်ဒမီဆုပေးပွဲ ရှိတယ် မဟုတ်လား''

တံခွန်က မိုးစင် အနားကပ်ကာ တီးတိုး သတိပေးသည်။ မိုးစင် ခေါင်းကို ခါရမ်းပြရင်း

''ဟင့်အင်း မမ ဘယ်လိုမှ မအိပ်ပျော်နိုင်ဘူး''

''ဒါပေမဲ့ မမ မဖြစ်မနေ တက်ရမှာပဲ''

''တံခွန် ပြောတာ မှန်တယ် မိုးစင်စင်၊ ပြန်လိုက်ပါ၊ ဒီမှာ ဆွန်တော်တို့တွေလည်း ရှိနေတာပဲ၊ ဆရာ သတိရလာတာနဲ့ ဖုန်းဆက် လိုက်ပါ့မယ်၊ ဟိုလေ ဂျာနယ်လစ်တွေထဲ သတင်းရောက်သွားရင် ပိုဆိုး ကုန်မယ်''

''ရတယ် ဘာကိုမှ မိုးစင် ဂရုမစိုက်ဘူး၊ ဦးအတွက်ပဲ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အရမ်းပူနေတယ်၊ မိုးလင်းတာနဲ့ ပြန်ပါမယ်''

တံခွန်က မိုးစင် စိုးရိမ်သောကကို နားလည်သလို ပင့်သက်ရှိုက်ကြည့်ရင်း

''မမမှာ ရည်းစားရှိတယ်လို့ ဘာလို့ ကြိုမပြောပြထားတာလဲဗျာ၊ တကယ်လို့ ကြိုသိထားရင် ဒယ်ဒီ ဖြေရှင်းပေးလို့ ရတာပေါ့၊ မမရည်းစားကို အိမ်ခေါ်လာလို့လည်း ရပါတယ်၊ ဘာလို့များ သူက သင်းတိုရတာလဲဗျာ၊ ဒယ်ဒီ မမကို သားသမီးလိုချစ်တာပါဗျာ''

''သားရယ် တော်ပါတော့ကွာ၊ အခြေအနေတွေ ဒီလို ဖြစ်လာမယ်လို့ ဘယ်ထင်မှာလဲ''

ဦးရဲ့မန်နေဂျာ အန်ကယ်ကြီးက ဝင်တားသည်။ တံခွန်က စိတ်မပြေသေး။

''အခြေအနေကို မသိဘဲ တစ်ဖက်သတ်ကြီး စွပ်စွဲတာ သိမ်ငယ်ရှိုင်းတယ်ဗျာ၊ ပြီးတော့ ဒယ်ဒီရဲ့ဝန်ထမ်းတွေနဲ့ သားရဲ့သူငယ်ချင်းတွေရှေ့မှာ''

''ဟုတ်ပါတယ် မောင်လေးရယ်၊ မိုးစင် အပြစ်လည်း မကင်းပါဘူး၊ သူ ဒီလို ပြောလာမယ် မထင်မိဘူး၊ မမ အရမ်းစိတ်နာတယ်''

''ဖြစ်ပြီးတာတွေ ထားလိုက်ကြတော့ကွယ်၊ ဟိုက ရုတ်တရက်မြင်လိုက်တော့ အထင်လွဲတာ ဖြစ်မှာပေါ့၊ သဝန်တိုတတ်တဲ့ ယောကျ်ားတွေက ဒီလိုပဲ၊ ဆရာ့မှာလည်း ရောဂါအခံရှိတာကိုး''





အားလုံး နှုတ်ဆိတ်ကာ ဦး မျက်နှာကိုပဲ ငေးကြည့်မိကြပြန်သည်။ မိုးစင် မျက်ရည်စတွေကြားက

''ကိုဗလ ဦးကို မိုးစင် ဘယ်လိုတောင်းပန်ရမလဲဟင်''

''ဟာ ဦးက ခွင့်လွှတ်မှာပါ၊ ဦး နိုးလာ လာချင်း ဘာမှ မပြောကြနဲ့ဦးနော်၊ ဆရာဝန်ကြီးက အသက်အန္တရာယ် မရှိပါဘူးတဲ့၊ ဆေးလုံးကို အနားပေးထားတာတဲ့၊ လိုအပ်ရင် ခွဲစိတ်ကုသရဦးမယ်တဲ့''

မိုးစင် တကယ်ပဲ ဆုတောင်းပါသည်။ ဦး ဘာမှမဖြစ်ပါစေနဲ့၊ ဦးကိုသာ ဆုံးရှုံးရလျှင် . . .။

မိုးစင် တစ်သက်လုံး ထိုဒဏ်ရာကြီးက ရင်ဘတ်ထဲမှာ စွဲမြဲနေမှာ သေချာသည်။

နှိုင်းဝီရ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်။ ဦးသာ တစ်ခုခုဖြစ်ရင်တော့ . . .။

■ ■ ■

''မိုးစင် မင်း ဘာလုပ်နေတာလဲ''

သတိရလာလာချင်း မိုးစင်ကိုမြင်တော့ ဦး လေသံတိုးတိုးနှင့်မေးသည်။ မိုးစင် ဘာမှမပြောနိုင်ဘဲ မျက်ရည်တွေ အတားအဆီးမဲ့ကျလာ၏။

''ကလေး ဒီမှာ ဘာလုပ်နေတာလဲ၊ ခုပဲ ဆယ့်တစ်နာရီထိုးနေပြီ ညနေ အကယ်ဒမီပေးပွဲ တက်ရမှာ''



www.burmeseclassic.com

www.burmeseclassic.com



"မိုးစင်အတွက် ဘာမှ အရေးမကြီးပါဘူး ဦး"

"မဟုတ်တာကွာ၊ မင်းရဲ့အောင်မြင်မှုကို လွှင့်ပစ်တာလား ဒီအခြေအနေ ရောက်အောင် မင်း ကြိုးစားထားတာတွေ မမေ့နဲ့"

မိုးစင်ကိုကြည့်ကာ ဦး ပြောနေသည်။ မိုးစင်ကတော့ မျက်ရည်တွေပဲ အခါခါ ကျဆင်းကာ ငြိမ်သက်နေမိဆဲ။

"မင်း ဘာလို့ မင်းချစ်သူအကြောင်း ကြိုမပြောတာလဲ၊ ဦး သိထားရင် ဒါတွေ ဖြစ်လာစရာ မရှိပါဘူး။ ကဲပါ အခု ဦးမှာလည်း ဒေါသတွေ မရှိတော့ပါဘူး။ ညကတော့ တော်တော်ရှက်ပြီး ဒေါသလည်း ထွက်မိတယ်၊ အေးလေ ဒီကောင်လေးက မင်းကို သိပ်ချစ်လို့ ဖြစ်ရတာပါ"

"ဟင့်အင်း ဦး ဒါမျိုး မိုးစင် ခွင့်မလွှတ်ဘူး၊ အရမ်းဒေါသထွက်တယ်၊ ဝမ်းနည်းတယ်"

ပြောရင်း မျက်ရည်တွေ ကျလာတော့ အနားက ကိုဗလက

"မိုးစင်စင် တစ်ညလုံး မအိပ်ဘူး ဦး၊ ကောင်မလေး ကောင်းကောင်း သင်ခန်းစာရသွားပြီထင်တယ် အဟွန်း"

အပျော်အရယ်လေးစွက်ပြောတော့ ဦး နှုတ်ခမ်းတွေ လွန်ခနဲ ပြုံးသွားခဲ့ရင်း

"မိုးစင် သွားနော်၊ ဦး စကား နားထောင်ပါ၊ ဒီညနေ ဆုပေးပွဲ တက်ဖြစ်အောင်တက်ပါ၊ ဗလ ဦးမြို့ကိုလိုက်ပို့နိုင်းလိုက်ပါ"

ဗျူးဝ၁၄ပ



ဦး ပြောပြီး မျက်ဝန်းတွေ ပြန်မှိတ်သွားခဲ့သည်။ မိုးစင် ဦးစကားကို နားထောင်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ဦးရဲ့ ပြင်းပြသောဆန္ဒနှင့်အမိန့်ကြောင့်သာ မိုးစင် ဆုပေးပွဲကို လာခဲ့ရသည်။ စိတ်မှာသောကတွေ ပူလောင်နေသည်။

အလှဖန်တီးရှင်က မိုးစင် အခြေအနေကိုသိကာ အကောင်းဆုံး ပြင်ဆင်ပေးသည်။ တကယ်ဆို မိုးစင်ရဲ့အစီအစဉ်တွေအားလုံး လွဲချော်ခဲ့ပါသည်။ တကယ်ဆို ဒီဆုပွဲကို မိုးစင်မေမေနှင့်အတူ သွားဖို့ စီစဉ်ထား၏။

ဒါပေမဲ့ မေမေ ဒီနေ့အထိ ပြန်ရောက်မလာပါ။ ဖုန်းဆက်လို့လည်း မရပါ။

အားလုံးသည် လွဲချော်မှုတွေနှင့်ချည်းပါပဲ။ ဦးက ဆေးရုံမှာ မေမေကမရှိ။ နိုင်းသည်လည်း ...။





အတွေးမောတွေက သူမ ကားရပ်သည်နှင့် စုပိုင်းလာသော ကင်မရာသမားတွေ၊ သတင်းထောက်တွေကြောင့် လွင့်စင်သွား၏။

"မိုးစင် ပြုံးပြုံးလေးနေနော်"

သူမအဖော်ခေါ်လာသော အန်တီမွှေးက တိုးတိုးလေး သတိပေး၏။ ကားတံခါးဖွင့်ဆင်းသည်နှင့် မီးရောင်တဖျပ်ဖျပ် မေးခွန်းတွေက ဆက်တိုက်။

"မိုးစင် အရမ်းလှနေတယ်နော်"

"ဟုတ်ကဲ့ ကျေးဇူးပါရှင်"

မေးသမျှ ပြုံးပြုံးလေးဖြေကာ မိုးစင် အပူရုပ်ကို ဟန်လုပ်ထားသည်။ အပြာနုရောင် ပိတ်ဇာနှင့် ပွဲတက်ဝတ်စုံလေးကို လိုက်ဖက်အောင် ပြင်ဆင်ပေးထားတာမို့ မိုးစင် နုနုရွရွလေး လှနေ၏။

"မဂ်လာပါ မိုးစင်၊ ရင်တွေ ခုန်နေသလား"

"ဟုတ် ခံစားမှုတွေ ရင်ထဲမှာ ပြည့်ကြပ်နေတယ်"

"ဒီနေ့ မိုးစင်ကို 'လောကခံရင်ဘတ်' ဆိုတဲ့ ဇာတ်ကားနဲ့ အကောင်းဆုံးသရုပ်ဆောင်ဆု ရမယ်လို့ အားလုံးက ပြောနေကြတယ်နော်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

"မိုးစင် ဆုရရင် ဝမ်းသာမှာလား"

"အရမ်း ဝမ်းသာမှာပါ၊ အထူးသဖြင့် မိုးစင်ရဲ့ ပထမဆုံး ရုပ်ရှင်ကား 'လောကခံရင်ဘတ်' နဲ့ ရချင်ပါတယ်ရှင်"



www.burmeseclassic.com

"မိုးစင် ဆန္ဒပြည့်ပါစေလို့ မမနဲ့ ပရိသတ်ကြီးက ဆုတောင်းပေးပါ့မယ်"

"ဟုတ်ကဲ့ မိုးစင်လည်း အားလုံးနဲ့ ရင်ခုန်ချင်ပါတယ်"

ထိုင်ခုံဆီ လျှောက်ခဲ့တော့ အသိုင်းအဝိုင်းက မိတ်ဆွေတွေနှင့် လက်ဆွဲနှုတ်ဆက်ရသည်။

တကယ်ဆို မိုးစင် ဒီထက် ရင်ခုန်လှုပ်ခတ်ရမှာပါ။ အခုတော့ စိတ်အာရုံက ဦးဆီမှာပဲ ရောက်နေခဲ့၏။

ညနေက ဖုန်းသတင်းအရ ဦး ခွဲစိတ်ခန်းဝင်ရမည်ဟု သတင်းကြားသည်။ ကိုဇလက ဦး မှာတာကိုလည်း ပြောသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အကယ်ဒမီ ပွဲပြီးတဲ့အထိ မိုးစင် နေပါစေ ဆရာက ပြောတယ်၊ ဆရာလည်း တီဗီကနေ ဆုပေးပွဲကို ကြည့်နေတယ် နင် ဆုပေးပွဲပြီးရင်လည်း ဂုဏ်ပြုပွဲကို သွားပါတဲ့"

ဦး အမှာစကားကို မိုးစင် မလွန်ဆန်နိုင်ပါ။ ဦး စိတ်ဆင်းအောင် ဘာမှမလုပ်ချင်။

အခုချိန်မှာ မိုးစင်ဘဝသည် ဦးပါပဲ။ မေမေကော ချစ်သူ မိုးစင်ဘဝမှာ ဒုတိယတွေအဖြစ်ပဲ ရှိနေသည်။

ဦးနဲ့မိုးစင်ကြားမှာ ဖြူစင်သော ကြိုးတစ်ချောင်းတော့ ခိုင်ခိုင်မာမာ ရှိနေခဲ့၏။

အကယ်ဒမီ ဆုရသူ၏ နာမည်စာရင်းတွေ ကြေညာတော့ မိုးစင် ဦးရဲ့ မျက်နှာကိုပဲ မြင်ယောင်နေသည်။





ဦး စိတ်တွေ လှုပ်ရှားနေမည်လား။ ဒါဆိုရင်တော့ ဦးအတွက် စိုးရိမ်စရာပါ။ ဦးက စိတ်လှုပ်ခတ်လွယ်သူလေ။

"အမျိုးသမီး ဇာတ်ဆောင်ဆုရှင်ကတော့ တက်သစ်စ မင်းသမီးလေး 'လောကဓံရင်ဘတ်' ဇာတ်ကားမှ . . ."

"ဖြောင်း ဖြောင်း ဖြောင်း"

ဝေါခနဲ လျှံတက်သွားသော လက်ခုပ် သြဘာသံတွေကြောင့် ကြေညာသူအသံကိုတောင် ဖုံးလွှမ်းသွားခဲ့သည်။

ကင်မရာမီးရောင်တွေ တဖျပ်ဖျပ်။ လာရောက် နှုတ်ဆက်သူတွေ ပွေ့ဖက်ဂုဏ်ပြုသူတွေ အားလုံးကို မိုးစင် ဝမ်းသာအားရ တုံ့ပြန်နေမိပေမယ့် ရင်ထဲမှာတော့

"မိုးစင် လုပ်နိုင်ခဲ့ပြီ၊ ဦး မိုးစင် လုပ်နိုင်ခဲ့ပြီ"

"သမီး"

"ဟင် မေမေ"

မိုးစင် မယုံနိုင်ပါ။ ရောက်မလာဟု ထင်ထားသော မေမေက အခုတော့ မိုးစင် ရှေ့မှာ။

မိုးစင်ကို ပြုံးကြည့်နေသော မေမေ့ကို မိုးစင် အံ့သြတုန်လှုပ်စွာကြည့်ရင်း

"မေမေ မေမေ ရောက်လာတယ်"

"မေမေ ရောက်လာတာပေါ့၊ မေမေ့သမီး အံ့သြဝမ်းသာအောင် မေမေ တမင် ဒီကို ရောက်နေခဲ့တာ"

www.burmeseclassic.com



"မေမေရယ်"

သားအမိနှစ်ယောက် ပွေ့ဖက်မိကြသည်။ မီးရောင်တွေ တဖျပ်ဖျပ် ဩဘာလက်ခုပ်သံတွေနှင့် ညည်းခံပွဲခန်းမကြီးက တကယ့် အပျော်ဗိမာန်ကြီးတစ်ခုလုတည်း။

■ ■ ■

"သမီး သမီးရဲ့ဂုဏ်ပြုပွဲကို ကြိုစီစဉ်ထားတယ်ဆို"

"ဟုတ်တယ် မေမေ၊ ကြိုတင် စီစဉ်ပေးထားပါတယ်၊ ဒါပေမဲ့ ဦးက ကျန်းမာရေးကြောင့် ဆေးရုံရောက်နေတယ်"

"ဒါဆို ဂုဏ်ပြုပွဲ ပျက်ပြီလား၊ မပူနဲ့ သမီး မေမေ အခုချက်ချင်း စီစဉ်ပေးနိုင်တယ်၊ သမီး ကြိုက်တဲ့ဟိုတယ်ပြော"

"မပျက်ပါဘူး မေမေ၊ ဂုဏ်ပြုပွဲက ရှိတယ်၊ ဦးသာ မလာနိုင်တာပါ"

မေမေ ဘာမှမပြောတော့ဘဲ နှုတ်ဆိတ်နေခဲ့သည်။ မေမေ အကြည့်တွေက ရွှေစင်ရုပ်ထု ပိုက်ထားသော မိုးစင်ကို ပြုံးပြုံးလေး ကြည့်နေ၏။

ပြီးတော့ မေမေ လက်ခုပ်တီးကာ မိုးစင်ကို ဂုဏ်ပြု၏။

"မေမေ့သမီးကို မေမေ ဂုဏ်ပြုတယ်၊ ဒီပြိုင်ပွဲမှာ မေမေ့သမီး နိုင်တယ်"



"မေမေရယ်"

မေမေ့လက်ထဲကို ရွှေစင်ရုပ်ထု ကမ်းပေးပြီး မိုးစင် မေမေ့ကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားလိုက်မိသည်။

မေမေက မိုးစင်ရဲ့ရွှေစင်ရုပ်ထုကို တမြတ်တနိုး ပွတ်သပ်နေရင်း မိုးစင် ပခုံးလေးကို သိုင်းဖက်ထားသေး၏။

"တော်တယ် မေမေ့သမီး မေမေ့ထက် တော်ပါတယ်၊ ဒါကြောင့် မေမေ ဂုဏ်ပြုတယ် သမီး၊ မေမေ့သမီးကို ဒရမ်မာတွေထက် ဖန်တီးဆန်းသစ်တဲ့ ဇာတ်ကားတွေပဲ ရိုက်နိုင်မယ် ထင်ထားတာ၊ သမီးက တကယ့်အဓိ 'လောကဓံရင်ဘတ်' မှာ သရုပ်ဆောင်နိုင်ခဲ့တယ်"

"ဟင် မေမေ ကြည့်ဖူးတယ်"

သူမ တအံ့တသြလေး မေးတော့ မေမေ ပြုံးပြုံးလေး ကြည့်နေပြီးမှ

"သမီး ကြော်ငြာတွေ ဗီဒီယိုတွေ ရုပ်ရှင်ကားတွေမှန်သမျှ မေမေ ကြည့်ဖြစ်တာပေါ့၊ အိမ်မှာလည်း အခွေတွေ အကုန်ရှိတယ်"

ဘုရားရေ။ မေမေ အနုပညာကို သူမကြောင့် ဝါသနာပါသွားသည်လား။

"မေမေ တကယ်ပြောတာလား"

"ညာစရာလား သမီးရယ်၊ ဒါကြောင့် မေမေ့သမီး ဒီဇာတ်ကားနဲ့ အကယ်ဒမီ ရမယ်ဆိုတာ မေမေ ယုံထားတာပေါ့"

"ဝမ်းသာလိုက်တာ မေမေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ မေမေတို့ သမီးရဲ့ ရဲဘော်ရဲဘက်တွေနဲ့ ဂုဏ်ပြုပွဲလေး သွားရအောင်ကွယ်"

မေမေက သူမနှင့်အတူ ဂုဏ်ပြုညစာခံပွဲလေးကို အတူလိုက် ခဲ့လေသည်။

မိုးစင်၏မိတ်ဆွေ အပေါင်းအသင်း၊ ဆရာသမားတွေနှင့် ညစ ပွဲလေးက လိုလေသေးမရှိခဲ့ပါ။

ဦးသည် အားလုံးကို စနစ်တကျ စီမံပေးထားခဲ့သည်။ အခု လောက်ဆို ဦး ဆေးရုံမှာ ပျော်နေပြီလား။

မိုးစင် ဦးကို အရမ်းတွေ့ချင်ပါသည်။ ညစာခံပွဲလေး အမြန်ပြီး ဆုံးပါစေဟု မိုးစင် ဆုတောင်းမိ၏။

ညစာခံပွဲလေးပြီးတော့ ညဥ့်နက်သန်းခေါင်းတိုင်နေပြီ။ မေမေ နှင့်အတူ မိုးစင် အိမ်ကိုပဲ ပြန်ခဲ့လိုက်၏။

ဒက်ရှ်ဘုတ်ပေါ်က ဖုန်းလေး မြည်လာတာမို့ မိုးစင် ကောက် ယူနားထောင်လိုက်တော့

"စင်လေး ကိုယ်ပါ၊ ကိုယ် တောင်းပန်"

မိုးစင် ဖုန်းကိုပိတ်ပစ်လိုက်သည်။ မေမေက မိုးစင်ကို လှမ်း ကြည့်နေရင်း

"ဘာဖြစ်လို့လဲ သမီး"

"ဘာမှမဟုတ်ပါဘူး မေမေ၊ မိတ်ဆွေတစ်ယောက် ဖုန်းဆက် ရင်း လိုင်းပြတ်သွားတာပါ"





မေမေ့ကို ညာလိုက်ကာ ဖုန်းကို ပိတ်ထားလိုက်သည်။ နိုင်းဝိရ ရဲ့မျက်နှာကို မမြင်ချင်အောင် စိတ်ကနာသည်။

အခုမှ တောင်းပန်မည်တဲ့လား။ ဦးမှာတော့ ဆေးရုံမှာ သေလု မျောပါး ခံခဲ့ရသည်။ နိုင်းဝိရ ရှင့်ကို မိုးစင် ဘယ်တော့မှ ခွင့်မလွှတ်ဘူး။

"အင်း သမီးရဲ့အိမ်လေးက လှလိုက်တာ"

မေမေက ခြံနှင့်တိုက်ကိုကြည့်ကာ ဆိုသည်။ မိုးစင် အိမ်ကို မေမေ တစ်ခါမှ မရောက်ဖူးသေးပါ။

အိမ်ထဲရောက်တော့ မိုးစင် အဝတ်အစားတွေလဲကာ ဦးကို သတိရမိပြန်သည်။ တကယ်ဆို ဦးရဲ့ဆေးရုံကို သွားချင်တာ ဖြစ်သည်။ ထင်မှတ်ဘဲ မေမေ ရောက်လာတာကြောင့် မသွားဖြစ်ခြင်းပါပဲ။

မေမေသည်လည်း ဦးနဲ့မိုးစင်ကို သံသယတွေ ဝင်ခဲ့ဖူးသူပဲ ဖြစ်သည်။

ဒါကြောင့် မေမေ့ကို မိုးစင် ဘာမှ မရှင်းပြချင်သေး။ အဝတ် အစားလဲပြီးတော့ ဦး အခြေအနေကို ဖုန်းဆက်မေးဖို့ တွေးလိုက်၏။

ဖုန်းလေးကောက်ယူကာ မိုးစင် ဖွင့်ပြီး ကိုဗလဆီ ဖုန်းဆက် လိုက်သည်။

"ဟဲလို"

"ဟာ မိုးစင် ငါ ဖုန်းခေါ်တာ လေးငါးကြိမ်မကတော့ဘူး"

"ဟုတ်လား မိုးစင် ဖုန်းပိတ်ထားလို့"

"ဟာ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦး အခြေအနေ ဘယ်လိုလဲဟင်"

"အေး အဲဒါပြောမလို့၊ နင် အကယ်ဒမီဆုယူတဲ့ပွဲ ကြည့်နေတုန်းက အကောင်းပဲ၊ ပြီးမှ နှလုံးပြန်ဖောက်လာလို့ ဆရာဝန်ကြီးတွေ ချက်ချင်း ခွဲစိတ်ခန်း ပို့လိုက်တယ်"

"ဟင် ဒါ ဒါဆို"

"အေး အခုချိန်ထိ ခွဲစိတ်ခန်းထဲမှာ၊ အမှန်က မနက်ဖြန် နေ့လယ်မှခွဲမှာ၊ အခု အရေးပေါ်ခွဲရတာ"

မိုးစင် ရင်ထဲမှာ စိုးရိမ်ခြင်းတွေ လှိုက်တက်လာ၏။ အရေးပေါ် ခွဲစိတ်ခန်း ဝင်ရသည်ဆိုတော့

"မိုးစင် အခု လာခဲ့မယ်"

"ဖြစ်ရဲ့လား၊ မနက်မှလာချင်လာပါ၊ အခု အရမ်းညဉ့်နက်နေပြီ"

"ရတယ် မေမေ ရှိတယ်၊ မိုးစင် မေမေနဲ့လာမယ်"

ကိုဗလကို ပြောပြီး မိုးစင် ဖုန်းပိတ်လိုက်သည်။ ညှော်ခန်းထဲက ထွက်ခဲ့တော့ မေမေ နံရံပေါ်က ဦးရဲ့ဓာတ်ပုံကြီးကို ရပ်ကြည့်နေ၏။

"မေ မေမေ"

"သ သမီး"

မေမေ သတိဝင်လာသူလို ဆတ်ခနဲ လှည့်ကြည့်သည်။

"ဒါ ဒါ ဘယ်သူ ဘယ်သူ့ပုံလဲ သမီး"

မေမေ့အသံတွေ တုန်ခါကာ မိုးစင်ကို မေးနေတော့ မိုးစင်





ကသောကမျောလေး ဖြေရ၏။

"အဲဒါ ဦး ဦးမိုးသောက်ကြယ်ပါ မေမေ၊ သမီး ဝါသနာကို ပံ့ပိုးပေးတာ ဦး၊ သမီးကို သံယောဇဉ်နဲ့ ဦးလေးတစ်ယောက်လို အဖေ တစ်ယောက်လို စောင့်ရှောက်ပေးတဲ့ ဦးမိုးသောက်ကြယ်ပါ"

"မိုးသောက်ကြယ်"

"ဟုတ်တယ် မေမေ၊ အခု ဦး ဆေးရုံမှာ အရေးပေါ် နှလုံး ခွဲစိတ်ရလို့တဲ့"

"ဘုရား ဘုရား"

"သမီးတို့ လိုက်သွားမှဖြစ်မယ်နော် မေမေ"

မေမေ ချက်ချင်းပဲ ခေါင်းညိတ်ကာ မိုးစင်နှင့်အတူ ဆင်ဝင် အောက်က ကားဆီ ထွက်ခဲ့သည်။

"ဦးက တကယ် ကြည်ညိုဖို့ကောင်းတယ်၊ သနားဖို့ကောင်း တယ် မေမေ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တော့က သေသွားတဲ့ သူ့ချစ်သူ နဲ့ ဝါသနာတူလွန်းတဲ့ သမီးကို စေတနာနဲ့ ပံ့ပိုးကူညီပေးလို့ သမီး ဒီဘဝကို မြန်မြန်ရလာတာပါ"

တစ်လမ်းလုံး မိုးစင် မေမေ့ကို ရှင်းပြနေသမျှ မေမေ တိတ် ဆိတ်စွာ နားထောင်နေ၏။

"ဦးက သူ့ချစ်သူကို သိပ်ချစ်တာ၊ ဦးရဲ့မိဘတွေကြောင့် ဦးတို့ ဝေးခဲ့ကြတာ၊ ဦးမှာ အဲဒီဒဏ်ရာတွေနဲ့ နှလုံးဝေဒနာ စွဲကပ်ခဲ့တာ၊ အင်္ဂလန်မှာ ခွဲစိတ်ထားပြီးပြီ၊ အခုလည်း"



www.burmeseclassic.com

www.burmeseclassic.com



"သ သမီး သူ့ရဲ့ချစ်သူဆိုတာ ဒေါ်မုသားလား"

"ဒေါ်မုသား မေမေ သိနေတယ်"

မိုးစင် တအံ့တသြမေးတော့ မေမေ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် မေမေ၊ အဲဒီ ဦးချစ်သူ ဒေါ်မုသားနဲ့အတူ သူ့ရဲ့ ရင်သွေးလေးပါ ဆုံးပါးခဲ့လို့ ဦး ကြေကွဲခံစားခဲ့ရတာပါ"

"ဟင့်အင်း ဒေါ်မုသား မသေဘူး၊ သူ့ရင်သွေးလေးလည်း မသေပါဘူး"

မေမေ့စကားတွေကြောင့် မိုးစင် ကားကို ဘရိတ်နင်း စက်ရပ်လိုက်ရသည်။

ဦးရဲ့ချစ်သူ ဒေါ်မုသားကို မေမေ သိနေသည်လား။ မေမေ့ရဲ့ မိတ်ဆွေလား။ သိချင်စိတ်တို့ ပြင်းပြလာ၏။

"မေမေ ဒါတွေ မေမေ ဘယ်လိုသိသလဲ၊ အခု ဒေါ်မုသားနဲ့ ဦးရဲ့ရင်သွေးလေး မသေဘူးဆိုတာ တကယ်လား၊ ဘယ်မှာလဲဟင်"

"ဒေါ်မုသားဆိုတာ မေမေပဲ သမီး"

"ရှင်"

မိုးစင် မယုံနိုင်စွာ မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့သည်။ မေမေ့ကို စူးစိုက်ကြည့်နေတုန်း မေမေ့ပါးပြင်နှစ်ဖက်ပေါ်က ပါးချိုင့်လေးတွေကို မြင်ရတော့

"မေမေက ဒေါ်မုသား၊ ဒါ ဒါဆို သမီး သမီးက"

"မိုးစင်စင်က ဒေါ်မုသားနဲ့ ဦးမိုးသောက်ကြယ်ရဲ့ သမီးလေး





ပေါ့"

"ဟာ"

မိုးစင် ရင်ဘတ်ထဲမှာ အမည်မဖော်ပြတတ်သော ခံစားမှုကြီး တလှိုက်လှိုက် ခံစားနေခဲ့ရသည်။

ဦးရဲ့ မျက်ဝန်းတွေ၊ တည်ငြိမ်သော အပြုံးတွေ အားလုံးကို မိုးစင်ချစ်ခင် ကြည်ညိုတတ်ခဲ့တာ သွေးကပြောတဲ့ စကားလား။ မိုးစင် ခင်တွယ်လေးစားသော ဦးက မိုးစင် ဖေဖေတဲ့လား။

ကံကြမ္မာက ထူးဆန်းလိုက်တာ။

■ ■ ■

"သမီး ဖေဖေရဲ့မိဘတွေက မေမေဟာ အငြိမ့်သမသမီး၊ အနုပညာဝါသနာကြောင့် မင်းသမီးဖြစ်ဖို့ ကြိုးစားနေတဲ့မိန်းကလေးဆိုတာ သိတော့ အမျိုးကြီးမြတ်တဲ့ သမီး ဖေဖေနဲ့ လုံးဝ သဘောမတူခဲ့ဘူး၊ ဒါပေမဲ့ မေမေနဲ့သမီးဖေဖေရဲ့ ခိုင်မာတဲ့ချစ်ခြင်းကို သူတို့ မခွဲနိုင်ကြဘူး၊ ဒါပေမဲ့ ဘယ်လောက်ထိ အတ္တကြီး ရက်စက်သလဲဆို မေမေ မသိအောင် သမီး ဖေဖေကို ခေါ်ထုတ်သွားကြတယ်"

"မေမေ လိုက်ရှာတော့မှ ဒီအကြောင်းတွေ ရိပ်မိခဲ့တယ်၊ မေမေ တွေ့ခွင့်ရဖို့ ကြိုးစားတော့လည်း အနားတောင် သီခွင့်မရခဲ့ဘူး၊ မေမေနဲ့မဆုံနိုင်အောင် သူ့ကို တားထားတာ မေမေ သိတယ်"

www.burmeseclassic.com



မေမေက သိုဝှက်ထားသော ခံစားချက်တွေကို အခုမှ ရင်ဖွင့်နေ၏။ မိုးစင် မေမေ့ကို ငေးကြည့်နားထောင်နေမိဆဲ။

"မေမေကတော့ သမီးဖေဖေရဲ့သစ္စာတရားကို ယုံကြည်တယ် တစ်နေ့ ပြန်လာမယ်လို့ သိနေတယ်၊ ဒါပေမဲ့ သမီး ဖေဖေ အင်္ဂလန် ရောက်နေချိန်မှာ သမီးအဘိုးက မေမေတို့သားအမိကို လာကြိမ်းဝါးတယ် အဲဒီအချိန်မှာ သမီးလေးကို မေမေ မွေးဖွားပြီးစ ရက်သားလေးပဲ ရှိသေးတယ်"

"ဒီမှာ မိန်းကလေး၊ မင်း ငါ့သားကို မမျှော်လင့်နဲ့၊ ငါ့သားနဲ့ ရတဲ့ကလေးကိုလည်း ငါ အသိအမှတ်မပြုဘူး၊ ငါတို့ သွေးလို့ လက်မခံဘူး၊ ငါ့သားကိုလည်း အင်္ဂလန်မှာပဲ ထားတော့မှာ၊ အေး မင်းတို့ အဆင့်အတန်းမျိုး ငါ့မျိုးရိုးထဲ အပါမခံနိုင်ဘူး"

"ဦး ဒီလို မပြောပါနဲ့၊ မှသားရဲ့သမီးလေးက ကိုရဲ့သမီးရင်းပါ"

"ဟေ့ မင်း ဒီစကား ထပ်မပြောနဲ့၊ ပြောရဲရင် ပြောကြည့် မင်းရဲ့ကလေး လောကကြီးထဲမှာ မရှိစေရဘူး"

"ဟင်"

"အေး မင်းမယုံဘူးဆိုရင် ဒီကလေးကို ငါ့သားရဲ့သွေးလို့ လျှောက်ကြေညာလိုက်၊ လောကကြီးထဲမှာ ရှင်သန်ခွင့် ငါ မပေးဘူး"

"ဦး ခြိမ်းခြောက်နေတာလား"

"မင်း ထင်ချင်သလို ထင်၊ ငါ မလုပ်နိုင်တဲ့အရာ ဘာမှမရှိဘူး၊ အခုပဲ ငါ့သားကို ငါပြန်ရပြီလေ၊ အေး ဒီကလေးလည်း လောက





ကြီးထဲမှာ မင်း စောင့်ရှောက်ကာယ်ထင်ထားနိုင်ရင် ထားပေါ့၊ တစ်နှစ်လား၊ ဆယ်နှစ်လား စောင့်ကြည့်စမ်းပါ၊ တစ်ချိန်ချိန်မှာ မင်းတို့ ဆုံးရှုံးစေရမယ်၊ မီးလောင်သေချင်သလား၊ ကားတိုက်အသေခံချင်သလား တခြား နည်းတွေလည်း ရှိတယ်"

"အတ္တ၊ ဒေါသ၊ မောဟတွေ ကြီးတဲ့ သမီးဘိုးဘိုးကို မေမေကော သမီးအဘွားပါ ထိတ်လန့်သွားတယ်"

"ကဲ မင်းတို့လမ်း မင်းတို့ရွေးကြ"

"ကြိမ်းဝါးခြိမ်းခြောက်မှုတွေနဲ့ ပြန်သွားတော့ မေမေတို့သားအမိ တိုင်ပင်ရတယ်"

"သမီး မြေးလေးအတွက် မေမေ စိုးရိမ်တယ်ကွယ်"

"မေမေရယ် ဥပဒေမဲ့မှ မဟုတ်တာ၊ လုပ်လို့ရမလား"

"သွေးထဲက မိုက်နေတဲ့ လူမိုက်က ဆင်ခြင်ထုံတရား မရှိဘူး သမီး၊ မေမေတို့မြေးလေးအတွက် အကောင်းဆုံးလမ်းကိုပဲ ရွေးကြစို့ ကွယ်၊ သူတို့နဲ့ပြိုင်ပြီး မမိုက်နဲ့၊ မြေးလေး အသက်က အရေးကြီးတယ်"

"မေမေ့ရဲ့ဆန္ဒအတိုင်း သမီးအသက်အတွက် မေမေတို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီအချိန်မှာ သမီး ဖေဖေ ပြန်ရောက်နေပြီဆိုတာ သိတယ်လေ၊ သမီး ဘိုးဘွားတွေရဲ့အတ္တဆန္ဒအတိုင်း မေမေတို့ ဟန်ဆောင် သရုပ်ဆောင်ပြခဲ့ရတယ်၊

သမီးလေးကို အသေမွေးခဲ့တယ်၊ မေမေလည်း ဒီဇိုင်တွေနဲ့ လောကကြီးထဲမှာ မရှိတော့ဘူးလို့ သမီး ဖေဖေ ရှေ့မျက်မှာ သမီး

www.burmeseclassic.com



ဘွားဘွားက ဝန်ခံပြောပြခဲ့ရတယ်''

"အဲဒီနောက်ပိုင်းမှာ သမီးကို သူတို့အရိပ်နဲ့ဝေးတဲ့နေရာ မေမေတို့ ခေါ်ခဲ့တယ်၊ မေမေ့ရင်ထဲမှာ နာကျည်းစိတ်တွေနဲ့ ချမ်းသာအောင်ကြိုးစားခဲ့တာ သမီး သိပါတယ်၊ အနှိမ်ခံရတဲ့ အနုပညာသမားဘဝကို မေမေ စိတ်နာနာနဲ့ မေ့ထားခဲ့တာပါ သမီးရယ်''

မေမေ့ခံစားချက်တွေ မျက်ရည်တွေကို မိုးစင် နားလည်ပါသည်။ မေမေ့ကို သိုင်းဖက်လိုက်ရင်း မိုးစင်လည်း မျက်ရည်တွေနှင့်။

"မေမေရယ် ဦး အဲ ဖေဖေ့ဘဝက သနားစရာပါ၊ မေမေလည်း ကံဆိုးပါတယ်၊ သမီးကတော့ ကံကောင်းတယ်၊ အဖေရင်းအမေရင်းနဲ့ သမီး ပြန်နေခွင့်ရပြီပေါ့နော်''

မေမေ မျက်ရည်စတွေကြားက ခေါင်းလေးညိတ်သည်။ မိုးစင် မေမေ့ကို တင်းတင်း ပွေ့ဖက်ထားမိဆဲ။

"သမီး သူက သမီးရဲ့ဆုပေးပွဲကို ကြည့်နေခဲ့သလား''

"ဦး အဲ ဖေဖေက ဆေးရုံတီဗီဖန်သားပြင်က ကြည့်နေရင်း ရောဂါတိုးသွားတာတဲ့''

"အင်း မေမေနဲ့သမီးကို မြင်သွားလို့ ထင်တယ်''

"ဟုတ်မယ်နော်၊ ဖေဖေက စိတ်ထိခိုက်လို့ မရဘူး၊ သမီးတို့ သွားရအောင်နော်''

"သမီး ကားမောင်းလို့ ဖြစ်ရဲ့လား''

"ဟုတ်ကဲ့ ဖြည်းဖြည်းမောင်းမှာပါ မေမေ''



BURMESE CLASSIC .com



မေမေ ကျရှင်မှာ ခေါင်းလေးလှန်မှီကာ မျက်ဝန်းလေးတွေ မှိတ်ထား၏။ ဖေဖေ့အတွက် မေမေ ဆုတောင်းနေသည်လား။

မိုးစင် ကားလေးကို ညင်သာစွာ မောင်းထွက်လိုက်၏။ မိုးစင်တို့ လာနေပြီ ဖေဖေရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

သူ့လက်ဖဝါးတွေကို နွေးထွေးတင်းကျပ်စွာ ဆုပ်ကိုင်ထားသူက သားတဲ့လား။

သူ့ရင်ဘတ်ထဲမှာ ထာဝရတည်ရှိနေသော သားကို သူ့မျက်ဝန်းနှင့် ပြန်မြင်လိုက်ရစဉ်က သူ့ခေါင်းတွေ ချာချာလည်ကာ ရင်ဘတ်ထဲက စူးအောင့်လာတာ မှတ်မိ၏။

"ကို နေသာရဲ့လားဟင်"

"သက်သာပါတယ် သား၊ တကယ်ပဲ လောကကြီးထဲမှာ မျှော်ဘူးထင်တဲ့ သားကို သမီးရဲ့အနားမှာ မြင်လိုက်ရတော့ ကိုယ်ဘာဖြစ်သွားမှန်းမသိဘူး"

"သားလည်း အံ့ဩတုန်လှုပ်ခဲ့ရပါတယ် ကိုရယ်"

သူ မြတ်နိုးသော ပါးချိုင့်လေးတွေနဲ့ မှသား၊ မိုးစင်လေးရဲ့ မိခင် ဒေါ်မာနဖြူက မှသားဟု သူ အခုမှ သိရတာ အံ့ဩစရာပါပဲ





"သမီးလေးကော သား"

သူ မေးနေတုန်းမှာပဲ အခန်းထဲဝင်လာတာက သမီးနှင့် နှိုင်းဝီရ ဖြစ်သည်။ ချာတိတ် မျက်နှာက မဝံ့မရဲနှင့်။

"ဦး ဦးကို ကျွန်တော် ရှိခိုး တောင်းပန်ပါတယ်"

ပြောရင်း ချာတိတ် ခုတင်အောက် ကြမ်းပြင်မှာ ဝပ်တွားထိုင်ကာ ဦးချသည်။

"ဖေဖေ ခွင့်လွှတ်ပါတယ် သားရာ၊ ပြီးတော့ ဝမ်းလည်းသာတယ်၊ ဘာလို့လဲဆိုတော့ ဖေဖေ့သမီးလေးအနားမှာ ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက် ရှိနေလို့ပဲ"

"အို ဖေဖေကလည်း"

သမီး မျက်နှာလေး ရှက်ရိပ်လွှမ်းသွားသည်။ နှိုင်းဝီရ ဆိုသော ချာတိတ်လည်း ထူပူသွားပုံရ၏။

"ကျွန်တော် တကယ် ဝမ်းနည်းပါတယ် ဖေဖေ၊ နောက်ဆိုင်အပေါ်မှာ ကျွန်တော် သံသယတွေ မထားတော့ပါဘူးဗျာ"

"ဖေဖေ နားလည်ပါတယ်ကွာ"

သမီးက သူ့လက်တွေမှာ သွယ်တန်းထားသော ပိုက်တွေ အများကြီးကိုကြည့်ရင်း

"ဖေဖေ သက်သာရဲ့လား"

"သက်သာပါတယ် သမီး၊ ဖေဖေ ရင်ထဲက ဝေဒနာကြီး အခုတကယ် ပျောက်ကင်းသွားပါပြီကွယ်"

www.burmeseclassic.com



မိုးစင် အလိုက်တသိ အခန်းထဲက ရှောင်ထွက်ခဲ့၏။ နှိုင်းကိုလည်း လက်တို့ခေါ်ခဲ့သည်။

တံခါးဝမှာ တံခွန်နှင့် တိုးတာမို့

"တံခွန် ဘယ်လဲ"

"ဟို ဒယ်ဒီနဲ့ ဒယ်ဒီ့ချစ်သူဆီလေ"

"ပြီးမှ သွား၊ လာ လိုက်ခဲ့ ဖေဖေနဲ့မေမေ အခုမှ ဆုံကြတာ"

"အာ ဟုတ်သားပဲ၊ မမတို့နဲ့လည်း လိုက်လို့ မဖြစ်ပါဘူး"

"ဟင် ဘာလို့လဲ"

"အလိုက်မသိ ဖြစ်မှာပေါ့ဗျ။ မမတို့ဘာသာ သွားကြ"

တံခွန် ရယ်ကျဲကျဲလေး ပြောကာ ထွက်သွားတော့ မိုးစင်နှင့် နှိုင်း သဘောကျစွာ ရယ်မိသေးသည်။

အခန်းထဲမှာ ဖေဖေနဲ့မေမေ နုပျိုလတ်ဆတ်သော ရင်ခုန်သံတွေနှင့် ရှိနေကြလိမ့်မည်။

မိုးစင်နှင့်နှိုင်းလည်း နားလည်မှု ရင်ခုန်သံတွေနှင့် ဆုပ်ကိုင်မိသော လက်ဖဝါးတို့ နွေးထွေးစွာ ...ခိုင်မြဲစွာ ...။

အချစ်သည် နွေးထွေးအေးချမ်းတတ်စေခဲ့လျှင် ...။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး